

www.burmeseclassic.com
REAL EVENT CRIME MAGA ZINE
မဂ္ဂဇင်း
No 11
NOVEMBER
2014
BURMESE CLASSIC
ဝါဇီကရာတာအားတိုးဆေး
ပိန်သူဝဖြိုးအလှတိုးမည်။
အင်အားပြည့်စုံ အမောလုံ အားမကုန်နိုင်တဲ့ဆေး။ (အလုပ်ကြမ်းသမားများ၊ အားကစားသမားများ သိသိသာသာ အားတိုးသည်။)
ကိုက်ခဲညောင်းညာ အကြောနာကောင်းစွာပျောက်သည်။ (ဒူလာရောဂါ၊ ပီးယပ်ရောဂါ၊ အထိုင်များသူများ)
စားကောင်းအိပ်ပျော်သည်။ ဆီးဝမ်းသွားရှိကောင်းသည်။ မျက်စိကြည်သည်။
ပီးယပ်ပိန်၊ ပီးယပ်ခြောက် သွေးဆုံးရောဂါပျောက်သည်။
အလုံး/အမှုန့် နှစ်မျိုးထုတ်သည်။
စံပေး မေတ္တာနာမှုန့်ဆေးဝါးထုတ်လုပ်ရေး
TMR-009604 (0115)
www.burmeseclassic.com

www.burmeseclassic.com

REAL EVENT CRIME MAGAZINE

အမြင်
မဂ္ဂဇင်း ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ၊ အတွဲ (၂)၊ အမှတ်စဉ် (၁၁)

☆ **အယ်ဒီတာချုပ်**

အောင်ကျော်ဇော

☆ **တာဝန်ခံအယ်ဒီတာ**

ထက်ထက်ဦးဝေ (B.Sc.Physics)

☆ **အယ်ဒီတာအဖွဲ့**

ဦးရဲလွင် (ရဲဘိုင်အို)

ညီဖြိုးမီအောင် (B.A.Myanmar)

အေးအေးခိုင်

☆ **ထုတ်ဝေသူ**

ဦးအောင်လွင် (ဝ၄၁၃၉)

☆ **ပုံနှိပ်သူ**

ဦးမြင့်ဦး(၀၁၅၈၃)

သိန်းသန်းဦးပုံနှိပ်တိုက်

၁၁၉/၁၂၀-၃၄လမ်း၊ ရန်ကုန်။

☆ **မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော်**

မင်းထက်နိုင်၊ ရဲသူ (ရန်ကုန်တက္ကသိုလ်)

**ဒီဇိုင်း**

စည်သူကျော်

**ကွန်ပျူတာစာစီ နေမျိုးအောင်**

တန်ဖိုး - ၃၀၀

အုပ်ရေ - ၁၀၀၀

**ကံ့ကော်လျှင်စာပေ**

အမှတ်(၉၇-က)၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း-၃၈၅၃၆၉၊ ၀၉-၄၉၂၉၄၂၁၈

BURMESE CLASSIC

**ဆောင်းပါး**

- အောင်ကျော်ဦး --၁၃
(အရှေ့လောင်မီး၊ အနောက်မုန်တိုင်းကြားမှ မြန်မာလူထု၏ကံကြမ္မာ)

**ဆောင်းပါး**

ဆောင်းဟောမန် - - ၁၅၁

**ဇာတ်လမ်း**

ဝေဒသုတေသီတစ်ဦး - - ၁၅၈

- ထက်ထက်ဦးဝေ - - - ၁၈
(နွေဦးလေနှင့်အတူ) [အခန်းဆက်ဝတ္ထုရှည်]



www.burmeseclassic.com

www.burmeseclassic.com

## မှုခင်းဝတ္ထု


- မောင်ချော့ပွင့် (မန္တလေး) --- ၄၂
(ချစ်သူတမ်းချင်း)
- တိုးမြင့် --- ၅၂
(အချစ်စီရင်ချက် လွမ်းရက်ဆယ်ကမ္ဘာ)
- မောင်မောင်လွင် (ညောင်လေးပင်) --- ၇၈
(မုဆိုးနှင့်တောတင်မလေး)
- မောင်သာမန် (ဇီးကုန်း) --- ၈၈
(ခြွေရက်လေသော ကြမ္မာရှိုင်း)
- ကိုမိုး (ရွှေပြည်သာ) --- ၁၀၀
(ကုန်ထမ်းသမားနှင့် မထိုက်တန်သောမိန်းကလေး)
- ဆုမွန်ဦး (ဟင်္သာတ) --- ၁၂၂
(အပြာရောင်ဖိနပ်ပိုင်ရှင်)
- ရှင်လွန်းမယ် --- ၁၃၆
(သောကကမ္ဘာရဲ့အေးမြရာ)
- မောင်မြင့်မား (ဗိုလ်ကလေး) --- ၁၄၆
(ကြုံဖူးတဲ့အဖြစ်တွေရယ်)






### ကာတွန်း

သုရိန်၊ ဖွဲ့နေ၊ မြေရှိုင်း၊ မောင်တင်ယု။
အောင်ချမ်းမြေ့(မင်းဘူး)

### ကဗျာ

ဆုရည်နန္ဒာ၊ မင်းသွေးနွယ် (ဇီးကုန်း)၊ ရွှေစောသက် (ရွှေဘို)၊ သိန်းဝင်း (ကျောက်ပန်းတောင်း)၊ ကနောင်မောင်မောင်သွေးရည်၊ နွယ်ရှင် (ရကာပ)၊ ဦးသန်းထွန်း (ဥပဒေ)။




www.burmeseclassic.com

www.burmeseclassic.com



# စီးပွားရှာရာ ကိုယ်ချင်းစာ

✷ စိတ်ကြွဆေးပြား သူရောင်းစား၏
လောဘဖိစေ ယုတ်မာလေ၏
ရသည့်ငွေများ သန့်စင်လား။
✷ ဘိန်းဖြူဆေးခြောက် ရောင်းဝယ်ဖောက်ကား
သူစီးပွားရှာ ချမ်းသာလာ၏
ရသည့်ချမ်းသာ ဖြူစင်ပါလား။
✷ သေရည်အရက် ဘီယာဖက်စေ
သောက်လေမြင့်တင် ငွေလည်းရှင်စေ
ကြီးပွားစေ၏ ရသည့်စီးပွား
ငွေမည်းလား။
✷ မူးယစ်စိတ်ကြွ အရက်ကကူ
မြန်မာလူမျိုး တွင်လူဆိုးဖြစ်
အကျင့်သိက္ခာ မိုက်မဲစွာလု
ဘဝများစွာ ရင်နာစေခြင်း
ကိုယ်ချင်းလည်းစာ နက်နဲစွာကြည့်
မိမိသားသမီး ချစ်ဖနီးသာ
ဖြစ်ခဲ့ပါသော်
မည်သို့ခေါင်းဖော်ကြည့်မည်နည်း။ ။

ရွှေစောသက် (ရွှေဘို)





www.burmeseclassic.com

www.burmeseclassic.com



# မင်္ဂလာ

* မကောင်းကြဲ့ မကောင်းပြော
မကောင်းသောအမှု
ထိုသူလျှင် လူမိုက်။
* ပေါင်းဖော်လျှင် ကိုယ့်ဂုဏ်ယုတ်ပေလိမ့်
ရှောင်းပုပ်အမှိုက်။
* နေမြင့် လမြင့်
ပညာရှင် ခြေစုံဦး
မင်္ဂလာစခန်းသာလှ
လမ်းပြကြယ်မှူး။
* ဘုရား တရား သံဃာ
ပွားများရာ အမှန်ပဲ။
* မိဘဆရာသမားကိုလ
အမိကာအရာထားပါလို့
အားကိုးရာပူဇော်ထိုက်
ဦးခိုက်မလွှဲ။ ။



သွေးရည်

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com



# ပန်းခရေ

ကြိုင်လှိုင်ကာ သင်းတော့တယ်
အဆင်းသန့် ခရေဝါ
ခင်းဖြန့်မြေမှာ
သူတကာ မခြွေပါဘု
လေအလာ ကြွေကာကျတာမို့
မြေမှာခ ပျံ့သင်းကြည်
ရွှေရည်လူးတဲ့ ပန်းကုံးလေး။
ချစ်စရာကွယ်
မာလာပန်းပွင့်
လန်းစွင့်လို့ တကြိုင်ကြိုင်
တလှိုင်လှိုင် ဂုဏ်သတင်းရယ်နဲ့
ထုံသင်းဝေဝေဖြာလို့
သည့်ဖေမှာ သီကာကုံး
မထည့်ဝါလှသော်လည်း
ရင်ထဲမှာချစ်မဆုံးတာမို့
မှန်းနိုင်ဘူးလေး။ ။

ဦးသန်းထွန်း [ဥပဒေ]



BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com



# မောင်သာ...ရှိရင်

* ရင်ထဲကရှိုက်သံ
ပွဲတင်ထပ်သွား
လွမ်းချင်းလိုက်သံ
သူ့ထံပျံ့သွား
တစ်ယောက် တစ်နေရာ
ဝေးနေတော့မှ
ပိုလို့တမ်းတ
မေ့မရတာ
ကြင်သူသိစေ
ကြားပါစေလို့
ငိုကြွေးရှိုက်ဖို
လွမ်းဆွေးပိုသည့်
အတူမေ့နား
မောင်သာရှိရင်
မပျော်မိမည်
ထင်ပါသည်။ ။

ဆုရည်နန္ဒာ





www.burmeseclassic.com

www.burmeseclassic.com



# စည်း

* ချစ်ဦးသူနဲ့ အမှတ်မထင်ဆုံခိုက်
မျှော်လင့်မထား စကားတစ်ခွန်း ဖွင့်ဟခဲ့။
* တခြားသူ သူယူမိတာ
မှားမိတယ်ဆိုပဲ
ကျွန်တော့်ရင်ထဲ နာကျင်အောင် ခံစားလိုက်ရ။
* ကိုယ်လည်း မင်းလိုပါပဲ
မင်းနဲ့လမ်းခွဲမိတာ
ကိုယ်သိပ်မှားတယ်လို့ ဝန်ခံမိခဲ့။
* တစ်ဦးနဲ့တစ်ဦး ကျောခိုင်းပြီးမှ
ကျွန်တော်စဉ်းစားလိုက်တော့
သူ့မိသားစုနဲ့သူ
ကိုယ့်မိသားစုနဲ့ကိုယ်
နေသားတကျရှိပြီးမှ
မပြောသင့်တဲ့စကားတစ်ခွန်း
ကျွန်တော်ပြောလိုက်မိတာမှ
တကယ့်ကိုအမှား.....။ ။



သိန်းဝင်း
[ကျောက်ပန်းတောင်း]



www.burmeseclassic.com

www.burmeseclassic.com



# ရှင်သန်ခွင့်ပေးပါ

* ကျွန်တော်ဟာ လူသားထဲက
လူသားတစ်ဦးပါ။
* အမေဟာ ကျွန်တော့်ကိုမွေးဖွားပြီး
အရွယ်မတိုင်ခင် ထားရစ်ခဲ့တယ်။
* အမေပေးခဲ့တဲ့ အမွေ
သေမင်းရဲ့တမန်တော် "A"ဆိုပါလား
အမေဟာ မိခင်ကောင်းတစ်ယောက်ပါ
လူအများက ကောင်းကောင်းသိပါတယ်
အမေ့ကို အပြစ်မမြင်ပါဘူး၊ အပြစ်မတင်ပါဘူး
ရတာတွေရပါစေ၊ ရှိတာတွေရှိပါစေ။
* ကျွန်တော့်ကို နှမ်းရှုပ်ရုံနဲ့
မကူးစက်ပါဘူး
လက်ဆွဲနှုတ်ဆက်ကြပါ
လူသားတစ်ဦးအနေနဲ့ ဆက်ဆံကြပါ၊
* မေတ္တာအကြင်နာတွေ ဝေငှပါ
နွေးနွေးထွေးထွေး ပွေ့ဖက်ကြပါ
ဒါဆို နောက်(၁၅)နှစ်လောက်တော့
ရှင်သန်ခွင့်ရှိဦးမှာပါ၊
* ကမ္ဘာပေါ်က လူသားသန်းပေါင်းများစွာ
မင်္ဂလာပါ.....မင်္ဂလာပါ။ ။



**ကာနောင်မောင်မောင်**



www.burmeseclassic.com

www.burmeseclassic.com



# နတ်သမီးနဲ့ မလဲနိုင်ဘူး

* ဘယ်စုတ်တံနဲ့မှ ရေးမမီတဲ့ အမေ့အလှ
ဘယ်ပန်းချီဆရာမှ စွဲမမီတဲ့ အမေ့အပြုံး
ပုံပြင်ဆန်မဟုတ်တဲ့ အမေ့မေတ္တာ
စေတနာ ကရုဏာ သိမ်မွေ့ညင်သာတဲ့
အမေချစ်ပုံချစ်နည်းတွေ
အမေ ချော့သိပ်ခဲ့တဲ့တေးက ဒီနေ့ထိ
ဘယ်အဆိုတော်မှ လိုက်မမီဘူး အမေ။

* အမေခွံ့ကျွေး ထမင်းဖြူလေးက
အခုခေတ် ဒံပေါက်ထမင်း
လိုက်မမီခဲ့ဘူး အမေ။

* အမေ ယုယပိုက်ထွေးခဲ့တဲ့
လက်ချောင်းတွေဟာ
ပုံပြင်မဟုတ်ခဲ့ပါဘူး
ဟန်ဆောင်မှုကင်း ရမ္မက်ကင်း
အမုန်းကင်းတဲ့ မေတ္တာရှင်
ကရုဏာရှင်ဟာ အမေပါ အမေ။



* အမေဟာ လောကဓံကို အန်တုရင်း
လောကကို အလှဆင်သူ
အမေနဲ့တူတဲ့ အမေ အမေ
နောက်တစ်ယောက်မလို အမေ့ကို
နတ်သမီး အယောက်တစ်ရာနဲ့တောင်
ပေးမလဲဘူး အမေ။ ။

ခွယ်ရှင် (ရ.က.မ)



www.burmeseclassic.com

www.burmeseclassic.com


# ပွဲကျော့စစ်တမ်း



ပန်းကောင်းပန်၍
ဆံကေသာလှ
တင့်တယ်ရစဉ်
မြေဆွပျိုးသူ
ဖန်တီးသူတွက်
ဘယ်သူကျေးဇူးပြုဖူးအံ့.....။ ။

မင်းသွေးနွယ် (ဇီးကုန်း)



www.burmeseclassic.com

www.burmeseclassic.com





အောင်ကျော်ဦး

# အရှေ့လောင်မီး၊ အနောက်မှုန်တိုင်းကြားမှ မြန်မာလူထု၏ကံကြမ္မာ



ယနေ့မျက်မှောက်ကာလတွင် နေ့စဉ်ထုတ် [သ]တင်းစာများ၊ နေ့စဉ်ထုတ် ပုဂ္ဂလိကသတင်းစာများ [နှင့်] ဂျာနယ်များတွင် ဖော်ပြပါရှိသည့် သတင်းများ [အရ] မူးယစ်ဆေးဝါး ကျပ်သိန်းပေါင်းများစွာနှင့် လက်[နက်]ခဲယမ်းများ ဖမ်းမိမှုသတင်း၊ အဖျက်လုပ်ငန်းများ [ပြု]လုပ်ဆောင်ရန် ဖောက်ခွဲဖျက်ဆီးရေးအတွက် အသုံး[ပြုမ]ည့် ပိုတက်ဆီယမ်နိုက်တြိတ်အိတ်ပေါင်း ၃၃၀ ကို ရန်ကုန်မြို့လယ်နှင့် ဆင်ခြေဖုံးမြို့နယ်များတွင် ဖမ်းဆီးရမိမှုသတင်းများကို ဖတ်ရှုလေ့လာခွင့်ရရှိခဲ့သည်။ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုမှာ မြန်မာနိုင်ငံအနှံ့တွင်ဖြစ်၍ အများဆုံးဖမ်းဆီးရမိမှုမှာ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ ကချင်ပြည်နယ်တွင် ဖားကန့်၊ ကသာနယ်မြေတစ်ပိုက်နှင့် မန္တလေးမြို့၊ ရန်ကုန်မြို့တို့တွင် အများဆုံးဖမ်းမိခဲ့ကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ၏ ယနေ့ ကာလပေါက်ဈေးမှာ အမျိုးအစားအလိုက် ကျပ် ၃၀၀၀မှ ကျပ် ၅၀၀၀ အထိရှိနေ၍ မြန်မာနိုင်ငံ၏ အနောက်ဘက်ခြမ်းမှ ခိုးသွင်းလာသော တစ်ပြားလျှင် ကျပ် (၁၅၀)သာ ပေးရသည့် ဆူဒိုအက်ဖီဒရင်းဆေးပြား ကျပ်(၄၀၃၅)သိန်းဖိုး ဖမ်းဆီးရမိမှုသတင်းမှာ လူအများအထူးစိတ်ဝင်စားသည့်သတင်းဖြစ်ခဲ့သည်။

နိုင်ငံ၏အရှေ့ခြမ်း။ ထိုင်း–မြန်မာနယ်စပ် မြဝတီမြို့တွင် လက်နက်ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုသတင်းမှာ နေ့စဉ်ဖတ်ရှု၊ ကြားသိခွင့်ရခဲ့သော သတင်းများဖြစ်နေသည်။ ထိုသို့သော သတင်းများကြောင့် မြန်မာနိုင်ငံထဲသို့ မည်သူတွေက ခိုးသွင်းနေသနည်း။ မြန်မာနိုင်ငံကိုဖြတ်ကျော်ပြီး မည်သည့်နေရာသို့ ပို့ဆောင်နေသနည်း။ ထိုသို့ဖြစ်ပေါ်မှုများအပြင် မြန်မာ့လူနေမှုပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးဈေးကွက် မည်မျှကျယ်ပြန့်နေသနည်းဆိုသည်ကိုလည်း လေ့လာဆန်းစစ်သင့်နေပေပြီ။

ထိုင်း–မြန်မာနယ်စပ်မြဝတီမြို့တွင်
လက်နက်ခဲယမ်းများနှင့်
မူးယစ်ဆေးဝါးများဖမ်းဆီးရမိမှုသတင်းမှာ
နေ့စဉ်ဖတ်ရှု၊ကြားသိခွင့်ရခဲ့သော
သတင်းများဖြစ်နေသည်။
ထိုသို့သောသတင်းများကြောင့်
မြန်မာနိုင်ငံထဲသို့ မည်သူတွေက....

ထိုသို့လေ့လာဆန်းစစ်မှု ပြုလုပ်ပြီးသည်နှင့် မည်သို့တားဆီးကာကွယ်မည်၊ မည်သို့အရေးယူမည်၊ မည်သို့ ပညာပေးမည်ကို အလေးအနက်ထား၍ စဉ်းစား လုပ်ဆောင်ရန် လိုအပ်ပါသည်။ ယနေ့ကြားသိနေရသော သတင်းအရ ကချင်ပြည်နယ်တွင် ခရစ်ယာန် ဘာသာရေးခေါင်းဆောင်များနှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်း၍ မူးယစ်ဆေးဝါးဖြတ်သည့်စောင့်ရှောက်၊ ဆေးကုသရေးစခန်းများ၊ ရှမ်းပြည်နယ်ဘက်တွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများက ဦးဆောင်၍ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ကျေးရွာလူမှုရေးအဖွဲ့များက ကိုယ်ထူကိုယ်ထစနစ်ဖြင့် မူးယစ်ဆေးဝါးဖြတ်သည့် ဆေးကုစခန်းများ ထူထောင်ထားသည့် မင်္ဂလာသတင်းကို ကြားသိနေရသည်။ နိုင်ငံတော်အစီအစဉ်ဖြင့်ပြုလုပ်သော ပြန်လည်ထူထောင်ရေးစခန်းများလည်းရှိ နေပါသည်။

သို့သော် မူးယစ်ဆေးဝါးများသည် လူငယ်ထုအတွင်းနှင့် အနုပညာလောကအတွင်းသို့ ထဲထဲဝင်ဝင် ထိုးဖောက်မှုသတင်းဆိုးများကို ကြားသိခဲ့ရပါသည်။ ယနေ့ခေတ်ပြောင်းကာလတွင် လူတိုင်း လွတ်လပ်စွာနေထိုင်ခွင့်၊ ပြောဆိုခွင့်ကို အထိုက်အလျောက်ရရှိခဲ့ကြ၍ မူးယစ်ဆေးဝါးများကို လွတ်လပ်စွာအသုံးပြုနေမှုများလည်း ရှိလာကြသည်။ လွတ်လပ်စွာ သုံးစွဲသောနေရာများမှာ ဟိုတယ်များ၊ တည်းခိုခန်းများနှင့် လူငယ်ထုတို့ စုဝေးရာနေရာများဖြစ်နေသည်ကို ကြားသိနေရသည်။

ထိုသို့ မူးယစ်ဆေးဝါး စီးဝင်၊ ပျံ့နှံ့မှုရှိနေသည့်အတွက် မူးယစ်ဆေးဝါးသုံးစွဲရန်နှင့် ပျော်ပါး၊ သောက်စားရန် ငွေကြေးလိုအပ်သည့် လူငယ်လူရွယ်များ၏ ခိုးမှု၊ ဖောက်ထွင်းမှု၊ လုယက်မှု၊ လူ့ကိုသတ်၍ လု

www.burmeseclassic.com



ယက်မှုသတင်းများကိုလည်း ကြားသိနေရ၍ ထိုသို့သော လမ်းမှားသို့လိုက်နေသူများ၏ စိတ်ဓာတ်မြှင့်တင်ရေး၊ မကောင်းမှုကို ပစ်ပယ်ရေးလုပ်ငန်းများကို မည်သို့လုပ်ဆောင်ရမည်ကို နိုင်ငံတော်နှင့် လူမှုအဖွဲ့များပူးပေါင်း၍ စဉ်းစားဆုံးဖြတ်ရမည့်အချိန် ကျရောက်နေပေပြီ။ စဉ်းစားဆုံးဖြတ်ပြီးလျှင် အမြန်ဆုံးအကောင်အထည်ဖော်သင့်သည်ဖြစ်၏။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တပ်မတော်၊ အကောက်ခွန်နှင့် မိတ်ဖက်အဖွဲ့အစည်းများက မည်သို့ကြိုတင်ကာကွယ်တားဆီးခြင်းနှင့် အရေးယူခြင်းပြုသည့်တိုင်ရာခိုင်နှုန်းပြည့် အောင်မြင်မှုရရှိရန် ခက်ခဲလှပါသည်။ အဓိက ပါဝင်ရမည့် အောင်မြင်ရေးစွမ်းအားရှင်များမှာ ပြည်သူလူထုပင်ဖြစ်ပါသည်။

> သထုံမြို့နယ်အတွင်း လိုင်စင်မဲ့ကားဖြင့်
> သယ်ဆောင်လာသော မူးယစ်ဆေးဝါးနှင့်
> လက်နက်ခဲယမ်းများကို
> ရဲတပ်ဖွဲ့နှင့်ပူးပေါင်းအဖွဲ့က ဖမ်းမိခဲ့သည်။
> ရန်ကုန်မြို့ထဲ၌ပင်
> မူးယစ်ဆေးဝါးဖမ်းမိသည့်
> ကုမ္ပဏီပိုင်ရှင်တစ်ဦး၏နေအိမ်မှ ......

ဤသို့စဉ်းစားမိပြီဆိုပါက မူးယစ်ဆေးဝါးများနှင့်အတူ ပူးတွဲဝင်ရောက်လာသော လက်နက်ခဲယမ်းများကိစ္စကို အလေးထား၍ စဉ်းစားရန် လိုအပ်ပါသည်။ ဖမ်းမိသော လက်နက်ခဲယမ်းများမှာ လူတစ်ဦးအတွက် အဆောင်လက်နက်အဖြစ် အသုံးပြုရန်ထက် ရင်ဆိုင်တိုက်ခိုက်ရန် စုဆောင်းသည့် အရေအတွက်များကို သတိပြုမိခဲ့သည်။ လက်နက်ငယ်များအပြင် တပ်စုသုံး၊ တပ်ခွဲသုံးအဆင့် လက်နက်များကိုပါ ဖမ်းဆီးရမိနေ၍ အထူးပင် စိုးရိမ်စရာဖြစ်လာရသည်။ အဆောက်အအုံ အန်ကာနှင့် အမာခံများကို ဖြိုနိုင်သည့် လောင်ချာများ ဖောက်ခွဲရေးသုံးပစ္စည်းများ ဖမ်းဆီးရမိနေမှုကြောင့် အထူးစီမံချက်များ ချမှတ်ကာကွယ်ရမည့် အခြေအနေသို့ ရောက်ရှိနေပြီဟု ဆိုနိုင်ပါသည်။

စက်တင်ဘာလ (၂၂)ရက်နေ့က တာချီလိတ်မြို့နယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးဂိတ်စခန်းအနီးရှိ ချောင်းကူးတံတား၌ ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့နယ်၊ အနီပါကျုံးရပ်ကွက်မှ စက်ဘီးစီးနင်းလာသူ တင့်ဇော်အားသူကို စစ်ဆေးရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ BULLET MASTER CO.,LTD တံဆိပ်ပါ စက္ကူဘူးခွံဖြင့် ထည့်ထားသော ထိုင်းနိုင်ငံထုတ် FMJ ပွိုင့်(၃၈)ပစ္စတိုကျည် (၅၀)ပါ ဘူး(၃)ဘူးနှင့် လက်ကိုင်ဖုန်းကို သိမ်းဆည်းရမိခဲ့သည်။

မကြာသေးသောကာလက သထုံမြို့နယ်အတွင်း လိုင်စင်မဲ့ကားဖြင့် သယ်ဆောင်လာသော မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများကို ရဲတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့က ဖမ်းမိခဲ့သည်။ ရန်ကုန်မြို့ထဲ၌ပင် မူးယစ်ဆေးဝါး ဖမ်းမိသည့် ကုမ္ပဏီပိုင်ရှင်တစ်ဦး၏နေအိမ်မှ သေနတ်(၂)လက်ကို ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးများနှင့်အတူ လက်နက်ခဲယမ်းများကိုပါ ဖမ်းဆီးရမိချိန်၌ ပူးတွဲဖမ်းမိသူများကို လေ့လာသောအခါ လက်နက်နှင့် ယဉ်ပါးနေကြသူများဖြစ်ကြောင်း လေ့လာသိရှိရသည်။

လက်နက်မှောင်ခိုဈေးကွက်က မူးယစ်ဆေးဝါးနှင့်အတူပျံ့နှံ့နေသည်ဟု ခံစားရမိသဖြင့် တရားဥပဒေစိုးမိုးရေးကို ပြောဆိုနေသူတိုင်း လက်တွေ့ကျကျ ပူး



www.burmeseclassic.com

www.burmeseclassic.com



**အမှောင့်လုပ်ငန်းကိုလုပ်ဆောင်၍လူမှုပဋိပက္ခများဖန်တီးကာဆူပူမှုကြောင့်**
**လူထုအာရုံလွှဲပြောင်းချိန်၌အဖျက်လုပ်ငန်းလုပ်ကိုင်ရင်းနိုင်ငံတော်ပြိုကွဲရေးကို**
**အကောင်အထည်ဖော်ကြမည့် အကြံဆိုးသမားများ၏အရေးက......**

ပေါင်းလုပ်ဆောင်ရန် လိုအပ်သည်ဟု ထင်ပါသည်။ မှောင်ခိုလက်နက်ပုန်းများ ရောက်ရှိပျံ့နှံ့နေလျှင် လူအချင်းချင်း လုပ်ကြံသတ်ဖြတ်မှု၊ မကောင်းမှုလုပ်ဆောင်ရာတွင် ခြိမ်းခြောက်ရေးကိရိယာအဖြစ် အသုံးပြုနိုင်မှု၊ လူမှုစီးပွားနယ်ပယ်တွင် လက်နက်နှင့်ငွေပေး၍ အပျောက်ရှင်းခိုင်းမှု၊ ကြေးစားလူမိုက်လုပ်ရပ်များ ဖြစ်ထွန်းမှုဆိုသော ဖြစ်ရပ်များ ဖြစ်ပေါ်လာဖွယ်ရှိပါသည်။

ထို့အပြင် အမှောင့်လုပ်ငန်းကို လုပ်ဆောင်၍ လူမှုပဋိပက္ခများ ဖန်တီးကာ ဆူပူမှုကြောင့် လူထုအာရုံလွှဲပြောင်းချိန်၌ အဖျက်လုပ်ငန်းလုပ်ကိုင်ရင်း နိုင်ငံတော်ပြိုကွဲရေးကို အကောင်အထည်ဖော်ကြမည့် အကြံဆိုးသမားများ၏အရေးက ရင်လေးဖွယ်ပင်ဖြစ်သည်။ ယနေ့ကမ္ဘာတွင် မငြိမ်သက်မှုနှင့် ပဋိပက္ခများ၊ အကြမ်းဖက်စစ်ပွဲများ ပေါ်ပေါက်နေ၍ ကုလသမဂ္ဂအဖွဲ့ကြီးက သတိပေးတားမြစ်နေရသည်။ တည်ငြိမ်အေးချမ်းရေးကို အလိုရှိသည့် ကမ္ဘာ့နိုင်ငံပေါင်းများစွာတို့ သဘောတူ စုစည်းမှုဖြင့် လူသားများ၏ အခွင့်အရေးကို ကာကွယ် တိုက်ပွဲဝင်နေရသည်ကို လူတိုင်းသိရှိပြီးဖြစ်သည်။

နိုင်ငံ့ကာကွယ်ရေးလုပ်ငန်း၌ဖြစ်စေ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်း၌ဖြစ်စေ နိုင်ငံ၏နောင်ရေးကို အဆုံးအဖြတ်ပေးမည့်သူများမှာ ပြည်သူလူထုပင်ဖြစ်ပါသည်။ စစ်ပွဲများအတွက် ပြည်သူလူထု ပူးပေါင်းပါဝင်သည့် ပြည်သူ့စစ် မဟာဗျူဟာ၊ နည်းဗျူဟာများ၊ ပြည်သူလူထု ပူးပေါင်းပါဝင်သော ပြည်သူလူထုဗဟိုပြု ရဲလုပ်ငန်းများသည် ဒုစရိုက်မှုမှန်သမျှကို နှိမ်နင်းရာတွင် စွမ်းရည်ထက်မြက်သော စွမ်းအားများသာဖြစ်ပါသည်။

ပြည်သူ့အရေး ပြည်သူဆုံးဖြတ်သော အသိတရားဖြင့် အဖျက်အမှောင့်လုပ်ငန်းများကို တာဝန်ရှိအဖွဲ့အစည်းများနှင့် ပူးပေါင်းတားဆီး နှိမ်နင်းဖော်ထုတ် ဖယ်ရှားရန် မတူညီသော သဘောထားများကို ဘေးဖယ်၍ နိုင်ငံချစ်စိတ်ဖြင့် နိုင်ငံတော်ကို စောင့်ရှောက်ကြပါဟုသာ.....။ ။

**အောင်ကျော်နိုး**



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# နွေဦးလေးနှင့်အတူ

ထက်ထက်ဦးဝေ
(အခန်းဆက်ဝတ္ထုရှည်)

ကျွန်မဘဝတွင် ကြီးကြီးသည် ကျွန်မအပေါ် ချုပ်ချယ်လွန်းသော၊ စည်းကမ်းကြီးလွန်းသော၊ ကျွန်မကို မုန်းတီးလွန်းသော မိန်းမတစ်ယောက်ဟု ထင်မှတ်မိသည်။ အဘယ်ကြောင့်ဆိုသော် ကြီးကြီး၏ သားသမီးနှစ်ဦးထက် ကျွန်မအပေါ် ပိုမိုတင်းကျပ်လွန်းသော စည်းကမ်းများကြောင့်ဆိုက မမှားပါ။ ကျွန်မ၏ လှုပ်ရှားမှုတိုင်းတွင် ကြီးကြီး၏ ရှုသောအကြည့်များဖြင့် နေရာယူနေတတ်၏။ ယခုလည်း ကြည့်ပါဦး.....

"ဟဲ့...မဍ္ဍု၊ ကြမ်းတိုက်တာ ပြောင်ပါလားအေ့၊ ဒီမှာကြည့်စမ်း၊ ခြေရာတွေ"

ကြီးကြီး၏အနီးသို့ ကျွန်မ ရောက်လာရပြန်ပြီပေါ့။

"အခုလေးတင် ကိုကိုကျော် ပျောက်သွားတာပါ ကြီးကြီး၊ မဍ္ဍု ပြန်တိုက်ဖို့ မေ့သွားလို့ပါ"

"ပြောလိုက်ရင် ဒီအတိုင်းပဲ၊ ဘာတွေများစဉ်းစားနေလို့ မေ့နေရတာလဲအေ"

ကြီးကြီးသည် တင်းမာသော မျက်နှာထားနှင့် ဆူပူမာန်မဲလေတော့၏။ ဒါတင်မကသေးပါဘူးလေ ကြီးကြီးနှုတ်ဖျားမှ အဆက်မပြတ် ပေါ်ထွက်လာသော စကားသံများကိုပါ တစ်ဆက်တည်း



ကြားနေရ သည်။

"မနက်ကလည်း ကြက်သွန်လှီးတဲ့ဓားနဲ့ ကိတ်မုန့်လှီးတော့ ကိတ်မုန့်မှာ ကြက်သွန်နံ့ကို နံနေတာပဲ၊ ဓားကိုပြန်ဆေးဖို့များ သတိရပါရော့လား၊ အလုပ်ကို ဖြစ်ကတတ်ဆန်း တော်တော်လုပ်၊ ကြည့်လို့ကိုမရတော့ဘူး"

ကြမ်းတိုက်နေကျ လက်ချောင်းလေးတွေဟာ နာကျင်မှုကို မခံစားရပေမယ့် ရင်ထဲမှာနာကျင်လောက်အောင် ခံစားနေရတာ။ မျက်ရည်တစ်စက်က လက်ဖမိုးနှစ်ဖက်ပေါ် ကျနေရတဲ့အထိ ကျွန်မရဲ့ဘဝက ဆိုးလှပါလား။ ပြီးတော့ အဆက်မပြတ်စီးကျနေတဲ့ မျက်ရည်တွေ၊ ထိုမျက်ရည်များသည် ကျွန်မ၏နှလုံးသားထဲမှ တစက်စက် ယိုစီးကျနေကြသည့် သွေးစက်များ အလား။

"အလိုတော်.....ကျုပ်မရှိဘဲ ရသေးပါဘူးနော်၊ မျက်ရည်ထိုးပြ

www.burmeseclassic.com

မနေပါနဲ့၊ ကြမ်းတိုက်ပြီးရင် အဝတ်တွေ ဆပ်ပြာမှုန့်နဲ့စိမ်ထားတယ်၊ သွားလျှော်လိုက်ဦး''

ကြီးကြီး၏စကားကို နာခံရမှာက ကျွန်မ၏တာဝန်တစ်ရပ်ဟု ခံယူထားသော်လည်း အသွေးအသားနှင့် တည်ဆောက်ထားသောလူဟူသည် စက်ရုပ်တစ်ရုပ်မဟုတ်ကြောင်း ကြီးကြီး မေ့လျော့ထားပြီထင်ပါရဲ့။ မျက်စိ နှစ်လုံးစဖွင့်ကတည်းက အလုပ်နှင့် လက်မပြတ်ခဲ့သော ကျွန်မ။ ကြီးကြီး၏သား သမီးမဟုတ်၍များ ရက်စက်စွာခိုင်းနေခြင်းပဲလားဟု တွေးမိသေး၏။ ငယ်စဉ်အရွယ်က ခဏခဏ အရိုက် ခံခဲ့ရသော ကျွန်မ၊ ကြီးပြင်းလာပြန်တော့လည်း မကြာခဏအဆူခံ၊ အပြောခံဘဝဖြင့် ငြူစူနိုင်လွန်းသော ကြီးကြီးသည် ဘယ်အတွက်ကြောင့်များ ခေါ်ယူစောင့်ရှောက်ထားတာပါလိမ့်။ အဝတ်လျှော်ရင်း စဉ်းစားမိပြန်သည်။ ထိုအတွေးမျိုး ကျွန်မ၏အသိထဲ ရောက်လာစေသော မေးခွန်းသည် လူမှန်းသိတတ်ချိန် ကတည်းက ယနေ့အထိ နားမလည်နိုင်သော မရေရာသည့် အတွေးများသာ အချိန်တိုင်း စိုးမိုးနေတတ်၏။

တစ်ခါတလေ ကိုယ့်ဘဝကို စိတ်ပျက်အားငယ်လွန်းစွာဖြင့် ကြီးကြီးနှင့် ဝေးရာသို့ ငှက်ကလေးတစ်ကောင်လို လွတ်လပ်ပေါ့ပါးစွာ ပြေးထွက်သွားချင်စိတ်များ ဖြစ်ပေါ်မိသော်လည်း ကျွန်မ၌ သတ္တိမရှိပြန်ပေ။ အထူးသဖြင့် ကြီးကြီး၏လောင်းရိပ်အောက်မှ ရုန်းထွက်ရန် သံယောဇဉ်ဟူသော နှောင်ကြိုးတစ်ခုကြောင့် ကျွန်မ၏ဘဝ စိတ်ကျဉ်းကျပ်ခဲ့သည့်တိုင် ကြီးကြီးထံပါးမှ လွတ်မြောက်ခွင့်ကို ကျွန်မ ကျောခိုင်းခဲ့မိပြန်၏။

တကယ်တော့ ကြီးကြီး ဒေါ်

> တစ်ခါတလေ
> ကိုယ့်ဘဝကို
> စိတ်ပျက်အားငယ်လွန်းစွာဖြင့်
> ကြီးကြီးနှင့်ဝေးရာသို့
> ငှက်ကလေးတစ်ကောင်လို
> လွတ်လပ်ပေါ့ပါးစွာ
> ပြေးထွက်သွားချင်စိတ်များ
> ဖြစ်ပေါ်မိသော်လည်း
> ကျွန်မ၌.....





www.burmeseclassic.com

www.burmeseclassic.com



တင်မမကြီးသည် ကျွန်မ၏ကျေးဇူးရှင်တစ်ယောက်ဟုဆိုက မမှားပေ။ ကြီးကြီးတွင် မမခိုင် (ခိုင်ထွန်းသာ) နှင့် ကိုကိုကျော် (ကျော်ထွန်းသာ) ဟု အမည်တွင်သည့် သားသမီးနှစ်ဦးရှိသည်။ ဘဘဦးရွှေထွန်းသာမှာ လွန်ခဲ့သည့် ဆယ်နှစ်ခန့်က ဆုံးပါးသွားခဲ့ရှာ၏။ ထို့ကြောင့်လည်း ကြီးကြီးသည် မုဆိုးမဘဝဖြင့် ကျွန်မအပါအဝင် မိသားစုလေးဦးရှိသည့် အိမ်ထောင်တစ်ခုအား အဆင်ပြေပြေ ဆက်လျှောက်နိုင်ရန် စီမံအုပ်ချုပ်နိုင်သည့် အမျိုးသမီးကြီးတစ်ဦးပါ။ ကြီးကြီးတွင်ရှိသည့် ဖွဲ့ သတ္တိ၊ အားမာန်များကို ကျွန်မ အားကျမိ၏။ ထို့ကြောင့် ကျွန်မတွင် အားငယ်စိတ်များ ဝင်လာပါက ကြီးကြီးကဲ့သို့ လောကဓံကို သတ္တိရှိရှိ ရင်ဆိုင်၍ မောင်းထုတ်ပစ်မိသည်။ ယခုလည်း ကျမိသော မျက်ရည်ဥများကို မျက်တောင်ဖြင့် တဖျပ်ဖျပ် ပုတ်ထုတ်ပြီး ခေါင်းမော့ထားလိုက်၏။

'တပည့်တော်၏မိဘနှင့်
ဒီတစ်သက်ပြန်ဆုံတွေ့ပါရစေ
ဘုရား' ဟူသည့်
ဆုတောင်းကိုပြင်းပြစွာ
တောင်းဆိုမိသည်မှာ
နေ့စဉ်ပင်။
သူငယ်ချင်းများ၏စုံလင်သော
မိသားစုဘဝလေးကို .....

ကျွန်မတွင် မိဘဟူသည်ကို ယနေ့အချိန်အထိ မြင်တွေ့ဖူးခြင်းမရှိဟုဆိုခြင်းထက် ကြီးကြီးကိုမေးနိုင်သည့် အခွင့်အရေးကို မရရှိခဲ့ပေ။ ကြီးကြီးသည် ကျွန်မနှုတ်ဖျားမှ ထွက်ပေါ်လာမည့်စကားအား အကြားအမြင် ပညာရှင်တစ်ဦးအလား ကြိုသိနေတတ်ပါသည်။ မသိနားမလည်ချိန်ကသိလိုစိတ်ဖြင့် မေးမိသည့်အတွက် တစ်သက်မမေးနိုင်ရန် အမာရွတ်လေးတစ်ခု စွဲထင်စေခဲ့သည်အထိ ကြီးကြီး၏ရိုက်ချက်ကို ကျွန်မတစ်သက် မမေ့မရခဲ့ပါ။ သို့သော် ထာဝရအမှတ်တရ ဖြစ်စေခဲ့သော စကားလေးတစ်ခွန်းတော့ ရှိခဲ့ဖူးပါ၏။

"ညည်းကို လူမဆန်တဲ့မိဘတွေက ပစ်ထားခဲ့လို့ မွေးကင်းစအရွယ်ကတည်းက ကျုပ်တို့ကမွေးခဲ့ရတာပါအေ၊ ညည်းရဲ့မိဘဆိုတာလည်း တစ်ခါမှမမြင်ဖူးခဲ့ပါဘူး၊ နောင်ကို ဒီအကြောင်း ဘယ်တော့မှ လာမမေးနဲ့၊ ဒါဟာ နောက်ဆုံးစကားပဲ"

ဒီတော့ သိလိုစိတ်ကို မျိုသိပ်ပြီး တိတ်တဆိတ် စုံစမ်းခဲ့သော်လည်း အချည်းနှီးပင်။ ကျွန်မ သိထားခဲ့ရသည်က ကြီးကြီးသည် ကျွန်မကိုမွေးကင်းစအရွယ်ကတည်းက မွေးစားခဲ့သည်ဆိုသည့်အဖြေတစ်ခုကြောင့် ကိုယ့်ဘဝကို စိတ်ပျက်အားငယ်ခဲ့ရ၏။ ကျွန်မ၏မိဘများကရော ကျွန်မကို မည်သည့်အတွက်ကြောင့် ကြီးပြင်းအောင် တာဝန်မယူရဲဘဲနှင့် လူ့လောကကြီးထဲသို့ ခေါ်ဆောင်လာရပါသနည်း။

လူတိုင်းတွင် အမိအဖကိုယ်စီရှိတတ်ကြ၏။ မိဘမရှိဘဲ လူမဖြစ်နိုင်သလို လူဖြစ်ပြီး မိဘမရှိ၍လည်း မဖြစ်ပါ။ ကျွန်မ၌ တောင့်တမိသော အရာမှာ မိဘနှစ်ပါးပင်ဖြစ်၏။

'တပည့်တော်၏မိဘနှင့် ဒီတစ်သက် ပြန်ဆုံတွေ့ပါရစေဘုရား'ဟူသည့်ဆုတောင်းကို ပြင်းပြစွာ တောင်းဆိုမိသည်မှာ နေ့စဉ်ပင်။ သူငယ်ချင်းများ၏ စုံလင်သော မိသားစုဘဝလေးကို မြင်တွေ့ရတိုင်း ကျွန်မ၌ တိတ်တဆိတ်မျက်ရည်ဝဲခဲ့ရသည့်အကြိမ်ပေါင်း မနည်းတော့ပေ။ လောကကြီးတွင် ကျွန်မထက်ကံဆိုးသူရှိကြလိမ့်မည်မထင်တော့။

နောက်ဆုံးလက်ကျန်အကျႌလေးကို ညှစ်ပြီး အဝတ်လှန်း



www.burmeseclassic.com

www.burmeseclassic.com



ဇလုံလေးကိုသယ်ကာ ဝရန်တာသို့ ထွက်လာမိ၏။

"အကျီတွေကို ချိတ်နဲ့လှန်းနော် မဒ္ဒူ"

"ဟုတ်.....ဟုတ်ကဲ့ ကြီးကြီး"

ကျွန်မ၏အရိပ်သဖွယ် ကြီးကြီးရှိနေတတ်သည်ကို ငြင်းမရနိုင်ပါလား။ သက်ပြင်းလေးကို အသာချပြီး အဝတ်လှန်းနေစဉ် ကိုကိုကျော် ခြံထဲဝင်လာသည်ကို တွေ့နေရ၏။

"ဩော်...ငါသာ ကိုကိုကျော်ဖြစ်လိုက်ပါတော့လား"

အပြေးလေးဆင်းကြိုသည့် မိခင်နှင့် ဝမ်းသာအားရ ပြန်လာသည့်သား၊ သူတို့နှစ်ဦး၏ ရင်တွင်းဝယ် ဘယ်လောက်များ ပီတိဖြစ်နေကြပါမလဲလေ။ ကြီးကြီးနှင့် ကိုကိုကျော်တို့အား ကျေနပ်အားကျစွာ ကျွန်မကြည့်နေမိပါပြီ။

♛♛♛♛♛

ကျွန်မ၏ စိတ်ကူးယဉ်မိခင်သည် ကြီးကြီးကဲ့သို့ ချော၏၊ လှ၏၊ မဟာဆန်သူတစ်ယောက်ဖြစ်၏။ အထူးသဖြင့် ကျွန်မအပေါ် သိပ်ချစ်၊ သိပ်ကြင်နာတတ်သည့် အမျိုးသမီးကြီးပင်။ ကျွန်မ၏ဖခင်ဆိုလျှင်လည်း ယောကျာ်းပီသသော ရုပ်ရည်နှင့် ကြင်နာတတ်သော၊ မိသားစုအပေါ် ချစ်ခင်တွယ်တာသည့် ဖခင်တစ်ယောက်ဟု စိတ်ကူးယဉ်ပုံဖော်ကြည့်မိသေး၏။ ပြီးနောက် သန့်ရှင်းသပ်ရပ်သော ခြံဝင်းလေးထဲတွင် လှပခေတ်မီသော တစ်ထပ်တိုက်ကလေး၊ စီးစရာ ဒန်းလေးတစ်ခု၊ မွှေးရနံ့ သင်းကြိုင်နေကြသော ရောင်စုံပန်းမန်များ၊ ဟား...ပျော်စရာကြီးပါလား ကွယ်။ ဒါတင်မကသေးပါဘူးလေ။ အလုပ်ကပြန်လာသော ဖေဖေ့ကို ထွက်ကြိုနေတဲ့ ကျွန်မတို့သားအမိ၊ မိဘနှစ်ပါး၏ မျက်နှာပေါ်မှ ကြည်နူးပြုံးပျော်ရိပ်ပီတိများ၊ စိတ်ချမ်းမြေ့စရာ ကောင်းလိုက်ပါဘိ။

"မဒ္ဒူ.....အပြင်မှာဘာလုပ်နေတာလဲ"

ကြီးကြီးအသံကြောင့် ကျွန်မ၏စိတ်ကူးများ အဝေးသို့လွင့်ပြယ်ပျောက်ကွယ်သွားရသည်အထိ ထိတ်လန့်သွားရ၏။ ရပ်နေသော ကြီးကြီးကို နောက်ပြန်လှည့်ကြည့်မိ၏။

"တံခါးတွေမြန်မြန်ပိတ်ပြီး အိမ်ထဲဝင်တော့၊ ပြီးရင် စာသွားကြည့်"

"ဟုတ်ကဲ့ ကြီးကြီး"

ဟုတ်ပါရဲ့။ ကျွန်မကလည်း ပြတင်းတံခါးတွေလိုက်ပိတ်ရင်းက စိတ်ကူးယဉ်လွန်သွားမိတာကိုး။ အပြစ်ရှိသည့်ကျွန်မ ကြီးကြီးဆူပူခြင်းကို ခံနိုင်ရည်ရှိရဦးမည်ပေါ့။ ပြတင်းတံခါးများကို မြန်မြန်လေး လိုက်ပိတ်နေမိ၏။

"ဒီကောင်မလေး ခုတလော ဘယ်လိုဖြစ်နေမှန်းကိုမသိဘူး၊ ဘာလုပ်လုပ် ပြောနေရတာပဲ"

တဖျစ်တောက်တောက်ပြောပြီး အိမ်ထဲဝင်သွားသော ကြီးကြီးနောက်မှ လှျာလေးတစ်လစ်ထုတ်ပြီး လိုက်ဝင်ခဲ့ရတော့သည်။ ဘုရားခန်းထဲမှ ထွက်လာသော မမခိုင်နှင့်ဆုံမိရာ...

"ညီမလေး ဘုရားဝတ်ပြုလိုက်ဦးလေ၊ ပြီးမှစာကျက်"

"ဟုတ်ကဲ့ မမခိုင်"

ကျွန်မ၏ လှုပ်ရှားနေသော စိတ်များကို တည်ငြိမ်စေအောင် တရားထိုင်ခြင်းသည်သာအကောင်းဆုံးဖြစ်ပေလိမ့်မည်။ မမခိုင်အား ကျေးဇူးတင်ရပြန်ပါပြီ။ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် သတ္တဝါတို့၏ ဒုက္ခအပူမီးမှန်သမျှ ငြိမ်းအေးသော တရားအသိကို ရရှိစေနိုင်၏။ အမှန်တကယ်လည်း ငြိမ်းအေးစေနိုင်သည်။ ကျွန်မအား သားသမီးများနှင့်မခြား ဘာသာရေးတွင် သွန်သင်ဆုံးမ၊ လမ်းပြညွှန်ကြားပေးနိုင်သော ကြီးကြီးအား ကျေးဇူးအခါခါတင်မိရပါ၏။ ကြီးကြီး၏မိသားစုလေးသည် မြန်မာဆန်လွန်းသော၊



www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးကို လိုက်စားလွန်းသော၊ မြန်မာ့ယဉ်ကျေးမှုကို နှစ်သက်လွန်းသော မိသားစုလေးဟု ကျွန်မ မြင်မိသည်။ ကြီးကြီးကိုယ်တိုင်လည်း အလှူအတန်း ဒါနပြုရာတွင် တတ်အားသမျှ ထည့်ဝင်လှူဒါန်းခဲ့၏။ ကွယ်လွန်သွားရှာသော ဘဘဦးရွှေထွန်းသာအတွက်လည်း နှစ်လည်တိုင်း ဘုန်းကြီးကျောင်းတွင် ဆွမ်းကျွေးနေဆဲပါ။ ထို့မျှသာမကသေးပေ။ ကျွန်မ မှတ်မိသော ကြီးကြီး၏မိဘနှစ်ပါးအတွက်လည်း ရည်ရွယ်လှူဒါန်းပေးနေကျ။ ကြီးကြီး၏မိခင်ကြီးသည် လွန်စွာမှ တန်ခိုးသြဇာအာဏာရှိလွန်းသော အမျိုးသမီးကြီးဟု ဓာတ်ပုံကဖော်ပြနေ၍ ကြီးကြီးသည် သူ၏မိခင်ကဲ့သို့ ထက်မြက်သော အရည်အချင်းမျိုးကိုပိုင်ဆိုင်ခဲ့ရသည်လားမသိပေ။ ကြီးကြီးမိသားစုအကြောင်းကိုမေးရဲသည့်သတ္တိမျိုးလည်း ကျွန်မတွင်မရှိခဲ့။ မမခိုင်ကတော့ ပြောခဲ့ဖူး၏။

"ဘွားဘွားဟာ မျိုးရိုးအစဉ်အဆက်က ချမ်းသာကြွယ်ဝတဲ့ အမျိုးသမီးကြီးတဲ့၊ တွင်းရိုးမျိုးဆက် [illegible] ရေနံချောင်းကတဲ့ကွယ်၊ မမတို့အဘွားဟာ ချောသလောက် [illegible]သည်းအရမ်းကြီးတယ်လေ၊ [illegible]...မမခိုင် မှတ်မိသလောက် [illegible]ရင် ဘွားဘွားက သူ့မြေးရဲ့ အရုပ်ကိုတောင် တခြားကလေးကို ပေးမဆော့ခဲ့ဘူး၊ အတ္တကြီးတယ်လို့ မမခိုင်ထင်တယ် မဒ္ဒူရယ်"

မမခိုင် ၈ နှစ်သမီးအရွယ်ရောက်မှ အဘွားဖြစ်သူ ဆုံးသွားခဲ့သည်ဟုသိရ၍ အားလုံးကိုမှတ်မိနေပေမည်။ ကျွန်မကတော့တကယ်ကိုမသိခဲ့ပါ။ ကိုကိုကျော်က မမခိုင်ထက် သုံးနှစ်ငယ်သည်ဆိုတော့ ကျွန်မက ထိုစဉ်က သုံးနှစ်သမီးခန့်သာရှိနေပါလိမ့်မည်။ ကိုကိုကျော်မှာ ကျွန်မထက် နှစ်နှစ်ကြီး၏။ သည်တော့ ကြီးကြီးပြောခဲ့ဖူးသည့် ကျွန်မကိုမွေးကင်းစအရွယ်ကတည်းက မွေးစားခဲ့သည်ဆိုသည့်စကားအား အကြွင်းမဲ့ ယုံကြည်မိရသည်။

ကျွန်မ၏ပညာသင်ကာလတစ်လျှောက်လုံးတွင် ကွယ်လွန်သွားရှာသော ဘဘဦးရွှေထွန်းသာနှင့် ကြီးကြီး ဒေါ်တင်မမကြီးတို့၏ အမည်နာမလေးများကို မိဘနေရာတွင် အစားထိုးဖော်ပြပေးကြသဖြင့် ကျွန်မ၏ကျေးဇူးရှင်များအနေဖြင့် လေးစားမိပါ၏။ တကယ်တော့လည်း ကြီးကြီးသည် ကျွန်မ၏မိဘဆိုက မမှားပါ။ သူ့သားသမီးများနှင့် တန်းတူရည်တူဆက်ဆံပြီး နှိမ်ချခြင်းမရှိခဲ့၍လည်း နားမလည်သည့်အတွေးများက ကျွန်မ၏စိတ်တွင် စိုးမိုးနေတော့သည်။

တစ်ခါတစ်ခါတွင် ကြီးကြီး၏ သံယောဇဉ်စကားလေးများကိုကြားရပြန်တော့လည်း ရင်မှာချမ်းမြေ့မိသည်ကိုတော့ မငြင်းနိုင်ပါ။ ကျွန်မ သတိရမိပါသေးသည်။

"သမီးတို့အတွက် ပိတ်စလေးတွေ မေမေဝယ်လာတယ်ကွယ်"

"ဟယ်.....အခုပေါ်နေတဲ့ အပွင့်လေးတွေပဲ၊ ခိုင် ဒီအရောင်လေးယူမယ် မေမေ၊ လှလိုက်တာ"

မိန်းကလေးတိုင်း အလှအပကို မက်မောတတ်ကြသူတွေချည်းပါပဲ။ မမခိုင်လိုပဲ ကျွန်မလည်းဝမ်းသာနေရသူပါ။ သို့ပေမယ့် ကျွန်မက ကြီးကြီး၏သမီးအရင်းမှမဟုတ်ဘဲလေ။ မမခိုင် မကြိုက်တာမှ ကျွန်မ ယူရမှာပါ။ အပြင်မထွက်သေးဘဲ ခန်းဆီးစလေးကိုကွယ်ပြီး ရပ်ကြည့်နေမိသည်။ မမခိုင်၏လက်ထဲတွင် မီးခိုးရောင်အပွင့်လေးများပါသည့် ပိတ်စလေးကို ကိုင်ထားပေမယ့် အသားရောင် အညိုပွင့်လေးမှာ မမခိုင်၏လက်ထဲတွင် ရှိမနေပေ။ သို့သော် ပိတ်စနှစ်စ,စလုံးမှာ ယဉ်ပြီးလှနေကြပါ၏။ ကြီးကြီးမှာ ကျွန်မတို့နှင့်လိုက်ဖက်သည့် ပိတ်စမျိုးကို ရွေးချယ်ဝယ်ယူပေးတတ်သူပါပဲလေ။

"အဲဒါလေးကို မဒ္ဒူကိုပေးလိုက်ပါ သမီးရယ်၊ သူလေးနဲ့ ပိုလိုက်တယ်"

"ဒါဆိုလည်း မဒ္ဒူလေးပဲဝတ်



www.burmeseclassic.com

www.burmeseclassic.com

ပါစေ၊ မေမေပေးတဲ့အစလေးပဲ ခိုင် ယူပါ့မယ်၊ ညီမလေးရေ..... လာယူလေ”

မမခိုင်၏ ခေါ်သံမဆုံးခင်ပင် ပြေးထွက်လာမိပါပြီ။ မမခိုင်သည် သူ့လက်ထဲမှ ပိတ်စလေးအား ကျွန်မကို ကျေကျေနပ်နပ်ဖြင့်ပေး ရှာ၏။

“ရော့...ညီမလေး၊ ဒါက မဋ္ဌူ အတွက်တဲ့၊ လှတယ်နော်”

ကျွန်မ၏ကိုယ်တွင် ပိတ်စလေးကို ကပ်ပြရှာသည်။ ကြည့်ပါဦး..ကျွန်မအပေါ် စိတ်ထားကောင်းရှာလွန်းသော အစ်မမျိုးရှိနေတာကို က ကျွန်မ ကံကောင်းခဲ့တာပါလား။

“ဟုတ်တယ် မဋ္ဌူ၊ မေမေက ညီမလေးနဲ့လိုက်တဲ့အရောင်ကိုရွေးပေးတတ်တယ်၊ မမခိုင်ပိတ်စလည်း မမခိုင်နဲ့ လိုက်ပါတယ်ဗျာ၊ မေမေ သားအတွက်ရောဟင်”

“ပါပါတယ်ကွယ်၊ ဒါက သားအတွက် ဦးဂျမ်းလုံချည်နဲ့ Arrow ရှပ်၊ သားပြောထားတဲ့အရောင်လေးပဲ”

“ဟေး.....ဒါမှ ကျော်ကျော့် မေမေကွ”

သားသမီးများ၏ ပြုံးပျော်မှု၊ မိခင်၏ ကျေနပ်သောပီတိတွေ..... ဒါတွေဟာ ကျွန်မအတွက် အားတက်စရာ၊ ဝမ်းသာကြည်နူးစရာများပါပဲလေ။ ပြီးတော့လည်း မမခိုင်နှင့် ကိုကိုကျော်သည် ကျွန်မအား သူတို့၏ညီမငယ်လေးအလား ဘယ်အရာမဆို ညှာတာမှုများစွာဖြင့် ဆက်ဆံတတ်ပါ၏။ သူတို့၏ အပြုံးရိပ်လေးများက မျက်နှာပေါ်တွင် တွေ့မြင်နေရသည်။



“ကဲ.....မေမေချုပ်ခိုင်းနေကျ အင်္ကျီပုံစံမျိုးပဲ ချုပ်ဝတ်ရမယ်နော်၊ သမီးတို့ သွားအပ်ချည်တော့”

“ဟုတ်ကဲ့ မေမေ၊ လာ..မဋ္ဌူ မြန်မြန်အပ်ထားမှ မြန်မြန်ဝတ်ရမှာ၊ နို့မို့ဆို ကြာနေလိမ့်မယ်”

မမခိုင်မှာ ပြောလည်းပြော၊ ကျွန်မ၏လက်ကလေးကိုလည်းဆွဲကာ ဦးဆောင်ခေါ်သွားရှာ၏။ အပ်ချုပ်ဆိုင်မှာ သုံးခွဲမြောက်တွင်ရှိပြီး ဗိုလ်ချုပ်ဈေးတွင်လည်း ဆိုင်ဖွင့်ထားသလို အိမ်တွင်လည်းချုပ်၏။ သည်နေ့ ပိတ်ရက်ဖြစ်၍ ကျွန်မတို့ အဆင်ပြေနေပြန်သည်။ အမြန်ရမည်ဆို၍ နှစ်ဦးသား ဝမ်းသာရလေပြီ။

♛♛♛♛♛

သူငယ်ချင်း၏အလှူတွင် ထိုအင်္ကျီလေးကို ထုတ်ဝတ်မိသည့် အချိန်တွင်တော့ ကျွန်မမှာ ဒေါင်းများအလယ်မှကျီးပမာ ကဲ့ရဲ့ခံရလေ၏။

“နင့်ဝတ်စားပုံကြီးကို ပြန်ကြည့်စမ်းပါဦး မဋ္ဌူရာ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ အဘွားကြီးပုံပေါက်နေပြီ”

“ဟုတ်ပ့ါ၊ ခေတ်နဲ့အမီတော့

www.burmeseclassic.com



ဝတ်ဦးမှပေါ့ဟယ်၊ သရုပ်မပျက်ရင် ပြီးတာပါပဲ''

သဥ္ဇာထက်၏အဆိုကို ယမင်းကထောက်ခံနေသည်။ ဟုတ်တော့လည်း ဟုတ်ပါသည်။ ကျွန်မတွင် ရင်ဖုံးအင်္ကျီများမှလွဲ၍ အထည်ပုံဆန်းဆန်းများ မရှိခဲ့ပေ။ ကျောင်းဝတ်စုံက ကိစ္စမရှိ၊ သူငယ်ချင်းများနှင့် အပြင်သွားသည့်အခါမျိုးတွင် ကျွန်မမှာ အားလုံးထဲတွင် ရယ်စရာကြီးလို ဖြစ်နေရပါပြီ။ ကြာတော့လည်း ရှက်လာမိ၏။ သို့ပေမယ့် ကြီးကြီးအပေါ် စောဒကမတက်ရဲပါ။

ကြီးကြီးသည် ခေတ်ပေါ်ဝတ်စားဆင်ယင်မှုမျိုးကို မနှစ်သက်သည့်အပြင် မြန်မာဆန်ဆန် ယဉ်ကျေးသိမ်မွေ့သည့် ဝတ်စုံမျိုးကိုသာ ချုပ်စေခဲ့ပြီး သူကိုယ်တိုင်လည်းဝတ်တတ်၍ လွန်စွာမှ ရှေးဆန်သူတစ်ယောက်ဟု မြင်မိခဲ့၏။ သည်တော့လည်း ကျွန်မ၏ပတ်ဝန်းကျင်တွင် ဂယက်ထလာစေရပြန်သည်။

''နင့်ဝတ်စားပုံကြီးက ပုံမလာပါဘူးကွာ၊ တို့လိုခေတ်မီမီလေးတွေ ဝတ်စမ်းပါ၊ အဲဒါမျိုးဆိုရင် နင်နဲ့ပိုလိုက်မှာ''

''အသက်သုံးဆယ်ကျော်လောက် အောက်မေ့ရတယ် မဥ္ဇူရယ်၊ နေရာတိုင်းမှာ ရှေးတာကောင်းတာ မဟုတ်ဘူး''

ရှက်တတ်လာမိသည်။ သူတို့၏အဝတ်အစားများမှာ ခေတ်မီသည့်အပြင် မျက်နှာပေါ်တွင်လည်း မိတ်ကပ်၊ ပေါင်ဒါ၊ နှုတ်ခမ်းဆိုးဆေး၊ မျက်လုံးအရစ်များဖြင့် ရောင်စုံမျက်နှာလေးများဖြစ်နေသလောက် ကျွန်မမှာတော့ အခြယ်အသမရှိသည့် မျက်နှာပေါ်မှ ဖွေးနေအောင် လိမ်းထားသည့် သနပ်ခါးသာရှိ၏။ နက်မှောင်ရှည်လျားသော ဆံကေသာကို ကျစ်ဆံမြီးနှစ်ချောင်းကျစ်ထား၏။ ဆိုးဆေးမကူသော ပန်းနုရောင်ပြေးနေသည့်နှုတ်ခမ်း၊ ထိုအပြင်အဆင်များက သူငယ်ချင်းများနှင့် ဆန့်ကျင်ဘက်ကြီးဖြစ်နေ၏။



အခြယ်အသမရှိသည့်အလှမှာ ဆွဲဆောင်မှုကင်းမဲ့နေသည်ဟု ထင်မြင်မိလောက်အောင် မည်သူမျှလည်း ကျွန်မအား ငဲ့စောင်း၍ပင် ကြည့်လိုစိတ်မရှိကြပါလား။ စိတ်ထဲတွင် ဝမ်းနည်းစိတ်လေးများ ဝင်လာရ၏။ တချို့က ကျွန်မအား လှောင်ပြုံးမျိုးဖြင့် သရော်ကြည့်နေကြသည့် မျက်လုံးများ။ ကြာလေလူတွေနှင့်နေရသည်မှာ စိတ်ထဲမွန်းကျပ်နေ၍ သဥ္ဇာထက်တို့ခြံလေးထဲ ဆင်းထိုင်မိသည်။ တစ်ဦးတည်းထိုင်နေရာမှ တွေးမိပြန်၏။

''ဟုတ်ပါတယ်လေ၊ ငါဟာ သူတို့အပြစ်တင်ရလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားက တောပုံကြီးဖြစ်နေပါလား၊ သူတို့လိုဝတ်ရင် ဘယ်လောက်ကောင်းလိုက်မလဲနော်"

သဥ္ဇာထက်နှင့် ယမင်းတို့လို ဝတ်ချင်စိတ်ဖြစ်မိရသည်။ ပြီးတော့လည်း အလှူသို့လာကြသည့် မိန်းကလေးများမှာ ကျွန်မကဲ့သို့ ပြင်ဆင်မှုမျိုးမရှိခဲ့ကြ။ သူတို့ကိုကြည့်ရသည်မှာ လွတ်လပ်ပေါ့ပါးနေကြသည်။ ချစ်စရာလည်းကောင်း၊ ရှုစရာလည်း ကောင်းနေပြန်၏။ ထဘီစကတ်လေးများ ဝတ်ထားသည့် မိန်းကလေးများကို အားကျစွာကြည့်မိရင်း ကျွန်မ၏စိတ်ထဲတွင် စနိုးစနောင့်ဖြစ်နေရာ ကြီးကြီးကိုသာ အပြစ်မြင်နေမိတော့သည်။

"ဟင်း.....ကြီးကြီး မမြင်ဘူးသေးလို့ပါ၊ သူတို့လိုသာ ဝတ်ပြလိုက်ရင် ဒီဒိုက်ပုံကြီးကို ချုပ်ဝတ်ခိုင်းတာ မှားပါတယ်လို့တောင်ထင်သွားဦးမှာ၊ ငါက လူငယ်ပဲ၊ လူငယ်ပီပီ လွတ်လပ်ပေါ့ပါးတဲ့ အဝတ်အစားမျိုးပဲ ဝတ်ရမှာပေါ့၊ ကြီးကြီးဟာ ဘာစိတ်ကူးပေါက်ပြီး ဝတ်ခိုင်းပါလိမ့်"

အသံထွက် ညည်းညူမိ၏။ သို့သော် နောက်ဘက်ဆီမှ လှုပ်ရှားသံတစ်ခုကြောင့် သဥ္ဇာထက်၏ အစ်ကို ထင်လင်းထက်ကိုတွေ့ရ၏။

"ဟင်.....ကိုထက်က ဘယ်အချိန်တုန်းက ရောက်နေတာလဲ"

သွားလေးများပေါ်အောင်ပြုံးပြီး ကျွန်မအနီးသို့ ရောက်လာသည်။ ခုံလေးပေါ် ထိုင်မလိုလုပ်ပြီးမှ မထိုင်ဘဲ ရပ်နေ၏။

"ခင်ဗျားလေး ကြီးကြီးကို စိတ်ဆိုးပြီး ပွစိပွစိပြောနေချိန်ကတည်းကပေါ့၊ ဒီအဝတ်အစားကြောင့် စိတ်ညစ်နေတာမဟုတ်လား"

"အင်းလေ.....အဝတ်အစား တင်မကပါဘူး ကိုထက်ရာ၊ အပြင်အဆင်ပါ အားလုံးကို စိတ်ညစ်နေရတာပါ၊ လူတွေအမြင်မှာ ကျွန်မဟာ လူရယ်စရာ သတ္တဝါကြီးလိုဖြစ်နေရတယ်လေ၊ ကိုထက်လည်း ဒီလိုပဲ မြင်နေမှာပဲနော်"

ထင်လင်းထက်က ကျွန်မကို ခေါင်းခါပြပြီး အပြုံးတစ်ခုကို ဖန်တီးနေပြန်သည်။ သူ၏အကြည့်ကြောင့် ကိုယ့်ကိုယ်ကိုယ် မလုံမလဲဖြစ်ရ၏။

"ကြီးကြီးဟာ ကျွန်မကိုမွေးစားထားတာ ကိုထက်အသိဆုံးပါပဲလေ၊ ကြီးကြီးစကားကို မလွန်ဆန်ရဲတာ ကျွန်မကိုယ်စား ခံစားကြည့်ပေးပါ၊ ကျွန်မဘဝဟာ ကြီးကြီး မျက်နှာကို ကြည့်နေရသူပါ၊ ဒီတော့....."

စကားမဆက်ခင်မှာ ထင်လင်းထက်က လက်ကလေးကာပြီး ဝင်ပြောရှာသည်။

"အရိုးဆုံးဟာ အဆန်းပေ[illegible] ပန်းမဩူရယ်၊ ဒါ ဘာအားငယ်စရာ[illegible] လိုသလဲ၊ မြန်မာ့ယဉ်ကျေးမှု[illegible] ထိန်းသိမ်းတာ ပိုပြီးတောင် ဂုဏ်[illegible] ယူစရာကောင်းပါသေးတယ်ကွာ[illegible] ရိုးသားပြီး ကြန်အင်ရှိတဲ့အလှသာ[illegible] တန်ဖိုးအရှိဆုံးပါ"

သူ့နှုတ်မှ ထွက်ပေါ်လာသည့် စကားမျိုးဟုတောင်မထင်မိ။ ခပ်[illegible] လှမ်းလှမ်းရှိ နိုင်ငံခြားမှ မျိုးယူလာ[illegible] သော ကတ်တလီယာသစ်ခွပွင့်[illegible] ခရမ်းရောင်ကို ညွှန်ပြပြီး ရှင်းပြလာ[illegible]၏။

"ဟိုးကတွေ့ရတဲ့ သစ်ခွပွင့်[illegible] ကြီးဆို လူတွေငေးမောကြည့်ကြ[illegible] လိုချင်မက်မောကြနဲ့၊ မေမေဆိုရင်[illegible] လည်း သူများတွေခူးသွားမှာ[illegible] တောင်းကြမှာကို အမျိုးမျိုးပူပန်နေ[illegible] ရတယ်လေ၊ ဘယ်လောက်[illegible] သောကဖြစ်စရာကောင်းသလဲ ပန်း[illegible] မဩူ၊ ပြီးတော့ ဟိုးကနှင်းဆီပန်း[illegible] လေးတွေကို ကြည့်ပါဦး"

ကျွန်မလည်း ထင်လင်းထက်[illegible] စကားများကို နားမလည်သေး[illegible] သူညွှန်ပြလာသည့် နှင်းဆီပန်းများ[illegible] ကို ကြည့်မိပြန်ပါ၏။ အနီရဲရဲနှင်း[illegible] ဆီပွင့်လေး၏အလှကိုလည်း မက်[illegible] မောအားကျသွားသည့် ကျွန်မ နှင်း[illegible] ဆီတစ်ပွင့်သာဖြစ်လိုက်ပါတော့[illegible] ကွယ်။

"လှတယ်၊ သို့ရနံ့ကရော[illegible]



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ လိုချင်တပ်မက်သူတွေ ရှိကြပြန်တယ်လေ၊ ဒါပေမဲ့ ဆူးတွေကြောင့် မာနကြီးတဲ့ နှင်းဆီပန်းကို ခူးရဲကြပြန်ဘူးပေါ့၊ ဟိုစံပယ်ရုံလေးကို ကြည့်ပါဦး ပန်းမဥ္စူ၊ စံပယ်ရနံ့လေးဟာ မွှေးကြိုင်တယ်၊ နှင်းဆီနဲ့ ပန်းချင်းအတူတူပေမယ့် အမြဲတမ်းဖြူစင်တယ်၊ နှင်းဆီလို မာနဆူးလေးတွေ ရှိမနေကြတော့ သူတွေဟာ စံပယ်ပန်းလေးကို နှစ်သက်ကြသူ များပါတယ်ကွာ၊ ကိုဆက် ဆိုလိုတာက ပန်းမဥ္စူဘဝက စံပယ်လိုဘဝမျိုးပါပဲ၊ ဝတ်စားဆင်ယင်မှုဟာ ခေတ်ရေစီးကြောင်းအရ ဘယ်လောက်ပဲ ပြောင်းလဲခေတ်မီနေကြပါစေ ဆန်းကြယ်တိုင်း လက်မခံကြသလို ကြည့်ကောင်းတိုင်းလည်း ကြာရှည်တည်မြဲကြပါဘူး၊ ဒီတော့ သားပြီး ဣန္ဒြေရှိတဲ့ မြန်မာ ဝတ်လေးသာ အချိန်တိုင်း၊ နေရာတိုင်းမှာ ဝင်ရောက်နေရာယူကြတာ ဂုဏ်ယူစရာပေါ့ ပန်း...

သူ့စကားအား လက်ခံမိ၏။ ...သလိုလိုလည်း ရှိလာရသည်။ ...လင်းထက်အသိများက ကျွန်မ... ပိုတွေးတတ်၏။ အမှားအမှန်...လည်း ရှင်းပြနိုင်ပြန်သည်။

"အခု ပန်းမဥ္စူဝတ်စားပုံဟာ ...လောက်မျက်စိအေးစေသလဲ၊



မြင်ရသူအဖို့ ကြည်နူး၊ ချမ်းမြေ့မှုကို ပေးနိုင်တဲ့အလှပါ၊ ပြီးတော့ အန္တရာယ်လည်းကင်းတယ်၊ ဒါကိုမှ လက်မခံနိုင်ကြရင် မြန်မာ့ယဉ်ကျေးမှုကို နားမလည်သူလို့ပဲ သဘောထားပြီး ခွင့်လွှတ်ပေးလိုက်ပါ၊ ကိုဆက်တော့ ရိုးသားယဉ်ကျေးမှုရှိတဲ့အလှကိုပဲ နှစ်သက်တယ်"

ထင်လင်းထက်၏ မျက်နှာအား ကျေးဇူးတင်စွာကြည့်မိသည့် ကျွန်မ၏မျက်ဝန်းများကို သူနားလည်နေမည်ပင်။ သူသာလျှင် ကျွန်မအတွက် အားပေးစကားမျိုးကို ပြောတတ်သူပါပဲလေ။ သဥ္ဇာထက်သည်လည်း ကျွန်မအား သူဖြစ်စေချင်သည့်ဆန္ဒကို ပြောပြသည်မှလွဲ၍ ကျွန်မအပေါ် နားအလည်ဆုံး သူငယ်ချင်းကောင်းတစ်ယောက် ပီသရှာသည်။

"ဩော်.....တို့တွေက မဥ္စူပျောက်သွားလို့ လိုက်ရှာနေတာ၊ မင်းက ကိုကိုနဲ့ စကားကောင်းနေတာကိုး"

သဥ္ဇာထက်နှင့် ယမင်းတို့ ရောက်လာကြ၏။ ဟုတ်ပါရဲ့။ ကျွန်မတို့ကိုတစ်မျိုးထင်သွားမှဖြင့် ထင်လင်းထက်ကို အားနာသွားရ၏။

"ခေါင်းထဲမှာ ငြီးစီစီကြီးဖြစ်လို့ ဒီမှာလာထိုင်နေတုန်း ကိုထက် ရောက်လာတာပါဟာ"

www.burmeseclassic.com



"ဟုတ်ပါတယ်၊ မင်းကိုလည်း သဉ္ဇာဘာမှမပြောရပါလား၊ အိုးမလုံ အုံပွင့်နေပြန်ပြီ"

ထိုအပြောလေးကြောင့် ထင်လင်းထက်၏မျက်နှာကို မကြည့်ရဲအောင် ဖြစ်ခဲ့ရတော့သည်။ ထင်လင်းထက်သည် သဉ္ဇာထက်နှင့် ပတ်သက်လျှင် ပန်းမဉ္ဇူ၏ အစ်ကိုတစ်ယောက်လိုပါပဲလေ။

"ဒီကောင်မလေး ဘာတွေလျှောက်ပြောနေတာလဲ၊ ဧည့်သည်တွေ ရှင်းပြီလား"

"ရှင်းလုပါပြီ၊ ကိုယ့်အမျိုးတွေလောက်ပဲ ကျန်တော့တာ၊ စောစောကတောင် လေးလေး ကိုကို့ကို ရှာနေသေးတာ"

"ဟုတ်လား၊ ဒါဆို ကိုကိုသွား လိုက်ဦးမယ်"

"ကြွ.....ကြွ၊ ဟင်း.....ခုမှ ရှက်တာနဲ့ အတော်ပဲပေါ့နော်"

ထင်လင်းထက်က ညီမဖြစ်သူထံ လက်သီးဆုပ်ပြပြီး အိမ်ထဲပြန်ဝင်သွားမှ ကျွန်မအား လက်ထဲမှ အထုပ်ကို ပေးလာ၏။

"ဘာကြီးလဲ သဉ္ဇာ"

"ဟောဒါ မဉ္ဇူအတွက် တို့ရဲ့ Present"

အထုပ်လေးထဲမှ ခေတ်မီလှပသော အင်္ကျီတစ်ထည်ထွက်လာသည်။ ဝမ်းသာသလိုဖြစ်မိသော်လည်း ယူမသွားရဲပြန်ပေ။

"ဖေဖေ နိုင်ငံခြားက ပို့လိုက်တာလေ၊ မဉ္ဇူမှာ ဒီအင်္ကျီမျိုး မရှိဘူးမဟုတ်လား၊ တန်ဖိုးလည်းရှိတယ်၊ လှလည်းလှတယ်၊ ကြီးကြီးကို ဝတ်ပြရင် ကြိုက်သွားလိမ့်မယ်၊ ဒါမှ မဉ္ဇူရဲ့ဒီဇိုင်း ပြောင်းလဲသွားမှာပေါ့၊ ဝတ်သာဝတ်စမ်းပါကွာ၊ မင်းရဲ့ကြီးကြီး လက်ခံပါလိမ့်မယ်"

"ကျေးဇူးပဲ သဉ္ဇာ၊ မင်းပြောသလို ဒီအင်္ကျီလေးကိုဝတ်ပြီး ကြီးကြီးနဲ့ မမခိုင်၊ ကိုကိုကျော်တို့ကိုပြရမယ်၊ သူတို့ခွင့်ပြုကြမှာပါ"

ကိုယ့်အတွေးနှင့်ကိုယ် ဟုတ်နေပြန်သည်။ အင်္ကျီလေးမှာ နိုင်ငံခြားဖြစ် ဇာအင်္ကျီ ပန်းနုရောင်လေးဖြစ်ပြီး အောက်တွင် ဖဲတစ်ထပ်ခံထားသည့် ခေတ်ဆန်ဆန်အင်္ကျီလေးပါ။ ကျွန်မ နှစ်သက်မိ၏။ သဉ္ဇာထက် ဝတ်နေသော လှပဆန်းသစ်သည့် ဒီဇိုင်းလေးများပါသော အင်္ကျီများကို ကျွန်မလည်း မိန်းမသားတစ်ဦးပီပီ ငေးမောမိခြင်းမှာ မထူးဆန်းပေ။ ငယ်ရွယ်သူပီပီ အားကျသည့်စိတ်လေးများတော့ ဖြစ်ခဲ့မိသည်။ သဉ္ဇာထက်ဖခင်မှာ နိုင်ငံခြားလိုင်းမှ သင်္ဘောသားတစ်ဦးဖြစ်၍ မကြာခဏဆိုသလို ပစ္စည်းများပို့ပေးတတ်၏။ ထို့ကြောင့်လည်း



www.burmeseclassic.com





သဇ္ဇာထက်ကို အားကျမိသည်။

"ယမင်းကိုတော့ မိတ်ကပ်ဘူး Present ပေးပြီးပြီ၊ ဒီမိန်းမက အဝတ်အစားထက် အလှပြင်ပစ္စည်းကို ပိုမက်တာ"

ယမင်းမှာ သူ့လက်ထဲမှဘူးလေးအား ကိုင်မြှောက်ပြပြီး ကြွားနေသေးသည်။ ကျွန်မတို့နှစ်ဦးအဖြစ်က မှို့ရသောမျက်နှာများဖြင့်၊ အိမ်သို့သာ ပြန်ချင်နေကြပါပြီ။ ဤသည်ကိုလည်း သဇ္ဇာထက်က သိနေ၏။

"ကဲ.....မိန်းမတွေ ပြန်ချင်နေပြီမဟုတ်လား၊ ကြွကြွတော့ခေါ်၊ မထားတော့ပါဘူး"

"သွားမယ်နော်"

သဇ္ဇာထက်၏ပါးလေးအား ဖွညှစ်လိမ်ပြီး နှုတ်ဆက်ထွက်လာကြရာ ခြံပြင်အထိ လိုက်ပို့ရှာလေသည်။ ပြီးတော့လည်း တက္ကစီလေး…င် ငှားပေးပြီး အိမ်အရောက်ပို့ခိုင်း၏။

♛♛♛♛♛

ခြံသို့ တက္ကစီလေးအရပ်…ကျွန်မတို့ပြန်အလာကိုစောင့်…နေသည့် ကြီးကြီးကိုတွေ့ရပြီး…နှင့်အတူတူဆင်းလာသည့်…ကို အလိုမကျသော မျက်လုံးများဖြင့် ကြည့်နေသည်။ ယမင်းပင် လန့်သွား၏။

"တို့သွားမယ် မဇ္ဈူ၊ ကြီးကြီး သမီးသွားတော့မယ်"

"အေး.....အေး၊ သူငယ်ချင်းအလှူမို့ ထည့်လိုက်တာနော် ယမင်း၊ နောက်တစ်ခါဆို မသွားရတော့ဘူး၊ ကြီးကြီးလည်း ခွင့်မပြုတော့ဘူး"

အားနာစွာဖြင့် ယမင်းကို ကြည့်မိသော်လည်း ယမင်းသည် နားလည်ခွင့်လွှတ်စွာ ကျွန်မအား ပြုံးပြရှာပြီး သူ့အိမ်သို့ ပြန်သွားလေသည်။ ကျွန်မ၏အနောက်မှ တဖြည်းဖြည်းလျှောက်လာသော ကြီးကြီးမှာ ထုံးစံအတိုင်းပင် ကျွန်မကို ဆူပူပါတော့သည်။

"အသွားအပြန်ဆို တစ်နာရီတော့ ကြာမှာပေါ့၊ အခုတော့ကြည့်ပါဦး၊ လေးနာရီလောက်ကြာနေပြီ၊ သူများအိမ်မှာ ဒီလောက်အကြာကြီး ဘယ်ဧည့်သည်မှမနေဘူး"

"မဇ္ဈူတို့က သဇ္ဇာ့ကို ဝိုင်းကူလုပ်ပေးနေတာပါ ကြီးကြီး၊ ပြီးတော့လည်း သဇ္ဇာက မဇ္ဈူအခင်ဆုံးသူငယ်ချင်းပါ၊ သူတို့အိမ်သားတွေကလည်း မဇ္ဈူကို ခင်မင်ကြပါတယ်၊ အခုပြန်လာတာတောင်..."

"တော်ပြီ မဇ္ဈူ၊ နောင်ဆို ဘယ်အလှူမှ မသွားရတော့ဘူး၊ သွားစရာလည်းမလိုဘူး၊ သဇ္ဇာထက်ကိုလည်း အခင်ဆုံးဖြစ်စရာ



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ဘူး ဘယ်သူ့ကိုမှလည်း ခင် ဆိမ့်ဆင် မခေါ်စေရဘူးအေ"

ခြံတံခါးကိုပိတ်ပြီး ဒေါသဖြစ်နေသည့် ကြီးကြီးအား ကျွန်မ အံ့ဩမိရသည်။ ကျွန်မ၏ ပေါင်းသင်းဆက်ဆံရေးအထိ တားမြစ်နေသော ကြီးကြီး၏စိတ်ခံစားမှုအား နားမလည်ဖြစ်ရ၏။ ကြီးကြီးသည် တကယ်ဆို ကျွန်မ၏အခွင့်အရေး မှန်သမျှကို ပိတ်ပင်တားဆီးနေသော အတ္တကြီးလွန်းသည့် အုပ်ထိန်းသူတစ်ယောက်ပါပဲလား။ ပြန်မပြောဝံ့သော်လည်း မျက်ရည်ဝဲလာမိသည်။

"ကေန္တ ငါဟာ သူတို့အစေခံရဲ့သမီးများ ဖြစ်နေမလား"

ကြီးကြီးထားရာနေ၊ စေရာသွားရသည့် ဘဝမျိုးဖြစ်နေရသည့်အတွက် အစေခံသာသာမျှသာ။ ဘဝတွင် အားငယ်စိတ်အမျိုးမျိုးဖြင့် ကြီးပြင်းခဲ့ရ၏။ အစေခံသမီးဆိုလျှင်လည်း ဤမျှထိ ပိတ်ပင်စရာ လိုမည်မထင်ပေ။

"ဒါမှမဟုတ် ဘဘရဲ့ တိတ်တိတ်ပုန်းမွေးခဲ့မိတဲ့ သမီးများလား"

ဝေခွဲမရတော့သည့်စိတ်ကို သက်ပြင်းနှင့်အတူ မောင်းထုတ်လိုက်မိ၏။ အခန်းထဲရောက်သည်အထိ စိတ်မပြေနိုင်သေးပေ။ နဖူးပေါ်လက်တင်ပြီး စဉ်းစားခန်းဝင်နေမိပြန်သည်။

"မမခိုင်တို့၊ ကိုကိုကျော်တို့နောက်ကျရင် ဒီလိုမဆူဘူး၊ ငါ့ကျမှ ဘာလုပ်လုပ် အဆူခံနေရတာ၊ မဍ္ဍူက ကြီးကြီးသမီးမဟုတ်လို့လား၊ မိဘတွေကလည်း အပေါက်ဆိုးတဲ့ ကြီးကြီးကိုမှ ပေးခဲ့ရတယ်လို့၊ ဆိုးလိုက်တဲ့ ငါ့ကုသိုလ်ကံရယ်"

ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်နေမိပြန်ရာ မှန်ထဲမှ စူပုတ်နေသော ကိုယ့်ရုပ်ကို ကြည့်မိ၏။ အစေခံသားသမီးဖြစ်နေရအောင်လည်း ကျွန်မရုပ်ရည်က အစေခံရုပ် မပေါက်ပြန်ပေ။ ကြီးကြီးနှင့် မမခိုင်တို့နှင့် အသွင်တူနေပြန်၏။ သဍ္ဍာထက်က ကျွန်မကို ပြောဖူးပါသည်။

"ကြီးကြီးက မွေးစားတယ်ဆိုပြီး လိမ်ညာထားတာများလား၊ သဍ္ဍာ့စိတ်ထင် ပြောရရင် မဍ္ဍူဟာ သူတို့အမျိုးအနွယ်ထဲကကို ဖြစ်ရမယ်ဟာ"

ဟုတ်ချင်ဟုတ်မှာပါလေ။ ဒါကြောင့်များ ကျွန်မကို ပညတ်နေခြင်းမျိုးလား။ မည်သို့ပင်ဖြစ်ပါစေ ကြီးကြီးနှင့်ပတ်သက်နေလျှင် ကျေနပ်စရာပါပဲ။ သဍ္ဍာ့အကြောင်းတွေးမှ သဍ္ဍာပေးလိုက်သည့် လက်ဆောင်လေးကို သတိရသွားမိ၏။ အိတ်ထဲမှ အင်္ကျီလေးအား ဝတ်ကြည့်ရန် ထုတ်အကြည့်တွင်.....





www.burmeseclassic.com

"အကျီလဲပြီး မြန်မြန်ပြန်ထွက်လာပါဦး ဒေါ်မဍ္ဍူရေ့"

အဏာမြူဖုံးအလား ကျယ်လောင်စွာပေါ်ထွက်လာသည့် ကြီးကြီးအသံကြောင့် စိတ်ပျက်စွာ အသံပြုလိုက်ရသည်။

"ဟုတ်ကဲ့ လာမယ် ကြီးကြီးရေ"

အကျီလေးကို ပြန်ထည့်ပြီး ဗီရိုထဲ သိမ်းထားလိုက်မိ၏။ ပြီးနောက်တွင် အဝတ်အစားအမြန်လဲကာ အိမ်ရှေ့သို့ ထွက်လာရလေပြီ။ ညှော်ခန်းထဲတွင်လည်း ကြီးကြီးမရှိပြန်။ အိမ်ရှေ့မှာများလား။ ကြီးကြီးရှိနိုင်မည့်နေရာအား အလျင်အမြန် ရှာဖွေကြည့်ရာ တွေ့ပါပြီ၊ ခြံထဲတွင် တံမြက်စည်းလှည်းနေသော ကြီးကြီး။ လက်ကိုအနားမပေးပေ။ သူပဲ တစ်ခုပြီးတစ်ခုလုပ်နိုင်လွန်းပါသည်။

"မယ်မင်းကြီးမ.....ဒီလာပြီး အမှိုက်တွေ တောင်းထဲထည့်ပါတော်၊ တကတည်း မနည်းကိုပင့်ရတယ်"

ထေ့ငေါ့သည့်အပြောမျိုးဖြင့် ခိုင်းတတ်သေး၏။ ကြီးကြီးသည်ခြံထဲတွင် မည်သည့်အမှိုက်မျှရှိနေသည်ကို မကြိုက်တတ်။ သစ်ရွက်တစ်ရွက်ကြွေလျှင်ပင် မမောမပန်း လိုက်ကောက်နေတတ်သည်။ ခြံလေးတွင် အမှိုက်များ ရှိမနေတတ်၍ သန့်ရှင်းနေသော်လည်း ကမ်းကြီးလွန်းသော ကြီးကြီး၏ အိမ်လေးထဲ ဝင်လာသူမှန်သမျှ စိတ်ချမ်းမြေ့ကြသည်ကဖြင့် အမှန်ပါ။

"စည်းကမ်းဆိုတာ လူ့တန်ဖိုးတဲ့၊ အမှိုက်မရှိတဲ့အိမ်ဟာ စည်းကမ်းရှိတဲ့အိမ်ဖြစ်သလို အဲဒီအိမ်မှာ နေတဲ့လူတွေဟာလည်း အဖိုးတန်တဲ့လူတွေပေါ့ကွယ်၊ နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခုမှာ စည်းကမ်းဟာ အရေးပါဆုံးဖြစ်သလို အိမ်တစ်အိမ်အတွင်းက မိသားစုတစ်စုမှာလည်း စည်းကမ်းဆိုတာ မရှိမဖြစ် လိုက်နာသင့်တဲ့အရာပဲလေ"

တံမြက်လှည်းနေရင်းက နှုတ်မှလည်း တရစပ်ပြောဆိုနေတတ်သေးသည်။ စိတ်ချပါ ကြီးကြီးရယ်၊ မဍ္ဍူလေ ကြီးကြီးရဲ့ဆုံးမမှုအတိုင်း လိုက်နာနေမယ့် မိန်းကလေးပါ။ ကြီးကြီးရဲ့ကျေးဇူးတရားတွေကို မဍ္ဍူတစ်သက် ဘယ်တော့မှမမေ့ပါဘူးနော်။ ရင်ထဲကစကားများကို ကြီးကြီး ကြားလိမ့်မည်မဟုတ်ပေ။

သို့ပေမယ့် ကျွန်မအား မည်သို့ပင် ဆူပူကြိမ်းမောင်းနေပါစေ ကြီးကြီးကို ကျွန်မချစ်သည်။ ကြီးကြီး၏ဆုံးမမှုများက ကျွန်မအား လိမ္မာစေရန် ပြောကြားနေခြင်းဖြစ်ကြောင်း သိနေမိပြန်တော့ စိတ်မဆိုးရက်ပြန်ပေ။

အကျီလေးကို
ပြန်ထည့်ပြီး
ဗီရိုထဲ သိမ်းထားလိုက်မိ၏။
ပြီးနောက်တွင်
အဝတ်အစားအမြန်လဲကာ
အိမ်ရှေ့သို့
ထွက်လာရလေပြီ။
ညှော်ခန်းထဲတွင်လည်း
ကြီးကြီးမရှိပြန်။
အိမ်ရှေ့မှာများလား။
ကြီးကြီးရှိနိုင်မည့်နေရာအား......

www.burmeseclassic.com

“ဟော.....မေမေနဲ့ညီမလေးတို့ ခြံထဲရောက်နေကြပါလား”

အလုပ်မှပြန်လာသည့် မမခိုင်က ကျွန်မနှင့်ကြီးကြီးအား အသံပြုရင်း အိမ်ထဲဝင်သွား၏။ ပြီးလျှင် ကိုကိုကျော်လည်း ပြန်လာတော့ပေမည်။

“တော်ပြီ မဋ္ဌူ၊ လက်ကိုစင်စင်ဆေးပြီး ဟင်းအိုးတွေ သွားမွှေလိုက်၊ ကြီးကြီး လက်ဆေးပြီးလိုက်လာမယ်”



“ဟုတ်ကဲ့ပါ”

တစ်ခါတစ်ခါတော့လည်း ကျွန်မသည် ကြီးကြီး၏ သံဗုတ်ပေးထားသော စက်ရုပ်တစ်ရုပ်အလား လှုပ်ရှားနေမိ၏။ ကြီးကြီးရောက်မလာခင်တွင် ထမင်းဝိုင်းကို အဆင်သင့်ဖြစ်သည်အထိ ပြင်ဆင်ထားပြီး စားရန်အသင့်ပင်။

“မဋ္ဌူလေးဟာ သိပ်ကို အလိုက်သိတတ်တဲ့ ကလေးပါလား၊ ဒီလိုညီမလေးမျိုးကို ကိုကိုကျော်မိန်းမယူရင် ခေါ်သွားရမယ်”

“ဟင့်အင်း၊ ကိုကိုကျော့်အိမ်ကိုတော့ မဋ္ဌူ မလိုက်ချင်ပါဘူး၊ မသကာ မမခိုင်အိမ်ဆို တော်သေးတယ်”

မမခိုင်သည် ထမင်းလုတ်ကို မျိုချနေရင်းက ကျွန်မကို လက်ခါပြ၏။ အပျိုကြီးလုပ်မည့် မမခိုင်မှာ မည်သို့ထင်သည်မသိ။ ငြင်းရှာပါသည်။

“မမခိုင်က အိမ်ထောင်မပြုဘူး၊ မေမေနဲ့ပဲ တစ်သက်လုံးနေမှာ”

“ထမင်းကို ကုန်အောင်စား မမခိုင်၊ ဒါပေမဲ့ စကားကို ကုန်အောင်မပြောနဲ့”

“မယုံရင် စောင့်ကြည့်ပေါ့ ကျော်ကျော်ရာ”

“မယုံဘူးဗျာ၊ မမခိုင်တို့ဌာနက ဦးသန့်ကိုက မမခိုင်ချစ်ချစ်ကြီးဆို”

“ကျော်ကျော်နော်၊ အဲဒါ မမခိုင်ရဲ့ဆရာ၊ နင်ငရဲကြီးလိမ့်မယ်”

“ကဲပါကွယ်....မောင်နှမတွေချစ်လို့စကြတာ စိတ်မဆိုးရဘူးကွယ်၊ သားကလည်း ထမင်းစားချိန်မှာ မစရဘူးလေ၊ စကားပြောရင် မေမေမကြိုက်ဘူး၊ ကဲ....စားကြ.....စားကြ”

ထမင်းဝိုင်းလေးသည် ပြန်လည်ငြိမ်သက်သွားရလေပြီ။ ဘဘရှိတုန်းကဆိုလျှင်လည်း စကြ၊ နောက်ကြနှင့် ပျော်စရာထမင်းဝိုင်းလေး ဖြစ်ခဲ့ဖူးပါ၏။

ကိုကိုကျော်သည် ဘဘနှင့်အတော်တူ၏။ ဘဘနည်းတူပြောတတ်၊ ဆိုတတ်သေးသည်။ ပြီးတော့ ကလေးလည်းချစ်တတ်၏။ ကြီးကြီး၏အလစ်တွင် မမခိုင်အား စတတ်၏။

“ယောက်ျားမြန်မြန်ယူပါတော့ဗျာ၊ ကျွန်တော် တူတွေ၊ တူမတွေ ထိန်းချင်လှပြီ၊ ဒီအတိုင်းနေရင် အပျိုကြီးဖြစ်တော့မယ်နော်၊ အဲဒီအခါမှ လာပါ၊ ယူပါ တစာစာလုပ်မနေနဲ့”

“အပျိုကြီးဖြစ်လည်း ဖြစ်ပလေ့စေဟာ၊ မနေနိုင်ရင် နင်ယူလိုက်”

စိတ်တိုပြီး တွေ့ကရာနှင့် ကောက်ပေါက်တော့သည်။ မောင်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်မှာ ဆန့်ကျင်ဘက်
ဖြစ်၏။ သို့ပေမယ့် ချစ်ကြပါသည်။
ခိုင်က U.F.L မှ နည်းပြတစ်ဦး
ဖြစ်သလို ကိုကိုကျော်သည်လည်း
နည်းပညာတက္ကသိုလ်ကျောင်းသား
တစ်ဦးဖြစ်၏။ ပညာရေးတွင် ထူး
ချွန်ကြ၍ ကျွန်မလည်း အားကျနေ
သည်။ ညတိုင်းလည်း ကျွန်မ
အား စာပြပေးကြရာ ကျူရှင်မယူ
ဘဲ နှစ်ချင်းပေါက်အောင်သွားရန်
ကြိုးစားနေမိ၏။ သဇ္ဈာထက်က
ကျောင်းတွင် Guideငှားကာ စာကျက်
သည့်အတွက် ကျွန်မကဖြင့် သဇ္ဈာ
ထက်လို အခွင့်အရေးရသူမျိုး
မဟုတ်ပေ။ ထို့ကြောင့် စာကိုပို၍
ကြိုးစားနေရသူပါ။ မမခိုင်နှင့်
ကိုကိုကျော်တို့ တုန်းကလည်း
ကျူရှင်မယူခဲ့ကြပေ။

"တစ်နေ့ပေးတဲ့စာကို တစ်
နေ့ခ်မှန်ကျက်မှတ်သွား မဇ္ဈူ။ စာ
ကြိုးစားနဲ့၊ နားမလည်ရင် မမ
နဲ့ ကိုကိုကျော်ရှိသားပဲ၊ ရှင်းပြ
ပေးမှာပေါ့"

မမခိုင် ညွှန်ပြသည့်အတိုင်း
လိုက်နာခဲ့သည်။ ထို့ကြောင့်လား
မသိ၊ လစဉ် အခန်းဆုံးစစ်တိုင်း
အမှတ်များများဖြင့် အောင်မြင်ခဲ့ရ
၏။

♛♛♛♛♛

မှန်ရှေ့တွင် ခန္ဓာကိုယ်လေး
အား လှည့်ပတ်ကြည့်နေသည့်
ကျွန်မ။ ကြည့်စမ်းပါဦး.....သဇ္ဈာ
ထက်ပေးခဲ့သည့် အင်္ကျီလေးနှင့်
အပြိုင် လှရက်နိုင်လွန်းအားကြီးနေ
လေပြီ။ သည်လိုအဝတ်အစားမျိုး
တစ်ခါမျှ မဝတ်ဖူး၍လည်း ကြည့်
မဝနိုင်ခဲ့တော့။

"တွေ့လား ကြီးကြီးရဲ့၊ မဇ္ဈူ
တို့အရွယ်က ဒီလိုလေးဝတ်မှ လှ
တာပါ၊ မမခိုင်ဆိုရင်လည်း ကြီး
ကြီးသမီး ပီသပါပေတယ်၊ သူ
လည်း ခေတ်ဆန်ဆန်ကို မဝတ်
တတ်ဘူး၊ သိပ်တုံးတဲ့မိသားစု"

ပန်းနုရောင်အင်္ကျီလေးနှင့်
လိုက်ဖက်သည့် ထဘီအပွင့်နုပ်နုပ်
လေးကို ထုတ်ယူဝတ်လိုက်ရာ မှန်
ထဲမှ ကျွန်မ၏အလှကို ကြည့်မဝ
နိုင်။ ပီတိဖြစ်နေမိ၏။ နိုင်ငံတကာ
အဆင့်မီလောက်သည့် အရပ်
အမောင်းလေးနှင့် ကျွန်မ၏အလှ
သည် ပြိုင်ပွဲဝင်ရန် အဆင်သင့်ဖြစ်
နေသည့် မော်ဒယ်လ်လေးအလား။
ရင်တွေပင်ခုန်နေမိပြန်သည်။

"မဇ္ဈူရေ..ပြီးရင်ထွက်ခဲ့တော့
လေ၊ နေမြင့်ရင် ရေရောနဲ့တွေ့နေ
ဦးမယ် ညီမရေ"

"ဟုတ်ကဲ့၊ လာပါပြီ မမခိုင်"

နောက်ဆုံးအကြိမ် မှန်ရှေ့ရပ်
ကြည့်မိပြန်သည်။ မနေ့ညက မမ
ခိုင်၏မိတ်ဆွေ အိမ်တက်အလှူကို



ကျွန်မအား အဖော်ခေါ်သွားရန် ကြီး
ကြီးထံမှ အမိန့်ချထား၍ ဝမ်းသာ
သွားသေး၏။ ဒါမှ သဇ္ဈာထက်၏
လက်ဆောင်အင်္ကျီလေးကို ဝတ်ရ
တော့မည်ပေါ့။ ထိုအခွင့်အရေးအား
ကျွန်မ လက်လွှတ်မခံနိုင်ပေ။

"ဟဲ့.....မပြီးသေးဘူးလား၊
ဘာတွေများ ဒီလောက်ပြင်ဆင်နေ
ပါလိမ့်နော်"

ကြီးကြီး၏အသံကြောင့်
အခန်းထဲမှ အပြင်သို့ထွက်လာ
သည့်အခါတွင်တော့.....

"ဟင်..ဘာကြီးဝတ်လာတာ
လဲ မဇ္ဈူ၊ သွား.....အခုပြန်ချွတ်



www.burmeseclassic.com

www.burmeseclassic.com

သိုက်စမ်း"

မီးခင်းခင်းတောက်သော အကြည့်နှင့် ဒေါသမျက်နှာကြောင့် လန့်သွားရတော့သည်။ မည်သည့် စကားမျိုး ပြောရမှန်းမသိလောက် အောင် မှင်တက်ဆွံ့အသွားရလေပြီ။

"ဟို.....ဟို"

ကြီးကြီးကိုပြောရန် အားခဲထားသမျှ စကားများသည် အစရှာမရတော့ပါလား။ ကျွန်မ၌ရှိသည့် ခွန်အားသတ္တိများ မည်သည့်နေရာသို့ ရောက်ရှိကုန်ကြပြီမသိတော့။ မမနိုင်က ဝင်ပြောရှာ၏။

"လှသားပဲ မေမေရယ်၊ ညီမလေး ဝတ်ပါစေ၊ သူလည်း ပေါ်ပင်လေးတွေ ဝတ်ချင်ရှာမှာပဲပေါ့"

"အို...မလိုချင်ဘူး၊ သွား... ပြန်လဲဆိုလဲစမ်း၊ သွားလေ"

မမနိုင်၏စကားကိုပင် လက်မခံပေ။ ကျွန်မလည်း ရလိုရငြား တောင်းပန်မိ၏။

"ဒီတစ်ခါပဲ ဝတ်ပါရစေ ကြီးကြီးရယ်၊ ဒီအင်္ကျီလေးကို သဗ္ဗာထက် လက်ဆောင်ပေးထားလို့ပါ"

"ဘာ....."

ပို၍ပြူးကျယ်လာသော မျက်ဝန်းများနှင့် ကြီးကြီး၏ဒေါသသံကြောင့် ခြေလှမ်းများ တွန့်ဆုတ်သွားရသည်။ ကြီးကြီး၏ဒေါသ အဟုန်က အပြင်းထန်ဆုံးဟု ဆိုရ



လောက်အောင် လက်နှစ်ဖက်က ကျွန်မ၏ပခုံးပေါ် ကျရောက်ခဲ့၍ ယိုင်လဲလုမတတ် ဖြစ်ခဲ့ရ၏။

"ငါက ဝယ်မပေးနိုင်ဘူးလို့ ဆိုလိုတာလား မဋ္ဌူ၊ ဒါမျိုးတွေ အများကြီးဝယ်ပေးနိုင်တယ်ဟဲ့၊ အခုချက်ချင်း ဒီအင်္ကျီကို သွားပြန်ပေးလိုက်"

"မပေးပါရစေနဲ့ ကြီးကြီးရယ်၊ မဋ္ဌူ ကြိုက်လို့ပါ၊ မဋ္ဌူတောင်းပန် ပါတယ်နော်"

ကြီးကြီးသည် မည်သည့် စကားမျှမပြောဘဲနှင့် နံရံပေါ်တွင်

ချိတ်ထားသော ကြိမ်လုံးလေးကို လျှင်မြန်စွာဆွဲယူပြီး ကျွန်မအား ရိုက်တော့သည်။ ကျွန်မ၏ကျော ပေါ်သို့ ကြိမ်ချက်များ အချက်ပေါင်း များစွာ ကျရောက်လာတော့သည်။

"ညည်းက ကျုပ်ကို အာခံ တယ်ပေါ့လေ၊ လာစမ်း..ဒီလောက် မာတဲ့အကြော၊ ကဲဟယ်.....ကဲ ဟယ်"

တရွှမ်းရွှမ်း ကြိမ်လုံးရိုက်သံ သည် ကျယ်လောင်စွာ ထွက်ပေါ် လာသော်လည်း နာကျင်မှုဝေဒနာ ကို အံကြိတ်ပြီး တောင့်ခံနေဆဲပါ။ မမနိုင်က ကြီးကြီးလက်ထဲမှကြိမ် လုံးကို ဝင်ဆွဲ၏။ မရပေ။

"မေမေ မရိုက်ပါနဲ့တော့၊ နိုင် တောင်းပန်ပါတယ်"

"ဖယ်စမ်း၊ ဒီလောက်ချုပ် ချယ်နေတဲ့ကြားထဲက မကောင်း တဲ့သန္တေက ပါလာဦး၊ လှချင်ဦး လေ၊ ကဲဟယ်....."

ကျွန်မ မငိုပါ၊ ဝဲခနဲထွက်လာ သော မျက်ရည်ကြည်များကို ပြန် သွင်းပြီး ထိန်းထားမိ၏။ အပြစ်ရှိ သည့် ကျွန်မ ခံနိုင်ရည်ရှိရမှာပဲပေါ့။ သို့သော် ရင်ထဲမှာ ဆို့နင့်ကြေကွဲ မိပါပြီ။

"ညည်းက အကြောတင်း တယ်ပေါ့လေ၊ ကဲ....တင်းဦး.... တင်းဦး....."

"တော်လောက်ပါပြီ မေမေ



www.burmeseclassic.com

www.burmeseclassic.com

ရယ်၊ ညီမလေးကို ခိုင်ပြောပါ့မယ်၊ သူမှ နားမလည်သေးတာပဲ၊ မေမေ ရိုက်လည်း သူခံရမှာပါ၊ ညီမလေး သနားပါတယ်၊ မရိုက်ပါနဲ့တော့ မေ မေ"

ကြီးကြီးရိုက်သံကြောင့် ရေချိုး နေသည့် ကိုကိုကျော်ပင် ရေစိုလုံ ချည်ကို မလဲနိုင်ရှာ။ ကြိမ်လုံးကို အတင်းဝင်လု၏။ ကိုကိုကျော့်လက် ထဲ ကြိမ်လုံးအရောက်တွင် မိခင် အား နားချနေကြသည်။

"ဒါသကို လျှော့ပါမေမေရာ၊ မဋ္ဌူလည်း အရွယ်ရောက်နေပါပြီ၊ မေမေ့ကြောင့် စိတ်ညစ်ပြီး ထင်ရာ စိုင်းသွားရင် မခက်လားဗျာ"

"မဟုတ်ဘူး၊ သူ မေမေ့ကို တမင်အရွဲ့တိုက်နေတာ၊ မေမေ မကြိုက်တာ သူလုပ်လာတာ၊ ပေး စမ်းပါ၊ ဒီကြိမ်လုံး"

ကိုကိုကျော်က ကြိမ်လုံးကို မပေးပေ။ မမခိုင်က ကျွန်မရှေ့ရပ် ပြီး အကာအကွယ်ပေးရန် ကြိုးစား နေပေမယ့် ကြီးကြီး၏ရိုက်ချက် ကြောင့် ကျွန်မ၏နှလုံးသားတွင် နာ ကျင်စေသည့် ဝေဒနာများက ခံစား မှုစကားလုံးများအဖြစ် နှုတ်ဖျားမှ ပွင့်အန်ထွက်လာတော့၏။

"ရိုက်ပါစေ၊ မတားကြပါနဲ့ မမခိုင်နဲ့ ကိုကိုကျော်၊ မဋ္ဌူက ကြီးကြီးမကြိုက်တဲ့အလုပ်ကို လုပ် လာမိတာပဲ၊ မဋ္ဌူမှာ မိဘတွေမှမရှိ ကြတာ၊ မဋ္ဌူဘဝနဲ့မဋ္ဌူပဲ ရှိပါစေ တော့"

တင်းထားသောမျက်ရည်များ မှာ ထိုအချိန်မှ ဝေါခနဲထွက်ကျလာ ကြလေပြီ။ ထိုမှ ခြေဖမိုးပေါ်သို့ တစ်ပေါက်ချင်း ခုန်ဆင်းသွားကြ၏။ ကျွန်မထံမှ အားငယ်စကားလေး ကြောင့် ကြီးကြီးမှာ ငြိမ်သက်သွား ရသည်အထိ စိတ်မကောင်းဖြစ် သွားပုံရပါသည်။ ဆက်တီပေါ်သို့ တောင့်တောင့်ကြီး ထိုင်ချလိုက် သည်။ ပြီးမှ မသာမယာမျက်နှာ ဖြင့်.....

"မေမေ့ရှေ့က သူ့ကိုခေါ်သွား စမ်း သမီး၊ သွား....သွား၊ အခန်း ထဲမှာ ဆေးသွားလိမ်းပေးလိုက်"

ကြီးကြီးထံမှ ထွက်ပေါ်လာ သော စကားလေးကို မယုံနိုင်စရာ ကြားရစဉ် မျက်ရည်များကို လက် ဖမိုးနှင့်သုတ်ပြီး ကြီးကြီးမျက်နှာကို အံ့သြစွာ လှမ်းကြည့်မိပါ၏။ ကျွန်မ လေ နာကျင်မှုဝေဒနာများ မေ့ ပျောက်သွားလောက်အောင် ကြင် နာမှုအရိပ်အငွေ့လေး မြင်ရ၊ ကြား ရရုံဖြင့် အသားနာရကျိုးနပ်ပါပြီ ကြီးကြီးရယ်။

"လာ.....ညီမလေး၊ မမခိုင် ဆေးထည့်ပေးမယ်နော်"

ကြင်နာစွာ ဖေးမတွဲခေါ်လာ သည့် မမခိုင်နှင့်အတူ လိုက်ပါသွား ရပေမယ့် ကျွန်မရဲ့ ရင်ထဲအသည်း ထဲအထိ ကျေနပ်မိတာ ကြီးကြီးက သိမည်မဟုတ်ပါ။ ကြီးကြီးသည် ကျွန်မနှင့်ပတ်သက်ပြီး သံယောဇဉ် တွယ်တာမှုများ ရှိနေပါလျက်နှင့် တမင်ဟန်ဆောင်နေခြင်းပေလား။ စဉ်းစား၍ မရခဲ့ပါ။

ထိုနေ့မှစ၍ ကြီးကြီးမကြိုက် သော ဝတ်စားဆင်ယင်မှုမျိုးကို မဝတ်တော့ဟု သန္နိဋ္ဌာန်ချလိုက်မိ ပါပြီ။ မမခိုင်ထံမှတစ်ဆင့် ကြီးကြီး ၏သဘောထားလေးကို သိလာ အောင် ရှင်းပြပေးသည်။

"မေမေဟာ ဘယ်အရာမဆို ရိုးသားမှုကို နှစ်သက်တတ်သည်





www.burmeseclassic.com

www.burmeseclassic.com



ကွယ်၊ အပြောအဆို၊ အနေအထိုင်၊ ဝတ်စားဆင်ယင်မှုကအစ စိတ် ဓာတ်အဆုံး ရိုးသားခြင်းသာ အကောင်းဆုံးလမ်းစဉ်ပဲမဟုတ်လား၊ 'Honesty is the best policy' တဲ့လေ''

ဆေးလိမ်းပေးစဉ် ကျွန်မကို ဆုံးမနေရှာသည်။ မမခိုင်သည် ကျွန်မ လေးစားအားကျလောက်အောင် အသိအမြင်၊ ဗဟုသုတ များစွာ ပေးတတ်သူပါပဲ။ ကျွန်မ ၏ အစ်မအရင်းတစ်ယောက်ဟုဆိုက မမှားပါ။

''မမခိုင်တို့မိသားစုရဲ့ စေတနာ၊ မေတ္တာဟာ ညီမလေးအပေါ် အနိုင်ယူလိုစိတ်နဲ့ တမင်တကာ ရိုက်နှက်ဆုံးမနေတာမျိုး မဟုတ်ပါဘူးကွယ်၊ ညီမလေးအတွက် ရှေ့ရေးကိုရည်ရွယ်ပြီး ဘဝခရီးလမ်းကို ရဲရဲဝံ့ဝံ့ လျှောက်လှမ်းနိုင်အောင်၊ သမီးရင်းမဟုတ်လို့ ဂရုမစိုက်ဘူးဆိုတဲ့ လူတွေရဲ့ သွေးခွဲစကားမျိုး အပြောမခံရလေအောင် ကြပ်မတ်ပေးနေကြတာပါ၊ မေမေ့ကို အထင်မမှားပါနဲ့ ညီမလေးရယ်''

မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျနေပြီး ကြီးကြီးစိတ်မချမ်းမြေ့စေမည့်အလုပ်မျိုးကို လုပ်ခဲ့မိ၍ ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်အောင် ဖြစ်ခဲ့ရ၏။

''စိတ်ချပါ မမခိုင်၊ မဋ္ဌုလေ ကြီးကြီးမနှစ်သက်တာမှန်သမျှ မလုပ်မိအောင် ရှောင်ကြဉ်ပါတော့မယ်၊ ဒီအင်္ကျီကိုလည်း ပြန်ပေးလိုက်ပါ့မယ်''

မမခိုင်၏အပြုံးနှင့် ကျွန်မ၏ ပင့်သက်ရှိုက်သံ ပြိုင်တူဖြစ်သွားရလေပြီ။ သို့ပေမယ့် နှစ်သက်မိသော အင်္ကျီလေးအား ပြန်ပေးရမည်မှာ ကျွန်မအတွက် အခက်ခဲဆုံးလုပ်ရပ်တစ်ခုပင် ဖြစ်ပါလိမ့်မည်။

♛♛♛♛♛

ကျောင်းဆင်းချိန်တွင် သဋ္ဌာထက်အား အင်္ကျီထုပ်လေးကို ပြန်ပေးမိရာ ထွက်လုလုကားလေးပေါ်မှာ ထင်လင်းထက်လည်းရှိနေ၏။

''သဋ္ဌာ့စေတနာကို တို့နားလည်ပါတယ်ကွာ၊ ဒါပေမဲ့ ကြီးကြီးမနှစ်သက်တဲ့ ကိစ္စမှန်သမျှ မဋ္ဌုမလုပ်ပါရစေနဲ့တော့၊ တို့ကို နားလည်ပေးပါ သဋ္ဌာ''

သဋ္ဌာထက်၏ သနားခြင်းအကြည့်များကို ရှောင်လွှဲလျက်ပြေးထွက်လာစဉ် ခေါ်သံများကို ကျောခိုင်းခဲ့မိသည်။ ကျွန်မ၏ဘဝကို သူတို့မောင်နှမ နားအလည်ဆုံးပါ။ ခွင့်လွှတ်နေမည်ကိုလည်း သိနေမိ၏။

''မဋ္ဌု ကျောင်းကားထွက်တော့မယ်၊ နင်ဘယ်သွားနေတာလဲ''

ယမင်း၏အမေးကို မဖြေဘဲ ကျောင်းကားပေါ်တက်လိုက်သည်။ ကျွန်မတို့နည်းတူ တခြားမြို့နယ်မှ ကျောင်းကားများလည်း ထွက်ခွာရန် အသင့်ဖြစ်နေကြလေပြီ။ သို့ပေမယ့် ရှုပ်ယှက်ခတ်နေသော ကျောင်းကြိုကားများကြောင့် ကားရှင်းအောင် စောင့်နေရပြန်၏။

''လူစုံပြီလား ကလေးတို့''

ယာဉ်မောင်းသူဦးလေးကြီးက နောက်လှည့်မေးလိုက်၍ မိန်းကလေးများထဲမှ နောက်ပြောင်တတ်သူတစ်ဦး၏အသံ ပေါ်ထွက်လာလေသည်။

''ခဏနေဦး ဦးလေးကြီး ကလေးတို့အဖေ ပြေးလာနေတယ်''

စပယ်ယာကောင်လေးကို ပြောနေခြင်းပဲဖြစ်သည်။ ကျွန်မတို့အရွယ်ဖြစ်သည့်အတွက် ဝါးခန်ရယ်သည့် မိန်းကလေးများကြောင့် ကားနောက်မှတွယ်လိုက်ရင်း ခေါင်းပင်မဖော်ရဲရှာတော့။ ရေများ ရေနိုင်၊ မီးများမီးနိုင်ဆိုသည့် သဘောမျိုးပင်။ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဖြစ်သည့်အတွက် လွတ်လပ်မှု၊ ပွင့်လင်းမှုက ဣန္ဒြေမဆောင်နိုင်ကြတော့ပေ။ ကျွန်မပါ သူတို့နှင့်အတူရောရယ်နေမိပြန်၏။

"သင်္ဘာက တနင်္ဂနွေကျောင်းပိတ်ရက်မှာ တို့နှစ်ယောက်ကို ကစားကွင်းလိုက်ပို့ပေးမယ်တဲ့၊ ရှုခင်းသာကိုသွားရရင် ကောင်းမလားဟင်၊ မိုးပျံရထား စီးကြရအောင်လေ"

"တို့ မလိုက်တော့ဘူး ယမင်း၊ ကြီးကြီးက ထည့်မှာမဟုတ်ဘူး"

ယမင်းမိဘများက ကျွန်မနှင့်ဆိုလျှင် စိတ်ချစွာ ထည့်တတ်၏။ ကျွန်မ မလိုက်ဘူးဆိုတော့ ယမင်းစိတ်ညစ်သွားရှာလေပြီ။

"ဘာဖြစ်လို့လဲ မချူရာ၊ အရင်တစ်ခေါက်တုန်းကတောင် လွတ်သားပဲ၊ ယမင်းလိုက်ပြောပေးမယ်လေ"

"မပြောချင်ပါနဲ့တော့ ယမင်းရယ်၊ တို့ အရိုက်ခံနေရပါဦးမယ်"

"ဟယ်.....ဒါဆို မချူအရိုက်ခံတယ်ပေါ့၊ ဟယ်...နင့်ကြီးကြီးက လူတစ်ယောက်ရဲ့ လွတ်လပ်ခွင့်ကို ပိတ်ပင်တားဆီးရလောက်အောင် ကိုယ်ချင်းစာတရားတွေ ခေါင်းပါးနေပြီလား၊ ဒီလိုပဲ ခေါင်းပါးနေရင် တစ်သက်လုံး စိတ်ဆင်းရဲနေမှာပေါ့ဟာ"

ယမင်း၏မကျေနပ်ခြင်းစကားသံလေးအတွက် ကျွန်မဘက်က ရှင်းပြရလေပြီ။ ကြီးကြီးအပေါ် လည်း အထင်အမြင် မလွဲစေချင်ပေ။

"တို့ဘဝမှာ ကြီးကြီးသာ မိဘတွေကိုယ်စား စောင့်ရှောက်ကျွေးမွေးနေတဲ့ အုပ်ထိန်းသူပါပဲ ယမင်း၊ သူတို့ကျေးဇူးကို တို့တစ်သက် ဘယ်တော့မှ ဆပ်လို့ကုန်မှာမဟုတ်ပါဘူး၊ ပြီးတော့ ကြီးကြီးဟာ မေတ္တာတရား မခေါင်းပါးခဲ့လို့ တို့ကိုမွေးစားခဲ့တာပေါ့ကွာ၊ အဲဒါကြောင့် သူတို့မကြိုက်တဲ့ အပြုအမူမျိုးကို မချူ မလုပ်ဘူး"

ယမင်း အသံတိတ်သွားပြီး ကျွန်မအား မည်သည့်စကားမျှမဆိုတော့ပေ။ တွေတွေလေးသာ ငေးကြည့်နေရှာ၏။ သို့သော် ကျွန်မလို မိဘမဲ့ဘဝမျိုးကို မခံစားရသူတွေသည် ကျွန်မလောက် သူတို့ခံစားမှုများက အဘယ်မှာလေးနက်မှုရှိပါမည်နည်း။

ယမင်းနှင့်ကျွန်မက လမ်းမကြီး၏ ဝဲယာတွင် နေကြသူများဖြစ်ပြီး ငယ်စဉ်ကတည်းက သွားအတူ၊ လာအတူပါ။ ကိစ္စရှိသည်မှလွဲ၍ အိမ်လည်ခြင်းကို ကြီးကြီးက မကြိုက်တတ်။ ထို့ကြောင့် ယမင်းသာ ကျွန်မထံ အလာများတတ်ပါသည်။ ဤသို့ဆိုပြန်လျှင်လည်း ကြီးကြီး၏အပြောကမလွတ်ပြန်။

"အားအားယားယား အိမ်လျှောက်လည်နေတာပဲ၊ သူတို့မိဘတွေက ဒီအတိုင်း လွှတ်ထားတာပဲလား၊ မချူ အဲဒီကောင်မလေးလိုများ အိမ်တကာလည်ဖို့ စိတ်မကူးနဲ့နော်"

အစကတော့ ဆူပူတတ်သော ကြီးကြီးကို ကျွန်မ စိတ်ညစ်မိ၏။ အရွယ်ရောက်လာသည့်အချိန်တွင်တော့ ကြီးကြီး၏ဆုံးမမှုသည် မိန်းကလေးတစ်ယောက်၏ ဂုဏ်သိက္ခာ၊ အကျင့်စရိုက်၊ အန္တရာယ်များအား စိုးရိမ်၍ ကြိုတင်ပြောနေခြင်းဖြစ်သည်ကို ကျွန်မ တွေးတတ်လေပြီ။ ယမင်းကိုယ်တိုင်လည်း ကျွန်မထံလာခြင်းထက် ကြီးကြီးနှင့်ရင်ဆိုင်ရမည်ကိုကြောက်နေလောက်အောင် ကြီးကြီးသည် အမြင်မတော်မှုမှန်သမျှကို လျစ်လျူမရှုတတ်ပေ။ ယမင်းကိုပါဆုံးမတတ်လေသည်။ ဒါတွေကို ယမင်းလည်း နားလည်နေပါလိမ့်မည်။

တရိပ်ရိပ်ကျန်ခဲ့သော မြင်ကွင်းလေးအား ငေးမောနေစဉ်တွင် ယမင်း၏မှတ်ချက်ချသံတိုးတိုးကို ကျွန်မ ကြားရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

“အင်းလေ ကြီးကြီးကိုသာ ယမင်းက အထင်မှားနေတာပါ၊ ကြီးကြီးက သတိုင်း ယမင်းကို အမြဲဆုံးမတတ်တာ၊ မဥ္ဇူဆုံးဖြတ်တာ မှန်ပါတယ်ကွာ”

ယမင်းအား ကျေးဇူးတင်စွာ ကြည့်မိတော့သည်။ သဘာထက်ထံ ယမင်းသွားချင်သွားပါစေလေ။ ယမင်း၏ဆန္ဒကို ဖြည့်ဆည်းမပေးနိုင်သည့်အတွက် စိတ်မကောင်းဖြစ်မိရသည်။

“တို့လည်း မသွားတော့ပါဘူး မဥ္ဇူရယ်၊ စာမေးပွဲကြီးလည်း နီးနေပြီမဟုတ်လား၊ စာကျက်တာက ပိုပြီးအကျိုးရှိပါတယ်ဟာ၊ နင်လည်း စိတ်မကောင်းမဖြစ်နဲ့တော့နော်”

ကျွန်မကိုပင် နှစ်သိမ့်နေရှာသေးသည်။ ကျွန်မအား နားလည်မှုရသွားသည့် ယမင်းထံ လင်းလက်သောအပြုံးလေးဖြင့် ခေါင်းလေးညိတ်ပြလိုက်မိ၏။ ကျောင်းကားလေးသည် ကျွန်မတို့၏ အိမ်အပြန်ခရီးကို စိတ်အေးချမ်းသာစွာ ပို့ဆောင်ပေးနေသလို ကျွန်မ၏ ရင်တွင်း၌ စိတ်ချမ်းသာခြင်းများစွာဖြင့် ပေါ့ပါးလန်းဆန်းနေရလေပြီ။

ကားပေါ်မှအဆင်း ခြံလေးထဲဝင်မိသည်နှင့် ကြီးကြီးက ခြံတံခါးလေးကိုဖွင့်ပြီး အသင့်ကြိုဆိုနေရှာသည်။ မနေ့ကကိစ္စအတွက် ကျွန်မ၏သဘောထားလေးအား သိချင်နေပုံရပါ၏။

“သမီး.....ကြီးကြီးကို စိတ်ဆိုးနေသေးလား”

ထိုစကားလေးကြောင့် စိတ်မကောင်းဖြစ်မိပြန်သည်။

“မဆိုးပါဘူး ကြီးကြီးရယ်၊ ကြီးကြီးရဲ့စေတနာကို မဥ္ဇူ နားလည်ပါတယ်၊ သမီးကို ရိုက်မိတာလည်း ချစ်လို့ရိုက်တာပဲမဟုတ်လား”

“သမီးလေးရယ်.....”

ကျွန်မအား ရင်ခွင်ထဲထွေးဖက်ထားပြီး အသံလေးမှာ တုန်နေရှာသည်။ ကျွန်မ၏စကားလေးသည် ကြီးကြီးအတွက် ဝမ်းနည်းခြင်းများပါရ ဖြစ်စေမိသည်ဆိုပါလျှင်.....



“သမီးကိုခွင့်လွှတ်ပါ ကြီးကြီးရယ်”

“ခွင့်လွှတ်ပါတယ် သမီးလေးရယ်၊ ခွင့်မလွှတ်နိုင်တာက ကြီးကြီးကိုယ်ကိုပါကွယ်၊ ကဲ.....အိမ်ထဲဝင်ကြရအောင်နော်”

သည်လိုနှင့် ကြီးကြီး၏ဖေးမမှုဖြင့် ကျွန်မတို့ အိမ်ထဲရောက်လာကြသည်။ မမခိုင်ပင် အိမ်ပြန်ရောက်နေလေပြီ။ အခန်းထဲမှပြေးထွက်လာကာ.....

“ဟော.....မဥ္ဇူလေး ပြန်လာပြီ၊ အခုပဲ မမခိုင် ပြန်ရောက်တာကွဲ့၊ ဒီနေ့ အစည်းအဝေးရှိလို့လေ”

“အင်း.....နေ့တိုင်းအစည်းအဝေးရှိပါစေလို့ ဆုတောင်းရမလိုပဲနော်”

မမခိုင်က ကျွန်မစကားကို စဉ်းစားဟန်ဖြင့်.....

“ဘာဖြစ်လို့လဲ မဥ္ဇူ”

“ကြီးကြီးက မိသားစုစုံလင်မှ ထမင်းစားတတ်တာမဟုတ်လား၊ ထမင်းစောစောစားရတာပေါ့ မမခိုင်”

“ဟယ်..ကြည့်စမ်း၊ အတော်မလေး”

ကြီးကြီးကို လှည့်ပတ်ဖြေပြီး

www.burmeseclassic.com



ပြုံးပျော်ကြည်နူးနေတဲ့ ကျွန်မတို့နှစ်ယောက်ကို ဝမ်းသာအားရစွာကြည့်နေတဲ့ ကြီးကြီး။ သူ့ရင်ထဲမှာ အပျော်မြစ်လေးတစ်ခု စီးဆင်းသွားမှာပါပဲ။

♛♛♛♛♛

သည်နေ့လို အားလပ်ရက်မျိုး ... မမခိုင်နှင့်ကျွန်မကို ကြီးကြီးက ...းဝယ်ခိုင်းတတ်ပါ၏။ ငယ်စဉ်က ...လျှင် ပစ္စည်းစာရင်းနှင့်ငွေကိုပေး ... ဈေးခိုင်းတတ်သော်လည်း ဈေး ...န်လာတိုင်း တစ်ခုမဟုတ်တစ်ခု ...ဆူခံရတတ်သည်။ ဈေးကြီးတာ ...်လာရသလား၊ မလတ်ဆတ် ... ယူလာရသလား၊ အလေး ...ဘူး စသည်ဖြင့် ချေးများ ...သော ကြီးကြီးကြောင့် ခဏ ... အဆူခံရပါ၏။ နောက်တော့ ... ကြီးကြီးအကြိုက်၊ ကြီးကြီး ...နှစ်သက် သဘောကျအောင် ... ဝယ်တတ်လာလေပြီ။ ထို ...သေးပေ။ အစပ်အဟပ် ...အောင် ဟင်းစားအမျိုးမျိုး ...တတ်သည်အထိ တိုးတက် ...သည်။

"...။ မုန့်ဟင်းခါးစားကြရ ... မမခိုင် မနက်က ဘာမှ ...သေးဘူး"



ဟုတ်ပါရဲ့။ အတွေးနှင့် ဈေးသွားနေလိုက်တာ မုန့်ဟင်းခါးဆိုင်ရှေ့ပင် ရောက်လာရ၏။ ဈေးထိပ်ရှိ ထိုမုန့်ဟင်းခါးဆိုင်လေးသည် လက်ရာကောင်း၍ ဖောက်သည်များလွန်းလှသည်။ အမြဲတမ်း စားသူအပြည့်နှင့် စောစောကုန်တတ်၏။ မမခိုင်သည် ဈေးလာတိုင်း ထို ဆိုင်လေးတွင် အမြဲစားနေကျပါ။

"အစ်မ ဘူးသီးကြော်နဲ့နှစ်ပွဲ၊ မုန့်ဟင်းခါးနော်"

ဈေးသည်၏ သွက်လက်သော လှုပ်ရှားမှုနှင့် မကြာမီတွင် ကျွန်မတို့ရှေ့သို့ စားချင့်စဖွယ် မုန့်နှစ်ပွဲ အဆင်သင့်ရောက်လာတော့သည်။

"စားလေ၊ ငရုတ်သီးမှုန့် ထည့်မလား မဍ္ဍ"

"အင်း.....နည်းနည်းနော် မမခိုင်"

မမခိုင်သည် ငရုတ်သီးမှုန့်ကို ဖြူးပြီး ကျွန်မ၏မုန့်ပန်းကန်လေးကို နှံ့အောင်မွှေပေးရှာသည်။ မမခိုင်၏ ကြင်နာမှုလေးအား မျက်လုံးလေးဝင့်ကာ ကြည့်နေစဉ်.....

"ဟော.....ဘယ်သူများလဲ မှတ်တယ်၊ ဒေါ်ခိုင်ထွန်းသာကိုး"

မုန့်ပန်းကန်လေးအား ကျွန်မထံပို့ပေးပြီး နှုတ်ဆက်လာသူကို မော့ကြည့်လိုက်ရာ မမခိုင်၏မိတ်ဆွေ ဒေါ်ထူးထူးစိန်ဖြစ်နေသည်။

"ဟင်.....မမစိန်ပါလား၊ ဈေး လာတယ်ပေါ့လေ"

ဒေါ်ထူးထူးစိန်သည် မမခိုင်၏နံဘေးတွင် ဝင်ထိုင်ပြီးဖြေ၏။

"ဒါပေါ့ ဒါကြောင့် ဈေးမှာ လူ တွေစည်ကားပါတယ်လို့ ထင်နေတာ၊ ညီမ ဈေးလာလို့ကိုး"

"ပြောတော့မယ်၊ ဟင်း... ဟင်း"

မမစိန်၏ ပြက်ရယ်ပြုသော



www.burmeseclassic.com

www.burmeseclassic.com



စကားကြောင့် ကျွန်မပါရယ်မိ၏။ ထို့နောက် မုန့်ကိုလှမ်းမှာပြီး ကျွန်မဘက် ငဲ့ကြည့်လာသည်။

"သူလေးက ညီမတို့ရဲ့ မွေးစားသမီးလေးလား"

တင်းခနဲဖြစ်သွားသောမျက်နှာနှင့် မခံချိမခံသာဖြစ်သွားရသည်။ ကျွန်မက မမခိုင်နှင့် သွေးမတော် သားမစပ်သူပဲလေ။ ဖြေသိမ့်မိပေ မယ့်.....

"ဘယ်လိုပြောလိုက်တာလဲ မမစိန်၊ မဋ္ဌူလေးဟာ ခိုင့်ညီမပါ၊ အားငယ်တဲ့ ကလေးငယ်တစ်ယောက်ကို မညှာမတာ ရက်ရက်စက်စက် မပြောချင်ပါနဲ့ ခိုင်တောင်းပန်ပါတယ်"

အားနာဟန်ဖြင့် ဒေါ်ထူးထူးစိန်က တောင်းပန်အကြည့်နှင့် အတူ.....

"မမစိန် စကားပြောမှားသွားတယ် ညီမရယ်၊ စိတ်မဆိုးပါနဲ့ ကွယ်"

"ရပါတယ် မမစိန်၊ နောင်ကိုသာ ခိုင့်ညီမကို ဘယ်တော့မှ သွေး ခွဲစကားမျိုးနဲ့ နှိမ်ချတဲ့ အကြည့်မျိုး မပြောကြ၊ မကြည့်ကြပါနဲ့"

မုန့်ကိုဆက်မစားဘဲ ကျသင့်ငွေကိုရှင်းပြီးထွက်သွား၍ ကျွန်မလည်း မမခိုင်၏နောက်မှ လိုက်လာခဲ့ရ၏။ ဒေါ်ထူးထူးစိန်ကိုတော့ အားနာမိသည်။ မမခိုင်သည် ကျွန်မနှင့်ပတ်သက်လာလျှင် မည်သည့် အနိုင်ယူလိုမှုကိုမျှ လက်မခံပေ။ ပြန်လည်၍ တုံ့ပြန်တတ်ပါသည်။

"အလကားဟာတွေ၊ သူတို့မှာ လူတစ်ယောက်ကို ဘယ်လို အနိုင်ယူရမလဲဆိုတာပဲ တွေးနေတတ်တာ၊ ညှာတာသနား အားနာရမှန်း မငဲ့ညှာတတ်ကြဘူး၊ အခွင့်သာတာနဲ့ တီးထည့်လိုက်တာပဲ"

"ဟုတ်တာပြောတာပဲ မမခိုင်ရယ်၊ စိတ်ဆိုးစရာမှမဟုတ်တာ"

ဒေါသမနေသဖြစ်နေသော မမခိုင်သည် လျှောက်နေရာမှ ရပ်တန့်ပြီး ကျွန်မအား ငဲ့စောင်းကြည့်တော့သည်။

"ဘာဟုတ်တာလဲ မဋ္ဌူ၊ မဋ္ဌူကပါ မမခိုင်တို့ကို လေစိမ်းတွေ တိုက်ချင်နေပြီလား၊ ဘယ်သူတွေဘာပြောပြော မဋ္ဌူတွေဝေမနေနဲ့၊ ဂရုမစိုက်နဲ့၊ ပန်းစံအိမ်က ခွဲထွက်ဖို့ မစဉ်းစားချင်နဲ့"

"မဋ္ဌူလေ မမခိုင်တို့နဲ့ဘယ်တော့မှခွဲခွာဖို့ စိတ်ကူးမရှိတာ ယုံပါ၊ မဋ္ဌူကသာ တစ်ချိန်ချိန်မှာ ကြီးကြီးမောင်းထုတ်မှာကို စိုးရိမ်နေတာပါ"

"တယ်.....ပေါက်တတ်ကရ ပြောနေပြန်ပါပြီ၊ လာ.....ဈေးထဲ ဝင်မယ်"

ကျွန်မ၏တွေဝေခြင်းအပေါ် မမခိုင်က ပြန်ထိန်းသည့်အနေနှင့် လက်ကိုဆွဲကာ ဈေးထဲခေါ်သွားရာ၏။

"ဟော.....ဒီညီအစ်မတွေ ဈေးလာတယ်ပေါ့၊ အန်တီကြီးကို အနားပေးလိုက်တာလား"

အကျီချုပ်ဆိုင်မှ မသက်သက်ဆွေက နှုတ်ဆက်လာပြန်သည်။ လာနေကျမဟုတ်တော့လည်း တွေ့ရသူများက အံ့သြနေကြမည်ပင်။

"မဟုတ်တယ် မသက်ဆွေ မေမေက ပိတ်ရက်မှာ စားချင်တာ ဝယ်ချက်နိုင်အောင် ဈေးလွှတ်လိုက်တာလေ၊ ခိုင့်ညီမလေးလည်း ဈေးဝယ်တတ်အောင် တွဲခေါ်လာတာ"

"ကောင်းတယ် ခိုင်ရေ၊ အိမ် မီးဖိုချောင်ကိစ္စတွေ သိလာမှာ မိန်းကလေးတိုင်း အိမ်ရှင်မတာဝန်ကို အမွေဆက်ခံရမှာဆိုတော့ မီးဖိုချောင်အလုပ်ကို မဖြစ်မနေတတ်မြောက်ထားရမှာပေါ့"

သူ့ဈေးဆွဲခြင်းကို မမခိုင် လှမ်းကြည့်ရာ ခြင်းထဲတွင် ဟင်းချက်စရာများကအပြည့်၊ မည်သည့် အချိန်ကများ ဈေးထဲဝင်နေ



www.burmeseclassic.com

www.burmeseclassic.com

သိမ့်။
"အိမ်မှာ အပ်ချုပ်သင်တဲ့
ကောင်မလေးနှစ်ယောက်အတွက်
သည်း ပါတယ်လေ၊ ပြီးရင် ဈေး
ကိုပို့ဖို့ ချိုင့်အတွက် စီစဉ်ရဦးမယ်၊
သွားမယ်နော်"
အပြုံးဖြင့်နှုတ်ဆက်ထွက်သွား
သည်ကို နှစ်ယောက်သား ရပ်
ကြည့်ကျန်ရစ်ခဲ့ကြ၏။ ပြီးမှ
ဈေး ထဲဝင်ခဲ့ကြရာ မမခိုင်
စီစဉ်သမျှကို ကျွန်မက
အတိုင်ပင်ခံ ပညာသင်
တစ်ယောက်ပါပဲ။
"တို့စရာအတွက်
ဘာစီစဉ်မလဲ ညီမလေး၊
ခိုင်ကို အကြံပေးပါဦး"
"ချဉ်ဖတ်ဆို ကောင်း
သားဟင်"
"ဟယ်...ချဉ်ပေါင်
ချက်ပြီး ချဉ်ဖတ်တို့
ဖြစ်မလား"
ဟုတ်ပါရဲ့။ ဖက်ကလေးပုပြီး
တစ်လစ်လေးဖြစ်သွားရ၏။
သွတဲ့ ကျွန်မပါလား။ အလျင်
တွေးပြီး ကျွန်မ၏အစွမ်းအစ
ပြရတော့မည်ပေါ့။
"ဒါဆို တညင်းသီး"
"အကြောတက်စာကြီး၊ မေ
မတည့်ဘူးလေ"
"သရက်ကင်း"
"ပူတယ်၊ မဖြစ်ဘူး"
"ဖန်ခါးသီး"
မမခိုင်က နှာခေါင်းလေးကို
ရှုံ့ပြီး ခေါင်းခါပြ၏။
"အင်း.....ဒါဆို ခရမ်းသီး
သေးသေးလေးတွေပြုတ်မယ်၊ ငါးပိ
ထောင်းမယ် မမခိုင်"
"မဆိုးဘူး ဂွတ်ပဲ"



တစ်ပုံလျှင် ငါးဆယ်ဆိုသည့်
ခရမ်းသီးဖြူရှည်သေးသေးလေး
များကို မမခိုင်က ဝယ်ယူနေသည်။
သည်နေ့တော့ ထမင်းမြိန်သည့်နေ့
ဖြစ်ဦးတော့မည်ဟု စိတ်ကသိနေမိ
ပါပြီ။ တစ်ဆယ်သားကို ခုနစ်ရာဆို
သည့် ပုစွန်ထုပ်ကြီးများ မစားနိုင်
ပေမယ့်လည်း တစ်ဆယ်သားနှစ်
ရာတန် ပုစွန်ကျော့ကို ချဉ်ပေါင်နှင့်
မျှစ် ချဉ်ရည်ဟင်းနှင့် ငါးပိထောင်း
ကြော်နှင့် ကိုကိုကျော်တော့ ခေါင်း
မဖော်တမ်း စားဦးမည်ကို သိနေမိ
၏။
"မဒ္ဒူကြိုက်တဲ့ တညင်းသီး
ဝယ်လေ"
"ခရမ်းသီးလေးတွေ ရှိနေပြီ
ပဲ မမခိုင်၊ တညင်းသီးမတို့တော့ပါ
ဘူး"
"သဘော.....သဘော"
မမခိုင်သည် ကျွန်မ
အတွက် တညင်းဝက်
အခြမ်းကြီးကို ဆီနှင့် ကြော်
ပေးတတ်ပါသည်။ တစ်ခါ
တစ်ရံတညင်းသီးပြုတ် စေး
စေးပိုင်ပိုင်ကို ငါးပိရည်မွှေး
မွှေးလေးနှင့် အားပါးတရ
လွေးတတ်၏။ တညင်း
သီးကိုကိုကိုကျော်နှင့် မမခိုင်
က သိပ်မကြိုက်။ ကျွန်မနှင့်
ကြီးကြီးသာကြိုက်ကြသည်။ သို့ပေ
မယ့် မမခိုင်သည် ဈေးသွားတိုင်း
တညင်းသီးဝယ်ရန် မမေ့တတ်ပေ။
ဤသည်မှာ ကျွန်မအပေါ်
ထားရှိသော မမခိုင်၏ မေတ္တာ
တရားများပါတကား။

**ရွှေလဆက်ဖတ်ပါရန်**
**လေးစားစွာဖြင့်**
**ထက်ထက်ဦးဝေ**

www.burmeseclassic.com

မောင်ချောနွယ်
(မြန်မာ)

# ချစ်သူ တမ်းချင်း





www.burmeseclassic.com

www.burmeseclassic.com



## ချစ်သူတမ်းချင်း

မောင်ချောပွင့် (မန္တလေး)

မောင်.....။

ချောက်ချောက်ချားချားအော်တစ်သံက ရင်ထဲမှာပဲ ထပ်ကာတလဲလဲ ပဲ့တင်ထပ်နေသည်။

ပန်နဲ့ကို သိပ်ဂရုစိုက်တတ်၊ ကြင်နာယုယတတ်၊ ကွယ်ကာဖေးမတတ်သည့် ချစ်သူမောင်။

ခုတော့ကွယ်.....

ပန်နဲ့မောင်ဟာ ဘာမှမဆိုင်တော့ဘူးတဲ့။

ဟုတ်ပါတယ်လေ။

ဒါဟာ တကယ့်အမှန်တရား။

ပန် လက်ခံရလိမ့်မယ်။

“ထူးနိုင် ချစ်သူရနေပြီ ပန်၊ သူလက်ထပ်တော့မှာ”

အချစ်ဆုံးသူငယ်ချင်းမ ယူဆောင်လာသည့် သတင်းစကားသည် လေးပင်ကြီးမားသော သစ်သားစတုံးနှင့်ခွန်အားတူ ရင်ဝကို ဆောင့်သည်။

“ဩော်.....ဟုတ်လား”ဟုပင် ပြေပြစ်ချောမွေ့ရုံမျှ ပြန်မပြောနိုင်ခဲ့။

မောင် ရက်စက်တယ်။

သိပ်ရက်စက်တယ်။

ပန်နဲ့ကိုမောင် ချစ်လျက်နဲ့။

ခုတော့ ပန်နဲ့ကို မချစ်တော့လို့လား။



“ထူးနိုင်မှာ အပြစ်မရှိဘူး ပန်၊ သူနင့်ကို နှစ်တွေအကြာကြီး စောင့်ခဲ့ပါတယ်၊ ယောကျ်ား တစ်ယောက်အနေနဲ့ ဒီလောက်ထိ အောင်စောင့်နိုင်ခဲ့တာ သူ့ကို ချီးမွမ်းဖို့တောင် ကောင်းတယ်၊ ခုတော့သူလည်း ယူတော့မှာပေါ့ ဟာ”

မိမာပြောတာ ဟုတ်ပါတယ်လေ။

မောင့်အလွန်မဟုတ်ပါဘူး။

မောင်ဟာ အင်မတန် စိတ်ရှည်၊ ဖွဲ့ကောင်းသူပါ။

ပန်သာ.....ပန်သာ.....။

ပန်သာအလွန်ရှိမှာပါ။

ဒါပေမဲ့ မောင် ချစ်သူရနေပြီ ဆိုတာကိုတော့ ပန် လက်မခံပါရစေနဲ့။

မောင့်ရဲ့ရည်းစား။

အင်း.....နောက်တော့ မောင့်မိန်းမပေါ့။

ချစ်သူဆိုတာကို ပန်ခံနိုင်



www.burmeseclassic.com

www.burmeseclassic.com

မရှိလို့ပါ။

ပန်တစ်ဦးတည်းသာလျှင် မောင့်ရဲ့ချစ်သူဖြစ်ပါရစေ။

တစ်ကိုယ်ကောင်းဆန်ရာ ရောက်နေခဲ့ပြီထင်ပါရဲ့။

ပန့်စိတ်ကူး၊ ပန့်အတွေးထဲ၊ ပန့်တစ်ယောက်တည်းရဲ့ ကိုယ်ပိုင်ခံစားချက်ထဲမှာတော့ ရူးမိုက်စွာပဲ တစ်ကိုယ်ကောင်းဆန်လိုက်ချင်ပါရဲ့မောင်။

ပူနွေးသောမျက်ရည်များက ဘယ်အချိန်ကတည်းက ပါးပြင်ပေါ် စီးကျနေသည်မသိ။

မိမာရှိနေစဉ် ထိန်းချုပ်ထားနိုင်ခဲ့တာကိုပဲ ကိုယ့်ကိုယ်ကိုယ် ကျေးဇူးတင်မိသည်။

သူငယ်ချင်းသည် ပန့်ကို ကရုဏာဒေါသောနှင့် ဆူပူအပြစ်တင်နေဦးမှာ။

အင်းလေ...ဘယ်သူ့မှအပြစ်မတင်ရင်တောင် ကိုယ့်ဘာသာကိုယ် သိနေသားပါ။

ပျော့ညံ့တယ်။

ပျော့ညံ့တယ်။

နင် သိပ်ပျော့ညံ့တယ် ပန်။

ဒါပေမဲ့ မောင်ရယ် ပန် ဘာမှမတတ်နိုင်ဘဲ ဖြစ်နေခဲ့တာပါ။

လွမ်းတယ် မောင်။

ပန်တစ်ယောက်တည်း မောင့်ကို ကျိတ်လွမ်းကျိတ်ဆွေးခွင့်တော့ ရယူပိုင်ဆိုင်ပါရစေ။

တစ်ချိန်တုန်းက ဆွတ်ပျံ့ကြည်နူးဖွယ်ရာ ပန်နဲ့မောင်တို့ရဲ့ ဇာတ်လမ်းကလေးကို ပြန်စဉ်းစားတွေးတော သတိရ ရင်ခုန်ရတာ ပန့်အတွက် အချမ်းမြေ့ဆုံးဖြစ်မှာပါ။

> မောင်ဟာ ဘာတစ်ခုမှ ချို့တဲ့နေတာလည်းမဟုတ်ဘဲနဲ့ မောင့်လို မြင့်မြင့်မားမား စွမ်းအားရှိသူ တစ်ယောက်ကို ပန့်လို ပျော့စိပျော့ ဖတ်မိန်းကလေးက သနားတယ်.....

မြင်မြင်ချင်းပဲ ချစ်မိတယ်ဆို တာ ပန့်အတွက်မမှန်ဘူး မောင်။

မောင်နဲ့ စသိသိချင်းတုန်းက ရုပ်ရည်ရော၊ ကိုယ်လုံးကိုယ်ထည် အရုပ်အမောင်းပါ ယောကျ်ားပီသ ချောမောလို့ သာမန်စိတ်ဝင်စားရုံ ထက် မပိုခဲ့ဘူး။

ဒါပေမဲ့ မောင်က ပန့်ကိုချစ် တယ်ပြောတဲ့အချိန်မှာ ပန်လည်း မောင့်ကို ချစ်မိနေပြီဆိုတာ ကိုယ့် ဘာသာ ခိုင်မာသေချာခဲ့ပြီးသား ဖြစ်နေပြီ။

ပန်က ဟန်လည်းမဆောင် တတ်ဘူး မောင်။

ပြီးတော့ မောင့်ကိုလည်း သနားတယ်။ ရယ်စရာတော့ အကောင်းသား။

မောင်ဟာ ဘာတစ်ခုမှ ချို့ တဲ့နေတာလည်းမဟုတ်ဘဲနဲ့ မောင့် လို မြင့်မြင့်မားမား စွမ်းအားရှိသူ တစ်ယောက်ကို ပန့်လို ပျော့စိပျော့ ဖတ်မိန်းကလေးက သနားတယ်ဆို တာလေ။

ဒါပေမဲ့ မောင်က 'ကျွန်တော် ကျောင်းစာမေးပွဲကို မစိုးရိမ်ဘူး၊ သ ယုပန်စစ်တဲ့ စာမေးပွဲမှာ ကျွန် တော့်အဖြေလွှာ အောင်မှတ်မရမှာ အရမ်းကြောက်တာပဲ' လို့ မျက်နှာ ညှိုးညှိုးနဲ့ပြောတော့ ပန့်ရင်ထဲ ဘယ်လိုကြီးဖြစ်သွားမှန်းမသိဘူး။

မိမာတို့က နင်ခုမှ

www.burmeseclassic.com



ရောက်သေးတယ်၊ ရည်းစားမထားခဲ့ဦးဟာ၊ ကျောင်းက ခြောက်နှစ်တောင်တက်ရမှာ၊ စတုတ္ထနှစ်ရောက်မှ ထူးနိုင်ကိုအဖြေပေးလို့ သချာပိုင်းမှာထားကြတာကိုပါ မေ့ပစ်လိုက်တယ်။

ပန့်အသိစိတ်ထဲမှာ မောင်ပဲရှိတော့တယ်။

ကတုန်ကယင် ရှက်ရွံ့နေတဲ့ကြားကပဲ ပန် သူ့ကိုချစ်ပါတယ်လို့ ဝန်ခံလိုက်မိတယ်။

မောင် ပန့်ကိုချစ်ရေးဆိုပြီး တစ်လမပြောက်ရုံလေးပဲရှိသေးတယ်လေ။

သုံးနှစ်စီမံကိန်းကြီး ပိုင်းရေးဆွဲပေးကြတဲ့ မိမာတို့၊ စမ်းစမ်းတို့၊ နိုင်မီတို့ ပက်လက်လန်ရော။

လူလည်မောင်။

ဟန်မဆောင်နိုင်တဲ့ ပန့်မျက်ဝန်းတွေကို၊ ထိခိုက်လွယ်တဲ့ ပန့်စိတ်ကို အကဲခတ်နိုင်တယ်။

မောင့်မျက်နှာလေး ဆီးရွက်လောက်ဖြစ်နေပြီဆို ပန်လေ ရင်ထဲမှာ လှိုက်တက်လာအောင် ဝမ်းနည်းမိလာရော။

ဒါပေမဲ့ တကယ်တော့ မောင်က အင်မတန်စိတ်ဓာတ်ခိုင်မာပြီး ပန့်ကသာ မကြာခဏ ဆီးရွက်မျက်နှာ ဖြစ်နေတတ်တာ။

မောင်က ဘယ်ကိစ္စမဆို မောင့်ဘာသာမောင် အောင်မြင်စွာနဲ့ ဖြေရှင်းနိုင်တာချည်းပဲ။

ပန့်မှာသာ တော်ကြာနေ အတန်းထဲမှာ ဘယ်သူကဖြင့် စောင်းပြောပြန်ပြီ၊ ဘယ်ဆရာကဖြင့် သူစာမေးလို့ ပန်မဖြေတတ်တာကို ဒီပုံအတိုင်းဆို မလွယ်ဘူးပြောတယ်နဲ့ နေ့ရှိသလောက် စိတ်ညစ်နေရတတ်တာ။



အသေးအဖွဲ့ပဲရယ်လို့ နှလုံးသွင်းလို့မရနိုင်လောက်အောင်ကို စိတ်ညစ်စရာတစ်ခုခုအတွက် အမြဲပင်ပန်းရတတ်တဲ့ ပန်ဟာ ကံတော့ ကောင်းတယ်ဆိုရမလား။

အဖေ၊ အမေ၊ အစ်ကို၊ အစ်မ ပန့်မိသားစုသာမက သူငယ်ချင်းတွေကိုပါ ပန် ရင်ဖွင့်လို့ရတယ်။

သူတို့က အမြဲအားပေးနှစ်သိမ့်တတ်ကြသလို ဘယ်လိုနေ၊ ဘယ်လိုလုပ်ဆိုပြီးတော့လည်း အကြံဉာဏ်ပေး ကူညီဖြေရှင်းပေးကြပါတယ်။

ဒီလိုနဲ့ပဲ ပန်ဟာ ပြန်လည်လန်းဆန်းလာရတာ။

ချစ်တဲ့မောင် ရှိလာတဲ့အခါကျတော့လည်း မောင်က ပန့်ကို အမြဲတမ်း အရိပ်ကြည့် ဂရုစိုက်တတ်သူ။

ပန့်ခံစားချက်တွေကို ပန့်မျက်နှာမှာ မောင်ဖတ်တတ်တယ်။

ဒါပေမဲ့ အဲသလို အားပေး



www.burmeseclassic.com

www.burmeseclassic.com

နှစ်သိမ့်သူရှိပါမှ အဆင်ပြေ အားရှိတတ်တဲ့ ဒီစိတ်ကိုတော့ မောင်တစ်ခါတစ်ခါ စိတ်ပျက်တတ်မှန်း ပန်သိပါတယ်လေ။

"မိပန်ဟာ ပြဿနာမဟုတ်တာ ပြဿနာလုပ်နေတော့တာပဲ၊ ဘာမှအရေးမကြီးတဲ့ ကိစ္စလေးတစ်ခုအတွက် စိတ်အညစ်မခံစမ်းပါနဲ့ကွာ"

ဘယ်လောက် အတ္တကြီးမားလိုက်တဲ့ ပန်လဲ။

မောင်က စိတ်မရှည်သံနဲ့ အဲသလောက်ပြောတယ်ဆိုရင်ကို ပန်ဝမ်းနည်းလာတယ်။

ဒါကိုမောင်က ရိပ်မိပြန်ပြီး စိတ်မကောင်းစွာနဲ့.....

"ပန့်ကို အပြစ်မတင်ရက်ပါဘူး ပန်ရယ်၊ မောင်က ပန် ခဏခဏ စိတ်ဆင်းရဲနေတာကို မမြင်ရက်လို့ပါ"

ပန်လေ အားနာနာနဲ့ပဲ ပြုံးပြရင်း ထိခိုက်လွယ်လွန်းတဲ့ ကိုယ့်ကိုယ်ကိုယ်ပဲ မကျေမနပ်ဖြစ်ရ

**မောင်တစ်ယောက် ချောတယ်လို့**
**ပန်ယူဆတဲ့**
**မိန်းကလေးတစ်ယောက်နဲ့**
**ရယ်ရယ်မောမောစကားပြောနေတာ**
**မြင်ရရင်ကို**
**ပန်လေတွေတွေငြိမ်ငြိမ်လေး**
**ဝမ်းနည်းသလို၊ ဒေါသဖြစ်သလို**
**ခံစားရပြီး**
**မျက်နှာမပျက်အောင်....**

တယ်။

အထူးသဖြင့် ကိုယ်သိပ်ချစ်ရတဲ့သူတွေနဲ့ ပတ်သက်လာရင် အရမ်းသေးငယ်တဲ့ကိစ္စဖြစ်ပါစေ၊ သိပ်ကိုပျော်ရွှင်ကြည်နူးမိတတ်တာမျိုး၊ သိပ်ကိုကြေကွဲဝမ်းနည်းရတတ်တာမျိုး။

မောင့်အတွက်ဆို ပန်အသေးစိတ် ခံစားရတတ်တာ။ မောင့်ကြောင့် ပန့်မှာ သဝန်ကြောင်လည်း ဖြစ်ရသေးတယ်။

ကျောင်းစာပျင်းပေမယ့် ဂီတာအတီးကောင်းတဲ့၊ ရုပ်ချောသလို စကားပြောကောင်းတဲ့ မောင့်ကို မိန်းကလေးတွေကလည်း စိတ်ဝင်စားကြတယ်။

မောင်ကလည်း အပေါင်းအသင်းဆံ့တဲ့သူ။

မောင်တစ်ယောက် ချောတယ်လို့ ပန်ယူဆတဲ့ မိန်းကလေးတစ်ယောက်နဲ့ ရယ်ရယ်မောမောစကားပြောနေတာ မြင်ရရင်ကို ပန်လေ တွေတွေငြိမ်ငြိမ်လေး ဝမ်းနည်းသလို၊ ဒေါသဖြစ်သလို ခံစားရပြီး မျက်နှာမပျက်အောင် ကြိုးစား နေရပြီ။

ဒါပေမဲ့ မောင့်ကို ထုတ်ပြောကန့်ကွက်ရမှာလည်း ကိုယ့်ကိုယ်





www.burmeseclassic.com

www.burmeseclassic.com

ကိုယ် သေးသိမ်ရာရောက်တယ်လို့ ယူဆတဲ့အတွက် ရှက်ရွံ့တွန့်ဆုတ်ပြန်တယ်လေ။

ခက်တာက မောင်က အမြဲ နိုင်မိတယ်။

မချိုမချဉ်ပြုံးပြီး သဝန်ကြောင်တာ မောင့်ကိုချစ်လို့၊ မောင်ပစ်သွားမှာ စိုးရိမ်လို့ပေါ့နော်ဆိုပြီး တစိုက်စိုက်ကြည့်လို့ နောက်တတ်တယ်။

အမှန်က မောင်တအားကြည်နူးတာ ပန်သိတာပေါ့။

အဲဒီအခါမှာကျတော့ ပန့်မှာရှက်တဲ့ကြားက ပန်သိပ်ချစ်တာကို မောင်ခံစားကျေနပ်တဲ့အတွက် ဒီတိ ဖြာရပြန်ရော။

♛♛♛♛♛

တကယ်တော့လည်း ပန်သိမိတယ်။

မောင်ဟာ သိက္ခာရှိရှိ သစ္စာကြီးတယ်၊ မိန်းကလေးမိတ်ဆွေတွေအပေါ် တည်တည်ကြည်ကြည် အမြဲစင်စင်ပဲ ခင်မင်ဆက်ဆံတယ် ဆိုတာကို။

မောင်ကတော့ ပန့်လို သဝန်ကြောင်တတ်ပါဘူး။

ပရက်တီကယ်တွေ အတူလုပ်ရင်း အတန်းအတူတက်ရင်း ကြောင်းအားလျော်စွာ ဆက်ဆံ

**ပန်ကတော့ကျောင်းစာကို**
**ပြင်းပြင်းထန်ထန်မဟုတ်ပေမယ့်**
**အမြဲပုံမှန်လုပ်ခဲ့လို့အမှတ်တွေ**
**ထုံးစံအတိုင်းလှပကြည့်ကောင်းခဲ့တာမို့**
**မေမေတို့အဆိုအရ.....**



ပတ်သက်နေရတဲ့ ယောကျ်ားလေးတွေနဲ့ ပန့်ကိုတွဲပြီး အကြည့်မှိုင်းမှိုင်းနဲ့တောင် မသမုတ်ဖူးဘူး။

ပန်တို့ အီလက်ထရောနစ် ဌာနက ဆရာတစ်ယောက်က မောင်နဲ့ပန့်အကြောင်းမသိဘဲ ပန့်ကို မရိုးမသား စိတ်ဝင်စားတဲ့အကြောင်းပြောပြတော့လည်း မကြည်လင်ဖို့ဝေးရော ဟီးဟီးဆိုပြီး ရယ်တယ်။

ဘယ်ကိစ္စမဆို မောင့်ထင်မြင် ယူဆချက်တွေဟာ လူကြီးလူကောင်းဆန်တတ်ပြီး အမြဲလည်း မှန်ကန်နေတတ်တယ်။

မောင်က မောင့်ကိုယ်မောင်ယုံကြည်မှုလည်း ပြင်းထန်တဲ့သူ။

ပထမနှစ်တုန်းက ၄၀ ကနေဒုတိယနှစ်မှာ မောင့်ခုံနံပါတ်ဟာ ၆၀၀ ကျော်ဖြစ်သွားတော့ ပန့်မှာစိတ်ပူသောကရောက်လိုက်ရတာ။

မောင်ကတော့ အေးဆေးပဲ။

''မောင်ထင်သားပဲ၊ ဖြေကတည်းက အောင်ရုံပဲရမယ်လို့ ပန့်ကိုပြောပြသေးတယ်လေကွာ''

သူ မက်ကာနစ်ကယ် ယူချင်တယ်ဆိုပြီး ဒုတိယနှစ်ကို ဖိဖိစီးစီးကြိုးစားတော့လည်း သူ့ခုံနံပါတ်ဟာ ထိပ်ဆုံး ၃၀ထဲ ရောက်ပြီး

www.burmeseclassic.com

သူလိုချင်တာ ရပြန်တယ်။

နောက်တော့လည်း အတန်းလစ်ခြင်းပါပဲ။

"စာသင်ရတာ မောင်မကြိုက်ဆုံးပဲ၊ စာသင်ခန်းထဲမှာနေရတာကို မောင်ပျင်းတယ်၊ တကယ်ပြောတာ၊ ကျောင်းကနည်းပြဆရာ ပြန်လုပ်ပေးပါလို့ မေတ္တာရပ်ခံလာရင်တောင် ကိုယ့်တို့က ဆောရီးပဲ ဆရာလို့ငြင်းမှာ"

ကျောင်းပြီးတော့လည်း သူဝါသနာမပါတဲ့ဆရာအလုပ်နဲ့ မောင်နဲ့ ပြဒါးတစ်လမ်း သံတစ်လမ်း။

သူ့စာမေးပွဲရမှတ်ကလည်း ခပ်စုတ်စုတ်ရယ်။

ပန်ကတော့ကျောင်းစာကို ပြင်းပြင်းထန်ထန်မဟုတ်ပေမယ့် အမြဲပုံမှန်လုပ်ခဲ့လို့ အမှတ်တွေထုံးစံအတိုင်း လှပကြည့်ကောင်းခဲ့တာမို့ မေမေတို့အဆိုအရ ဣန္ဒြေရ၊ ဂုဏ်သရေရှိတယ်ဆိုတဲ့ ဆရာမအလုပ်ကို ကျောင်းကခေါ်တဲ့အခါမှာ အေးအေးဆေးဆေး ဝင်နိုင်ခဲ့တယ်။

ပန်တို့ အလုပ်လက်မဲ့ကာလတစ်လျှောက် ပန်တစ်ယောက်အိမ်မှာဖိမ်နဲ့နပ်နေချိန်မှာ မောင်ကတော့ ပန်တို့ကျောင်းဆင်းအများစုလိုပဲ ဟိုရုံးပြေး စာတွေဖြေလိုက်၊ ဒီရုံးက အင်တာဗျူးခေါ်ရင်သွားလိုက်နဲ့ အဲဒါတွေအတွက် ကျူရှင်ယူလိုက်နဲ့ ယောက်ယက်ခတ်လှုပ်ရှားနေပြီပေါ့။



ပန့်မိဘတွေဟာ စီးပွားရေးလုပ်ငန်းရှင်တွေ အဆက်အသွယ်ကောင်းကောင်းရှိနေကြပြီး မောင့်အတွက် အလုပ်နေရာတစ်ခုလောက် ရရှိနိုင်လောက်အောင် အထောက်အကူပေးနိုင်မှာပါမောင်။

ဒါပေမဲ့ သူတို့မှာ သမက်လောင်း၊ ချွေးမလောင်းတွေဟာ ဖြည့်ဆည်းပံ့ပိုးပေးစရာမလိုတဲ့ ပင်ကိုပြည့်စုံပြီးထားသူ တွေဖြစ်တယ်ဆိုတဲ့ အစဉ်အလာ ရှိနေခဲ့တယ်လေ။

ဒါကို ပန်နားလည်ထားတော့ မောင့်အလုပ်အတွက် ရှာဖွေဆောင် ရွက်ပေးဖို့ ပန့်ဆန္ဒတစ်ခုနဲ့တော့ မပြောချင်ခဲ့ဘူး။

♛♛♛♛♛

ဖေဖေတို့ မေမေတို့ဟာ ပန့် ကိုချစ်တာတစ်ခုတည်းနဲ့ အစ်ကို၊ အစ်တွေကြောင့် ဖြစ်ပေါ်တည်တံ့ခဲ့တဲ့ အစဉ်အလာကို လျစ်လျူရှုလိုက်ကြမှာပါ။

မောင်ကိုယ်တိုင်က ချစ်သူရဲ့ မိဘတွေဆီက အကူအညီလုံးဝမမျှော်မှန်း၊ မလိုချင်ခဲ့ဘူး။

မောင်က မာနကြီးတဲ့သူ။

ဒီလိုနဲ့ တစ်နှစ်ကျော်ကြာအောင် ဌာနတကာလှည့် ဟိုရုံးဝင် ဒီရုံးထွက်နဲ့ ကြိုးပမ်းအားထုတ်ပြေး နောက်ဆုံးတော့ မောင့်အခြေအစ

www.burmeseclassic.com



မောင့်အရည်အချင်းသက်သက်နဲ့ ၄၅၀ စကေးဝင် အရာရှိငယ်တစ်ယောက်အဖြစ် မန္တလေးမှာ ခန့်အပ်စာရရှိခဲ့တယ်။

အဲဒီမှာ ခက်ကြပြီပေါ့ မောင်ရယ်။

ရန်ကုန်မှာတင် ဖေဖေတို့ရှာပေးနိုင်တဲ့အလုပ်ထက် နယ်သွားရမှာကို ခုံမင်မြတ်နိုးတတ်တဲ့ မောင့်ကို ပန် အပြစ်မဆိုသင့်ပါဘူး။

မောင် ကျောင်းသားဘဝကတည်းက လိုလားတဲ့ နေထိုင်ရတာ လွတ်လပ်သလို ဆောင်ရွက်ပိုင်ခွင့်ရှိတဲ့ လုပ်ငန်းခွင်မျိုး။ ပြီးတော့ မန္တလေးဆိုတာ မောင်တို့ဇာတိချက်မြှုပ် မိတ္ထီလာနဲ့ ဘာများဝေးလို့လဲနော်။

မောင်နဲ့လက်ထပ်ပြီး မောင့်နောက်လိုက်ခဲ့လို့ မောင်လက်ကမ်းချိန်မှာ ပန့် လှမ်းဆုပ်ကိုင်လိုက်ဖို့ မဝံ့ဘူး မောင်။

သူစိမ်းပြင်ပြင် ပတ်ဝန်းကျင်တစ်ခုမှာ မောင်တစ်ယောက်ရှိရုံနဲ့ ပန် ဘယ်လိုရပ်တည်နိုင်ပါ့မလဲ။

မောင်ကရော ပန့်အနားမှာ အချိန်ပြည့်ရှိနေမှာမှမဟုတ်တာ။

ပန့်အကြောင်း မကောင်းသတင်းပြောကြမယ့် အနီးဝန်းကျင်က လူတချို့ကိုရော ဘယ်လိုဆက်ဆံရမှာလဲ။

ပန် သူရဲဘောကြောင်တယ်၊ ကိုယ့်စွမ်းကိုယ်စနည်းတယ် မောင်။

အိမ်ရှင်မအနေနဲ့ သီးခြားရပ်တည်နိုင်ဖို့ ပန်ဟာ မရဲရင့်ပါဘူး။

မိဘအိမ်ရိပ်ကနေ ဒရိုင်ဘာမောင်းတဲ့ကားကိုစီးလိုက်သွားပြီး တက္ကသိုလ်ဆိုတဲ့ အကျွမ်းဝင်ပြီးသား ဆရာ/ဆရာမတွေရဲ့လက်အောက်မှာ များသောအားဖြင့် အဆင့်အတန်းရှိ၊ ယဉ်ကျေးကြတဲ့ လူငယ်တွေကို စာသင်ရတာ ပန့်အတွက် နွေးထွေးလုံခြုံလှပါတယ်။

မောင်ကျောင်းသားဘဝ
ကတည်းက လိုလားတဲ့
နေထိုင်ရတာ
လွတ်လပ်သလို
ဆောင်ရွက်ပိုင်ခွင့်ရှိတဲ့
လုပ်ငန်းခွင်မျိုး။
ပြီးတော့
မန္တလေးဆိုတာ ......

မိဘက အစစ ပြေလည်အောင် အဆင်သင့်ဖန်တီးပေးထားတဲ့ ဘဝထဲမှာ တစ်သက်လုံး အလိုက်သင့်နေလာခဲ့ရင်း ကိုယ့်ဘာသာ လှုပ်ရှားရုန်းကန်နိုင်စွမ်း ကင်းမဲ့ခဲ့ရပါတယ် မောင်။

ပန့်ရဲ့မွေးရာပါ စိတ်ဓာတ်ကိုကလည်း အင်အားနည်းပါးလွန်းလှပါတယ် မောင်ရယ်။

မောင်ကပြောတယ်နော်။ ချစ်ရင် ဒီလောက်ကတော့ သတ္တိရှိရမယ်၊ မောင့်ကိုလည်း အားကိုးနိုင်ရမယ်တဲ့။

မောင့်ကိုအရမ်းချစ်ပါတယ်။

အားလည်းကိုးပါရဲ့။

ဒါပေမဲ့ မောင့်တစ်မျက်နှာ တစ်ရွာထင်မှတ်ဖို့ ပန် မနိုင်မာပါဘူး။

မောင် မချင့်မရဲဖြစ်ထိုက်ပါတယ်။

မိဘရင်ခွေ့အောက်က ပန် မထွက်ရဲပါဘူး။

ပန်တို့အိမ်ကြီးပေါ်ကို မောင်လာနေဖို့ ပန်တောင့်တမိပေမယ့် မောင်က ပန့်ကိုသာ ခေါ်သွားချင်တာကိုး။

ပန်စဉ်းစားဖို့ အချိန်ပေးမယ်၊ ပန့်ကိုမောင် စောင့်ပါ့မယ်လို့ နားလည်ခွင့်လွှတ်မှုအတိုင်းအတာကြီးကြီး ထားခဲ့သေးတယ်နော်။

မန္တလေးက စာလှမ်းရေးသင့်



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ကိုလည်း ခဏခဏ ဆင်းလာတွေ့ခဲ့ရှာတယ်။

ဒါပေမဲ့ မောင်ဟာ ပန့်ကို အကြီးအကျယ်စိတ်ပျက်ပြီး အရမ်းလည်းသနားတဲ့ ခံစားမှုတွေ ရောထွေးနေတဲ့ မျက်ဝန်းမျိုးတွေနဲ့ ကြည့်တတ်ပြီး ပန်တို့ကြားမှာ စကားရှားပါးခဲ့တယ်။

တဖြည်းဖြည်း စာအလာကျဲ၊ လူအရောက်နည်းခဲ့ရာက လွန်ခဲ့တဲ့ ၆ လက ပန့်ဆီကို နောက်ဆုံးအကြိမ် မောင်လာခဲ့တယ်။

ပန့်ကို စူးစူးရဲရဲကြည့်ပြီး.....

"ဒီအတိုင်းပဲနေနေဖို့ မဖြစ်ဘူး ပန်၊ ဒီတစ်ကြိမ်မှာ ပြတ်သားတဲ့ ခေါင်း ညိတ်မှုတစ်ခုပဲ မောင်လို ချင်တယ်၊ မောင့်ကို ယုံကြည်ပါ၊ ပန့်ကိုမောင် တစ်သက်လုံးစောင့် ရှောက်ကြင်နာမှာပါဆိုတာ အပ်ကြောင်းထပ်နေပေမယ့် ထပ်ပြောပါတယ်"

အဲဒီတစ်ခေါက်မှာ မောင့်မျက်ဝန်းတွေဟာ လုံးဝစိတ်ကုန်လက် လျှော့အသွင်နဲ့ နှုတ်ခမ်းတွေလည်း တင်းတင်းစေ့ခဲ့ပြီ။

စာလည်းတစ်စောင်မှရောက်မလာတော့တာ မောင့်ကို အပြစ်မတင်ထိုက်ပါဘူး။

မောင့်အဆိုးမဟုတ်ပါဘူး။

ပန့်ကို (၃)နှစ်တိတိ အချိန်ပေးစောင့်ဆိုင်းခဲ့တာကို ပန် ကျေးဇူးတင်ရဦးမှာပါ မောင်။

ပန် (၁၇)နှစ်အရွယ်က စတင်ချစ်ခဲ့ရတဲ့သူကို ပန်(၂၇)နှစ်အရွယ်အထိ လူသိရှင်ကြား သက်ဆိုင်ခွင့်ရခဲ့တာဟာ အချိန်ကာလ မနည်းလှပါဘူး။

မောင့်အချစ်၊ မောင့်သစ္စာ၊ မောင့်ဖွဲ့မျိုးဟာ ခေတ်အဆက်ဆက်မှာ သာမန်အထက် မြင့်မြတ်ရှားပါး စံတင်လောက်ပါတယ်။

ဒါပေမဲ့ မောင်ဟာ မိန်းကလေးတစ်ယောက်ကို တစ်သက်လုံးမျှော်လင့်စောင့်စားရင်း အသက်ရှင်သွားမယ့် စိတ်ကူးယဉ်ဒဏ္ဍာရီထဲက ဇာတ်လိုက်မှမဟုတ်တာပဲလေ။



အဲသလို ဖြစ်ခဲ့ရင်တောင် သဲယုပန်ဆိုတဲ့ မိန်းမဟာ မိဘရဲ့ အဝန်းအဝိုင်းထဲက ဘယ်သော အခါမှ ထွက်ဝံ့မှာမဟုတ်ပါဘူး။

ဒီတော့.....

ဖြစ်ချိန်တန်လို့ဖြ ဖြစ်တဲ့အဖြစ် တစ်ခုပါပဲ ကွယ်။

အမှန်တော့ ပန့်မှာ ဝမ်းနည်း ကြေကွဲခွင့် တောင် ရှိရဲ့လားမသိပါဘူး မောင်။

ဒါပေမဲ့ ပန်ကတော့ ပန့်ရဲ့ ကိုယ်ပိုင်အချိန်တွေမှာ နွေးထွေး ခြုံတဲ့ အိမ်ကြီးပေါ်က တိတ်ဆိတ် လွတ်လပ်တဲ့ ပန့်အခန်းထဲမှာ ဘ ကိုမှဂရုမစိုက်ဘဲ တမ်းတမ်းတ သတိရ လွမ်းဆွတ်နေမယ်။

**မောင်ချောပွင့်** (မန္တလေး)

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



# ကိုးမြင့်

# အချစ်စီရင်ချက်

## လွှမ်းရက်သဝယ်တမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com






တိုးမြင့်

**အချစ်စီရင်ချက်လွှမ်း**

**ရက်ဆယ်ကမ္ဘာ**

ကရဝိက်နန်းတော်မှာ နံနက် ၉ နာရီမှ ၁၁ နာရီအထိ မင်္ဂလာ အခမ်းအနား ကျင်းပနေပါတယ်။ နှစ်ဖက်မိဘဆွေမျိုးများ စုံစုံညီညီပါ။ အပေါင်းအသင်းမိတ်ဆွေများကိုလည်း မလွတ်တမ်းဖိတ်ကြားထားလို့ မပျက်မကွက် လာရောက်ကြပါပြီ။ မင်္ဂလာအခမ်းအနားအစီအစဉ်မှာ စနစ်တကျရှိလှပါတယ်။

အကျေးအမွေးမှာလည်း အကောင်းဆုံးပါ။ သတို့သား ကြံတိုင်းအောင်က သတို့သမီး သောင်းဆုကြည်ရဲ့လက်ကို မဖြုတ်တမ်း တွဲချိတ်ထားနေပါတယ်။ မျက်လုံးကလည်း သောင်းဆုကြည်မျက်နှာပေါ်ကမခွာ။ သောင်းဆုကြည်မှာလည်း နတ်သမီးလေးလို ချောလှနေပါတယ်။

သေးသွယ်သောခါး၊ ရှည်လျားသောအရပ်၊ ဖြူဝင်းသောအသားအရေတို့ကိုပိုင်ဆိုင်ထားတဲ့ သောင်းဆုကြည်ကား အထူအဆစ်ကောင်းလှတဲ့ ပန်းပုရုပ်လေးနဲ့လည်း တူနေပါတယ်။ အဖြူဝတ်စုံဝတ်ထားသော သတို့သမီးလေးအားကြံတိုင်းအောင်က အစက သတိမထားမိခဲ့တဲ့ အလှကို တွေ့နေရတာကြောင့် မလွတ်တမ်း လက်တွဲ၊ ခိုင်ခိုင်မြဲမြဲ ဆုပ်ကိုင်နေခြင်းလည်းဖြစ်ပါတယ်။

"သံသာကမ်းတိုင်....တူပြိုင်ကူးမယ်လေ.....ဆုထူးကို.....မောင်မယ်....."

မြန်မာ့အသံ ခေတ်ပေါ်တေးဂီတဝိုင်းမှ မင်္ဂလာစုံတွဲသီချင်းများကို တစ်ပုဒ်ပြီးတစ်ပုဒ် သီဆိုဖျော်ဖြေလျက်ပင်။ နိုင်ငံကျော် အနုပညာရှင် ဂီတသမားများပါ။ ကြံတိုင်းအောင်ဘက်မှ မိဘဆွေမျိုးများ စုံစုံလင်လင်လာပါတယ်။ အညာမှ အသိမိတ်ဆွေများလည်း လာကြပါတယ်။

"တူနှစ်ကိုယ်...တဲအိုပျက်မှာနေရ.....ရွှေဘုံပေါ်မှာစံရ.....ချစ်တာချစ်တာ...ပမာနလို့....ဆိုချင်တယ်မောင်ရယ်...အခုလည်းချစ်ရတယ် နောင်လည်းချစ်ကြပါစို့မောင်ရယ်"

သောင်းဆုကြည်ဘက်မှ မိဘဆွေမျိုးအသိုင်းအဝိုင်းကား သုံးဆမက ပိုပါတယ်။ ရန်ကုန်မြို့ခံများပါ။ စီးပွားရေးအသိုင်းအဝိုင်းမှဖြစ်ပါတယ်။ ချမ်းသာတဲ့သူ၊ ဂုဏ်ထူး၊ ရာထူးဌာနန္တရရှိသူများဖြစ်ပါတယ်။ ကရဝိက်နန်းတော်မှာ ဥတ္တရဆောင်၊ ဒက္ခိဏဆောင် နှစ်ဆောင်လုံးပြည့်သွားပါပြီ။

"မောင် ရှေ့ကိုတည့်တည့်လျှောက်မယ်လေ..မယ်လည်းတည့်တည့်လိုက်ကာ.....လျှောက်မယ် မောင်ရေ....."

စုံတွဲတေးများကား ငြိမ့်ညောင်းသာယာစွာ လွှမ်းမိုးလျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်။ သတို့သမီး၊ သတို့သား တို့က အပြုံးပန်းများ ဝေစီလျက်ရှိ နေပါတယ်။ မင်္ဂလာအခမ်းအနား ဘိသိက်သွန်းဆောင်ရွက်ပါတယ်။ ပရိသတ်များပြားတာကြောင့် ညှော် ခံကျွေးမွေးတာ အချိန်ခွဲခြား ဖိတ် ကြားထားတာပါ။ သို့တိုင်အောင် ကားပါကင်နေရာချမှု အလု အယက်ဖြစ်နေသေးတယ်။

တစ်ဖန် လူပျိုညခေါ် ညစာ စားပွဲကို ကရဝိက်နန်းတော်၊ ဒဂုံ့ဏအဆောင်မှာ ပြန် လည် ကျင်းပပါတယ်။ ချစ် ခင်သော အပေါင်း အသင်း များ ပျော်ရွှင်မဆုံးကြပါ။ သတို့သမီးမိဘများဘက်က သိန်းပေါင်းများစွာ အကုန် အကျခံ ဆောင်ရွက်ပေး ခြင်းကို သတို့သား ဘက်က ဆွေမျိုးများ ကျေးဇူးတင် မဆုံးရှိနေခဲ့ပါတယ်။

မင်္ဂလာညှော်ခံပွဲပြီးနောက် ရက်သတ္တ တစ်ပတ်အကြာ မှာ သောင်းဆုကြည်က ဟန်းနီးမွန်း သွားဖို့ ဖခင်ထံ ခွင့်တောင်းပါတယ်။ ဖခင် ရော၊ မိခင်ပါ တစ်ဦးတည်း သော ချစ်သမီးလေးကို ဝေးဝေးလံလံ ဘယ်မှ မသွားစေလိုပါ။ ရန်ကုန် မှာပဲ လည်စေချင်ကြ တယ်။

"သမီးတို့အတွက် ကား အသစ်တစ်စီးလည်း မေမေတို့ လက်ဖွဲ့ပေးထားတာပဲအေ၊ ကိုယ့် ဒေသအနီးတစ်ဝိုက်ပဲ လျှောက် လည်ကြပေါ့၊ အခုဟာက တောင် ကြီးဆိုတော့..."

"မေမေရယ် သမီးရဲ့ငယ် ငယ်တုန်းက အိပ်မက်တစ်ခုမို့လို့ ပါ၊ ဖေဖေက သမီးကိုချစ်တယ် ဆိုပြီး ပြောပြောနေ၊ မေမေခွင့်ပေး အောင်ပြောပေးဦးလေ"

နောက်ဆုံးတွင် မိခင်၊ ဖခင် တို့ကိုယ်တိုင် ရွှေညောင်ရထား အထက်တန်းတွဲလက်မှတ် စီစဉ် ပေးရတော့တယ်။ သောင်းဆု ကြည်ဟာ အခု အသက် (၂၃)နှစ် ရှိလာသည့်တိုင် မိဘနဲ့ဝေးတဲ့နေ ရာကို တစ်ခါမျှ ခွဲမသွားဘူးပါ။ ခင်ပွန်းရကာမှ စွန့်စားခန်းတစ်ခု အနေနဲ့ သွားလို ခြင်းပါ။ မီးရထား မှာ အိပ်ခန်းတွဲ မပါသော်လည်း အထူးတန်းတွဲမှာ ပျော်စရာ၊ စိတ် ဝင်စားစရာများ တွေ့ရပါတယ်။



"ကိုကိုပျော် ရဲ့လား၊ သောင်း ဆု အတွက် က အားလုံး အသစ် အဆန်းချည်း ပဲလေ"

"ပျော်တာ ပေါ့၊ ဇနီးအသစ် လေးနဲ့ပဲဟာ၊ ဆု က အခုမှ လော ကကြီးထဲ ထွက် ဘူးတာမို့ မြင် သမျှ ထူးနေတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွယ်''

ထိုင်ခုံချင်းယှဉ်ထိုင်ပြီး မောင်နဲ့မယ် ကြည်နူးလာခဲ့ကြရာ သောင်းဆုကြည်က ကြံ့တိုင်းအောင်ကို စကားအရှည်ကြီးပြောခိုင်းပါတော့တယ်။

''ဘာပြောရမှာလဲ ဆုရယ်''

''ဘာပဲဖြစ်ဖြစ် ကိုကိုပြောတာ နားထောင်မယ်''

ကြံ့တိုင်းအောင်က အတန်ကြာ စဉ်းစားပြီးမှ သူတို့နှစ်ဦး ငယ်ဘဝကစပြီး ချစ်ကြိုးသွယ်ခဲ့တဲ့အကြောင်းတွေ ပြောလို့မငြီးနိုင်ဘဲ ...းမြုံ့ပြန် ပြောဆိုပါတော့တယ်။

♛♛♛♛♛

ကြံ့တိုင်းအောင်ကို ရဲကျော်ဦးကစရာ မခံနိုင်သူ ကြံ့တိုင်းအောင်က ပြန်ပြောနေခြင်းပါ။ သောင်းဆုကြည်ဟာ မျက်နှာလေး လှသလောက် ခန္ဓာကိုယ်မှာ အဆမတန် ဝဖြိုးနေသူလေးပါ။ မော် ဒယ်လ်ခေတ်တစ်ခေတ်သို့ မရောက်သေးတဲ့ ခေတ်ကာလဖြစ် ပေမယ့်လည်း . . .

မဂ်လာတောင်ညွန့် အထက...မှာ (၉)တန်း၊ (၁၀)တန်း နှစ်...လုံး တစ်ခန်းတည်းကျောင်း...ခဲ့ကြတယ်။ ကြံ့တိုင်းအောင် (၉)တန်းဘီ၊ သောင်းဆုကြည်က...ည်း (၉)တန်းဘီဖြစ်ပါတယ်။ ...တန်းတက်တဲ့အခါမှာလည်း ...တန်းအေမှာ အတူတူပါ။ ...က(၁)ကျောင်းက သိမ်ဖြူ... ဒေါ်သိန်းတင်လမ်း၊ မြရာ...လမ်းစတဲ့ လမ်းငါးခွဆုံ မီး...ိုးမှာရှိပါတယ်။

...ကြံ့အောင် မင်း သောင်း...ည်နဲ့ ကြိုက်နေတာမဟုတ်လား၊ ငါတွေ့တယ်နော်''

''ရဲကျော်ဦး၊ ငတုံး၊ မင်းကြိုက်ပါလား၊ အဲဒါမှ မင်းပီပါပီသေမှာ''

ကြံ့တိုင်းအောင်ကို ရဲကျော်ဦးကစရာ မခံနိုင်သူ ကြံ့တိုင်းအောင်က ပြန်ပြောနေခြင်းပါ။ သောင်းဆုကြည်ဟာ မျက်နှာလေး လှသလောက် ခန္ဓာကိုယ်မှာ အဆမတန် ဝဖြိုးနေသူလေးပါ။ မော် ဒယ်လ်ခေတ်တစ်ခေတ်သို့ မရောက်သေးတဲ့ ခေတ်ကာလဖြစ်ပေမယ့်လည်း ယနေ့ ကမ္ဘာမှာ အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်းများနဲ့ သိပ္ပံပညာ၊ ကျန်းမာရေးသတင်းများ အလွန်တိုးတက်နေချိန် ဖြစ်နေပါပြီ။

ကျန်းမာရေးသုတေသနလုပ်ငန်းများ အစဉ်တစိုက် ပြုလုပ်တိုးတက်မှု ရနေတဲ့အချိန်လည်းဖြစ်ပါတယ်။ သောင်းဆုကြည် စိတ်ဝင်စားမှုမရှိ၊ ဘာမှုလည်း မလေ့လာ၊ ကျောင်းနဲ့အရပ်ထဲမှာ ချောမောလှပသူများကို အားကျရမှန်းမသိ။ ကိုယ့်ကိုယ်ကိုယ် အချိုးအဆစ်ကျအောင်၊ လှပအောင် လုပ်လိုစိတ်လည်း မရှိပါ။

ရည်းစားထားချင်တဲ့စိတ်လည်း အလျှင်းမရှိပါလေ။ ပျော်မယ်ပါးမယ်၊ စားမယ်သောက်မယ်လို့ လွတ်လွတ်လပ်လပ်နေထိုင်သူတစ်ဦးပါ။

''မင်းတို့ကို ကြည့်ရတာ တပူးတွဲတွဲ၊ ငါထင်တာ ဟုတ်မှာပါ''

''စာကိစ္စပါကွာ၊ သောင်းဆုကြည်က အဆင့်(၂)ရတယ် မဟုတ်လား၊ အင်္ဂလိပ်စာ နည်းနည်းလိုနေတာ ငါ့ကပ် မေးနေ



www.burmeseclassic.com

www.burmeseclassic.com



တာပါ၊ ငါကသူနဲ့တစ်လမ်းတည်းဆိုတော့ မင်းတို့နဲ့စာရင် ငါ့ကို တရင်းတနှီး မဟုတ်လား၊ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး၊ သောင်းဆုကြည်ကို Essay ရေးတာ၊ တွေးတာ ပြောပြတာပါ၊ တခြားဘာမှမဟုတ်ပါဘူး၊ မင်းကြိုက်ရင် ငါပြောပေးလို့ရတယ်မောင်၊ စိတ်ကူးမလွဲနဲ့၊ သူဌေးသမီးကွ၊ တစ်ဦးတည်းသောသမီး၊ ကြားလား ရဲကျော်ဦး"

စာသင်ကျောင်းအနီး မဆလာကားမှတ်တိုင်တောင်ဘက် 'ဆိမ့်'လက်ဖက်ရည်ဆိုင်မှာ စားသောက်ကြရင်း ကြံတိုင်းအောင်နဲ့ ရဲကျော်ဦးတို့ နောက်ပြောင်ပြောဆိုကြရင်း အသံကျယ်ကျယ်လောင်လောင် ရယ်မောနေကြပါတယ်။

♛♛♛♛♛

"ကြံတိုင်းအောင်၊ လာ...တက်၊ အဖေက နင့်ကိုခေါ်ချင်ခေါ်သွားတဲ့၊ လာ"

မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ ၁၀၈ လမ်းထဲကထွက်လာတဲ့ ဂျစ်ကားပေါ်က သောင်းဆုကြည်က ကားရပ်ခိုင်းပြီး ခေါ်နေခြင်းဖြစ်ပါတယ်။ ကြံတိုင်းအောင်က ခေါင်းယမ်းပြနေပါတယ်။

"နင်ကလည်း ဘာလို့လဲဟ၊ လာပါဆိုနေမှ"

"ကျေးဇူးတင်ပါတယ် သောင်းဆုကြည်၊ ငါက ကျန်းမာရေးအတွက် လမ်းလျှောက်ပြီး ကျောင်းသွားနေကျမို့ပါ"

"ကြီးကျယ်လိုက်တာ၊ မလိုက်ချင်နေ၊ မောင်း ဦးလေး"

သောင်းဆုကြည်
မျက်နှာရှုပုပ်သွားတာကို
ကြံတိုင်းအောင်
လှမ်းတွေ့လိုက်ရပါတယ်။
လမ်းထဲမှာ
သောင်းဆုကြည်က
နှစ်ထပ်တိုက်တစ်လုံးမှာ
အဖေ၊ အမေနဲ့အတူ
နေထိုင်ပါတယ်။
ကြံတိုင်းအောင်က
မနှစ်က
လမ်းထိပ်နားမှာ.....

"ငါက နင့်လို ဝက်ပုပ်မကြီး မဖြစ်ချင်လို့၊ ဘုတ်ဆုံမ"

"အောင်မာ.....သေနာက"

သောင်းဆုကြည် မျက်နှာရှုပုပ်သွားတာကို ကြံတိုင်းအောင် လှမ်းတွေ့လိုက်ရပါတယ်။ လမ်းထဲမှာ သောင်းဆုကြည်က နှစ်ထပ်တိုက်တစ်လုံးမှာ အဖေ၊ အမေနဲ့အတူ နေထိုင်ပါတယ်။ ကြံတိုင်းအောင်က မနှစ်က လမ်းထိပ်နားမှာ အိမ်ငှားအဖြစ်ရောက်လာသူဖြစ်ပါတယ်။

စာသင်ကျောင်းရောက်တဲ့အခါ သူတို့နှစ်ဦး မုန့်ဈေးတန်းမှာ တွေ့ကြပြန်တယ်။ ကြံတိုင်းအောင်က မုန့်ကျွေးဖို့ပြောတယ်၊ သောင်းဆုကြည်က နှုတ်ခမ်းစူပြပေမယ့် ခေါက်ဆွဲသုပ်တစ်ပွဲ ကြံတိုင်းအောင် ဝင်စားပါတယ်၊ ခေါင်း လောင်းထိုးတော့ သောင်းဆုကြည် ရှင်းပေးရတယ်၊ နောက်တစ်ရက် ရောက်တဲ့အခါ (၁၀၈)လမ်းထိပ်မှာ တွေ့ကြပြန်တယ်။ သောင်းဆုကြည်က ကြံတိုင်းအောင်ကို ကျောင်းအတူသွားဖို့ ကားရပ်ခေါ်သေးတယ်၊

"သောင်းဆုကြည် ငါနဲ့လိုက်ခဲ့ပါလား၊ လမ်းလျှောက်သွားမယ်လေ၊ နင့်ဂျစ်ကား ပြန်လွှတ်လိုက် ငါနဲ့လိုက်ရင် နင် ဘုတ်ဆုံနေမည် ပျောက်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဘုတ်ဆုံမလဲ၊ နင်နော် ခဏခဏ"

"တို့ကျောင်းသားယောကျ်ားလေးတွေက သောင်းဆုကြည်ကို 'ဘုတ်ဆုံမ'လို့ခေါ်တယ်၊ နင် မဟုတ်လို့လား"

"သေနာကောင်တွေ"

သောင်းဆုကြည်က ကားမောင်းသူကို မေးငေါ့ပြလိုက်ရာ ဂျစ်ကားလေးလည်း ဆောင့်ထွက်သွားတယ်။ ကြံတိုင်းအောင်က ကျောပိုးအိတ်လေးလွယ်လျက် အမြန်လျှောက်သွားပါတယ်။ ကျောင်းသွားကျောင်းပြန် လမ်းလျှောက်တဲ့အကျိုးကြောင့် ကိုယ်လက်ကြံ့ခိုင်သူတစ်ဦးဖြစ်နေတာပါ။ အရပ်မြင့်မြင့်၊ အသားလတ်လတ်နဲ့ သူ့ကို 'မင်းသားလေး'လို့ သူငယ်ချင်းတွေက ပြောနေတယ်။ နောက်နေ့ ကျောင်းသွားချိန် ကြံတိုင်းအောင် ၁၀၈ လမ်းထိပ်၊ ဦးအုန်းခိုင်လမ်းဆုံမှာ သောင်းဆုကြည်ရဲ့ ဂျစ်ကားအလာကို မသိမသာ စောင့်နေမိပါတယ်။

အချိန်တန်ပေမယ့် ဂျစ်ကားစိမ်းစိမ်းလေး ပေါ်မလာ။ သောင်းဆုကြည်တို့အိမ်ဘက်ကို လှမ်းမျှော်လို့ ကြည့်မိပြန်တယ်။ နောက်နားက ရယ်သံကြားလိုက်ရလို့ လန့်သွားတယ်။ မိန်းကလေးတစ်ဦးရဲ့ရယ်သံပါ။



"နင်ငါ့ကို ကြိုက်နေတာ မဟုတ်လား၊ ငါ့အလာကို တမင်နင်စောင့်နေတာ၊ ငါသိတယ် ကြံတိုင်းအောင်၊ ဟား.....ဟား"

သောင်းဆုကြည်က ရုတ်တရက် ပြောလိုက်တာပါ။ ရယ်လည်းရယ်နေသေးတယ်။

ကြံတိုင်းအောင် ခိုးစားတာ လူမိသလို အံ့အားလည်းသင့်၊ ရှက်လည်းရှက်မိတယ်။

"နင့်ကို ကြိုက်တာတော့ မဟုတ်ဘူး၊ နင့်ကိုစေတနာထားမိတယ်၊ ဘာလဲဆိုတော့ နင့်ရဲ့ ပင်ကိုရုပ်လေးနဲ့ ငါ့စိတ်ကူးထဲမှာ အလှနတ်သမီးလေး လုပ်ပေးချင်တာ၊ ဘုတ်ဆုံမနာမည် ပျောက်သွားအောင်လို့"

"နင့်စိတ်ကိုငါသိလို့ နင်နဲ့အတူ လမ်းလျှောက်ပြီး ကျောင်းသွားကျောင်းပြန်လုပ်ဖို့ ငါ ကားမယူခဲ့တာ၊ သိလား"

"သဘောပေါက်ပြီးသား သူငယ်ချင်း၊ သွားကြမယ်"

အမြန်နှုန်းနဲ့ လျှောက်လှမ်းကြတော့တယ်။ ကျောင်းအားလပ်ချိန်မှာ စကားများပိုလို့ ပြောဖြစ်ကြတယ်။ မုန့်စားရင်လည်း အတူတူပါပဲ။ ကျောင်းပြန်တော့လည်း အတူတူပါပဲ။ လမ်းမှာ ဆိုင်တစ်ဆိုင်ဝင်ပြီး တစ်ခုခုစားဖို့ သောင်းဆုကြည်ကပြောပေမယ့် ကြံတိုင်းအောင်က ကန့်ကွက်လေ့ရှိတယ်။

"ဟေ့ကောင် ကြံအောင်၊ မင်းက အပြောတစ်မျိုး၊ လက်တွေ့တစ်မျိုးပါလား၊ ငါ့ကိုပိုးခိုင်းဖို့ မပြောတော့ပါလား၊ ပူးပူးကပ်ကပ် ချစ်နေကြပြီပေါ့လေ"

"ရဲကျော်ဦး ခွေးကောင်၊ မင်းထင်သလို မဟုတ်ရပါဘူး၊ ငါက သူ့ကို Training ပေးနေတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ"

"ဘာ Training လဲ"

"မင်း မသိပါဘူး"

သူတို့နှစ်ယောက် လက်ဖက်ရည် မသောက်နိုင်သေးဘဲ အငြင်း အခုံဖြစ်နေကြတယ်။ ကျောင်း တက်ဖို့ မိနစ်နှစ်ဆယ်လောက်လို သေးတာကြောင့် ကြံ့တိုင်းအောင်တို့ သိမ်ဖြူကွင်းဘက် သွားနေကြတာပါ။ တင်းနစ်ကွင်းထဲလည်းဝင်သွားပြီး ကိုမှတ်ကျော်ကို သွားရှာတယ်။ ကိုမှတ်ကျော်က တင်းနစ် သမားပါ။ မတွေ့ခဲ့။

♛♛♛♛♛

ကြံ့တိုင်းအောင်က နံနက် ၅ နာရီ အိပ်ရာကထလေ့ရှိပြီး ဘောင်းဘီတို၊ ကင်းဘတ်စ်ဖိနပ်လေးစီးပြီး အပြေးလေ့ကျင့်လေ့ရှိပါတယ်။ ယနေ့နံနက်ခင်းမှာ ထုံးစံအတိုင်း အပြေးဝတ်စုံဝတ်လျက် သောင်းဆုကြည်တို့အိမ်ရှေ့ကို သွားရောက်တယ်။

"ဖေဖေ သမီး ကြံ့တိုင်းအောင်နဲ့ လမ်းလျှောက်သွားမလို့နော်"

သောင်းဆုကြည် ထွက်လာပါတယ်။ သောင်းဆုကြည်မှာ စကတ်ရှည်ရှည်၊ ကင်းဘတ်စ်နဲ့



ပါ။ ၁၀၈ လမ်းအတိုင်း ပြန်ထွက်လာကြတယ်။ ကြံ့တိုင်းအောင်အိမ်ရှေ့ရောက်တဲ့အခါ ဧည့်ခန်းထဲ ခဏဝင်လိုက်ကြတယ်။

"အားကစားမလုပ်ခင် ဝိတ်ချိန်ပြီး မှတ်ထားဖို့လိုမယ် သောင်းဆုကြည်"

ပေါင်ချိန်စက်ပေါ် တစ်ယောက်တစ်လှည့်စီ တက်ချိန်ကြတယ်။ တစ်ယောက်က ၁၃၅ ပေါင်၊ နောက်တစ်ယောက်က ၁၆၂ ပေါင်ပါ။ နှစ်ယောက်သား ကြိုတင်သဘောတူ၊ တိုင်ပင်ထားတဲ့အတိုင်း အပြေးလေ့ကျင့်ခန်း စတင်ပါပြီ။ ဦးအုန်းခိုင်လမ်းဘက် ထွက်လာပြီး အနောက်တောင်ဘက်ကို ရွရွလေး ပြေးနေကြပါတယ်။ သိမ်ဖြူလမ်းကို ရောက်လာပါတယ်။

"မပြေးနိုင်ဘူး ကြံ့တိုင်းအောင်၊ မောတယ်ဟ"

"ဟောဗျာ.....ပြေးတောင် မပြေးရသေးဘူး၊ သွေးပူပဲရှိသေး"

"မောတာမောတာပဲကွာ"

"အစဆို ဒီလိုပါပဲ၊ ကဲ... လမ်းလျှောက်တစ်လှည့်၊ ပြေးတစ်လှည့်ပေါ့ဟာ၊ သောင်းဆုကြည် အရပ်က ၅ပေ၃လက်မ၊ ပေါင် ၁၆၂ ဆိုတော့ အဝလွန် Over Weight ပေါ့"

"နင်နဲ့ပေါင်းရတာ ပြဿနာပဲဟာ၊ လာ.....ပြေးမယ်"

သိမ်ဖြူလမ်းတစ်လျှောက် သွားကြတယ်။ ကန်တော်ကြီး ပန်းကန်လုံးကျွန်းနားရောက်ပါတယ်။ အပြေးလေ့ကျင့်တယ်ဆိုသည့်တိုင် တကယ့်ပြေးနှုန်းသို့ မရောက်သေးပေ။ ရွရွလေးပြေးလိုက်၊ များများ လမ်းလျှောက်လိုက် လုပ်ရတယ်။ ဝတုတ်မလေး သောင်းဆုကြည်ကို ကြံ့တိုင်းအောင်က စည်းရုံးသိမ်းသွင်း၊ အပါခေါ်တဲ့ Training ပထမ



www.burmeseclassic.com

www.burmeseclassic.com

ရက်ဖြစ်တာကြောင့်ပင်ဖြစ်၏။ ဦးအုန်းခိုင်လမ်း၊ (EK) လက်ဖက်ရည်ဆိုင်ရောက်မှ ဝင်ထိုင်နားလိုက်ကြတယ်။ သောင်းဆုကြည်မှာ တော်တော်မောဟိုက်သွားရှာလေတယ်။

"ဦးလေး သမီးတို့ ထုံးစံအတိုင်း စမူဆာ၊ ကော်ပြန့်ကြော်၊ အုန်းနို့ခေါက်ဆွဲ၊ ဝမ်းတီးချိုဆိမ့်၊ ကြံတိုင်းအောင် နင်ကြိုက်တာမှာ၊ နင့်ကို သင်တန်းနည်းပြအဖြစ် ဆရာတင်လိုက်ပြီ၊ နင်စားချင်တာစား၊ ငါဒကာ"

သောင်းဆုကြည်က သွက်သက်ချက်ချာ ရွှင်လန်းသောမျက်နှာလေးဖြစ်လာပြီး ပြောဆိုနေပါတယ်။ ကြံတိုင်းအောင်က ဆိုင်ရှင်ကို လက်ကာပြပြီး သောင်းဆုကြည်ကို ပြောပြနေပါတယ်။

"သောင်းဆုကြည် အခု နင်စားနေကျ အစားအစာတွေအားလုံး ရပ်တန်းကရပ်ရမယ်၊ ဦးလေးကော်ပြန့်စိမ်းတစ်ခုစီနဲ့ နွားနို့ပူပူလေး တစ်ခွက်စီလုပ်ပေးပါ"

"ကြံတိုင်းအောင် ငါက နင့်သူငယ်ချင်းနော်၊ နင့်မိန်းမရမှ ဟိုဟာမစားရဘူး၊ ဒီဟာမစားရဘူးလို့ ပညတ်၊ ငါတော့ အစားအစာကို လွတ်လွတ်လပ်လပ်စားမယ်ဟာ"

ရန်တွေ့နေတာပါ။ ကြံတိုင်းအောင်က စိတ်ကောက်နေတဲ့ သောင်းဆုကြည်လက်ဖျားကို ဖွဖွလေးကိုင်လိုက်တယ်။ ချိုချိုသာသာ ချော့မော့ပြောဆိုနေရပါတော့တယ်။

"သူငယ်ချင်းရယ် နင့်ကို ငါယူမယ့်မိန်းမထက် ချစ်လို့ပါ၊ အရာရာကို ဆရာလုပ်တာမဟုတ်ပါဘူး၊ အချို၊ အဆီအဆိမ့်တွေ နင်စားလာလို့ ဝနေတာ၊ ငါးရုံ့ကိုယ်လုံးလေးဖြစ်ဖို့ အဲဒါတွေရှောင်ရမယ်၊ အဲဒါတွေစားဖန်များရင် ဝရုံသာမကဘူး၊ အန္တရာယ်၊ ရောဂါတွေဝင်မယ်၊ အသက်တိုမယ်၊ ငါက နင့်ပင်ကိုအလှကို ပြန်ရအောင်လုပ်မှာ၊ စိတ်မကောက်နဲ့တော့ သူငယ်ချင်းရယ်"

သူငယ်ချင်းရယ်နင့်ကိုငါယူမယ့်
မိန်းမထက်ချစ်လို့ပါ၊ အရာရာကိုဆရာလုပ်တာမဟုတ်ပါဘူး၊
အချို၊ အဆီအဆိမ့်တွေနင်စားလာလို့ဝနေတာ၊
ငါးရုံ့ကိုယ်လုံးလေးဖြစ်ဖို့အဲဒါတွေရှောင်ရမယ်၊
အဲဒါတွေစားဖန်များရင်ဝရုံသာမကဘူး . . .

သောင်းဆုကြည် နားဝင်လာပါတယ်။ ကြံတိုင်းအောင်စကားက သူ့အတွက်ပြောနေတာကို သူသဘောပေါက်လာပါပြီ။ နောက်နေ့များမှာ သောင်းဆုကြည်ဟာ အပြင်အစားအစာကိုရော၊ အိမ်မှာမိသားစု စားပုံသောက်ပုံကိုပါ ပြောင်းလဲပစ်လိုက်ပါတယ်။

အဆီများတဲ့ ဝက်သား၊ အမဲသားကဲ့သို့ အသားများအစား ငါး၊ ပုစွန်များကို ပြောင်းလဲချက်ပါတော့တယ်။ အသီးအနှံ၊ ဟင်းသီးဟင်းရွက်များကို မဲတင်းလို့စားသောက်ပါတော့တယ်။

♛♛♛♛♛

တနင်္ဂနွေကျောင်းပိတ်ရက်ပါ။ ကြံတိုင်းအောင်နဲ့ သောင်းဆုကြည်တို့ ကန်တော်ကြီးပတ် အပြေးလေ့ကျင့်ဖြစ်ပါတယ်။ စတင်လေ့ကျင့်တဲ့ရက်မှ ယနေ့တိုင် လေ့ကျင့်မှု ပျက်ကွက်တာ မရှိသေး။

www.burmeseclassic.com

ကျောင်းပိတ်ရက်ဖြစ်လို့ အထူးတလည် ပြေးကြတာပါ။ ဦးထောင်ဗိုလ်လမ်းအတိုင်း လိုက်သွားကာ ရွှေတိဂုံစေတီတော်ကြီးအား တောင်ဘက်မုခ်အနီးက ကန်တော့ပြီး ပြန်လာကြတယ်။

ကန်တော်ကြီးပတ်လမ်းကို ပြန်ဝင်တယ်။ တင့်ကားကုန်းမှာ အကြော်လျှော့လေ့ကျင့်ခန်းလုပ်ရင်း အမောဖြေကြတာပါ။ ဆယ်မိနစ်ကြာပြီး အပြန်မှာ သိမ်ဖြူလမ်း၊ တင်းနစ်ကွင်းထဲ ဝင်ကြတယ်။

"ညီလေးကြံတိုင်းအောင်တို့ပါလား၊ အရင်ငါ့ကိုလာမေးတယ်ဆို၊ လာကြ"

"အစ်ကိုမှတ်ကျော်ဆီလာတာ ဟုတ်ပါတယ်၊ သူက ကျွန်တော်နဲ့ ကျောင်းနေဖက်သူငယ်ချင်း သောင်းဆုကြည်"

"အေးပါ၊ ငါသိပါတယ်၊ မင်းတို့ တင်းနစ်ကစားနည်း သင်ခိုင်းမလို့မဟုတ်လား"

"အစ်ကိုမှတ်ကျော် ဘယ်လိုလုပ်သိနေတာလဲ"

"ဘာဆန်းလို့လဲ၊ တင်းနစ်ကွင်းလာတယ်ဆိုတော့ ဒါပဲဖြစ်မှာပေါ့၊ ကဲ.....အခုအိမ်ပြန်၊ မြို့ထဲ ဗိုလ်ချုပ်လမ်းမှာ အားကစားဆိုင်ရှိတယ်၊ မင်းတို့နှစ်ယောက်လုံးသွားကြ၊ ကိုယ်နဲ့တော်တဲ့ဖိနပ်ဝယ်၊ ဘောင်းဘီဝယ်၊ ဟုတ်လား"

"သမီးတို့ ဘယ်တော့တင်းနစ်ရိုက်ရမလဲ"

"ညနေ ၃ နာရီမထိုးမီလေ့ကျင့်ရမယ်၊ ညနေပိုင်းမှာ တင်းနစ်ပြိုင်ပွဲတွေရှိတော့ နေ့ခင်းစောစောဆင်းရမယ်၊ ရာသီဥတု အေးပါတယ်၊ ထမင်းလျှော့စားပြီး လာခဲ့ကြ၊ Racket ကို ငါလုပ်ပေးမယ်"

"ဖေဖေ့ရဲ့ Racket တွေယူလာလို့ဖြစ်လား အစ်ကိုမှတ်ကျော်"

သောင်းဆုကြည်ပြောတာကို ကိုမှတ်ကျော်က ခေါင်းညိတ်ပြပါတယ်။ အိမ်ပြန်လာကြတော့ အီးကေ လက်ဖက်ရည်ဆိုင်က အစား အသောက်များ အိတ်ဆွဲဝယ်လာပါတယ်။ ကြံတိုင်းအောင်အိမ်ကို ဝင်ပါတယ်။ ပေါင်ချိန်ကို ကိုယ်စီချိန်ကြရာ သောင်းဆုကြည်မှာ အထင်နဲ့အမြင် လွဲသွားပါတယ်။ သူထင်ထားသလို ပေါင်ချိန်မကျပါ။ (၂)ပေါင်သာကျတာ တွေ့ရတယ်။ ကြံတိုင်းအောင်က ဒီလိုပါပဲလို့ ဖျောင်းဖျပြောဆိုတယ်။ပြီးမှ မုန့်စားကြတယ်။

"အကြောင်းမထူးတာမဟုတ်ဘူး၊ အကြောင်းထူးလာတာ သူငယ်ချင်း၊ (၂)ပေါင်ကျတယ်ဆိုတာ တိုးတက်မှုပဲ၊ Weight ချတဲ့နေရာမှာ မာရသွန်ပြေးသလိုမျိုး လုပ်ရမယ်၊ မီတာ ၁၀၀ ပြေးသလို မရဘူး၊ မှန်မှန်နဲ့ ထိရောက်တာမျိုးကို လုပ်ရမယ်၊ ငါ့ဘဝမှာလည်း အောင်မြင်ဖို့ကို ငါမှန်မှန်ကြိုးစားသွားမှာပဲ၊ သောင်းဆုကြည် နှင်းနတ်သမီးလေးလို၊ ပန်းပုရုပ်လေးလိုဖြစ်လာအောင် ငါတာဝန်ယူတယ်၊ လက်မှတ်ထိုးထားရမလား"

သောင်းဆုကြည်က မျက်စောင်းတစ်ချက်ထိုးပြီး အိမ်ပြန်သွားပါတယ်။ ရေမိုးချိုး၊ အဝတ်အစားလဲပြီး ဂျစ်ကားနဲ့ ပြန်ထွက်လာတယ်။ ကြံတိုင်းအောင်အိမ်ရှေ့ ကားထိုးရပ်ပြီး လှမ်းခေါ်ပါတယ်။ သောင်းဆုကြည် နောက်ခန်းမှာထိုင်လိုက်လာပြီး ကြံတိုင်းအောင်ကို ရှေ့ခန်း ယာဉ်မောင်းဘေးမှာ ထိုင်စေတာပါ။ ဘူတာကြီးရှေ့က ဆူးလေဘုရားလမ်း၊ အနော်ရထာလမ်း၊ ရွှေတိဂုံဘုရားလမ်းအတိုင်း ပတ်မောင်းလာပြီး ဗိုလ်ချုပ်အောင်ဆန်းလမ်းကို ရောက်ပါတယ်။ အားကစားပစ္စည်းဆိုင်၊ အားကစားဝတ်စုံဆိုင်တွေ တွေ့ရပါတယ်။

"ကြံတိုင်းအောင် ကြည့်လုပ်ဟာ၊ အားကစားဘောင်းဘီ ငါမဝယ်တတ်ဘူး၊ ပြီးတော့ ဝတ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဖို့ ငါရှက်တယ်၊ ပြဿနာပါကွာ''

''ခါးနဲ့တိုင်းဝယ်၊ အဝတ်လဲတဲ့အခန်းက လုပ်မထားဘူး၊ ပြောင်ရင်တော့ ပြန်လဲရမယ်၊ ငါတော့ ပိုက်ဆံမပါဘူး၊ ဝတ်နေကျအဟောင်းပဲယူလာတယ်''

''ဖေဖေက ကြံတိုင်းအောင်အတွက် ယူသွားဆိုပြီး ပေးလိုက်တယ်၊ နင်က ငါ့ကို အားနာတဲ့အပြောအဆိုတွေ ငါနားမလည်ဘူးနော်၊ ဖေဖေကလည်း နင့်အကျင့်စရိုက်ကို စုံစမ်းပြီးမှ ခေါ်ပြောတာဘာ၊ သူငယ်ချင်းလိုတောင်သဘောမထားနဲ့တော့''

ကြံတိုင်းအောင်က ပြုံးဖြဲဖြဲနဲ့ သောင်းဆုကြည်ကို စိုက်ကြည့်လိုက်၊ မျက်နှာလွှဲလိုက်နဲ့ စကားပြောနေပြန်ပါတယ်။

''သူငယ်ချင်းလို သဘောထားရရင် ငါကဘယ်လို.....''

''သေနာ..မယားလိုသဘောထားဖို့ ပြောတာမဟုတ်ဘူး၊ မောင်နှမလိုဟ့်၊ နင် အခွင့်အရေးမပိုချင်နဲ့''

''သိပေါင်ဟာ၊ ငါက နင်ပြောသလို.....''

''နင်နော်''

သောင်းဆုကြည်က လက်သီးနဲ့ ခါးကိုတစ်ချက်ထိုးလိုက်တယ်၊ ပြီးတော့ ပြိုင်တူရယ်လိုက်ကြတယ်။ ကြံတိုင်းအောင်ဟာ တောက်ပကြည်လင် ရွှန်းလက်နေတဲ့ သောင်းဆုကြည်ရဲ့ မျက်လုံးလေးတွေနဲ့ ဘယ်ဘက်ပါးက ပါးချိုင့်လေး၊ မေးဖျားက မှဲ့လေးတို့ကို ပထမဆုံးအကြိမ် သတိထားမိလိုက်တယ်။

♛♛♛♛♛

ကိုမှတ်ကျော်ကတစ်ဖက်၊ ကြံတိုင်းအောင်၊ သောင်းဆုကြည်တို့ကတစ်ဖက် တင်းနစ်ကစားလေ့ကျင့်လေ့ရှိပါတယ်။ ကိုမှတ်ကျော်က ကြံတိုင်းအောင်ဆီကို ဘောလုံးအကြိမ်များများရောက်အောင် ပို့ရိုက်နေပြီး သောင်းဆုကြည်ဆီကိုတော့ ခပ်ကျဲကျဲ ဘောလုံးရောက်စေပါတယ်။ ရောက်လာတဲ့ တင်းနစ်ဘောလုံးကို အချိန်အဆမှန်မှန်ရိုက်နိုင်အောင်လို့ သောင်းဆုကြည်ရော၊ ကြံတိုင်းအောင်ပါ တစ်ပတ်၊ ဆယ်ရက်လောက် လေ့ကျင့်ခဲ့ရပါတယ်။ ကိုမှတ်ကျော်အလောတော်ပို့လိုက်တဲ့ ဘောလုံးကို 'ထင်'ခနဲမြည်အောင် ပြန်ရိုက်မိရင် သောင်းဆုကြည် ကျေနပ်နေမိပါတယ်။

စနေ၊ တနင်္ဂနွေတိုင်း တင်းနစ်ကစားဖြစ်ကြတယ်။ တနင်္လာမှ သောကြာနေ့ထိ သောင်းဆုကြည်တို့နှစ်ယောက် ကန်တော်ကြီး ပတ်လမ်းအတိုင်း ပြေးနေကျပါ။ (၁၀) တန်းကျောင်းသားများဖြစ်တာမို့ တစ်ဖက်မှ အားကစားလုပ်သော်လည်း တစ်ဖက်တွင် စာကိုကြိုးစားရပါတယ်။ ညစဉ် ၁၁ နာရီအထိ စာကျက်ပါတယ်။ အားကစားလုပ်ချိန် လျော့နည်းသွားတတ်လည်း စာကျက်ချိန်ကိုမူ အပြည့်အဝပါ။

အပျက်အကွက်မခံနိုင်ပါ။ ဆရာမက အချိန်ပိုခေါ်ရင်လည်း မလွတ်တမ်း တက်ရောက်ရပါသေးတယ်။ ဘုရင့်နောင်ပွဲရုံတစ်ခုမှာ တည်ထောင်ဦးစီးလုပ်ကိုင်နေသူ သောင်းဆုကြည်ရဲ့ဖခင်က သမီးပညာရေးကို အထူးတလည် ဂရုပြုပါတယ်။ အိမ်တိုင်ရာရောက် Guide ဆရာမတစ်ယောက်ကို အတန်းတိုင်းခေါ်ပေးခဲ့တယ်။ သောင်းဆုကြည်က အတန်းထဲမှာ အဆင့်ကောင်းကောင်း ရပ်တည်နေတာပါ။

ကြံတိုင်းအောင်ကတော့ ကျူရှင်ကို တက်ရောက်ခြင်းမရှိပါ။ သို့ပေမယ့် စာနဲ့ပတ်သက်လို့ အာရုံစိုက်မှု ပြင်းထန်တတ်သူပါ။ ဘာသာရပ်အလိုက် ဆရာ၊ ဆရာမများကို ချစ်ခင်ရင်းနှီးအောင် နေတတ်ပါတယ်။ စာမမေးဘူးတဲ့ ဆရာ၊ ဆရာမ မရှိတော့ပါ။ သူ

www.burmeseclassic.com

တို့နှစ်ယောက်က လူတော်ကျောင်းသားဆိုတာ စွယ်စုံသိ၊ ဘက်စုံတော်သူဖြစ်ရမယ်လို့ ယုံကြည်ထားတာပါ။

အားကစားကွင်းမှအပြန်တိုင်း 'သိမ်ဖြူကဖီး'မှာ သောင်းဆုကြည်က ညှော်ခံနေကျပါ။ ကြက်ဥ၊ ပေါင်မုန့်၊ နွားနို့ စားလေ့စားထဖြစ်အောင် ကိုမှတ်ကျော်က ပြောပြထားပါတယ်။

“အစ်ကိုမှတ်ကျော်ပြောတာမှန်တယ်၊ အားကစားသမားတွေကစားပြီးရင် အားပြန်ဖြည့်ရတယ်၊ သောင်းဆုကြည်က ကိုယ်အလေးချိန်ချတဲ့ စီမံချက်မို့ ကုန်သွားတဲ့ကယ်လိုရီပြည့်အောင် မစားရဘူး၊ ဝိတ်ချတယ်ဆိုတာ ဒီကယ်လိုရီကို ချပေးတာပဲဟာ”

လက်ဖက်ရည်ဆိုင်မှာ သောင်းဆုကြည်ရဲ့မျက်စောင်းက ကြံတိုင်းအောင်အပေါ် ကျလာပြန်ပါတယ်။

“အစ်ကိုမှတ်ကျော်၊ အစ်ကို့ညီက သမီးကို ဘာမစားရဘူး၊ ညာမစားရဘူးလို့ ကွပ်ညှပ်ထားတာ၊ သမီးတို့မိသားစု ခြေလေးချောင်းမစားရဘူး၊ လက်ဖက်ရည်အချိုလည်းမသောက်ရ၊ ဆီကနှမ်းဆီတဲ့”

“သောင်းဆုကြည် ကိုယ်လက်ပေါ့ပါးချင်ရင် အဆီဓာတ်တွေ လျှော့ရမယ်”

ညီအစ်ကိုနှစ်ယောက်က တစ်လေတည်းဆိုတဲ့အကြည့်နဲ့ သောင်းဆုကြည် ကြည့်လိုက်တဲ့အချိန် ကြံတိုင်းအောင်ကလည်း ငါပြောတာအမှန်ပဲဆိုတဲ့ ဆရာကြီးပုံစံနဲ့ ပြန်ကြည့်လိုက်ပါတယ်။ သောင်းဆုကြည် ပြောမယ့်သာ ပြောတာပါ။ အားကစားလေ့ကျင့်ချိန် တစ်လအကြာမှာ သူ့ပေါင်ချိန် ၁၆၂ မှ ၁၅၆ ပေါင်ကို လျှော့ကျသွားတာကို ပြန်သတိရပြီး ကြံတိုင်းအောင် ပြောဆိုလုပ်ကိုင်တာ စိတ်ထဲက ထောက်ခံပြီးသားပါ။

၆ ပေါင်ကျသွားတဲ့ သောင်းဆုကြည်ရဲ့မျက်နှာဖောင်းဖောင်းလေးဟာ သွယ်တဲ့ဘက်ကို စတင်ပြောင်းလဲလာပါတယ်။ ကျပ်နေတဲ့ အင်္ကျီတွေ ချောင်လာတာ သတိပြုမိပါတယ်။ ကြံတိုင်းအောင် ပြောသလို အလှဆုံးဖြစ်လာအောင် ဆက်လက်လုပ်ဆောင်ဖို့ သောင်းဆုကြည်စိတ်မှာ ခိုင်မြဲနေပါပြီ။

အားကစားကွင်း အသွားအပြန်မှာ သောင်းဆုကြည်တို့ လမ်းပဲလျှောက်ဖြစ်ကြတယ်။ လမ်းမှာ သူတို့နှစ်ယောက် စကားများဖောင်ဖွဲ့ ပြောဆိုနေကြတာပါ။ ပြောစရာ စကားတွေကလည်း ပြောမဆုံးပေါင် တောသုံးထောင်ပါ။

“ငါက ဘယ်နှပေါင်အထိ ဝိတ်ချရမှာလဲ ကြံတိုင်းအောင်”

“သောင်းဆုကြည်ရဲ့အရပ်က ၅ ပေ ၃ လက်မဆိုတော့ ရှိသင့်တဲ့ ကိုယ်အလေးချိန်က ပေါင် ၁၂၀ ပဲ”

“ဟာ.....နင့်ဟာက မမိုက်ပါဘူး၊ တရားလွန်ရောပဲ၊ ငါရော လမ်းဆုံးထိ ရောက်နိုင်ပါ့မလား”

“တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ သူငယ်ချင်း”

သောင်းဆုကြည်ရဲ့ ဘယ်ဘက်လက်မောင်းကို တင်းတင်းဆုပ်ကိုင်ပြီး ကြံတိုင်းအောင်က အားပေးစကား ပြောဆိုနေပါတယ်။

♛♛♛♛♛

သောင်းဆုကြည်ရဲ့မိဘများဟာ ဧရာဝတီတိုင်း(ယခုဧရာဝတီတိုင်းဒေသကြီး)ဇာတိပါ။ ပွဲရုံလုပ်ငန်းလုပ်တာကြောင့် ရန်ကုန်မှာ အခြေချနေထိုင်ကြပါတယ်။ သမီးတစ်ယောက်ပဲ ထွန်းကားပါတယ်။ ကြီးမားတဲ့ စီးပွားရေးလုပ်ငန်းဖြစ်လို့ အလုပ်သမား၊ ယာဉ်မောင်းများ ခန့်ထားရပါတယ်။

သမီးလေးကို အရိပ်တကြည့်ကြည့်နဲ့ ပညာတတ်တစ်ယောက်

www.burmeseclassic.com



ဖြစ်အောင် မိဘများက စီမံကွပ်ကဲပါတယ်။ စည်းကမ်းရှိပေမယ့် အလိုလိုက်တာက ပိုပါတယ်။ ဆယ်တန်းစာမေးပွဲ အောင်စာရင်း ထွက်တဲ့နေ့က ဘုရင့်နောင်ပွဲရုံ အနီး Sun စားသောက်ဆိုင်မှာ သမီးကို ဂုဏ်ပြု မိသားစုနေ့လယ်စာ ကျွေးမွေးပါတယ်။ သောင်းဆုကြည်ရဲ့ဆန္ဒအရ ကြံ့တိုင်းအောင်က ပါမြဲပါ။

"သမီးသူငယ်ချင်းက ဂုဏ်ယူပါသလား"

"ဟုတ်ကဲ့၊ ကျွန်တော် လေးစားပါပါတယ်"

"ဟုတ်လား၊ မင်းက သမီးနဲ့ကျောင်း တစ်ခုမှာ့သေးတာပဲ"

သောင်းဆုကြည်အမေက ပြုံးနေခြင်းပါ။ အမေကလည်း ပြုံးလို့ ကြံ့တိုင်းအောင်ကို ကြည့်နေပါတယ်။ သမီးသူငယ်ချင်းက တော်သားပဲလို့ ဂုဏ်ယူကြည့်နေတာပါ။

"သူငယ်လေး မင်းကြိုက်တာစားနော်၊ မင်းသူငယ်ချင်းကို ဂုဏ်ပြုကျွေးတာဆိုတော့ မင်းကိုပါ ဂုဏ်ပြုတာပဲနော်၊ မောင်ကြံ့တိုင်းအောင်က သမီးကို ကိုယ်ရည်စစ် အောင် အားကစားလက်တွဲခေါ် တာကို ကျေးဇူးတင်စကားလည်း ပြောဦးမယ်"

"ဟုတ်ကဲ့ပါ အန်တီ၊ သောင်းဆုကြည်နဲ့က တစ်တန်းတည်းသား သူငယ်ချင်းတွေမို့ပါ"

သောင်းဆုကြည်က ကြံ့တိုင်းအောင်ကြိုက်တဲ့ဘဲကင်ကို ပါအောင်မှာယူပါတယ်။

သောင်းဆုကြည့်အဖေက တိုက်ဂါးဘီယာသောက်ဖို့ပြောပေမယ့် ကြံ့တိုင်းအောင်က မကြိုက်လို့ မသောက်ပါ။ သောင်းဆုကြည် တစ်ခါသာကျွေးဘူးတဲ့ ဘဲကင်ကို ခုံခုံမင်မင် စားသောက်နေပါတယ်။

"သမီးက မောင်ကြံ့တိုင်းအောင်အကြောင်း အန်တီ့ကို ခဏခဏပြောနေတာ၊ ပြီးတော့ စစ်ကိုင်းသားဆို၊ အခု စာမေးပွဲအောင်ပြီ၊ တက္ကသိုလ်ဆက်တက်မှာပဲမဟုတ်လား"

"ကျွန်တော် အညာပြန်ပြီး မိသားစုနဲ့ တိုင်ပင်ရဦးမှာ၊ အရင်ကတော့ စာပေးစာယူတက်မလားလို့ စဉ်းစားထားဘူးပါတယ်၊ ရန်ကုန်မှာ ကျောင်းလာနေရတဲ့ စရိတ်က မနည်းဘူးမဟုတ်လား"

"လိုတာပြောပေါ့ မောင်ကြံ့တိုင်းအောင်၊ ဆုံစည်းရတာ ကုသိုလ်တစ်ခုပဲလေ"

သောင်းဆုကြည်အမေရော၊ အဖေပါ ပြောဆိုနေကြတာပါ။ နေ့လယ်စာ စားသောက်ပွဲမှာ အချိန်တော်တော်ပေးလိုက်ကြပါတယ်။

ပျော်ရွှင်စရာပွဲလေးတစ်ခုဖြစ်ခဲ့ပါတယ်။ သောင်းဆုကြည်တို့ရဲ့ 'သမ္မာဇီ'ပွဲရုံကို သွားရောက်ကြတယ်။

ကြံ့တိုင်းအောင် လေ့လာနေမိပါတယ်။ ဧရာဝတီတိုင်း(ယခု ဧရာဝတီတိုင်းဒေသကြီး)မှ ထွက်တဲ့ ဆန်၊ ဆား၊ ငါးပိနဲ့ငါးခြောက်၊ ပုစွန်ခြောက် စုံလင်လှတာကိုး။ ကြီးကျယ်တာပဲ။ အလုပ်သမားများ ပြည့်ပြည့်စုံစုံပါ။ ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်နေတာ တွေ့ရပါပြီ။

ဒါကြောင့်မို့ သောင်းဆုကြည်တို့မိဘတွေ ချမ်းသာတာပဲလို့ ကြံ့တိုင်းအောင် အောက်မေ့ပါတယ်။ စနစ်တကျ၊ ပုံစံကျကျ လုပ်ဆောင်ခြင်းဟာ အောင်မြင်ခြင်းရလဒ် ရနိုင်ပေတာပဲ။ ကြံ့တိုင်းအောင်ရဲ့ အာရုံစေတသိက်မှာ စီးပွားရေးအစီအမံအိပ်မက်များ ကိန်းအောင်းသွားပြီလေ။

"ဖေဖေ သမီးတို့ပြန်ကြစို့၊ ညနေ သူငယ်ချင်းတွေ အိမ်ကိုလာဦးမှာ"

ဂျစ်ကားလေးနဲ့ မင်္ဂလာတောင်ညွန့်၊ ၁၈ လမ်းသို့ ပြန်လာကြတယ်။ ကြံ့တိုင်းအောင်ရဲ့ အိမ်မှာ ရဲကျော်ဦးတို့ ကျောင်းသားသုံးယောက် ရောက်နေကြပါပြီ တယ်။ ဂီတာတစ်လက်တီးနေ

www.burmeseclassic.com



စောင့်နေကြတာပါ။ သူတို့ပြန်ရောက်လာတာမို့ ညာသံပေးလို့ ကြိုဆိုကြပါတယ်။ ကြံတိုင်းအောင်နဲ့ သောင်းဆုကြည်တို့ ကားပေါ်မှ ဆင်းကျန်ခဲ့ကြတယ်။

ကြံတိုင်းအောင်ရဲ့ အတူနေအစ်ကိုကြီးက ကော်ဖီတိုက်ပြီး ဧည့်ခံပေးထားတာ တွေ့ရပါတယ်။ ရဲကျော်ဦးက စိုင်းထီးဆိုင်သီချင်း တစ်ပုဒ်ကို အားပါးတရ သီဆိုပြန်ပါတယ်။ အောင်ချက်ထွက်တဲ့ အခါ (က)စာရင်းက အောင်သူမှာ လွန်စွာနည်းပါးနေတယ်လို့ ဆိုပါတယ်။

အခုအောင်တဲ့သူတွေက စုတွေ့၊ စုပျော်ကြသလို စာမေးပွဲကျတဲ့ သူငယ်ချင်းတွေကလည်း စုပြီး သွားလာတတ်ကြတာ တွေ့ရပါတယ်။ သောင်းဆုကြည်က သူကိုယ်တိုင် ငွေအများဆုံးထည့်ကာ သူငယ်ချင်းတွေဆီက ကောက်ခံပါတယ်။ အချို့ပါမလာပါ။

ကရဝိက်သို့သွားရန်သဘော တူကြတယ်။ အလယ်ကျွန်း ကံ့ကော်ပင်အောက်မှာ နေရာယူကြပါတယ်။ မအူကုန်းထိပ်ဘက် တစ်ယောက်သွားပြီး ခေါက်ဆွဲကြော် ဝယ်ပါတယ်။ ပျော်ပျော်ပါးပါး စားသောက်ကြချိန် ဘီယာအစီအစဉ်များလည်း ကြားညှပ်ပါနေတာ တွေ့ရတယ်။ ယောကျ်ားလေး၊ မိန်းကလေးများ မကြုံစဖူး ပျော်နေကြပြီ။ စာမေးပွဲအောင်သူများ ပိုမိုချစ်ခင်နေကြတော့တယ်။ ပျော်စရာပွဲလေးပါ။

"ဟိတ်ကောင် ကြံအောင်၊ သောင်းဆုကြည် စာတွေအရမ်း ကျက်လို့ထင်တယ်၊ ပိန်သွားတယ် နော်၊ အစက ဒီလောက်လှမှန်း မသိဘူးကွ၊ မင်းနဲ့ရင်းနှီးတော့ မင်းပြောထားတဲ့အတိုင်း ငါ့ကို ပြောပေးမယ်မဟုတ်လား"

ရဲကျော်ဦးက ကြံတိုင်းအောင် နားကပ်ပြီး ပြောပါတယ်။ တိုးတိုး ပြောတာတော့ မဟုတ်ပါ။ သောင်း ဆုကြည်တော့ ကြားဟန်မတူ။ သူ တို့မိန်းကလေးဝိုင်းမှာလည်း ပြော သံဆိုသံတွေနဲ့ ဆူညံနေတာ မဟုတ်လား။ ဝမ်းသာပီတိစကား များပြောဆိုဆူညံနေတဲ့ကြားက ရဲကျော်ဦး နောက်ပြောင်ပြော ဆိုတဲ့စကားက ကြံတိုင်းအောင်ရဲ့ စိတ်ဘဝင်ကို ရိုက်ခတ်သွားပါ တယ်။ ရင်ထဲမှာ အေးခနဲ၊ စိမ့်ခ နဲ ဖြစ်သွားပါလား။ ဟိုအရင်က နောက်နေကျစကားဖြစ်ပေမယ့် အခုထူးခြားနေပါလား။ ဘယ်လို ဖြစ်တာလဲ။ ကြံတိုင်းအောင်ဟာ ရဲကျော်ဦးကို ပြန်စကားမပြော နိုင်ဘဲ သူ့ဘာသာသူ အပြေး အလွှား စဉ်းစားနေမိတယ်။

သောင်းဆုကြည် ကိုယ် အလေးချိန် သင့်ရုံလေးကျသွား သော်လည်း ပင်ကိုအလှမှာ မြင် သာနေပါပကောလား။ ဘုတ်ဆုံ နာမည်ကဖြင့် မပျောက်နိုင်သေးပါ ကြံတိုင်းအောင်စိတ်ထဲမှာ ရဲကျော် ဦး နောက်ပြောင်နေတာကို မခံချင် တဲ့စိတ် ပေါ်နေသလား၊ ဒါမှ မဟုတ် သောင်းဆုကြည်ကို ကြံ တိုင်းအောင် ရင်ခုန်စပြုနေပြီလား။ သူတို့နှစ်ယောက်နားကို သောင်း ဆုကြည် ရောက်လာပါတယ်။ သူတို့ပြောတာ ကြားလို့လာတာ မဟုတ်ပါ။ ရေခဲမုန့်နှစ်ခု ယူ လာကျွေးတာပါ။ ရယ်နေတဲ့ သူ တို့နှစ်ယောက်ကိုတွေ့တော့ ဘယ် ညာ လက်တစ်ဖက်စီနဲ့ နှစ် ယောက်စလုံးကို လက်သီးနဲ့ ထိုး သွားပါတယ်။

"ဘုတ်ဆုံမ"လို့ ရဲကျော်ဦးနဲ့ ကြံတိုင်းအောင်တို့ ပြိုင်တူအော် လိုက်ကြတယ်။

♛♛♛♛♛

သောင်းဆုကြည်ရဲ့ဖခင် အကြံပေးတာကြောင့် သောင်းဆု ကြည်ရော၊ ကြံတိုင်းအောင်ပါ စီး ပွားရေးတက္ကသိုလ်သို့ တက် ရောက်ဖြစ်ကြပါပြီ။ သောင်းဆု ကြည်က ဖခင်ကို ဆွေးနွေးရာ သူငယ်ချင်း ကြံတိုင်းအောင်ကို

www.burmeseclassic.com



ကားမောင်းသင်ပေးခွင့်ရပါတယ်။ ကာလအတိုင်းအတာတစ်ခု ကုန်ဆုံးတဲ့အခါ ယာဉ်မောင်းဦးလေးကိုမခေါ်တော့ဘဲ ကြံတိုင်းအောင်က ဂျစ်ကားမောင်းလို့ သောင်းဆုကြည်နဲ့ နေ့ကျောင်းတက်ပါတယ်။

"ရဲကျော်ဦး၊ မင်းက L.L.B ဥပဒေဆိုတော့ လမ်းကြုံတာပဲ၊ ကားပေါ်တက်လိုက်ခဲ့ကွာ"

လမ်း ၁၂၀ အဝင်နားမှာ ကားရပ်ပြီး ကြံတိုင်းအောင်က ရဲကျော်ဦးကို အော်ပြောပါတယ်။ ကားရှေ့ခန်းက ရဲကျော်ဦး ဝင်ထိုင်လိုက်ပြီး စပ်ဖြဲဖြဲလုပ်ပြနေပါတယ်။

"ကြံအောင်၊ ဒီကောင်အကြံပိုင်လုချည်လားကွာ"

"သောင်းဆုကြည်ခေါ်ခိုင်းလို့ ခေါ်တာပါ သူငယ်ချင်းရာ"

"အေးပါ၊ ငါလည်းလိုက်ချင်နေတာ အတော်ပဲ၊ ဒါနဲ့ ငါပြောသားတာ မင်းမလုပ်သေးဘူး"

သောင်းဆုကြည်က ဘာလဲဆိုတဲ့ပုံနဲ့ လှမ်းကြည့်ပါတယ်။ ကြံတိုင်းအောင်ကတော့ ရဲကျော်ဦးက သောင်းဆုကြည်နဲ့ အောင်သွယ်ပေးဖို့ နောက်ပြောင်နေတာကို သိနေပါတယ်။ သူတို့သုံးဦး အချိန်ကြာကြာ တက္ကသိုလ် မြကျွန်းသာပရဝဏ်မှာ သွားလာလှုပ်ရှားနေတော့တယ်။ သောင်းဆုကြည်က ဘွဲ့တစ်ခုရရှိဖို့ လုံ့လ၊ဝီရိယကို လျှော့မပစ်ပါ။ အထက်တန်းကျောင်းမှာတုန်းကလို ကြိုးစားပါတယ်။ သူငယ်ချင်းများကိုလည်း မပေါ့ဖို့ မှာနေတတ်တယ်။

"လူဆိုတာ တိကျတဲ့ အိပ်မက်တစ်ခုရှိရမယ်"

သောင်းဆုကြည်ရဲ့ လက်သုံးစကားပါ။ သက်တူရွယ်တူများဆိုပေမယ့် သောင်းဆုကြည်က လူကြီးဆန်ဆန် ပြောတတ်ဆိုတတ်ပါတယ်။ ရဲကျော်ဦးနဲ့ ကြံတိုင်းအောင်တို့နှစ်ယောက်သား သောင်းဆုကြည်နဲ့ တတွဲတွဲသွားလာနေရင်း ဆေးလိပ်သောက်တာ၊ ဘီယာသောက်တာတွေ ရှောင်ရှားလာပြီး ကွမ်းပါမစားကြတော့။

ရဲကျော်ဦးက ကြံတိုင်းအောင်နဲ့တွေ့တိုင်း စတာ၊ နောက်တာများပါတယ်။ သောင်းဆုကြည်နဲ့ တွေ့တိုင်းလည်း စကားမရှိ စကားရှာ ပြောနေပါတယ်။ ရဲကျော်ဦးက သောင်းဆုကြည်အပေါ် အလေးအနက်ဖြစ်နေပြီ၊ စိတ်ဝင်စားနေပြီလေ။ သူတို့သုံးဦး တစ်နှစ်တည်း ဘွဲ့နှင်းသဘင်တက်ခဲ့ပါတယ်။ ဥပဒေဘွဲ့ကတစ်ရက်၊ စီးပွားရေးဘွဲ့က တစ်ရက်ပါ။

သောင်းဆုကြည် ဘွဲ့ယူတဲ့နေ့မှာ ရဲကျော်ဦးက သောင်းဆုကြည်ကို ချစ်ရေးဆိုပါတယ်။ ကြံတိုင်းအောင်လည်း အနားမှာရှိနေတယ်။ သောင်းဆုကြည်က ရယ်စရာပြောတာပဲထင်နေပါတယ်။ ရင်ခုန်သူက ကြံတိုင်းအောင်ပါ။ အချစ်ဆုံးသူငယ်ချင်းမို့ ရယ်ပြီးကြည့်နေပေမယ့် ဆောက်တည်ရာမရ ဖြစ်နေပါတယ်။ ညနေပြီးတဲ့အခါ သောင်းဆုကြည်မိဘများက သူတို့ကို အိမ်ခေါ်သွားပြီး ထမင်းကျွေးပါတယ်။ ပျော်ရွှင်နေကြတာပါပဲ။ တိုက်ဆိုင်စွာ ဧရာဝတီတိုင်း(ယခုဧရာဝတီတိုင်းဒေသကြီး)မှ မိဘများရဲ့ မိတ်ဆွေမိသားစု သားအမိသားအဖ သုံးဦးရောက် လာပါတယ်။

သောင်းဆုကြည်တို့နဲ့ရွယ်တူ အာကာလင်း ပါလာပါတယ်။ ရဲကျော်ဦး၊ ကြံတိုင်းအောင်တို့နဲ့ပါ မိခင်က မိတ်ဆက်ပေးပါတယ်။ သောင်းဆုကြည်ကိုလည်း မိတ်ဆက်ပေးတယ်ဆိုတော့ အခုမှ သိကျွမ်းရတာမျိုးပါ။ နောက်ရက်မှာ ရဲကျော်ဦး၊ ကြံတိုင်းအောင်တို့ကို သောင်းဆုကြည်က အရေးပေါ်ခေါ်တွေ့ပါတယ်။ ဧရာဝတီတိုင်း(ယခု ဧရာဝတီတိုင်းဒေသကြီး)က လာတဲ့ ဧည့်သည်တွေက သောင်းဆုကြည်ကို လာရောက်တောင်းရမ်းခြင်းဖြစ်ကြောင်းရင်ဖွင့်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နင် လက်ခံလိုက်ပြီလား"

"ငါ ဦးနှောက်ခြောက်လို့ သူငယ်ချင်းတို့ကို ခေါ်တိုင်ပင်တာ"

"နင်ဘွဲ့ယူတဲ့နေ့က ငါ့အတည်ပြောထားတာနော်၊ ငါ့ကိုလည်း ထည့်တွက်ထားဦး၊ ဟော့ကောင် ကြံအောင် မင်း သက်သေရှိတယ်နော်"

ရဲကျော်ဦးစကားကို ကြံတိုင်းအောင်က ခပ်တည်တည်နဲ့ နားထောင်နေတယ်။ သောင်းဆုကြည်က စေ့စပ်ကြောင်းလမ်းတောင်းယူခြင်းကိစ္စကိုသာ ခေါင်းထဲ



ရှုပ်နေတာပါ။ ရဲကျော်ဦး နောက်ပြောင်နေတာလား၊ တကယ်ပြောနေတာလားဆိုတာ မစဉ်းစားမိတော့ပါ။ သောင်းဆုကြည်ကြံရာမရ ပြောလိုက်တာကြောင့် ကြံတိုင်းအောင်နဲ့ ရဲကျော်ဦးတို့ မျက်လုံး ပြူးသွားပါတယ်။

"အရေးကြီးရင် သွေးနီးရမယ် သူငယ်ချင်းတို့၊ စေ့စပ်ပွဲပျက်ရင်ပြီးရောလို့ ငါထင်တယ်၊ ငါ အင်းအဲ မလုပ်ရသေးဘူး၊ တို့ အချစ်ဆုံး ကျောင်းနေဖက်တွေပဲ၊ ရဲကျော်ဦးပြောသလို ငါတို့ ကြိုက်နေကြတယ်လို့ မေမေ့ကို ပြောမယ်၊ နင်တို့ ဖော်လိုလိုက်ပေးဦး၊ ဇာတ်လမ်းလုပ်"

ကြံတိုင်းအောင်က ငူငူငိုင်ငိုင်ကြီးပါ။ သောင်းဆုကြည်က လုပ်ဇာတ်လုပ်ရန်ပြောပေမယ့် ကြံတိုင်းအောင် စိတ်မပါဘဲ ရဲကျော်ဦးက မှိုရတဲ့မျက်နှာပါ။

♛♛♛♛♛

အဖေရော၊ အမေပါ သောင်းဆုကြည် ဖွင့်ပြောဖြစ်ပါတယ်။ သူငယ်ချင်းများက လိုက်မပြောရဲပါ။

"ဖေဖေ၊ မေမေ သမီးကို ရိုက်ချင်ရိုက်၊ အာကာလင်းကို လက်မခံနိုင်ပါဘူး"

"ဘာဖြစ်လို့လဲ သမီးလေး ရယ်၊ ဆန်စက်တွေရော၊ မော်တော်တွေရော၊ လယ်တွေရော၊ ပွဲရုံတွေရောပိုင်တဲ့ သူဌေးသား၊ ဘွဲ့ရပညာတတ်၊ ရုပ်ချောသဘောကောင်း၊ အားလုံးပြည့်စုံတယ်၊ သမီးနောင်ရေး မေမေတို့ စိတ်ချရမှာ"

"သမီး ရဲကျော်ဦးကို စကားလွန်ထားလို့၊ အဲ....အဖြေပေးထားလို့၊ ဘယ်လိုမှမဖြစ်လို့ပါ မေမေ၊ နော် ဖေဖေ"

နောက်ဆုံးတော့ မိဘနဲ့သမီး လွန်ပွဲမှာ သမီးဘက်က အခွင့်အရေး သာသွားပါတယ်။ ဧရာဝတီက သူဌေးတို့ ပြန်လှည့်သွားပါပြီ။

နံနက်ခင်းတစ်ရက်တွင် အားကစားဝတ်စုံဝတ်လျက် သွက်လက် ပေါ့ပါးနေသူမှာ သောင်းဆုကြည်ပါ။ အောင်ဆန်းအားကစားကွင်းသို့သွားပြီး ကွင်းပတ်ပြေးခြင်း၊ ကိုယ်လက်ကြံ့ခိုင်ရေး ကစားခြင်း ပြုလုပ်ဖို့ဖြစ်ပါတယ်။ ကြံတိုင်းအောင်မှာ စစ်ကိုင်းပြန်သွားတာကြောင့် တစ်ယောက်တည်းသွားဖို့ပါ။

"ဟော့.....ဘုတ်ဆုံမ၊ ငါပြန်ရောက်ပြီ၊ လာဦး၊ အညာမုန့်တွေ စားရအောင်"

ကြံတိုင်းအောင် အိမ်ရှေ့အရောက် လှမ်းခေါ်လိုက်တဲ့ အိမ်

www.burmeseclassic.com



ထဲဝင်လိုက်ပါတယ်။ မြေပဲလှော်နဲ့ ညာတစ်ရာမုန့်များ စားရပါတယ်။

"ကြံအောင် အညာမှာ တစ်လလောက်ကြာမယ်ဆို၊ အခု မြန်လှချည်လား"

"သောင်းဆုကို လွမ်းလို့ပြန်လာတာ ယုံ၊ ကြားလား၊ ပြီးတော့ ရဲကျော်ဦးနဲ့နင် သွားလာနေမှာ စိုးရိမ်ပြီး အိပ်မပျော်ဘဲဖြစ်နေလို့"

"ဒါများ ဆန်းသလား၊ အမြဲတမ်း သွားနေကျပဲ"

"ရဲကျော်ဦးက နင့်ကို ရည်းစားစကားပြောထားတာဆိုတော့"

"ငါကသူ့ကို အငှားသဘောနဲ့ မေမေတို့ကို ပြောထားတာပဲလေ"

"နင်က အငှား၊ သူက သွေးရူးသွေးတန်း၊ တော်ကြာ နင်....."

ကြံတိုင်းအောင် စကားရပ်သွားလိုက်ပါတယ်။ သောင်းဆုကြည်က ကြံတိုင်းအောင်မျက်နှာကို သေချာကြည့်ပြီး ပြောနေပြန်ပါတယ်။

"နင်ပြောတာ မမှန်ဘူး၊ သူ သွေးရူးသွေးတန်းမဟုတ်ဘူး၊ ငါ့ကို တကယ်ချစ်နေတာ ငါသိတယ်"

"နင်အဲဒီလိုဖြစ်မှာကို ငါပြောနေတာ"

"နင်တောင် ငါ့ကိုချစ်သေးတာ၊ သူလည်းချစ်မှာပေါ့၊ ဒါက ဖြစ်နေကျ သဘာဝပဲဟာ"

"ငါကဖြင့် ဘာမှမပြောရသေးဘူး"

"ငါအကုန်သိတယ် ကြံအောင်၊ စိတ်ချနေ၊ ငါက နင့်တို့နှစ်ယောက်ကို ဘယ်သူ့မှမကြိုက်ဘူး၊ အဲ.....မချစ်ဘူးတော့မဟုတ်ဘူး၊ သူငယ်ချင်းလိုချစ်တာတော့ သေချာတယ်"

"ငါ့ဘက်ကနာလို့ပြောတာ သောင်းဆုကြည်၊ ပေါင်ချိန် ၁၂၀၊ ခါး ၂၃ လက်မဖြစ်အောင် နင့်ကို လုပ်ပေးခဲ့တာ ငါပဲလေ၊ တွက်ကြည့်ရင် ၆ နှစ်ခရီး၊ နင့်အနီးဆုံးလူဟာ ငါပဲ ဘုတ်ဆုံမ"

"ကြံအောင် လူပျိုစကားပြောတတ်နေပြီလား၊ မကြွေဘူးနော်၊ ငါ စိတ်မဝင်စားဘူး၊ ကဲ....သွားမယ်၊ အောင်ဆန်းကွင်းကို၊ မြန်မြန်လုပ်"

ရယ်လားမောလားနဲ့ သူတို့နှစ်ယောက် မှန်မှန်လေးပြေးလျက် ဦးအုန်းခိုင်လမ်းအတိုင်း ပြေးသွားကြပါတယ်။ ဘောလုံးကွင်းထဲမှာ လုံတံပစ် (javelin) လေ့ကျင့်ဖြစ်ကြတယ်။ အောင်ဆန်းကွင်းမှ ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးတင်မောင်နီကလည်း အကူအညီအမြဲပေးခဲ့ပါတယ်။ သောင်းဆုကြည်က ကြံတိုင်းအောင်ကို မြင်းစီးချင်တယ်ပြောပေမယ့် အလွယ်တကူ မဖြစ်နိုင်ပါ။ မြင်းစီးအသင်းနဲ့ ဆက်

နောက်တစ်လ
ခန့်ကြာတဲ့အခါ
ကြံတိုင်းအောင်လျှောက်ထားတဲ့
အလုပ်ကိစ္စအတွက်
ပန်းဘဲတန်း
သမဝါယမအသင်းတစ်သင်းမှ
ခေါ်စာရောက်လာပါတယ်။
လူတွေ့သွားဖို့စီစဉ်တဲ့အခါ
သောင်းဆုကြည်ရဲ့ဖခင်က.....

သွယ်ရမှာဖြစ်ပါတယ်။ ကြံတိုင်းအောင်က ငယ်စဉ်က စစ်ကိုင်းမှာ မြင်းစီးဘူးတာကို ပြောမိခဲ့တာကြောင့် သောင်းဆုကြည်က ပူဆာတာဖြစ်ပါတယ်။

နောက်တစ်လခန့်ကြာတဲ့အခါ ကြံတိုင်းအောင်လျှောက်ထားတဲ့ အလုပ်ကိစ္စအတွက် ပန်းဘဲတန်း သမဝါယမအသင်းတစ်သင်းမှ ခေါ် စာရောက်လာပါတယ်။ လူတွေ့ သွားဖို့ စီစဉ်တဲ့အခါ သောင်းဆု ကြည်ရဲ့ဖခင်က ကြံတိုင်းအောင်ကို ခေါ်တွေ့ပါတယ်။

www.burmeseclassic.com

"ဦးလေး ကျွန်တော့်မိသားစုက ဆင်းရဲပါတယ်၊ ညီအစ်ကိုတွေဆီ ငွေပို့ပေးရမယ်ခင်ဗျ"

"ဦးလေးသဘောပေါက်ပြီးသားပါ၊ သမဝါယမဆိုင်မှာ လခနည်းမှာစိုးလို့ မောင်ကြံတိုင်းအောင်ကို ဘုရင့်နောင်ပွဲရုံမှာပဲ လုပ်စေချင်ပါတယ်"

ကြံတိုင်းအောင်အတွက် ဘဝလမ်းကြောင်းတစ်ခု ပြောင်းလဲလာခဲ့ပါတယ်။ သောင်းဆုကြည်က ပြောဆိုပေးထားတာလို့ ထင်မြင်ခဲ့ပါတယ်။ တကယ်တော့ မဟုတ်ပါ။ သောင်းဆုကြည်ရဲ့မိခင်ခေါ်ခိုင်းတာကြောင့် သွားရောက်ရပါတယ်။

"မေမေက ရဲကျော်ဦးနဲ့ သဘောမတူဘူးတဲ့ ကြံအောင်"

"ဩော်.....အန်တီ သောင်းဆုကြည်က အာကာလင်းနဲ့ကိစ္စကို လွဲအောင်လို့ ပြောခဲ့တာပါ၊ အန်တီ စိတ်ပူစရာမလိုဘူး၊ ကျွန်တော်တို့ သူငယ်ချင်းသုံးယောက် ကြံစည် တိုင်ပင်ခဲ့ကြတာပါ"

"အဲဒီလိုလား၊ အန်တီက လူကြီးဆိုတော့ ရဲကျော်ဦးကို သိပ်မသိဘူး၊ မောင်ကြံတိုင်းအောင်ကိုတော့ မျက်စိရှေ့ တွေ့နေရတာ၊ လူကြီးတစ်ယောက်က ရှိသားတဲ့စိတ်ထားလေးတွေကို လေ့လာရတာပါ၊ အခြားထူးထူးထွေထွေ မဟုတ်ရပါဘူး"

သောင်းဆုကြည်မိဘများက သမီးလေးကို ချစ်မြတ်နိုးတာမို့ အလိုလိုက်ထားပါတယ်။ စည်းလွတ်ဝါးလွတ် အလိုလိုက်တာမျိုး မဟုတ်ပါ။ တစ်ဘဝလုံးနဲ့ချီပြီး ပုံစံချနေတာမျိုးပါ။ အာကာလင်းတို့ အရေးဆိုလာတဲ့အချိန်ကစပြီး သောင်းဆုကြည်ရဲ့ရှေ့ရေးကို အလေးထားစီမံခဲ့ပါပြီ။

ရဲကျော်ဦးဆိုတဲ့အကြောင်းပါလာရာ သမီးလေးနောင်ရေးကို လေးလေးနက်နက် စဉ်းစားကြပါတယ်။ တစ်သက်တာ စီမံခန့်ခွဲနိုင်သူအနေနဲ့ ကြံတိုင်းအောင်ကို မဲသာခဲ့ပါတယ်။ ဒါကြောင့် ကြံတိုင်းအောင်နဲ့ သောင်းဆုကြည်တို့ နီးနီးကပ်ကပ်၊ တိုင်တိုင်ပင်ပင် နေခွင့်ရပါတော့တယ်။

♛♛♛♛♛

မီးရထားခုတ်မောင်းသံစည်းချက်ညီညီနဲ့အတူ ကြံတိုင်းအောင်ရဲ့ အချစ်ပုံပြင်ကို မြတ်နိုးစွာ သောင်းဆုကြည် မေးလေးထောက်ပြီး နားထောင်နေတာပါ။

"ကိုကိုက ဆုကိုမချစ်ဘဲ ယူခဲ့တာပေါ့နော်"

"ဘာဖြစ်လို့လဲ ဆု"

"မေမေပေးစားလို့ ယူခဲ့တာလေ"

"ရဲကျော်ဦး စနောက်တဲ့နေ့ကတည်းက ကိုကိုက ချစ်သွားတာ၊ သဝန်တိုသွားတာ၊ ယောကျ်ာ့မကြီးမခေါ်ခင်ကမ္ဘောက်မှာကတည်းက ကြိုက်နေတာပါ၊ ကိုကို အကြင်နာစကားတွေ ပြောခဲ့တာကြာလှပြီလေ"

"ဆုလည်း ကိုကို့ကို မချစ်ဟန်ဆောင်နေတာ ကြာလှပေါ့"

ရွှေညောင်ဘူတာရောက်ခဲ့ပါပြီ။ မော်တော်ကားနဲ့ ခရီးဆက်ခဲ့ကြတယ်။ အင်းလေးဆိုတဲ့ နေရာဒေသသို့ ရောက်ပါတယ်။ ထင်ထားတာထက်ပိုမိုသာယာနေတာတွေ့ရပါတယ်။ မြန်မာတို့ရဲ့ ယဉ်ကျေးမှုထွန်းကားရာ နေရာပေပဲ။ အမျိုးသားရေးဟန်ပန် အပြည့်အဝပါပဲ။ ညောင်ရွှေချိုင့်ဝှမ်း (ခေါ်)နမ့်လတ်ချိုင့်ဝှမ်းရဲ့ တောင်ဘက်အစွန်းမှာ အင်းလေးကန်တည်ရှိပါတယ်။ ဧရိယာစတုရန်းမိုင် (၁၀၄)မိုင်ကျယ်ပါတယ်။

အင်းလေးသူ၊ အင်းလေးသားတို့ရဲ့ ရိုးရာသဘာဝတွေကိုလည်း နှစ်လိုဖွယ် တွေ့မြင်ရပါတယ်။ ကျွန်းမျောလေးတွေက စိတ်ဝင်စားစရာပါ။ သောင်းဆုကြည်ဟာ အင်းလေး ဖောင်တော်ဦးဘုရားကို ကြည်ညို လေးမြတ်စွာ ကန်တော့ရပါပြီ။ တစ်ဖန်



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းရိုးရာ အစားအသောက်များကလည်း ဖမ်းစားနိုင်ခဲ့ပါပြီ။ ရှမ်းသမင်းသုပ်၊ တို့ဟူးနွေးတို့ကို စားလို့မတင်းတိမ်နိုင်အောင်ရှိပါတယ်။

အင်းလေး၊ ဟဲဟိုး၊ တောင်ကြီး၊ ပင်းတယ၊ ရွှေညောင်၊ ညောင်ရွှေတို့ကား သူတို့အတွက် နှစ်သက်ကြည်နူးဖွယ်ပါ။ ရှုခင်းကောင်းကောင်း၊အေးစိမ့်စိမ့် ရာသီစက်ဝန်း၊ ဆွတ်ပျံ့ဖွယ် ပန်းရနံ့လေးများကမောင်နှင့်မယ်ကို လန်းဆန်းစေပါတယ်။

ရှမ်းပြည်နယ်ရဲ့ သွေ့သွေ့လိပ်လိပ် လက်ဖက်ခြောက်ကလည်း ဆွဲဆောင်နေသေးရာ အပြန်ခရီးမှာ အထုပ်များနဲ့ ရန်ကုန်ကိုသယ်ဆောင်ဖို့ လုပ်ပါတော့တယ်။ မီးရထားလမ်းအတိုင်း အတက်ခရီးမှာ စိမ်းစိုမြမိုင်းတဲ့ မြင်ကွင်းကိုတွေ့ခဲ့ရပါတယ်။ အပြန်မှာ သောင်းဆုကြည်က ပြောဆိုစီစဉ်တာကြောင့် မော်တော်ကားကို ရွေးချယ်ဖြစ်ခဲ့ကြတယ်။ မော်တော်ကားလမ်းမှာလည်း ရှုခင်းရှုကွက် အပြည့်ပါ။ သာယာကြည်နူးဖွယ်ပါလေ။

မြန်မာနိုင်ငံဝယ် ရာသီသုံးလီမှာ အချိန်မရွေး ရာသီတိုင်း လုပ်နေတဲ့အနေအထားပါပဲ။ မြင်ကွင်းတွေက နှမ်းနယ်မှုကို ပြေပျောက်စေပါတယ်။ အပန်းဖြေခရီး၊ အပျော်ခရီးဆိုတဲ့အရသာကို အပြည့်အဝခံစားနိုင်ပါတယ်။

ယခုနှစ် ၁၉၇၆ ခုနှစ်လောက်မှာ နိုင်ငံခြားသား ခရီးသွားသူတို့လည်း ရှမ်းပြည်တစ်ခွင် သွားလာနေကြပြီ။ အင်းလေးလို ယဉ်ကျေးမှု ထွန်းကားရာနေရာကို ကမ္ဘာလှည့်ခရီးသည် Tourist တို့ အခေါက်ခေါက်အခါခါ ရောက်ကြပြီးဖြစ်ပါတယ်။

ကြံတိုင်းအောင်နဲ့ သောင်းဆုကြည်တို့ဖနီးမောင်နှံတို့လည်း မြန်မာပြည်သားများဖြစ်ကြပေမယ့် မြန်မာ့အလှနေရာတွေကို အခုမှပျားရည်ဆမ်း မင်္ဂလာဦးအပျော်ခရီး Honeymoon အနေနဲ့ ပထမဆုံးအကြိမ် ရောက်ဘူးတာပါ။

ရှမ်းမချောချောလေးတွေ အများအပြားကိုလည်း တွေ့ခဲ့ရပါပြီ။ မျက်စိထဲက မထွက်တဲ့အရာတစ်ခုက ခြေထောက်နဲ့လှေလှော်တဲ့မြင်ကွင်းပါ။ ရှမ်းအိုးစည်သံကလည်း နားဝင်ပီယံရှိလှပါတယ်။

ကွေ့ကွေ့ကောက်ကောက် မော်တော်ကားလမ်းမှာ ကြည်နူးတစ်လှည့်၊ ရင်ဖိုတစ်လှည့် ဖြစ်ရတာကို စွန့်စားခန်းတစ်ခုလိုဖြစ်နေပါတယ်။ ချောက်ကမ်းပါးများတွေ့ရတဲ့အခါ ကြောက်အားပိုမိပြန်တယ်။

အဆင်းလမ်းမှာ နားခိုရာနေရာများ၊ စျေးဆိုင်များ တွေ့ရပါတယ်။ အစားအသောက်များကို အားပါးတရ စားကြတယ်လေ။ အားရှိသွားပါတယ်။ လန်းသွားပါတယ်။ လက်ဆောင်ပစ္စည်းဆိုတာလည်း ရွေးလို့မဆုံး၊ ဝယ်လို့မဆုံးနိုင်ကြပါဘူး။

"ကျေနပ်လား ဆုချစ်"

"ဘာလဲ ကိုကို၊ ဘာကျေနပ်ရမှာလဲ၊ ဩော်.....ခရီးစဉ်လား၊ ပျော်ပါတယ်၊ ကျေနပ်ပါတယ်၊ ဆုဘဝမှာ ခရီးသွားဘူးတာ ပထမဆုံးပဲ၊ ကိုကို့ကိုကျေးဇူးတင်တယ်၊ ချစ်တယ်"

မော်တော်ယာဉ် ခရီးဆက်ပြန်ပါပြီ။ မော်တော်ယာဉ်ပေါ်မှာ ခေတ်ကာလအလိုက် ကက်ဆက်နဲ့တွဲထားတဲ့ ဆောင်းဘောက်စ်မှ တေးသံသာကိုသာ နားဆင်ရပါတယ်။ ရုပ်မြင်သံကြားဆိုတာမျိုး မပေါ်သေးပါ။ ကားပြတင်းပေါက်ဘက်မှ ထိုင်လိုက်လာတဲ့ သောင်းဆုကြည်ပခုံးလေးကို ညင်ညင်သာသာဖက်လျက် ကြံတိုင်းအောင်က ရှမ်းတိုင်းရင်းသားဆိုတဲ့ အသံဝဲဝဲသီချင်းကို တိုးတိုးလေး လိုက်ဆိုလာခဲ့ပါတယ်။ ညခရီးမှာ ချမ်းမြမြပါ။ မောင်နဲ့မယ် ငယ်ရွယ်ပျိုမျစ်သူများ ဖြစ်တာနဲ့အညီ စိတ်ရောလူပါ လန်းဆန်းလျက်ပါ။ လူ့ဘဝ ခရီးကို ပညာ၊ ဥစ္စာ ပြည့်စုံစွာနဲ့



www.burmeseclassic.com

www.burmeseclassic.com

လျှောက်လှမ်းကြတော့မယ်လေ။

❦❦❦❦❦

မိတ္ထီလာမြို့နယ်တရားရုံး အချိန်စောစောဖွင့်လှစ်ပါတယ်။ ၁၀ နာရီထိုးတာနဲ့ စစ်ဆေးရမယ့် သက်သေများအမည်ခေါ်ပါတယ်။ တရားစီရင်ရေးအဖွဲ့(၁) ထိုင်နေတဲ့တရားရုံးက အခမ်းနားဆုံးပါ။ အချိန်ပြည့် မြို့နယ်အဖွဲ့ဝင်သုံးဦးနဲ့ ဖွဲ့ထားပါတယ်။ တခြားသော တရားစီရင်ရေးအဖွဲ့များကား အချိန်ပိုင်းတာဝန် နှစ်ဦးနဲ့ အချိန်ပြည့်တစ်ယောက်နဲ့ ဖွဲ့စည်းထားပါတယ်။ တရားရုံးမှာ ယနေ့ပိုလို့ ထူးခြားနေပါတယ်။ တရားလိုဘက်မှလိုက်ပါတဲ့ ဥပဒေဝန်ထမ်း အဆင့်(၃)အမျိုးသမီး တရားရုံးထဲ ဝင်ထိုင်လိုက်ပါတယ်။ တရားခံဘက်က လိုက်ပါမယ့် ဗဟိုတရားရုံးရှေ့နေ ဦးမောင်မောင်အုံးမြိုင်၊ အထက်တန်းရှေ့နေ ဦးရဲကျော်ဦး တို့လည်း ရောက်လာတယ်။

တရားခံရှေ့နေများက သတ်မှတ်ထားတဲ့နေရာ(ဝက်ခြံ)ထဲမှာရှိနေတဲ့ တရားခံ ကြဲတိုင်းအောင်ကို တွေ့နေပါတယ်။ အားပေးစကား ပြောပါတယ်။ ထွက်ဆိုရမယ့် အချက်အလက်တွေကို ဦးရဲကျော်ဦးက အနီးကပ် ပြောဆိုနေပါတယ်။

"သူငယ်ချင်း မင်းပိန်သွားတယ်၊ ကျန်းမာရေးတော့ ဂရုစိုက်ပါ၊ ဖြစ်တဲ့ကိစ္စကိုတော့ တို့ဆရာတပည့် အစွမ်းကုန် ထုချေပေးပါ့မယ်၊ နော် ကြဲအောင်"

"ရဲကျော်ဦး၊ မင်းတို့လုပ်တာ ကျေးဇူးတင်ပါတယ်၊ ငါ့အနေနဲ့က ဘာမှမထူးပါဘူး"

"ဒီလိုလည်းမဟုတ်ပါဘူး၊ ငါ တို့ အတိတ်ကိုမေ့ပစ်ရမယ်၊ အနာဂတ်ကို မသွားလို့မရဘူး"

နှစ်ဦးနဲ့ အချိန်ပြည့်တစ်ယောက်နဲ့
ဖွဲ့စည်းထားပါတယ်။
တရားရုံးမှာ ယနေ့ပိုလို့
ထူးခြားနေပါတယ်။
တရားလိုဘက်မှလိုက်ပါတဲ့
ဥပဒေဝန်ထမ်း အဆင့်(၃)
အမျိုးသမီး တရားရုံးထဲ
ဝင်ထိုင်လိုက်ပါတယ်။
တရားခံဘက်က
လိုက်ပါမယ့်
ဗဟိုတရားရုံးရှေ့နေ.....

တရားသူကြီးအဖွဲ့ဝင်ရောက် လာတာမို့ အမြန်နေရာယူကာ မတ်တတ်ရပ် အရိုအသေပေးလိုက် ကြပါတယ်။ တရားသူကြီးက တရားခံကိုခေါ်ထားတဲ့ လက် ထိတ်ဖြုတ်ခိုင်းပါတယ်။ တရားခံ အား သက်သေအဖြစ် စစ်ဆေးမှာ မို့ပါ။

"မှန်ကန်စွာ ထွက်ဆိုပါမည် ဟု လေးနက်တည်ကြည်စွာ ကတိ သစ္စာပြုပါတယ်"

ရှေ့နေကြီး ဦးမောင်မောင်အုံး မြိုင် ဆိုခိုင်းတဲ့အတိုင်း ကြဲတိုင်း အောင်လိုက်ဆိုပြီး အဖြစ်မှန်ကို အစစ်ခံပါတယ်။

"တောင်ကြီးမြို့အပြန် ည ကားစီးလာပါတယ်၊ ကားဘယ် လိုမှောက်သွားတယ်ဆိုတာ ကျွန် တော်မသိပါဘူး၊ တစ်ဆစ်ချိုး အကွေ့မှာ အရှိန်လွန်ပြီး ချောက် ထဲကျသွားတယ်လို့ နောက်မှ သိ ရပါတယ်၊ ကျွန်တော်တို့ အိပ်ပျော် နေချိန်ဖြစ်တာပါ၊ ကျွန်တော့်ခေါင်း ထိသွားလို့ မူးမေ့သွားပါတယ်၊ မိတ္ထီလာဆေးရုံရောက်မှ သတိရ ခဲ့ပါတယ်၊ နှစ်ရက်ကျော်၊ သုံး ရက်ကြာမှပါ"

"မိတ္ထီလာမြို့နယ်ဆေးရုံကြီး က ဆရာမတွေနဲ့ ဆရာဝန်ကြီး ကပြောပြလို့ သိရတာပါ၊ အ ဖြစ် ပွားရာနေရာနဲ့ အနီးဆုံး



www.burmeseclassic.com

www.burmeseclassic.com

ခေတ်အမီဆုံးက မိတ္တီလာဆေးရုံလို့ သိရပါတယ်၊ ကျွန်တော် သတိမေ့နေပေမယ့် 'ဆု'ကို တစ်ချိန်လုံး ပါးစပ်ကခေါ်နေတာကိုလည်း ဆရာမတွေက ပြောပြပါတယ်''

''ဆရာမက ပြောပြပါတယ်၊ ကျွန်တော် သတိရရင်ပဲ ကျွန်တော့်မိန်းမ သောင်းဆုကြည်ကို ရှာပါတယ်၊ မေးကြည့်ပါတယ်၊ မေးလို့မရပါဘူး၊ ကျွန်တော့်အရွယ်၊ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ရုပ်ညီသန့်သန့်မိန်းကလေးလို့ မေးပါတယ်၊ ဘယ်သူမှမပြောနိုင်ဘူး၊ သောင်းဆုကြည်ဆိုတဲ့ နာမည်နဲ့မေးလည်း မသိကြပါဘူး''

''ကျွန်တော့်စိတ်တွေချောက်ချားနေပါတယ်၊ ဆရာမလေး နော်သာထူးက ကျွန်တော့်ကို နေ့ရောညရော ကြည့်ပေးတဲ့သူပါ၊ ကျွန်တော် သတိရတယ်ဆိုတာနဲ့ လူကောင်းတစ်ယောက် ဖြစ်သွားပါတယ်၊ အားရှိအောင်တော့ ဆရာမက လုပ်ပေးပါတယ်''

''ဆရာမလေးကို အကူအညီတောင်းပြီး သေဆုံးတဲ့သူတွေရဲ့ ဓာတ်ပုံတွေကြည့်ပါတယ်၊ ကျွန်တော့်မိန်းမ မသေဘူးဆိုတာသိရလို့ အတိုင်းမသိ ဝမ်းသာမိပါတယ်''

''နော်သာထူးဆိုတဲ့ ဆရာမလေးပြောတော့ ဆေးရုံပြောင်း နှစ်



ဦးရှိပေမယ့် ကျားနှစ်ဦးပါတဲ့၊ အခင်းဖြစ်နေရာမှာ သောင်းဆုကြည် ပျောက်ဆုံးခဲ့ပြီလို့ ကျွန်တော် တွက်လိုက်ပါတယ်၊ ညကြီးမင်းကြီး ဖြစ်ပွားတဲ့ကိစ္စမို့ ဒီလိုတွေးမိတာပါ''

''ဆေးရုံတင်ထားတဲ့လူနာတွေကို လိုက်ပြဦးမယ်ဆိုတာနဲ့ ကျွန်တော် လိုက်ကြည့်ပါတယ်၊ မိန်းမအဆောင်၊ ယောကျ်ားအဆောင်စုံလို့ လိုက်ကြည့်ပါတယ်၊ မတွေ့တော့ပါ၊

သောင်းဆုကြည် ဘယ်ရောက်သွားသလဲဆိုပြီး ကြံရာမရ ကျွန်တော် ငိုပွဲဆင်ပါတော့တယ်''

ရွှေနေကြီးဆက်လက်ထွက်ဆိုရန် ရှေ့ကလမ်းကြောင်းပေးတဲ့အတိုင်း ဆက်လက်ထွက်ဆိုပါတယ်။ ဦးရဲကျော်ဦးက ထွက်ဆိုချက်မှန်သမျှ လက်ရေးနဲ့ လိုက်ရေးသားထားပါတယ်။ ကြံတိုင်းအောင်အမှုမျိုးကို တရားရုံးချုပ်ရှေ့နေကမှ အစအဆုံး လိုက်ပါအကျိုးဆောင်နိုင်တာပါ။

''ကျွန်တော်ဟာ ကားမှောက်ရာမှာ ဦးခေါင်းထိပြီး သတိလစ်သွားပါတယ်၊ အခု ပြန်သတိရလာတဲ့အခါ လူကောင်းပကတိပြန်ဖြစ်သွားတယ်လို့ ကျွန်တော်ကိုယ်တိုင် ခံစားရသလို ဆရာဝန်ကြီးမှတ်ချက်ကလည်း တခြားထိခိုက်မှု မရှိပါဘူးတဲ့၊ သို့ပေမယ့် သောင်းဆုကြည်ပျောက်နေလို့ ကျွန်တော် ခေါင်းမီးတောက်နေပါတယ်၊ မျက်ရည်ကျရုံကလွဲလို့ ဘာမှမတတ်နိုင်ပါဘူး''

''နောက်တစ်ရက် ဆရာမလေး နော်သာထူးက ကျွန်တော့်ကို အစောကြီးလိုက်ရှာနေပါတယ်၊ သတင်းထူးရလာပါတယ်၊ ဆေးရုံအထူးခန်းမှာ အမျိုးသမီးတစ်ယောက်ရှိတယ်ဆိုပြီး ခေါ်သွားပါ

www.burmeseclassic.com



တယ်၊ [illegible] ဆရာဝန်ကြီးရဲ့ ခွင့်ပြုချက်ရယူပြီး အထူးခန်းထဲ ဝင်ပြီးကြည့်ပါတယ်''

''ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ လူနာအမျိုးသမီးတစ်ယောက်တွေ့ပါတယ်၊ အောက်ဆီဂျင်ဘူးတွေ၊ ဆေးပုလင်းတွေ၊ နှလုံးခုန်ပြတဲ့ စက်တွေ တပ်ဆင်ထားပါတယ်၊ ကျွန်တော် တုန်လှုပ်မိပါတယ်၊ မျက်နှာကစပြီးတစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်တွေ ပြည့်နေပါတယ်၊ ရုပ်ဆင်းအင်္ဂါ မပီတော့ပါဘူး၊ အရွယ်က အသက်လေးဆယ်ကျော်လို့ မှန်းဆလို့ရပါတယ်၊ ကျွန်တော့်ဇနီးတော့ မဖြစ်နိုင်ဘူး၊ ညိုမည်းနေတဲ့ အသားအရောင်က သောင်းဆုကြည်မဟုတ်ဘူးလို့ ပြောနိုင်ပါတယ်''

''လူနာမှတ်တမ်းမှာ 'အမည်မပြောနိုင်'လို့ ရေးထားပါတယ်၊ စကားပြောနိုင်တဲ့လူနာတွေသာ လူနာအမည် ရေးသားထားပါတယ်၊ အခု ရုပ်ဆင်းအင်္ဂါပျက်နေတဲ့ အမျိုးသမီးကြီးဟာ သတိမရပေမယ့် လူးလွန့်နေတာ တွေ့ပါတယ်၊ ရောဂါဝေဒနာ ပြင်းတယ်လို့ ဆရာဝန်ကြီးက တိုးတိုးပြောပါတယ်''

''ဆရာဝန်ကြီးက ကိုယ့်လူနာ ဟုတ်၊ မဟုတ် စစ်ဆေးကြည့်ရှုနိုင်းပါတယ်၊ ကျွန်တော်လည်း သေသေချာချာ လှေ့လာပါတယ်၊ သောင်းဆုကြည်ကို ကျွန်တော် မှတ်မိတာ သူ့ဘယ်ဘက်ပါးချိုင့်လေးရယ်၊ မေးစေ့ဘေးက မှဲ့လေးရယ်ပါ၊ အခု သူ့မှာ ဒဏ်ရာတွေနဲ့မို့ ပါလား၊ မပါဘူးလား မသိရပါဘူး၊ ဆေးရုံအဝတ်အစားဝတ်ထားတဲ့ အမျိုးသမီးမှာ ခြေတစ်ချောင်း ပေါင်လယ်ကပြတ်နေတယ်ဆိုတာ ကျွန်တော်မြင်ရပါတယ်၊ မျက်စိနှစ်ကွင်း အလင်းမရနိုင်တော့တာကိုလည်း သိနေပါတယ်''

''ကျွန်တော့်ဇနီးမဟုတ်ပါဘူးလို့ ဆရာဝန်ကြီးကို ပြောပြပါတယ်၊ လူနာအသက်မရှင်နိုင်တော့ဘူး၊ နာရီပိုင်းသာလိုတော့တယ်လို့လည်း ဆိုပါတယ်၊ သူမဟုတ်တာကိုပဲ ဝမ်းသာမိတယ်၊ ကျွန်တော်ဟာ ဇနီးချောလေးပျောက်နေတာကိုရှာဖို့က အရေးအကြီးဆုံးပါ၊ ဆရာဝန်ကြီးကို နှုတ်ဆက်





www.burmeseclassic.com

www.burmeseclassic.com



ပြီး အထူးခန်းထဲက ကျွန်တော် ပြန်ထွက်လာပါတယ်''

''ကိုကိုလို့ သောင်းဆုကြည် ခေါ်လိုက်တဲ့အသံကို ကြားရပါတယ်၊ သေချာပါတယ်၊ အထူးခန်းထဲမှာ ကျွန်တော့်ဇနီးရှိနေတာမို့ အမြန်ဆုံးမျက်စိ တောင်းမှောက်ရှာ လိုက်ပါတယ်၊ အခန်းကျဉ်းလေးထဲမှာ ဆရာဝန်ကြီး၊ နော်သာထူးနဲ့ လူနာပဲရှိတာပါ''

''ကိုကိုလို့ လူနာက ထပ်ခေါ်နေပါတယ်၊ ကျွန်တော့်ဇနီးသောင်းဆုကြည်ပါ၊ ရုပ်ပျက်သွားပေမယ့် သူ့အသံလေးက အသံသာနေဆဲပါ၊ ကျွန်တော် ပြေးဖက် လိုက်ပါတယ်၊ ဆုသတိရပြီလား လို့ မေးမိပါတယ်၊ လုံးဝသတိမရ ရှာပါဘူး၊ သွေးရူးသွေးတန်းခေါ် နေတာလား မသိပါဘူး၊ ဆရာဝန်ကြီးပြောထားတဲ့အတိုင်း ဘယ်တော့မှ ကောင်းလာမှာမဟုတ် တော့ပါဘူး၊ ကျွန်တော့်ကို သူ့ မသိစိတ်က ခေါ်နေတာပါ၊ ကျွန်တော် အသည်းခိုက်အောင် ခံစားရပါတယ်၊ အီး.....ဟီး.....ဟီး''

တရားခံကြံတိုင်းအောင် စစ်ဆေးခံရင်း မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျကာ ငိုပါတော့တယ်။ ဦးရဲကျော်ဦးက နှစ်သိမ့်ချော့မော့နေပါတယ်။ တရားသူကြီးအဖွဲ့ရော၊ ရုံးထဲရှိသူအားလုံးရော ငိုင်းကြည့်နေကြပါတယ်။ စစ်ကိုင်းကရောက်နေတဲ့ ကြံတိုင်းအောင်ရဲ့ ညီအစ်ကိုမောင်နှမတွေလည်း မျက်ရည်ကျရပါပြီ။

♛♛♛♛

သောင်းဆုကြည်မိခင်လည်း ကြံတိုင်းအောင်ကို လာတွေ့ပါတယ်။ ကြံတိုင်းအောင်မှာ အခင်းဖြစ်ပွားတဲ့ကာလအတွင်း ပိန်လှီရုပ်ပြောင်းသွားလို့ စိတ်မကောင်းဖြစ်နေမိတယ်။ သမီးသောင်းဆုကြည်အတွက် ကြံတိုင်းအောင် စိတ်ထိခိုက်နေတာဟာ တစ်ပူပေါ် နှစ်ပူဆင့်နေတာမို့ အတတ်နိုင်ဆုံး ပြောဆိုဖြေသိမ့်နေမိပြန်တယ်။ မိခင်ကြီးက စားစရာတွေ ယူလာနေကျပါ။

ကျွန်တော့်
ဇနီးမဟုတ်ပါဘူးလို့
ဆရာဝန်ကြီးကိုပြောပြပါတယ်၊
လူနာအသက်မရှင်နိုင်တော့ဘူး၊
နာရီပိုင်းသာ
လိုတော့တယ်
လို့လည်းဆိုပါတယ်၊
သူမဟုတ်တာကိုပဲ
ဝမ်းသာမိတယ်၊ ကျွန်တော်ဟာ
ဇနီးချောလေး
ပျောက်နေတာကိုရှာဖို့က.....

တရားရုံးဖွင့်တယ်ဆိုရင်ပဲ စစ်ဆေးမှု စတင်ပါတယ်။ ဥပဒေဝန်ထမ်း အမျိုးသမီးအရာရှိက မတ်တတ်ရပ်ပြီး ပြန်လှန်စစ်မေးခြင်း (cross examination) မေးခွန်းများ စစ်မေးပါတယ်။

''သောင်းဆုကြည်ကို လိုက်ရှာရမှာ ဆေးရုံအထူးခန်းထဲမှာ တွေ့ခဲ့တယ်မဟုတ်လား''

''ဟုတ်ပါတယ်''

''တွေ့တဲ့အခါ ကိုယ့်ဇနီး သောင်းဆုကြည်ကို မမှတ်မိဘူးဆိုတာ ဖြစ်နိုင်ပါ့မလား''

''အထူးခန်းထဲမှာ မြင်တဲ့အခါ လူနာက ပတ်တီးတွေ တစ်ကိုယ်လုံးစည်းထားတယ်၊ မျက်နှာတစ်ခုလုံး ဒဏ်ရာတွေနဲ့ပါ၊ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့အပြင် သတိကလည်း မရဘူး၊ မှတ်မိစရာ တစ်ခုတလေမှ မတွေ့ရပါဘူး၊ အဲလောက်ဖြစ်နေတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com

သောင်းဆုကြည်မဖြစ်စေချင် တဲ့စိတ်လည်း ကျွန်တော့်မှာ ဖြစ်နေပါတယ်''

''သောင်းဆုကြည်ကို အသံလေးတစ်ခုပဲ ကောင်းကောင်းမှတ်မိတယ်လို့ ဆိုထားတယ်၊ ဘာစကားတွေ ပြောဆိုပါသေးလဲ''

''သတိလစ်နေရင်းက ယောင်ယမ်းခေါ်သံ ကြားရတာပါ၊ 'ကိုကို' လို့ပဲခေါ်တာ၊ စကားလုံးဝမပြောနိုင်ပါဘူး၊ ဆရာဝန်ကြီးထံ ခွင့်တောင်းပြီး လူနာစောင့်အဖြစ် ကျွန်တော်အနီးကပ်နေခဲ့ပါတယ်''

''ကြံတိုင်းအောင် သောင်းဆုကြည်ကို စောင့်ကြည့်နေတဲ့ညမှာပဲ သောင်းဆုကြည် သေဆုံးသွားတာ မှန်ပါသလား''

''မှန်ပါတယ်၊ ဆရာဝန်ကြီးကလည်း လူနာ နာရီပိုင်းအတွင်းမှာ သေဆုံးနိုင်တယ်လို့ ပြောထားပါ တယ်''

''သောင်းဆုကြည် သေဆုံးအသက်ထွက်တဲ့အချိန်မှာ ကြံတိုင်းအောင် အတူရှိနေတာ ဝန်ခံပါသလား''

''အတူရှိနေပါတယ်''

ဥပဒေအရာရှိက ခဏနားပြီး အရေးကြီးတဲ့မေးခွန်းကို ဆက်မေးပါတယ်။ အားလုံးငြိမ်သက်နေပါတယ်။

''သောင်းဆုကြည် မသေသေးခင် ရောဂါဖိစီးခံစားနေတာကို မကြည့်ရက်လို့ နာရီပိုင်းအတွင်း သေမှာနဲ့အတူတူ အဲဒီဝေဒနာတွေက မြန်မြန်ကင်းလွတ်သွားအောင် ကြံတိုင်းအောင် လုပ်ခဲ့မိတယ် မဟုတ်လား''

စွပ်စွဲခံရသူ ကြံတိုင်းအောင်က ယခုမေးခွန်းကို မဖြေဘဲ အချိန်အတန်ကြာ စဉ်းစားနေပါတယ်။ သူ့ရဲ့ရှေ့နေကြီး ဦးမောင်မောင်အုံးမြင်က လေးနက်စွာ ကြံတိုင်းအောင်ကို လှမ်းကြည့်နေတာကို တွေ့ပြီးမှ ထွက်ဆိုပါတယ်။

''ကျွန်တော် ငြင်းဆိုပါတယ်''

အပ်ကျသံပင်ကြားလောက်အောင် ငြိမ်သက်နေတဲ့ တရားရုံးထဲမှာ ပရိသတ်အပေါင်းရဲ့ ဝေါခနဲ အာမေဍိတ်သံများ ထွက်ပေါ်သွားပါတယ်။

♛♛♛♛♛

''ရုံးတော်ကို လေးစားစွာ လျှောက်ထားအပ်ပါတယ်၊ ကျွန်တော့်အမှုသည် ကြံတိုင်းအောင်ဟာ ရိုးသားဖြူစင်တဲ့ ပညာတတ်လူငယ်တစ်ဦးဖြစ်ပါတယ်၊ မကြာခင်ကမှ လက်ထပ်ထားတဲ့အတွက် ဇနီးချောလေး သောင်းဆုကြည်အပေါ် ဘယ်လောက်ချစ်မြတ်နိုး တယ်ဆိုတာ ပြောစရာမလိုပါဘူး၊ ခရီးသည်တင်ယာဉ်တိမ်းမှောက်ရာ လူတိုင်းလိုလို ဒဏ်ရာအသီးသီးရသော်လည်း ကံကောင်း ထောက်မတာကြောင့် ကြံတိုင်းအောင် ဘာမှမဖြစ်ခဲ့တာပါ၊ ဒါတောင် ဦးခေါင်းထိပြီး နှစ်ရက်လောက် သတိလစ်နေခဲ့ပါသေးတယ်''

တရားရုံးချုပ်ရှေ့နေကြီးက နောက်ဆုံးလျှောက်လဲချက် ပေးနေရာ ယခင်ရုံးချိန်းအတိုင်း စိတ်ဝင်စားစွာ လာရောက်နားထောင်ကြသူများ ပြည့်ကျပ်နေပါတယ်၊ စိတ်ရည်တူ အချစ်ဆုံးသူနှစ်ယောက်ရဲ့ ဒဏ္ဍာရီပုံပြင်ဆန်သော တကယ့်ဖြစ်ရပ်မို့ မိတ္ထီလာမြို့နယ်မှလူများ လာရောက်ကြည့်ရှုနေကြတာပါ။

''သတိရတယ်ဆိုရင်ပဲ ဇနီးလေးကို လိုက်ရှာပါတယ်၊ ကြံတိုင်းအောင် ခေါင်းမီးတောက်ရပါတယ်၊ ရှာလို့မတွေ့နိုင်ဘူးဖြစ်နေပါတယ်၊ လူနာတွေကို အမည်နာမမသိဘဲ ဆေးရုံဝန်ထမ်းတွေ ကုသခဲ့ရတဲ့ အနေအထားပါ၊ သောင်းဆုကြည်ကို အရေးကြီး



www.burmeseclassic.com

www.burmeseclassic.com



လူနာအခန်းထဲ ဝင်ရှာနိုင်တဲ့တိုင် သုံးဝမမှတ်မိဘဲရုပ် ဆင်းအင်္ဂါ ပျက်စီးနေတဲ့အခြေအနေကို တွေ့ ရပါတယ်''

''ခင်ပွန်းသည်ကို ခေါ်သံ လေးကြားမှ သူပဲဖြစ်နိုင်တယ်လို့ မှတ်ယူခဲ့တာပါ၊ ချစ်ဇနီးချောလေး ရဲ့ နေဝင်လုနီးတဲ့အချိန်၊ ကြွေကျ ပျက်သုဉ်းတော့မယ့် ကာလ၊ နာရီ ပိုင်းလေးသာလိုတော့တယ်ဆိုတာ သိရပါတယ်၊ ကျွန်တော့်အမှုသည် ရဲ့အဖြစ်မျိုး ဤကမ္ဘာမှာ မရှိပါ ဘူး''

''လေးစားအပ်တဲ့ တရားသူ ကြီးဥက္ကဋ္ဌနဲ့ တရားစီရင်ရေး အဖွဲ့ ဝင်များခင်ဗျား၊ ကြံတိုင်းအောင် ဟာ ဇနီးလေးကို ပခုံးဖက်ပြီး ရောဂါဝေဒနာ သက်သာစေဖို့ နှစ်သိမ့်နေချိန် မနက် ၂ နာရီ အချိန် သောင်းဆုကြည် ဘဝ တစ်ပါးပြောင်းသွားပါတယ်၊ သည် အဖြစ်မှာ ဆေးရုံက တာဝန်ရှိသူ က ကြံတိုင်းအောင်အပေါ် လူ သတ်မှုနဲ့စွပ်စွဲပြီး ရဲစခန်းမှာအမှု ဖွင့်ထားတာဟာဖြင့် သဘာဝ ကျပါဘူး၊ ကျွန်တော်တင်ပြခဲ့တဲ့ အတိုင်း အချစ်ဆုံးသူနှစ်ယောက် ကြားမှာ ဘယ်လိုမှမဖြစ်နိုင်တာမို့ မှားယွင်းစွာ စွပ်စွဲခံရသူ ကြံတိုင်း အောင်ကို အပြစ်ပေးခြင်းမှ ကင်း လွတ်ခွင့်ပြုပြီး အပြီးအပြတ်လွှတ် ပေးပါရန် လေးစားစွာ လျှောက် ထားအပ်ပါတယ်ခင်ဗျား''

နှစ်ဖက်လျှောက်လဲချက်အပေါ် တရားစီရင်ရေးအဖွဲ့က ခေါင်း တညိတ်ညိတ် နာကြားနေကြပါ တယ်။ ရုံးတော်ရဲ့ ဆင်ခြင်တုံ တရားနဲ့ နောက်ရုံးချိန်းမှာ စီရင် ချက်ချပေးရတော့မှာပါ။ လာ ရောက်လေ့လာတဲ့သူများက လည်း ထူးဆန်းတဲ့ ဇာတ်လမ်း လေးအပေါ် အမျိုးမျိုးဝေဖန် ပြော ကြားနေပါတယ်။ ဖြစ်ရပ်က မမှန် ဘူးပြောတဲ့သူများရှိသလို အမှုမှန်၊ အဖြစ်မှန်လို့ ပြောတဲ့သူက ပြော နေပါတယ်။

အထက်တန်းရှေ့နေ ဦးရဲ ကျော်ဦးက သူငယ်ချင်းကြံတိုင်း အောင်ကို အမှုမှလွတ်အောင် ဉာဏ်စွမ်းရှိသလောက် ဝီရိယထား နေတာပါ။ တရားခွင်ပြင်ပမှာ လည်း တရားရေးအဖွဲ့ကို ချဉ်း ကပ်ထားပါတယ်။ ကြံတိုင်း အောင်ရဲ့ ငယ်စဉ်ဘဝ နီးကြား ရှိုးသားမှုတွေကို သတင်းပို့ထားပါ တယ်။

တရားစီရင်ရေးအဖွဲ့က သူ ငယ်ချင်းဖြစ်သူအတွက် ကိုယ်ဖိ ရင်ဖိ ဆောင်ရွက်နေတဲ့ ရှေ့နေ ဦးရဲကျော်ဦးကို အသိအမှတ်ပြု ထားပါတယ်။ ဖြစ်သင့်ဖြစ်ထိုက် တဲ့အမိန့် ချမှတ်ပေးမယ်လို့ဆိုပါ တယ်။ ဦးရဲကျော်ဦးဟာ ကြံတိုင်း အောင်ဆီ အချိန်ရတိုင်း သွား တွေ့ပြီး အားပေးစကား ပြောပါ တယ်။

''သူငယ်ချင်း အာဟာရဖြစ် တာလေး၊ အားဖြစ်မယ့်အစာလေး စားပါကွာ၊ သောင်းဆုကြည်ကို လွမ်းတာလည်း လွမ်းပေါ့၊ ကိုယ် ဖြစ်ချင်လို့ ဖြစ်ရတာမှမဟုတ်ဘဲ၊ အမြဲတမ်း ယူကျုံးမရဖြစ်နေရတဲ့ စိတ်ကို ခေါင်းထဲကထုတ်ပစ်ကွာ၊ ဘာဖြစ်လို့လဲသိလား၊ မင်းအသက် ပါ ပါသွားလိမ့်မယ်မောင်''

''သေလည်းပြီးရော ရဲကျော် ဦးရာ''

ကြံတိုင်းအောင်မှာ ကိုယ် လက် ကြံ့ခိုင်သူဖြစ်ပေမယ့် စိတ် ကြောင့် အရိုးပေါ်အရေတင်အဆင့် ရောက်နေပါပကော။ အလွမ်း သံသရာဘယ်မှာဆုံးနိုင်အံ့နည်း။

♛♛♛♛♛

၁၉၇၆ ခုနှစ်၊ နှစ်မကုန်မီ (၂) ရက်တွင် မိတ္ထီလာမြို့နယ်၊ ပြည်သူ့ တရားရုံးအမှတ်(၁) [ယခင် ကာလမှ အခေါ်အဝေါ်များဖြစ်ပါ သည်။]ရာဇဝတ်ကြီးအမှတ်--/၇၆

www.burmeseclassic.com



ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အမှုအား စီရင်ချက် (Judgement) ချမှတ်မည်ဖြစ်ပါတယ်။

ရောက်ရှိနားထောင်သူများ ကြက်ပျံမကျဆိုသလို ဖြစ်နေပါတယ်။ နှစ်ဖက်ဆွေမျိုးများ၊ အသိမိတ်ဆွေများလည်း စုံလင်လှပါတယ်။ ရဟန်းသံဃာနဲ့ သတင်းထောက်များပါမကျန် လာကြပါတယ်။ နေ့ခင်း (၂)နာရီအချိန် တရားသူကြီးအဖွဲ့ တရားရုံးထိုင်ဖွင့်ပါတယ်။ သေဆုံးသူ သောင်းဆုကြည်ရဲ့ အမိအဖနှစ်ဦး တရားသူကြီးများကို ဝင်ရောက်လျှောက် ထားပါတယ်။

"ကျွန်တော်တို့က တရားခံ ကြံ့တိုင်းအောင်ရဲ့ ယောက္ခမတွေပါ၊ သောင်းဆုကြည် သေဆုံးတဲ့ ကိစ္စဟာ သူ့ဘဝရဲ့ အတိတ်ကံကြောင့်လို့မှတ်ယူပါတယ်၊ သမက်လေးဟာလည်း အပြစ်ကျူးလွန်မှု မရှိဘူးလို့ ယုံကြည်မိပါတယ်၊ နှစ်နာသူဘက်က ယခုအမှုကို ကျွန်တော်တို့ ကျေအေးရုပ်သိမ်းခွင့်တင်ပါကြောင်း လေးစားစွာ လျှောက်ထားအပ်ပါတယ်"

တရားသူကြီးဥက္ကဋ္ဌက ယခုအမှုတွင် တရားလိုအဖြစ် တာဝန်ရှိသူ နိုင်ငံ့ဝန်ထမ်းက ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မည်သို့ဆိုစေကာမူ မောင်ကြံ့တိုင်းအောင် အပေါ် ထားတဲ့မေတ္တာကို အသိအမှတ်ပြုကြောင်း ပြောဆိုပါတယ်။

အမိန့်ချမှတ်မည်ဖြစ်၍ ကြံ့တိုင်းအောင် မတ်တတ်ရပ်ပြီး နာခံပါတယ်။ အခြားသော တရားရုံးတက်သူများ၊ မိဘဆွေမျိုးအမှုသည်များ၊ ညွှန့်ပရိသတ်များပါ အရှိအသေပေးကြပါတယ်။ တည်ကြည်လေးနက် ကြည်လင်တဲ့ အသံပိုင်ရှင် တရားစီရင်ရေးအဖွဲ့ ဥက္ကဋ္ဌက အမိန့်ကို ဖတ်ကြားပါပြီ။

ကျွန်တော်တို့က
တရားခံကြံ့တိုင်းအောင်ရဲ့
ယောက္ခမတွေ ပါ၊
သောင်းဆုကြည်
သေဆုံးတဲ့ ကိစ္စဟာ
သူ့ဘဝရဲ့ အတိတ်ကံ
ကြောင့်လို့မှတ်ယူပါတယ်၊
သမက် လေးဟာလည်း
အပြစ်ကျူးလွန်မှု
မရှိဘူးလို့....

"ဤအမှုတွင် မြို့နယ်ဆရာဝန်ကြီးမှ နာရီပိုင်းမျှသာ အသက်ရှင်နိုင်မည်ဟု ထင်မြင်ချက်ပေးထားသော အရေးကြီးလူနာ မသောင်းဆုကြည်မှာ သတိမရ တစ်ချက်၊ ရတစ်ချက်ဖြစ်နေသည်။ ထိုညတွင် ရုံးရှေ့တရားခံ ကြံ့တိုင်းအောင်က လူနာစောင့်အဖြစ် ခွင့်တောင်းဆောင်ရွက်ခဲ့သည်။ မနက် (၂)နာရီခန့်တွင် လူနာ မသောင်းဆုကြည် သေဆုံးခဲ့၏။ ပြုလုပ်မြဲထုံးစံအတိုင်း ဆေးရုံ တာဝန်ကျဆရာဝန်မှ ရင်ခွဲစစ်ဆေး (post-mortem)ပြုလုပ်ရာ မသောင်းဆုကြည် သေဆုံးရခြင်း၏ အဓိကအကြောင်းမှာ အသက်ရှူလမ်းကြောင်းကို အချိန်ကြာ ဖိနှိပ်ခံရသည့်အတွက် မွန်းကျပ်သေဆုံးရခြင်းဖြစ်သည်ဟု ပေါ်ပေါက်ခဲ့သည်"

"တရားခံ ပြစ်မှုကျူးလွန်သည်ကို မျက်မြင်သက်သေ (eye-witness) မရှိသော်လည်း အချစ်ကြီးသူ၏ မချိမဆံ့ဝေဒနာခံစားနေရခြင်းကို မရှုဆိတ်သဖြင့် အဆုံးစီရင်ခဲ့သည်ဟု ကွင်းဆက်မပြတ်သော သက်သေခံချက် အထောက်အထားများက ထောက်ခံလျက်ရှိသည်။ သို့ဖြစ်၍ အောက်ပါအမိန့်ကို ချမှတ်သည်"

www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၈)လမ်းနေ တရားခံ မောင်ကြံ ...ိုင်းအောင်၊ (အဘ)ဦးမင်းဒင်၊ ...သက် (၂၅)နှစ်သည် ဇနီးဖြစ် ...သူ မသောင်းဆုကြည်၏ ...သက် ရှုလေပြွန်အား ...က်နှစ်ဖက်ဖြင့် အချိန် ...ကြာစွာ ဖိနှိပ်ခဲ့ပြီး သေဆုံး ...ခြင်းကို မြန်ဆန်အောင် ...ပြုလုပ်ခဲ့ ကြောင်းထင်ရှား ...ဖြင့် ပြစ်မှုဆိုင်ရာ ...ဥပဒေပုဒ်မ ၃၀၂(၁)အရ ...သေ စားသေစေရန် အမိန့် ...ချမှတ်သည်"

**...ှတ်ချက်။ ။ယခင် ...ာလမှ ဥပဒေဖြစ်ပါ ...သည်။**



မြို့နယ်တရားရုံးတစ်ခု ...ုံး ကျွက်ကျွက်ညံသွားပါတယ်။ ...ာရောက်ကြည့်ရှုတဲ့ မိန်းကလေး ...ချို့အသံထွက်ငိုကြတယ်။ ...မျိုးမျိုးဝေဖန်သံများ၊ သံဝေဂ ...သံများ၊ မကျေနပ်သံများ စုံလို့ ...ပဲ၊ ခံစားချက်အပြင်းထန်ဆုံး ...ကတော့ အထက်တန်းရှေ့နေ ...ဦးရဲကျော်ဦးပါ။ မဖြစ်သင့်ဘူး ...ဆိုတဲ့သဘောနဲ့ တရားရုံးအပြင် ...က်က ငှက်ပျောပင်ကို ဦးရဲ ...ကျော်ဦး လက်သီးနဲ့ သွားထိုးနေမိ ...ပါတယ်။ 'သေစား သေစေ'ဆိုတဲ့ အသံကို ကြားယောင်နေဆဲပါ။ ရှေ့နေကြီး ဦး မောင်မောင်အုံးမြိုင်က အယူခံတက်ဖို့ ဆောင်ရွက်တဲ့ ကိစ္စနဲ့ လှမ်းခေါ်တော့မှ ဦးရဲကျော် ဦး ဘီလစ်ရုံးထဲ လိုက်သွားပါတယ်။ တရားသူကြီးကို လှမ်းကြည့်လိုက်တယ်။ တရားသူကြီး ဥက္ကဋ္ဌ တွေ့သွားတာကြောင့် ဦးရဲကျော်ဦးကို လာတွေ့ဖို့ခေါ်ပါတယ်။ တရားသူကြီးများ နားနေရာအခန်းထဲ ဝင်သွားတယ်။

"ဥက္ကဋ္ဌကြီးကို အရိုအသေပေးပါတယ်ခင်ဗျာ၊ ကျွန်တော့်သူငယ်ချင်းကို ဘာလို့ ဒီလိုအမိန့်မျိုးချတာပါလဲဆိုတာ ပြောခွင့်ရှိရင် ပြောပြပါခင်ဗျား"

ခံစားချက်နဲ့ပြောလိုတဲ့စကားကို အချိုသာဆုံးဖြစ်အောင် ပြောရပါတယ်။ တရားသူကြီးက အပြုံးနဲ့ကြိုနေခဲ့ပါတယ်။ စားပွဲပေါ်က အသင့်ပြင်ထားတဲ့ ကော်ဖီတစ်ခွက်နဲ့လည်း ဧည့်ခံပါသေးတယ်။ ဒေါသကို မောင်းတင်လာမှန်းသိနေလို့ တစ်ခါတည်း ငြိမ်းချမ်း အောင်လုပ်လိုက်လေသလား။

တရားသူကြီးက သူငယ်ချင်း အတွက် တော်တော်ခံစားနေရကြောင်း ရိပ်စားမိပုံရပါတယ်။ တရားသူကြီးကိုယ်တိုင်လည်းရင်ထဲ၊ နှလုံးသားထဲမှာရှိတဲ့အတိုင်း စာနာတဲ့စကားကိုပဲ ပြောလိုက်ပါတယ်။

"တရားခံရဲ့ အချစ်ဆုံးသူငယ်ချင်းဆိုတော့ ပြောပြရမှာပ၊ သူ့ဇနီးအတွက် တစ်သက်လုံး ယူကျုံးမရဖြစ်နေမှာ၊ ကြေကွဲနေမှာ၊ အသည်းကွဲနေမှာ၊ ငိုကြွေးနေရမှာ၊ စိတ်မကောင်းဖြစ်နေရမှာ၊ လွမ်းဆွတ်နေမှာစိုးလို့ ဒီအမိန့်ချခဲ့တာပါကွာ"

**တိုးမြင့်**



www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်လွင် (ညောင်လေးပင်)

# မုဆိုးနှင့် တောတင်စလေ့





www.burmeseclassic.com

www.burmeseclassic.com



## မုဆိုးနှင့်တောတင်ဓလေ့

မောင်မောင်လွင် (ညောင်လေးပင်)

မုဆိုးလောက၌ အမဲပစ်မည့် တောတွင် တောပိုင်တောင်ပိုင်များအား တင်မြှောက်သည့်အလေ့အထကို မုဆိုးတိုင်းမဟုတ်သော်လည်း မုဆိုးတော်တော်များများက မလုပ်မဖြစ် လုပ်ဆောင်ရသော အလုပ်သဖွယ် လေးလေးစားစားဖြင့် လုပ်ဆောင်လေ့ရှိသည်။

ကျွန်တော်ကိုယ်တိုင်လည်း တောပစ်တိုင်း ရောက်ရာတောကြီးအတွင်းတွင် တောတင်ပြီးမှ တောသည့်တတ်သည်။ မိမိအနေဖြင့် အခွဲအလမ်းကြီးမား၍ ယုံကြည်မှုလွန်ကဲလွန်း၍တော့မဟုတ်။ မြန်မာ့ရိုးရာဓလေ့အတိုင်း တောကြီးအတွင်းရှိ ဒေသခံလူများမှာ စားဦးစားဖျားကိုပင် ဦးစွာမစားဘဲ တင်မြှောက်ပြီးစားမှ အန္တရာယ်ကင်း၊ ဘေးရှင်းသည်ဟု အယူအဆရှိကာ လိုက်နာခြင်း၊ ခလုတ်တိုက်ရာမှ ဆင်နင်း၊ ကျားကိုက်ခံရသည်ကိုပင် တောပိုင်တောင်ပိုင်အား မတင်မြှောက်ခြင်းကြောင့် ဤသို့ဤပုံဘေးတွေ့သည်ဟု တောကလူများ ပြောမဆုံးပေါင် တောသုံးတောင်နှယ် စကားပိုင်းဖွဲ့တိုင်း အပြစ်တင်ပြောကြရာ ကျွန်တော်နှင့်လိုက်ပါမည့် တောထဲက လမ်းပြမုဆိုးများ အမြင်ရှင်းရန်အတွက် တောတင်ခြင်းဖြစ်သည်ဆိုက မမှားပေ။



အခြားတစ်ချက်မှာ ကျွန်တော်ကြုံခဲ့သော တောတွင်းအဖြစ်အပျက်များရှိပါသည်။ ခေါင်းစွဲမထားသော်လည်း အမှန်တကယ်ဖြစ်ပျက်ခဲ့သဖြင့် တွေးမိတိုင်း ပြေးသတိရမိသည်။

''ဖွတ်တမအင်း''မှာ ကျယ်ပြောသောအင်းကြီးဖြစ်၍ အင်းနားတစ်ဝိုက်မြေက မြေသြဇာထက်သန်သော သစ်ဆွေးမြေဖြစ်သည်။ ဤမြေတွင်ဒေသခံလူအများ စိုက်ပျိုးကြရာ ခရမ်းသီးတစ်လုံးပင် တောင် ဆုပ်နီးပါးရှိသည်။ ဆောင်းနှမ်းစိုက်က ရင်ဆို့နီးပါးမျှ အပင်သန်လျက် သီးနှံဖွံ့ဖြိုးသည်။

ဖွတ်တမအင်းစောင်း၌ ကိုင်းလုပ်ငန်းကိုလုပ်ရင်း နှစ်လုံးပြူးသေ

www.burmeseclassic.com

နတ်တစ်လက်ဖြင့် တောလည်သော မုဆိုးတစ်ဦးနှင့် ကျွန်တော်ကြုံဘူးသည်။ ဆရာကျော်ဝင်းဖြစ်၍ ဗိုလ်သင်တန်းကျောင်းလက်နက်ငယ်နည်းပြဆရာမှထွက်ခဲ့သူမို့ ကာဘိုင်၊ ဂျီ-၃ မှအစ စစ်ဘက်သုံး လက်နက်အပြင် မုဆိုးကိုင်သေနတ်မှန်သမျှ ကျွမ်းကျင်သည်။ လူက ပညာတတ်၊ ပါးနပ်လိမ္မာပြီး သားကောင်စရိုက်ကို နားလည်သည်။ တောတွင်းနေလျက် လက်နက်ကိုပါ ထိရောက်စွာ ပစ်ခတ်တတ်သဖြင့် ချေ(ဂျီ) သတ္တဝါကို မကြာခဏရ၍ "ဂျီကျော်ဝင်း"ဟုပင်ခေါ်ရသော မုဆိုးကောင်းတစ်ဦးဖြစ်သည်။



**ညနေစောင်း**
**နေဝင်ရိုးရီအချိန်**
**ညောင်ပင်တစ်ပင်ပေါ်သို့**
**လင့်စီးရန်ကျွန်တော့်အား**
**တင်ပေးသည်။**
**ဆရာကျော်ဝင်းပြန်**
**သွားပြီးနောက်**
**မကြာမီတောစပ်မှာ.....**

ကျွန်တော်နှင့် တောပစ်သွားရင်း ဖွတ်တမအင်း၌ ဆရာကျော်ဝင်းနှင့် ကြုံကြိုက်သည့်အခါ ကြက်ဥ၊ အရက်၊ ကွမ်း၊ ဆေး၊ လက်ဖက်စုံများဖြင့် ကျွန်တော့်အတွက် တောတင်ပေးသည်။ ဆရာကျော်ဝင်းက တောပစ်တတ်ရုံမက တောတင်မြှောက်ရာမှာလည်း ကျွမ်းကျင်၏။ စင်ပေါ်တွင် အမယ်စုံပါ နှီးဗန်း ချပြီးနောက်.....

"ပြောမရ၊ ဆိုမရ၊ သုံးမရသော ချိုကျိုးနားရွက်ပဲ့နှင့် အရိုးကြီးကြီး၊ အသားများများအကောင်ကိုပေးရန်"တောပိုင်၊ တောင်ပိုင်များထံ တောင်းသည့်အခါ ကျွန်တော်က အတွေ့အကြုံမရှိ၍ ဆရာကျော်ဝင်း၏အပြောကို သဘောကျလျက် ၎င်းနောက်မှ ထိုင်ကာ ကျိတ်ရယ်သည်။

ညနေစောင်း နေဝင်ရိုးရီ အချိန် ညောင်ပင်တစ်ပင်ပေါ်သို့ လင့်စီးရန် ကျွန်တော့်အား တင်ပေးသည်။ ဆရာကျော်ဝင်း ပြန်သွားပြီးနောက် မကြာမီ တောစပ်မှာ ချေ(ဂျီ)တစ်ကောင်ထွက်လာသည်ကို ကျွန်တော်မြင်၏။ သေနတ်မောင်းတင်၍ပစ်သည်။ ကျည်က ချေ(ဂျီ)ကိုယ်လုံးကို ဖောက်မှန်သွားသည်။ ချေ(ဂျီ)က လဲမသွားသဖြင့် နောက်ထပ် ကျည်ထုတ်၊ ကျည်ထိုးလုပ်ကာ ထပ်ပစ်သည်။ ချေ(ဂျီ)ကို ထပ်ဖောက်သွားပြန်

www.burmeseclassic.com



သည်။ အမဲပစ်ရိုင်ဖယ်နှင့် နှစ်ချက်ပစ်၍မှ ချေ(ဂျီ)သတ္တဝါလဲလျှင် ဖြစ်နိုင်။ ကျွန်တော် အောက်သို့ ဆင်းကြည့်သည်။ ချေ(ဂျီ)နေရာတွင် ဘာမှမရှိ။

"ဝူး....."

"ဟေး....."

ဆရာကျော်ဝင်းနှင့် အခြားနားပေါက်ကျယ်ကျော်ဝင်းခေါ်ခံရသူတို့နှစ်ယောက် ကျွန်တော့်ဆီ ရောက်လာသည်။

"ငါ့ညီ မင်းဘာတွေပစ်နေတာလဲ၊ ကျည်တွေလျှံနေတယ်၊ ထိတဲ့အသံမဟုတ်ဘူး"

နှစ်ဦးစလုံးက တပ်ထွက်၊ သေနတ်အကြောင်း ကောင်းကောင်းသိသူမို့ ဝိုင်းမေးသည်။

"ဒီနေရာမှာ ချေ(ဂျီ)ရပ်နေတာတွေ့လို့ ပစ်လိုက်တော့ ကျည်က နှစ်ချက်လုံး အကောင်ကိုဖြတ်မှန်သွားတာ ကျွန်တော့်မျက်စိနဲ့ တပ်အပ်တွေ့နေတယ်၊ အကောင်မလဲလို့ ကျွန်တော်ဆင်းပြီးကြည့်တော့ ချေ(ဂျီ)မဟုတ်ဘူး အစ်ကို"

ကျွန်တော်က တွေးရခက်ခက်ဖြင့် ပြန်ပြောလိုက်သည်။ အပြန်လမ်းတွင်.....

"အစ်ကို တောတင်တုန်းက ပြောတာကို ကျွန်တော်သဘောကျပြီး နောက်ကရယ်နေတာကို တောပိုင်၊ တောင်ပိုင်တွေက မကြိုက်လို့များလား အစ်ကိုရာ၊ ကျွန်တော့်မျက်စိထဲမှာ ချေ(ဂျီ)မှချေ(ဂျီ)မြင်နေရတာပါ"



**ဒီနေရာမှာ**
**ချေ(ဂျီ)ရပ်နေတာ**
**တွေ့လို့ ပစ်လိုက်တော့**
**ကျည် က နှစ်ချက်လုံး**
**အကောင်ကိုဖြတ်မှန်သွားတာ**
**ကျွန်တော့်မျက်စိနဲ့**
**တပ်အပ်တွေ့နေတယ်၊**
**အကောင် မလဲလို့**
**ကျွန်တော်ဆင်းပြီး**
**ကြည့် တော့ ......**

ကျွန်တော်က မေးလိုက်၏။

"ဟာ.....ဒီလို မလေးမစား မလုပ်နဲ့ ငါ့ညီ၊ တော်ကြာ အများများအယွင်းယွင်းဖြစ်ပြီး မင်း ဒုက္ခရောက်သွားမယ်၊ တောတင်တုန်း လှောင်တာရယ်တာကို ဘယ်တော့မှမလုပ်နဲ့၊ သူတို့မကြိုက်ဘူး၊ မင်းမှုဆိုးလုပ်မယ်ဆိုရင် သတိထားကွာ"

ဆရာကျော်ဝင်းနှင့်နားပေါက်ကျယ်ကျော်ဝင်းတို့၏ ပြောသည့်စကားကို တောပစ်သည့်အခါ မကြာခဏ ပြန်သတိရသည်။ မုဆိုးကောင်းများဖြစ်၍ အတွေ့အကြုံနှင့် ပြောသောစကားဖြစ်နိုင်သည်။ နောင်ဘယ်တော့မှ မလေးမစား မလုပ်တော့ဘဲ တောတင်ခဲ့သည်။

"ဝါးချောင်း"၌ ကျွန်တော်၊



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးပန်းမြိုင်၊ ကိုမြင့်ကြည် (သဘော်သား)တို့ ကိုတင်လှိုင်တဲတွင်တည်းပြီး တောလည်စဉ်က ကျွန်တော်နှင့်လိုက်ပါမည့် လွှဆွဲဆရာ လမ်းပြမုဆိုး "သာခွင်"နှင့်အတူ ညနေအချိန် တောင်သရက်ပင်ကြီးအောက်မှာ တောတင်၏။

တစ်ချိန်က မုဆိုးလက်သင်ဘဝ။ မုဆိုး "ဦးပကန်း"တောတင်သည်ကို ကြုံခဲ့ရ၏။ တောပိုင်၊ တောင်ပိုင်ရှင်ကြီးများအား တင်မြှောက်ရင်း "စားဗျာ၊ ပေးဗျာ၊ လုပ်ဗျာ၊ သေနတ်သံ ဗုန်းခနဲဆို တုံးခနဲလဲဗျာ"စသည်ဖြင့် အစားကို အတင်းကျွေးလျက် အမွှတောင်းရာ တောပိုင်၊ တောင်ပိုင်များ မကြိုက်၍ မပေးခြင်းလော၊ ကိုယ်တိုင်က သဘောတရားနှင့် လက်တွေ့ပေါင်းစပ်ပစ်ခတ်ရာတွင် အားနည်းခြင်းကြောင့်လော မပြောနိုင်သော်လည်း မုဆိုးဦးပကန်းနှင့် ကျွန်တော် တောလည်တိုင်း သားကောင်မရပေ။

ထိုအတွေ့အကြုံကိုယူကာ ကျွန်တော်ကိုယ်တိုင် တောတင်မည့်နေရာ၊ တောတင်သည့် အမယ်စုံကို စိတ်ကြိုက်လုပ်ပြီးမှ ကျကျနန တောတင်သည်။ အိမ်ဆီသို့ ကောင်းလာရန် ပြောသောစကားမျိုးဖြင့် နားဝင်အောင်ပြောကာ ပေး ချင်အောင်လုပ်သည်။



ကျွန်တော် ရောက်ရာဒေသတော မှာ သားကောင်ရသည်ချည်းဖြ ၏။

မုဆိုးတောတင်တိုင်း ပြော မည့်စကားထဲ "ပြောမရ၊ ဆိုမရ ချိုကျိုးနားရွက်ပဲ့ သုံးမရတဲ့ကောင အရိုးကြီးကြီး၊ အသားများများ" ကား အမြဲတမ်းပါ၏။ လူတို့နှ "ပြောမရ၊ ဆိုမရ၊ သုံးမရသည့် ချ ကျိုးနားရွက်ပဲ့"လိုလူစားမျိုးအာ မိမိနှင့် အံမကိုက်၊ ခိုင်းမရလျှင် မထားချင်သည့်သဘောဝ၍ တော ပိုင်၊ တောင်ပိုင်က ပေးချင်အောင် ပြောခြင်းဖြစ်သည်။

♛♛♛♛♛

ကျွန်တော်နှင့်မုဆိုး သာခွင်တို့နှစ်ဦး ည (၁၀)နာရီတွင် သေနတ်ပြင်ပြီး ဝါးချောင်းနေရာစခန်းမှ ဆားချောင်းဘက်သို့ မီးထိုးပြီး တောပစ်ရန် တန်းလျှောက်ခဲ့ကြသည်။ မုဆိုးက လမိုက်သည့်ရက်ကို ရွေးရ၏။ လမထွက်သဖြင့် တစ်ညလုံး စိတ်ကြိုက်လည်နိုင်သည်။ မီးနှင့်ရှာရင်း "ကတုံးအင်း"ဘက်သို့အရောက် နွေရာသီ ကုက္ကိုသီးမှည့်ချိန် စားပင်တစ်ပိုက် "ဖြူ" သတ္တဝါများ ကုက္ကိုပင်ကြီးအောက် ကုက္ကိုသီးကောက်၍ နှစ်ခြိုက်စွာ စားနေသည်ကို မီးအလင်းရောင်



www.burmeseclassic.com

www.burmeseclassic.com

မှာမြင်ရသည်။ ဆူးထောင်ထောင်နှင့်ဖြူကာ ငါးကောင်ရှိသည်။

"သာခွင် ဘယ်လိုလဲ"

ကျွန်တော်က မုဆိုးသာခွင်၏ ဆန္ဒကို သိလိုသဖြင့် မေးလိုက်၏။

"ဆရာကြီး လာဘ်ဦးမပယ်နဲ့ ပစ်ဗျာ၊ တဲမှာ ဟင်းစားငတ်နေပြီ"

ကျွန်တော် သေနတ်မောင်း အပြည့်တင်ပြီးပစ်သည်။ မှန်၏။ အနီးကပ်ပစ်ခြင်းကြောင့် ကျည်ဖြတ်အားကောင်းသဖြင့် မှန်သွားသည့်ဖြူကောင်မှာ ရုတ်တရက် မလဲဘဲ လျှိုထဲရောက်သည် အထိပြေးသည်။ လျှိုထဲရောက်မှ ကြွက်တစ်ကောင်၏အသံနှယ် အော်လျက်ရှိသည်။

"သာခွင်"

"ဗျာ....."

"မှန်သွားပြီ၊ သွားရှာပေတော့"

ကျွန်တော်က အပိုယူလာသော သုံးတောင့်ထိုးဓာတ်မီးကို ပေးလိုက်သည်။ သာခွင်က ဓာတ်မီးကိုယူ၍ လျှိုထဲသို့ ဆင်းလိုက်သွား၏။ မကြာမီ ငါးပိဿာခန့်ရှိသည့် ဖြူကောင်ကို ခြေထောက်ကဆွဲကာ ပြန်လာသည်။

"ငါ့လခွီး...မသေခင်က ပုပ်နေတဲ့အကောင်"

သာခွင့်ပါးစပ်မှ ဆဲဆဲဆိုဆို



လုပ်နေခြင်းကြောင့်.....

"ဘာဖြစ်လို့လဲ သာခွင်ရဲ၊ ပြောပါဦး"

ကျွန်တော်က မီးနှင့်ထိုးပြီး မေးသည်။ ကျွန်တော့်နှာအရောက်တွင်.....

"ဘာဖြစ်ရမလဲ ဆရာကြီးရဲ၊ ဒီမှာကြည့်ပါဦး၊ ရှေ့လက်မရှိဘူး"

ဖြူသတ္တဝါမှာ သာခွင်ပြောသကဲ့သို့ ရှေ့လက်အဆစ်သာသာမှ ငုံးတိတိဖြစ်လျက် အနာရင်းကာ ပုပ်စော်နံနေသည်။

"ကေန္တ သံမဏိကြိုးမိပြီး ပြတ်သွားတာဖြစ်မယ်၊ ကဲ...အဲဒီနေရာအထက်က ထပ်ဖြတ်လိုက်ကွာ"

ကျွန်တော်က ပြောပြောဆိုဆို အမဲလိုက်ဓားကို ဓားအိမ်မှချွတ်ပေး၍ ရှေ့လက်အား အနည်းငယ်ထပ်ဖြတ်ခိုင်းသည်။ အပုပ်နံ့မရှိမှ သာခွင်က ကျောပိုးထမ်းတော့၏။

တောလမ်းအတိုင်း မီးထိုးရှာသည်။ တံခါးသဖွယ်ပုံသဏ္ဍာန်ရှိသည့် သစ်တံခါးနေရာသို့ရောက်သည်။ သားကောင်မတွေ့။ အလံနီနေရာသို့ ခရီးဆက်၏။ သားကောင်မမြင်။ ခုနစ်တောင်ပေါ် တက်ခဲ့သည်။ ခုနစ်တောင်ကား ပေ(၂၀၀)နီးပါးမြင့်သည်။ ဘေးဘယ်ညာ၌ လျှိုကြီးများရှိ၏။ နေရာထိုင်ခင်းကောင်းခြင်းကြောင့် ဆတ်ကျွဲ၊ ဆတ်နွား၊ တောဝက်၊ ဖြူစသည့် သားကောင်နှင့်

www.burmeseclassic.com





သတ္တဝါမျိုးစုံနေသည်။ ညဉ့်နက်လျှင် တောင်ပေါ်ရှိ တောလမ်းပေါ်သို့ တက်ကာပစ်ရမည်။

ကျွန်တော်က ရှေ့မှသတိထားပြီး ဝဲယာတောထဲကို မီးကိုဝေ့ကာ ဝိုက်ကာ အတိုအရှည် မီးထပ်လျက်ထိုးသည်။ အသွားအပြန် မီးပေး၏။ တစ်ခါတစ်ခါ မီးဖြင့်ထောက်သည်။ ကျန်နိုင်သည့် သားကောင်အတွက် မီးနောက်ပြန်ထိုး၍ရှာသည်။ မီးနှင့် ကျွန်တော် အနှစ်နှစ်အလလ သားကောင်ပစ်လာခြင်းကြောင့် မီးပညာကို ပိုင်ပိုင်နိုင်နိုင် တတ်ထားရာ မီး ယဉ်ပြီး မီးမကြည့်သော သတ္တဝါ ကိုပင် ကျွန်တော်က မီးဖြင့် ကလော်ကာ ခေါ်နိုင်သည်။

"ရှော.....ရှော.....ဗျော"

"ရှော.....ဗျော"

"ယော.....ဆရာကြီး ခြေသံတွေကြားတယ်၊ တောဝက်အုပ် လား၊ ဖြူကောင်တွေလားတော့ မပြောနိုင်ဘူး၊ အသံများတယ်"

ကျွန်တော့်နောက်က သာခွင်မှ ဘယ်ဘက်တောထဲကို လက်ညှိုးထိုးပြပြီးပြောသည်။ ကျွန်တော်က မီးကိုခဏပိတ်လျက် လက်ထဲက သေနတ်အား မောင်းတင်သည်။

ကျွန်တော့်အောက်တည့်တည့်ကို မီးဖွင့်သည်။ မုဆိုးသာခွင်ကို နေခဲ့ရန် လက်နှင့်အချက်ပြ၍ ရှေ့သို့ တောတိုးသွားနေသော သားကောင်အား ရှေ့မှပန်းနိုင်ရန် အတွက် တောလမ်းအတိုင်း လာရာလမ်းနောက်ကြောင်းကို မီးပေးကာ လိုက်တော့၏။

ခြေသံမကြားအောင်သွားခိုက် မီးနှင့်မကြာမကြာ ရှေ့ကိုထိုး၊ ဘေးကိုကြည့်ဖြင့် သတ္တဝါတဖြဲဖြဲ တောတိုးသည့်ခြေသံများနောက်လိုက်ရင်း ရှေ့မှကြိုရောက်ရန် ခပ်သုတ်သုတ်လျှောက်သည်။ သားကောင်မှာ စိတ်ကြမ်းကြမ်း၊ ကိုယ်ကြမ်းကြမ်းသွားသည့် ခြေသံများဖြစ်သဖြင့် တောဝက်နှင့်ဖြူကောင်ဖြစ်ဖို့များသည်။

ကျွန်တော့်ရှေ့မှ ဖြူသတ္တဝါနှစ်ကောင် မီးရောင်တွင် လမ်းကိုကျော်ပြီး တစ်ဖက်တောထဲဖြတ်သွား၏။ အသံကကြားနေရဆဲပင်။ ကျွန်တော် ညာဘက်ချုံအတွင်းသို့ မီးထိုးကြည့်သည့်အခါ ချုံအနည်း ငယ်ပါးသောနေရာ၌ အချိန်နှစ်ဆယ့်ငါးထွက်မည့် မွေး



www.burmeseclassic.com

www.burmeseclassic.com



လုံးဖြုတောဝက်က ဘေးတိုက် အနေအထားဖြင့် ရပ်နေသည်။ တောဝက်က မီးကြောက်၏။ တောဝက်အုပ်တွေ့လျှင် မီးများ များမပေးရ၊ မီးအလင်း ရောင် သိပ်စူးက မီးလန့်တတ်၍ တစ်ခါ တစ်ရံ တောဝက်အုပ်နှင့်ကြုံ သော် နစ်တောင့်ထိုး မီးထိုးပစ်ဘူး သည်။ ရခဲ့သည့် တောဝက်ကောင် ပေါင်း များခဲ့ပြီ။

ကျွန်တော့်မီးကို မလန့်ခြင်း မှာ သစ်ကိုင်းသစ်ခက်များ ကွယ် နေခြင်းကြောင့်ဖြစ်သည်။ ရသည့် အချိန်တိုအတွင်း သေနတ်နှင့်မီး တွဲ လျက် တောဝက်၏ ရှေ့ခြေပြား ရင်းကိုချိန်ကာ ပစ်မှတ်တစ်ထပ် တည်းကျချိန် ပစ်လိုက်၏။

"ဒိုင်း....."

ညဉ့်ယံထဲ၌ ပေါက်ထွက်သွား သည့် သေနတ်သံ။

"ဗျော.....ဘရော"

"ဗုန်း....."

တောဝက်က သေနတ်မှန်ပြီး ရှေ့ကိုအနည်းငယ်ပြေးရာမှ ထိုးလဲ သွားသည့်အသံ။ အသံနှစ်သံ ရှေ့မနှောင်းပေါ်လာသည်။

"သာခွင်"

"ဗျာ.....ဆရာကြီး"

တောထဲ၌ သေနတ်မှန်သွား သည့် သားကောင်ကိုကြည့်ပြီး "ဟာ.....မှန်သွားပြီ၊ မှန်သွားပြီ" ဟုပြောလျှင် သားကောင်မှာ တော ဝင်ကာပြေးခဲ့သော် မရတော့ဘဲ ဆုံး ရှုံးတတ်ကြောင်း မုဆိုးများ၏အယူ အဆရှိနေ၍ တောဝက်မှန်သွား သည်ကို မီးဖြင့်အချက်ပြသည်။ သာခွင်က ပါးနပ်သောမုဆိုးမို့ သိ ကြောင်း မီးရောင်၌ ခေါင်းညိတ် အချက်ပြန်ပြ၏။

ကျွန်တော်က သေနတ်ကျည် ရှင်းသည်။ မောင်းတစ်ဝက်ကျည် ထိုးစဉ် သာခွင်မှာ ချထားသည့်ဖြူ သေကိုယူ၍ထမ်းသည်။ နှစ်ဦးသား နောက်ကြောင်းသို့ ဝါးတစ်ပြန်ခန့် လျှောက်သည်တွင် လမ်းဘေး ချုံထဲလဲနေသော တောဝက် သေ ကို မီးဖြင့်တွေ့ရတော့၏။

တောဝက်မှာ မျက်စိပွင့်မှ သေသည်။ မျက်စိမပွင့် မှိန်းနေ လျှင် မုဆိုးအား ရန်လုပ်တော့မည်။ တောဝက်က အနီးကပ် ရုတ် တရက်ပက်သော် မုဆိုးမှာ အခက် တွေ့လျက် သေဖို့များ၏။ အလွန် သတိထားရသော သတ္တဝါမို့ ကျွန်တော်က တောဝက်၏ မျက်စိကို မီးနှင့်အသေအချာရှာ သည်။ မျက်စိပွင့်နေပြီ။

"ကဲ.....သာခွင်ရေ စိတ်ချရ ပြီ၊ သွားဆွဲထုတ်ခဲ့ကွာ"

ကျွန်တော်ခိုင်းလိုက်ရာ



ကျွန်တော်က
သေနတ်ကျည်ရှင်းသည်။
မောင်းတစ်ဝက်ကျည် ထိုးစဉ်
သာခွင်မှာ ချထားသည့်
ဖြူ သေကိုယူ၍ထမ်းသည်။
နှစ်ဦးသား
နောက်ကြောင်းသို့
ဝါးတစ်ပြန်ခန့် လျှောက်သည်တွင်
လမ်းဘေး ချုံထဲလဲနေသော
တောဝက် သေကို......



www.burmeseclassic.com

www.burmeseclassic.com



စကား ဆုံးလျှင် သာခွင်မှာ ဖြူကောင်ကို အောက်သို့ချ၍ တောတိုးဝင်သွားသည်။ မကြာမီ.....

"ဟာ...ငါ့လခွီးမှပဲ၊ ဖြစ်ပြန်ပြီ၊ တိုက်တိုက်ဆိုင်ဆိုင် ဘာတွေများဖြစ်နေပါလိမ့်"

တောထဲက သာခွင်၏စကားသံကိုကြားရသည်။ တောဝက်အား ချုံတောထဲမှ ဆွဲထွက်လာ၏။

"ဘာတွေဖြစ်လို့လဲဟ သာခွင်ရ"

ကျွန်တော်ကမေးသည်။

"ဒီမှာလေ ဆရာကြီး မမြင်ဘူးလား၊ ဒီတစ်ကောင်က နောက်ခြေထောက်မရှိဘူး၊ ပြတ်နေတယ်၊ အံ့ပါရဲ့ကွာ"

ကျွန်တော်တို့နှစ်ဦး သာခွင်က တောဝက်ကို ကျောပိုးထမ်းသည်။ ကျွန်တော်က သေနတ်လွယ်လျက် ဖြူကောင်အားသယ်ကာ ဝါးချောင်းစခန်းသို့ မိုးမလင်းမီ မီးထိုးပြန်ခဲ့၏။ အရှေ့ရောင်နီသန်းစပြုပြီမို့ တိမ်မျှင်ကြားမှ နီနီ၊ ဝါဝါ၊ ပြာပြာ၊ ခရမ်း၊ လိမ္မော်ရောင်မြင်ကွင်းကို ခုနစ်တောင်တန်းပေါ်က လှမ်းမြင်ရ သည်။ မနက်ခင်းလေနုအေးများ တိုက်ခတ်သဖြင့် ညလမ်းလျှောက်ခဲ့သည့် ပင်ပန်းမှုမှာ သားကောင်ရခဲ့သည်က တစ်ကြောင်း၊ လေအေးလေးများ တိုးဝှေ့သွားသည်ကတစ်ကြောင်း တို့ကြောင့် လူကပင်ပန်းမှု ပျောက်ကာ လန်းလန်းဆန်းဆန်းရှိနေပေတော့သည်။

♛♛♛♛♛

ဝါးချောင်းရှိ ကိုတင်လှိုင်တို့တဲဝိုင်း၌ တောဝက်နှင့်ဖြူကောင်ကို ဝိုင်းဖျက်ကြသည်။ မုဆိုးသား ကောင်ရသည့်သတင်းကြောင့် ထင်းလုပ်သူ၊ မီးသွေးဖုတ်သူ၊ ဝါးခုတ်သမားများ ရောက်လာကာ လူပေါင်းစုံသွားသည်။

အသားကိုဖျက်သူဖျက်၊ ချက်သူချက်၊ ညှင်းသူညှင်းဖြင့် လူစုံအားတက်သရော လုပ်ကိုင်ကြ၍ ခဏနှင့် ဟင်းထမင်းပါ ကျက်သွားကြ၏။ တောနေလူများ၏စရိုက် ရိုးသားပြီး စိတ်ရင်းအမှန်နှင့် ဆက်ဆံသူများဖြစ်သဖြင့် တောစရိုက်နှင့် တောလိုက်ခြင်းကို ကျွန်တော်နှစ်ခြိုက်ပြီး မုဆိုးဖြစ်ခြင်းဖြစ်သည်။

ကိုတင်လှိုင်က အောင်စိုး၊ ဩဂတ်စတင်းနှင့် စခန်းရှိလူများ၊ အခြား တောတောင်အလုပ်ဖြင့် အသားတော်၍ လာကြသူများအား တောဝက်သားတချို့ကို ဝေပေးလိုက်၏။ ကျွန်တော်တို့ဝိုင်းက တောဝက်ဝမ်းတွင်းသားကလီစာကို ရေနွေးကြမ်းနှင့် မြည်းသူမြည်း၊



အသားကိုဖျက်သူဖျက်၊ ချက်သူချက်၊
ညှင်းသူညှင်းဖြင့်
လူစုံအားတက်သရောလုပ်ကိုင်ကြ၍
ခဏနှင့်ဟင်းထမင်းပါကျက်သွားကြ၏။
တောနေလူများ၏စရိုက်ရိုးသားပြီး
စိတ်ရင်းအမှန်နှင့်ဆက်ဆံသူများဖြစ်သဖြင့်
တောစရိုက်နှင့် တောလိုက်ခြင်းကို.....

www.burmeseclassic.com



ကြီးပန်းမြိုင်က ဝီစကီအနည်းဖြင့် အမြည်းလုပ်ခိုက်.....

''ဗိုလ်ကြီးရာ ကျွန်တော် ပြမုဆိုးဘဝနဲ့ တောလည်တာ ပြီ၊ ဒီတစ်ခါတော့ လက်လန် ပဲဗျာ''

မုဆိုးသာခွင်က စကားစလာ ည်၊

''နေစမ်းပါဦး၊ ခင်ဗျားက တွေများဖြစ်လို့လဲဗျ''

ဗိုလ်ကြီးပန်းမြိုင်က သိလို ဖြင့်မေးသည်။ ကျွန်တော်နှင့် ကို ကြည်၊ ကိုတင်လှိုင်နှင့် အခြား ခန်းမှလူများက မုဆိုးသာခွင် မည့်စကားကို အမြည်းစားရင်း စိတ်ဝင်တစား နားထောင်နေကြ ည်။

''ဟာ....ဘာဖြစ်ရမလဲ ဗိုလ် ကြီးရာ၊ ဆရာကြီးနဲ့တောလည်တာ ရောဗျာ၊ ဒီလိုအဖြစ်မျိုး မကြုံဖူး ဘူး၊ ဖြူကိုပစ်လိုက်တော့ ရှေ့ က်တစ်ဖက်ပြတ်နေတယ်၊ တော ရတော့ နောက်ခြေထောက် တစ်ချောင်း မပါဘူး၊ တိုက်တိုက် ဆိုင်ဗျာ''

''ဒါ့ကြောင့်လည်း သား ကောင်ရတိုင်း ဆဲနေတာမဟုတ် လား သာခွင်''

မုဆိုးသာခွင်စကားအဆုံး ကျွန်တော်က ဝင်ပြောလိုက်သည်။



ဤတွင်.....

''သာခွင် ညနေက တောတင်တုန်း မင်းဆရာကြီးပြောတဲ့ စကား မင်းမမှတ်မိဘူးလား၊ ဘာကွ မင်းတို့ပဲ ပြောမရ၊ ဆိုမရ၊ ချိ ကျိုးနားရွက်ပဲ့၊ သုံးမရတဲ့ အကောင် တွေပေးပါဆို၊ တောပိုင်တောင်ပိုင် ရှင်တွေက တကယ်ပေးတော့လည်း ခြေမပါ၊ လက်မပါ အကောင်တွေကိုမှ ပေးလားဆိုပြီး မင်းက ဒေါသဖြစ်ပြီး ဆဲနေတာ၊ မလုပ်ပါနဲ့ မောင်ရာ၊ တို့လည်း တစ်ခါတလေအားမှ တောလည်ပစ်နိုင်တာ၊ မင်းကြောင့် တောပိုင်တောင်ပိုင်ရှင်ကြီး စိတ်ဆိုးလို့ တို့မရရင် အခက်ပဲမောင်ရာ၊ မဆဲပါနဲ့ကွာ''

''ဟား.....ဟား.....ဟား''

ဗိုလ်ကြီးပန်းမြိုင်က အသောဖောက်လျက်ပြောလိုက်ရာ ကျွန်တော်တို့အားလုံး သဘောကျကာ ရယ်ကြ၏။

တောတွင်းစခန်း၌ သားကောင်ရသဖြင့် စားသူစား၊ ဝါးသူဝါး၊ အရိုးကိုက်သူကိုက်၊ ကိုယ့်အကြိုက် တောအရက်နှင့် မြည်းသူမြည်းဖြင့် ပွဲတော်လေးတမျှ စည်ကားလျက်ရှိသည်။ ထမင်းစားပြီးနောက် အကျရည်ဖြင့် စကားဝိုင်းဖွဲ့ပြောကြဆိုကြသည်ကိုကြည့်ပြီး ကျွန်တော့်မှာ ''မုဆိုးပီတိ''ဖြစ်လျက် တောတင်သည့်လေ့အား ပြေးသတိရနေချေတော့သည်။

**မောင်မောင်လွင်**
**(ညောင်လေးပင်)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



**ခြေရက်လေသော ကြမ္မာရိုင်း** **မောင်သာမန် (ဗိုးကုန်း)**

ထွေးယယ်သည် သူမ၏ရှေ့၌ ရှိနေသော မှန်ချပ်အား စူးစိုက်စွာ ကြည့်နေ၏။ သူမသည် ပျိုမျစ်နုနယ်၍ အလှသွေးကြွယ်သူဖြစ်၏။ ရွှန်းစိုဝင်းလက်သည့် အသားအရေကို ပိုင်ဆိုင်၍ သနပ်ခါးပါးကွက် ကျားလေး လိမ်းခြယ်ထားခြင်းကြောင့်လည်း လှပချောမွေ့ခြင်းကို ပို၍တင့်တယ်စေ၏။ မှန်ကြည့်နေသော သူမသည် သူမ၏အချောအလှအတွက် သဘောကျသည်လားမသိ။ ရှက်ပြုံးပြုံးလျက်ရှိပေ၏။ ထိုသို့ပြုံးလျက်မှပင် တစ်နေ့နေက်ပိုင်း၌ လယ်ထဲရှိသွေးဖြစ်သူထံ ရေနွေးပို့ရာလမ်းတွင် ကိုမျိုးအောင်နှင့် ဆုံခဲ့၏။ ကိုမျိုးအောင်က သူမ၏အလှအပကိုကြည့်ပြီး ပြောသောစကားကြောင့် သူမမှာ ရှက်၍မဆုံးဖြစ်ခဲ့ရ၏။

"ထွေးယယ်ရယ်.....သိပ်ချောသိပ်လှနေပါလား၊ ရုပ်ရှင်မင်းသမီးလား အောက်မေ့ရတယ်"

ကိုမျိုးအောင်၏ ချီးမွမ်းထောမနာစကားကြောင့် မလုံမလဲ ရှက်ရွံ့သွားရသော်လည်း သူမ၏ ရင်ထဲ၌ ကျေနပ်နေမိ၏။

"အို....ကိုကြီးမျိုးအောင်ကလည်း ဘာမှန်းလဲမသိဘူး"



သူမအနေဖြင့် ကိုမျိုးအောင် အပေါ် စိတ်ကစားနေခြင်းကြောင့် ကိုမျိုးအောင် ပြောသမျှ ကျေနပ်ပီတိဖြစ်နေမည်ပင်။ အဖေါင်းအဖော် သူငယ်ချင်းများက သူမ၏အလှ အား မကြာခဏ ထုတ်ဖော်ပြောနေကြသော်လည်း ထူး ဆန်းမှုမရှိခဲ့ပေ။ မည်သို့မျှလည်း



www.burmeseclassic.com

www.burmeseclassic.com

မခံစားရ။ ကိုမျိုးအောင်၏ မမျှော်လင့်သော ချီးမွမ်းစကားကြောင့် သူမသည် အထူးကျေနပ်ပီတိဖြစ်ရ၏။ မည်သို့ပင်ဖြစ်စေ မိမိစိတ်ဝင်စားသောဆန့်ကျင်ဘက် ယောကျ်ား၏ ချီးမွမ်းပြောဆိုမှုသည် သူမ၏ရင်ကို တုန်လှုပ်စေသည်မှာ ကေန်ပင်ဖြစ်၏။

ပြီးခဲ့သည့်ညကလည်း သူမ၏မိခင် ဒေါ်ငွေကြည်က သူမအားခေါ်၍ တိုးတိုးတိတ်တိတ်သတိပေး သွန်သင်ခဲ့၏။ မိခင်ဖြစ်သူ၏ ပြောစကားများသည် ကြမ်းတမ်းမှု မပါသော်လည်း သူမ၏မျက်နှာလှလှလေးမှာ ပိုမိုရဲတွတ်စေရ၏။

"ထွေးငယ်...သမီး ဒီနေ့က စပြီး သမီးဟာ ကလေးမဟုတ်တော့ဘူး၊ ဒီနေ့ သမီးရဲ့ဖြစ်ရပ်က သမီး အပျိုဖြစ်ပြီလို့ ကြေညာလိုက်တာပဲ"

မိခင်၏စကားသည် သူမအတွက် နှလုံးခုန် စိတ်လှုပ်ရှားစရာ ဖြစ်ခဲ့ရ၏။ ထိုသို့စိတ်လှုပ်ရှားလျက်မှပင် ကြည်နူးမှုပီတိအဟုန်သည်လည်း အပျိုမလေး၏ရင်ထဲ၌ တိတ်တခိုးဖြစ်ရ၏။ အမှန်အားဖြင့် ထွေးငယ်သည် အသက် ဆယ့်ရှစ်နှစ် မပြည့်တတ်သေး။ ကျန်းမာ၍ သွေးသားဖွံ့ဖြိုးမှုကြောင့် စောစီးစွာ သွေးသားပေါ်၍ အပျိုဖြစ်ရခြင်းပင် ဖြစ်၏။ မိခင် ဒေါ်ငွေကြည်သည် အပျိုနုနုထွတ်ထွတ် ထွေးငယ်အား တိုးတိတ်စွာ သွန်သင်ခဲ့ပါ၏၊ သတိ ပေးခဲ့ပါ၏။

"သမီးက အပျိုလေးဖြစ်ပြီဆိုတော့ မနေ့တစ်နေ့ကလို ကလေးမဟုတ်တော့ဘူးဆိုတာ သမီးသဘောပေါက်ထားရမယ်၊ သမီးက ကျန်းမာလို့ အပျိုဖြစ်ပေမယ့် သမီးက ဆယ့်ရှစ်နှစ်မပြည့်သေးပါဘူး၊ ဒါကို သမီးက ငါကလေးပဲလို့ ခံယူထားလို့မရပါဘူး၊ ဒီအချိန်မှာတော့ ကိုယ့်ကိုယ်ကိုယ် အပျိုဖြစ်ပြီလို့ စိတ်ထဲမှာမှတ်ပြီး ကလေးလို နေလို့ထိုင်လို့မရဘူး၊ ခုအခါကစပြီး သမီးကိုယ်သမီး ဆင်ခြင်ရတော့မယ်၊ မိန်းကလေးနဲ့ တူသည်ထက်တူအောင် ဣန္ဒြေ၊ အရှက်သိက္ခာတွေနဲ့ ထိန်းထိန်းသိမ်းသိမ်းနေရမယ်၊ တို့မိန်းကလေးတွေအများစုဟာ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကြတဲ့အတွက် ဟီရိဩတ္တပ္ပဆိုတဲ့ ရှက်ခြင်း၊ ကြောက်ခြင်းတရားတွေရှိရမယ်၊ နောက်ပြီး သမီးဟာ ကလေးမဟုတ်တဲ့အတွက် ယောကျ်ားလေးအဖော်တွေနဲ့ အရောတဝင် မနေရဘူး၊ ယောကျ်ားလေးတွေနဲ့ မလွဲသာမရှောင်သာ ပြောရဆိုရမယ်ဆိုရင် မိန်းကလေးပီပီ ဣန္ဒြေရရ ပြောဆိုဆက်ဆံရမယ်၊ မိန်းကလေးတို့ဣန္ဒြေ ရွှေပေးလို့မရတဲ့၊ မိန်းမတစ်ယောက်ရဲ့တန်ဖိုးဟာ ဂုဏ်သိက္ခာနဲ့ ဣန္ဒြေတွေပဲ သမီး"

မိခင်ဖြစ်သူ၏ ဆုံးမစကားများအား ခေါင်းငုံ့နားထောင်နေရသော်လည်း သူမ၏ရင်ထဲ၌မူ ဂုဏ်ယူကြည်နူးလျက်ရှိရချေ၏။ မိခင်ဖြစ်သူ၏ ဆုံးမစကားများကို ပြန်လည်ကြားယောင်သည်သာမက ကိုမျိုးအောင်၏ ချီးမွမ်းပြောဆိုသောစကားကြောင့် ရွှေရင်ဖို၍ တုန်လှုပ်ခဲ့ရသည်များကို ပြန်လည်တွေးတောလျက် ထွေးငယ်သည် မျက်နှာလေး ရဲတွတ်နေတော့၏။

"သမီးရေ.....ညည်းအဖေအတွက် ထမင်းကြမ်းစီစဉ်ပြီးပြီ လယ်တဲကို သွားပို့လိုက်ပါဦးကွယ်"

"ဟုတ်ကဲ့ အမေ"

မိခင်၏ အသံပြုမှုကြောင့် မိခင်ရှိရာ မီးဖိုချောင်သို့ အပြေးအလွှားသွားရ၏။ အဖေ(ပထွေး)အတွက် စီစဉ်ထားသော ရေနွေးဓာတ်ဘူးနှင့် ထမင်းချိုင့်ကို ယူဆောင်လျက် လယ်တောဆီသို့ ထွက်ခဲ့၏။ ထိုစဉ်အခိုက် ဆံတောက်ဖားဖား၊ သနပ်ခါးပါးကွက်ကျားဖြင့် ချောချင်တိုင်းချောနေသော ထွေးငယ်မှာ အပျိုစင်ဟူသော ဂုဏ်ပုဒ်အား ရယူပိုင်ဆိုင်ရသဖြင့် စိတ်နှလုံးရွှင်ကြည်လျက် ပေါ့ပါးလန်းဆန်း၍ နေပေတော့၏။

♛♛♛♛♛

www.burmeseclassic.com



ထွေးငယ်သည် အသက်ဆယ့်ရှစ်နှစ် မပြည့်သေးသော်လည်း သူမ၏ လုံးကြီးပေါက်လှ ခန္ဓာကိုယ်အလှအပကြောင့် မြင်သမျှသော ဆန့်ကျင်ဘက်သတ္တဝါများ ရှိုသမ်းတပ်မက်ကြရ၏။ ကိုမျိုးအောင်ကား ထွေးငယ်အား အပျိုမဖြစ်ခင်ကပင် စိတ်ဝင်စားခဲ့၏။ သူမကို ချစ်မိသည်ဆိုပါကလည်း မှန်ပါ၏၊ သို့သော် မျိုးအောင်နှင့် ထွေးငယ်တို့အား အသက်အရွယ်ကွာခြားလှ၏။ ကိုမျိုးအောင်သည် မိဘများထားခဲ့သော လယ်ယာများကို ပိုင်ဆိုင်ပါ၏။ ထို့ပြင် အသက်နှစ်ဆယ့်ငါးနှစ်အရွယ် လူပျိုကြီးတစ် ဦးလည်းဖြစ်၏။ ကိုမျိုးအောင်အား ရွာရှိပျိုဖြူများက စိတ်ဝင်စားသော်လည်း ကိုမျိုးအောင်ကား ပျိုဖြူများကို စိတ်မဝင်စား။ မနေ့တစ်နေ့ကမှ အပျိုဖြစ်ခဲ့သော ထွေးငယ်ဆိုသော မေတ္တာသက်ဝင် ချစ်ကြင်ခဲ့၏။ သို့သော် ကိုမျိုးအောင်နှင့် ထွေးငယ်တို့၏ အသက်အရွယ်ကွာခြားမှုအဖြစ်ကြောင့် ကိုမျိုးအောင်မှာ မနေတတ် မထိုင်တတ် ခိုးလိုးခုလု ဖြစ်နေ၏။ မည်သို့ဆိုစေ ချစ်ရသော ထွေးငယ်မှ ရေလာရန် မြောင်းပေးမည်ဆိုပါက ကိုမျိုးအောင်တစ်ယောက် မျက်စိမှိတ်၍ ချစ်ရေးဆိုမည်ဟု ဆုံးဖြတ်ထား၏။ ကိုမျိုးအောင်၏ သူငယ်ချင်းအပေါင်းအသင်းများကမူ.....

''လူပျိုကြီးကလည်း သူ့ဘက်က ရေလာမြောင်းပေး



မယ့်အချိန် စောင့်နေရင်တော့ လူပျိုကြီး ငှက်ပျောတုံးဖက်သေဖို့ပဲ ရှိတော့တယ်၊ မင်းအသက်အရွယ်နဲ့ ကလေးသာသာ ထွေးငယ်ကို အပိုင်ရယူချင် တယ်ဆိုရင်တော့ သူ့မိဘတွေကို မိသားဖသားပီပီ ဖွင့်ပြောပြီး လက်ထပ်ခွင့်တောင်းဖို့ပဲရှိတယ်၊ အချစ်ဇာတ်လမ်းတွေ၊ ဖေတော့မောင်တော့ဇာတ်လမ်းတွေနဲ့ အဆန်းမထွင်ပါနဲ့ကွာ၊ ဒီအသက်အရွယ်ရောက်မှတော့ ကြာဖြတ်ပြီး ဇာတ်သိမ်းဖို့ပဲ ကြိုးစားပေါ့ကွာ''

သူငယ်ချင်းများက ဖြစ်နိုင်သော နည်းလမ်းများဖြင့် ထွေးတောပြောဆို အကြံပေးကြသော်လည်း ကိုမျိုးအောင်ကမူ ထိုနည်းများသည် ငွေကြေးနေရှိသူမှ အနိုင်ကျင့်၍ အပိုင်ကြံစေသောနည်းဟု ဆို၍ ငြင်းဆန်၏။ ကိုမျိုးအောင် အနေဖြင့် ထွေးငယ်အား နှစ်နှစ်ကာကာ ချစ်မိသော်လည်း ဖွင့်ပြောဖို့ရန်မှာ မဝံ့မရဲဖြစ်နေရလေ၏။

♛♛♛♛♛

နတ်တော်၊ ပြာသိုလများတွင် ရိတ်သိမ်းပြီးသော ကောက်လှိုင်းများအား လှည်းလမ်းမပေါက်သေးသဖြင့် ကန်သင်းပေါ် စုပုံတင်ထားရ၏။ ထိုကာလ၌ အောက်ရေခတ် မဆုတ်ခင် ပဲစိုက်ရန် လယ်ယာများ၌ ထယ်ထိုးကြရ၏၊ ခဲကြမ်းတုံးလိုက်ရ၏၊ ပဲကြဲရ၏၊ ပဲစိုက်ရ၏။ ထွေးငယ်၏မိခင် ဒေါ်ငွေကြည်၏ခင်ပွန်း ဦးထွန်းလှိုင်သည် ဝိဋ္ဌိယ

www.burmeseclassic.com



ကောင်းသူဖြစ်၏။ အခြားလယ်သမားများထက် ပဲဦးပေါ်စေရန် လုံ့လပြုလျက်ရှိ၏။ ဦးထွန်းလှိုင်သည် ညပိုင်းတွင် အိမ်မပြန်။ လယ်တဲ၌သာနေ၍ လယ်ယာလုပ်ငန်းကို ဦးစီးလုပ်ကိုင်လျက်ရှိ၏။ ထို့ကြောင့်ပင် ထွေးငယ်တစ်ယောက် ဦးထွန်းလှိုင်အတွက် မနက်ပြန်ညပြန် ထမင်းချိုင့်ပို့နေရခြင်းဖြစ်၏။ ကိုမျိုးအောင်၏လယ်များသည် ဦးထွန်း လှိုင်လုပ်ကိုင်နေသော လယ်ဦး၌ရှိ နေခြင်းကြောင့် နေ့စဉ်ဆိုသကဲ့သို့ ထွေးငယ်နှင့် ဆုံရခြင်းဖြစ်၏။

နေ့စဉ်တွေ့နေရသော ထွေးငယ်အား ကိုမျိုးအောင်ကြင်နာခြင်းအငွေ့အသက်များဖြင့် မေတ္တာသက်ဝင်မိသည်ကို အပြစ်ဟု မဆိုသာပါချေ။ ကိုမျိုးအောင်သည် လွတ်လပ်သော လူပျိုဖြစ်ပြီး ချစ်တတ်သော နှလုံးသားရှိသောသူပင် ဖြစ်၏။ ပါးကွက်ကျားလေးဖြင့် ချစ်စရာကောင်းသော ထွေးငယ်အား ချစ်မိနေသော ကိုမျိုးအောင်မှာ သူမအားဖွင့်ပြောရန် အကြိမ်ကြိမ်ကြိုးစားပါသော်လည်း တွေဝေခြင်း၊ စဉ်းစားခြင်း၊ ချင့်ချိန်ခြင်းတို့ဖြင့် အလှမ်းကွာဝေးလျက်ရှိနေတော့၏။

မိန်းမသားဖြစ်သော ထွေးငယ်သည်လည်း ပျိုရွယ်လူးစ မြီးကောင်ပေါက်မလေး ဖြစ်လင့်ကစား စိတ်ကစားခြင်းများစွာဖြင့် ကိုမျိုးအောင်အား တိတ်တခိုး ချစ်မိနေပါ၏။ ထွေးငယ်တို့



အရွယ်ကား စိတ်ကစား တတ်ခြင်းကြောင့် ပထမတွင် ကိုမျိုးအောင်အား ချစ်သည်၊ မချစ်သည်ကို ခွဲခြား၍ မသိခဲ့။ ယခုအခါတွင် ကိုမျိုးအောင်၏ တည်ကြည်မှု၊ ဖော်ရွေမှု၊ ယောကျ်ားပီသမှုနှင့် လူချော လူခံ့ဖြစ်ခြင်းကြောင့် ထွေးငယ်တစ်ယောက်ကိုမျိုးအောင်ကို ချစ်မိသွားခြင်းဖြစ်၏။ ပြောစရာတော့ရှိ၏။ ထွေးငယ်တို့အရွယ်သည် ပြောရန်ခက်လှ၏။ သူမ၏ စိတ်အစဉ်သည် လေရူးပမာ လူးလွန့်လှုပ်ရှား၍ လွင့်ချင်တိုင်း လွင့်နေ၏။ မည်သည့်အရာမဆို တော်မတော်၊ သင့် မသင့်ဆိုသည်ကို ခွဲခြားနိုင်ခြင်းမရှိ။ ထွေးငယ်သည် အပျိုမဖြစ်ခင် ကပင် ခင်မင်ဖွယ်ကောင်းသော ကိုမျိုးအောင်အား ပထမဆုံးစိတ်ကစားခြင်းဖြစ်၏။ ထွေးငယ်တစ်ယောက်ချစ်ခြင်းကို တန်ဖိုးထားတတ်ပါက ကိုမျိုးအောင်သည် သူမ၏ချစ်ဦးသူပင် ဖြစ်ပါလိမ့်မည်။

သို့ဖြင့် နှစ်ဦးသား ပွင့်လင်းမှုရှိရန် ကြိုးစားကြသော်လည်း နှစ်ဦးစလုံးမှာ ရှက်သည့် စိတ်၊ ကြောက်သည့်စိတ်၊ မရဲစိတ်များကြောင့် ထူးခြားမှုမရှိခဲ့ကြပေ။ တစ်နေ့တွင် ဦးထွန်းလှိုင်ထံသို့ ထမင်းပို့ရန်လာသော ထွေးငယ်နှင့် ကိုမျိုးအောင်တို့ ရွာထိပ်တွင် ဆုံခဲ့ကြ၏။ ကိုမျိုးအောင်သည် မိမိထက် အသက်များစွာငယ်သော သူမအား ရင်ဖွင့်ရန် ဆုံးဖြတ်ခဲ့သော်လည်း ပြောရမည့်စကားများ ပြောမ



www.burmeseclassic.com

www.burmeseclassic.com



ထွက်၊ ဆွံ့အနေရ၏။ ထွေးငယ်သည်လည်း ကိုမျိုးအောင်၏ အကြည့်ဒဏ်ကို မခံနိုင်သည့်အလား ခေါင်းကိုငုံ့၍ ကိုမျိုးအောင်ပြောလာမည့် စကားများကို ရင်ခုန်စွာ ငံ့လင့်နေခဲ့၏။ ကိုမျိုးအောင်ကလည်း သူ၏တံတွေးကို မျိုလိုက်ပြီး စကားစခဲ့၏။ သူ၏စကားမှာ အထစ်ထစ်အငေါ့ငေါ့။ လိုရာမရောက်။

"ထွေး.....ထွေးငယ် နင်..နင် ဘယ်ကိုသွားမလို့လဲဟင်"

ကိုမျိုးအောင်၏ ပြောလာမည့်စကားကို မျှော်လင့်တကြီး ငံ့လင့်နေသော ထွေးငယ်သည် ကိုမျိုးအောင်အား မျက်စောင်းထိုးလိုက်၏။

"ကိုကြီးမျိုးအောင်ကလည်း ထုံးစံအတိုင်း အဖေ့ကို ရေနွေးနဲ့ ထမင်းချိုင့်ပို့နေကျကို အဆန်းလုပ်ပြီး မေးနေသေးတယ်၊ ကိုကြီးမှာ ထွေးငယ်ကို ပြောစရာစကားမရှိတော့ဘူးလား"

ကိုမျိုးအောင်သည် ထွေးငယ်၏အမေးကို မည်သို့ဖြေရမည်မသိ။ ခေါင်းကုတ်၍သာနေ၏။

"ထွေး.....ထွေးငယ်ကို ကိုကြီး စကားပြောဖို့ရှိပါတယ်၊ ဒါပေမဲ့ ဘယ်ကစပြောရမှန်းမသိဘူး"

ထွေးငယ်က ကိုမျိုးအောင်အား မျက်စောင်းထိုးလျက် အားမလိုအားမရ စိတ်မရှည်သည့်ဟန်ဖြင့်.....

"ဘယ်ကပြောရမှန်းမသိရင်လည်း ဘာမှမပြောနဲ့ပေါ့ ကိုကြီးရယ်"

ပြောပြောဆိုဆိုဖြင့် ကိုမျိုးအောင်အနားမှ ထွေးငယ်ထွက်ခွာသွားတော့၏။ ကိုမျိုးအောင်မှာ ပါးစပ်အဟောင်းသားဖြင့် ထွေးငယ်၏ လှုပ်လီလှုပ်လဲ့ကျောပြင်လေးအား ငေးကြည့်ရင်း ကျန်ရစ်ခဲ့၏။

လယ်ထိပ်၌ ကိုမျိုးအောင်နှင့် ထွေးငယ်တို့ တွေ့ဆုံ၍ စကားပြောသည်ကို လယ်ထဲ၌ ထယ်ထိုးနေသော ဦးထွန်းလှိုင် လှမ်းမြင်နေရ၏။ ဦးထွန်းလှိုင်သည် သူတို့အား ငေးကြည့်လျက် အလိုမကျသည့် အရိပ်အယောင်များ သူ၏မျက်နှာ၌ ထင်ဟပ်နေ၏။

♛♛♛♛♛

ရွာဦးဘုန်းကြီးကျောင်းကန်သို့ ထွေးငယ် ရေခပ်သွားနေစဉ် ဦးထွန်းလှိုင်သည် ထွေးငယ်နှင့်ပတ်သက်၍ ဇနီးသည် ဒေါ်ငွေကြည်အား သတိပေးစကား ပြောကြားလာ၏။

"မငွေကြည်၊ နင့်သမီးက ငယ်တော့တာမဟုတ်ဘူး၊ သွားတာလာတာ၊ နေတာထိုင်တာ

မိန်းမသားဖြစ်သော
ထွေးငယ်သည်လည်း
ပျိုရွယ်လူ့စ
ငြိုးကောင်ပေါက်မလေး
ဖြစ်လင့်ကစား
စိတ်ကစားခြင်းများစွာဖြင့်
ကိုမျိုးအောင်အား
တိတ်တခိုး ချစ်မိနေပါ၏။
ထွေးငယ်တို့ အရွယ်ကား
စိတ်ကစား တတ်ခြင်းကြောင့်
ပထမတွင်......

www.burmeseclassic.com



ဆင်ခြင်ဖို့ သတိပေးလိုက်ဦး''

ဒေါ်ငွေကြည်သည် ဦးထွန်းလှိုင်အား ငေးကြည့်၍ နားမလည်သကဲ့သို့ ဖြစ်ရ၏။

''ကျုပ်သမီးက ဘာတွေများလုပ်နေလို့ ဘာတွေဆင်ခြင်ခိုင်းရမှာလဲ''

''မနက်ကနင့်သမီး မျိုးအောင် နဲ့ လယ်ထိပ်မှာ စကားပြောနေကြတယ်၊ သူတို့ကြည့်ရတာ မရိုးဘူးနဲ့တူတယ်၊ ငါကြားရတဲ့ သတင်းကလည်း မျိုးအောင်က နင့်သမီးကို ကြိုက်နေတယ်လို့ ကြားထားတာ၊ မျိုးအောင်က ထွေးယယ်နဲ့ ရွယ်တူတန်းတူမဟုတ်ဘူး၊ တော်တော်ကြာ ကျော်မကောင်းကြားမကောင်းနဲ့ တစ်ခုခုဖြစ်ခဲ့ရင် နင်တို့ငါတို့တွေ ရွာမှာမျက်နှာမပြဝံ့အောင်ဖြစ်မှာ''

''ဒီမှာ ကိုထွန်းလှိုင်၊ ကျုပ်ဟာ ထွေးယယ်ရဲ့ အမေအရင်းပါရှင်၊ ကျုပ်သမီးအတွက် ကျုပ်အမြဲစဉ်းစားတယ်၊ အသက်ဆယ့်ရှစ်နှစ် ပြည့်တော့မယ်၊ မမှားသင့်တာမမှားရအောင် ကျုပ်အမြဲဆုံးမတယ်၊ သတိပေးတယ်၊ သူတို့အသက်အရွယ်ဟာ စိတ်ကစားတတ်တယ်ဆိုတာ ကျုပ်သိပါတယ်၊ ကျုပ်သမီး တစ်ခုခုဖြစ်မှာကိုတော့ အမေဖြစ်တဲ့ ကျုပ်ဘယ်လိုလားပါ့မလဲ၊ ဒါကြောင့် ထွေးယယ်ကို ကျုပ်နဲ့ ရင်အုပ်မကွာနေစေတယ်၊ မောင်မျိုး အောင်နဲ့ ပတ်သက်လို့ကတော့ ထွေးယယ်စိတ်ဝင်စားတယ်ဆိုရင် ကျုပ်က သဘောတူပြီးသားပဲလေ၊ မောင်မျိုးအောင်ရဲ့ အသက်၊ ဂုဏ်သိက္ခာ၊ ဉစ္စာနေတွေက သမီးဘဝအတွက် လုံခြုံစိတ်ချရတယ်၊ တကယ်လို့ မောင်မျိုးအောင်က ထွေးယယ်ကို တောင်းရမ်းလာခဲ့ရင် ကျုပ်ကတော့ သဘောတူလိုက်မှာပဲ''



ဦးထွန်းလှိုင်သည် ဒေါ်ငွေကြည်အား ချေပ၍မပြောတော့။ မကျေမနပ် ဘုကြည့် ကြည့်လျက် အိမ်ပြင်သို့ ထွက်ခွာသွားတော့၏။ ဒေါ်ငွေကြည်သည် ထွက်ခွာသွားသော ဦးထွန်းလှိုင်၏ ကျောပြင်ကို ကြည့်၍ သက်ပြင်းမောများ ချနေမိ၏။ ဒေါ်ငွေကြည်သည် ခင်ပွန်းသည် ဦးထွန်းလှိုင်၏ စေတနာနှင့် စိုးရိမ်မှုကို အလေးမထားသည် မဟုတ်။ အလေးထားပါ၏။ မိမိတို့ သားအမိအပေါ် စောင့်ရှောက်ခဲ့သည့် ကျေးဇူးကိုလည်း မမေ့ခဲ့ပါပေ။

အမှန်အားဖြင့် ထွေးယယ်သည် ဒေါ်ငွေကြည်နှင့် ပထမအိမ်ထောင် ဦးဖိုးမောင်တို့မှ မွေးဖွားသော သမီးဖြစ်၏။ ဦးဖိုးမောင်သည် အရွယ် မတိုင်ခင် ငှက်ဖျားရောဂါဖြင့် ဆုံးပါးခဲ့ရ၏။ ဦးဖိုးမောင်မရှိသည့်နောက် ဒေါ်ငွေကြည်နှင့် လူမမည်သမီးငယ်မှာ လယ်ယာချောင်းမြောင်းများဖြင့် ဒုက္ခရောက်ခဲ့ခြင်းကြောင့် ရွာထဲမှ တစ်ခုလပ် ဦးထွန်းလှိုင်က



www.burmeseclassic.com

www.burmeseclassic.com



လယ်ယာများကို ဦးစီးလုပ်ကိုင်ပေးခဲ့၏။ သို့ဖြင့် နှစ်များစွာ လယ်ယာများအား လုပ်ကိုင်ပေးခဲ့သော ဦးထွန်းလှိုင်၏ မေတ္တာစေတနာကို သိရှိရသော ဒေါ်ငွေကြည်သည် မိမိတို့သားအမိ ဘဝရှေ့ရေးအတွက် မျှော်တွေးလျက် ဦးထွန်းလှိုင်နှင့် လက်ထပ်ပေါင်းသင်းခဲ့တော့၏။

ဦးထွန်းလှိုင်သည် ပထွေးဖြစ်သော်လည်း ဖခင်အရင်းသဖွယ် ထွေးငယ်လေးအား ပြုစုခဲ့၏၊ ကြင်နာခဲ့၏။ ထွေးငယ်သည်လည်း ဦးထွန်းလှိုင်အား ဖခင်သဖွယ် ထင်မှတ်လျက် ခင်မင်တွယ်တာခဲ့၏။ ထွေးငယ် အရွယ်ရောက်၍ အပျိုဖြစ်လာသည့်အခါ အမြင်မတော်သည်များကို ကိုယ်တိုင်မပြောလိုသဖြင့် ဒေါ်ငွေကြည်အား သတိပေး၍ သမီးအားဆုံးမရန် ပြောကြားခြင်းဖြစ်၏။

ဦးထွန်းလှိုင်က မျိုးအောင်အား သဘောတူသည် ဖြစ်စေ၊ မတူသည် ဖြစ်စေ သူမအနေဖြင့် သမီး၏ရှေ့ရေး ရင်အေးရစေရန် မျိုးအောင်နှင့် သဘောတူလျက်ရှိနေပေတော့သည်။

♛♛♛♛♛

သည်ကနေ့ ထွေးငယ်တစ်ယောက် လယ်ထဲသို့ ရေနွေးခါတ်ဘူးနှင့် ထမင်းချိုင့်ပို့ပေးရန်ထွက်သွားပြီး ပြန်ရောက်မလာသေးပေ။ နေ့လယ်ပိုင်းတွင် ဦးထွန်းလှိုင်သည် ထမင်းချိုင့်နှင့် ခါတ်ဘူးအားဆွဲလျက် အိမ်ထဲသို့ဝင်လာ၏။ ဒေါ်ငွေကြည်က ခရီးရောက်မဆိုက် ဦးထွန်းလှိုင်အား.....

"ကိုထွန်းလှိုင် ထွေးငယ်အခုထိ အိမ်ပြန်မရောက်သေးဘူး၊ ရှင်သမီးကို ဘယ်ခိုင်းလိုက်သေးလဲ"

"ငါ့ဆီကပြန်သွားတာ မနက်ကတည်းကပဲ၊ ဒီကောင်မလေး ဘယ်သဝေထိုးနေလဲမသိဘူး"

ပထွေးဖြစ်သော်လည်း
ဖခင်အရင်းသဖွယ်
ထွေးငယ်လေးအားပြုစုခဲ့၏၊
ကြင်နာခဲ့၏။
ထွေးငယ်သည်လည်း
ဦးထွန်းလှိုင်အား
ဖခင်သဖွယ်ထင်မှတ်လျက်
ခင်မင်တွယ်တာခဲ့၏။
ထွေးငယ်အရွယ်ရောက်၍
အပျိုဖြစ်လာသည့်အခါ.....

ဦးထွန်းလှိုင်၏ မြည်တွန်တောက်တီးမှုကို ဒေါ်ငွေကြည် မပြောသာပေ။ ထွေးငယ်ကလည်း ထွေးငယ်ပင်။ တစ်ခါတလေ မည်သူ့ကိုမျှ အသိမပေးဘဲ ရွာထိပ်တောထဲသို့ သူငယ်ချင်းများနှင့် မှိုခူးထွက်ချင်ထွက်နေတတ်၏။

"ပြောသာပြောနေရတာပါ၊ ဒီ ကလေးမ ရွာထဲက တစ်အိမ်အိမ်မှာ ရောက်နေမှာ၊ လူကြုံမှာဦးမှပဲ"

ဟု ပြောဆိုလျက် ရွာလယ်လမ်းမသို့ ဦးထွန်းလှိုင်ထွက်သွား၏။ ဦးထွန်းလှိုင်ရွာလယ်သို့ ထွက်သွားသည့်တိုင် ဒေါ်ငွေကြည်၏ ရင်ထဲ၌ သမီးအတွက် စိုးရိမ်ပူပန်မှုများ ကြီးထွားလာရ၏။ နာရီဝက်ခန့်ကြာသော် ဦးထွန်းလှိုင်သည် မောကြီးပန်းကြီးဖြင့် အိမ်သို့ ပြန်ရောက်လာ၏။ ဒေါ်ငွေကြည်အား တွေ့သည်နှင့်.....

"ငါထင်တာ ဟုတ်နေသားပဲ၊ မျိုးအောင်လည်း အိမ်မှာရှိမနေတော့ ထွေးငယ်ကိုများ ဒီကောင် ခိုးပြေးသလားမသိဘူး"

ဒေါ်ငွေကြည် သမီးအတွက် ပူပန်သည်ထက် ပိုမို၍ပူပန်နေတော့၏။ ထွေးငယ်ပျောက်ဆုံးနေသည့် ကိစ္စကို မကြာမီ တစ်ရွာလုံးသိရှိသွားကြ၏။ တချို့က ကိုမျိုးအောင်အပေါ် သံသယပွားကြ၏။ တချို့ကမူ.....



www.burmeseclassic.com

www.burmeseclassic.com



“မျိုးအောင်နဲ့ဆို တော်သေးတာပေါ့ကွာ၊ ဒီကောင် ထွေးငယ်ကို အသေအလဲကြိုက်နေတာ၊ ဒါပေမဲ့ ဒီလိုကြီးတော့ ကောင်မလေးကို ရုတ်တရက်ချက်ချင်း ခိုးပြေးမှာတော့မဟုတ်ဘူး၊ မျိုးအောင်သူ့အစ်ကိုဆီသွားတာ ကောင်မလေးကို တောင်းရမ်းဖို့ သွားပြောတာပဲ၊ စဉ်းစားစရာတော့ ဖြစ်နေပြီ”

နေဝင်လုဆဲဆဲတွင် နွားကျောင်းသားများ ပြန်ရောက်လာ၏။ နွားကျောင်းသားတစ်စုမှာ ရွာထဲသို့ပြန်လာရာတွင် ပုံမှန်မဟုတ်ကြ။ မျက်ကလူးဆန်ပျာဖြင့် ကျေးရွာလူကြီးအိမ်ရှေ့ရောက်သည်နှင့် အိမ်ထဲသို့ဝင်ရောက်၍.....

**အလောင်းမှာမိန်းကလေး အလောင်းဖြစ်ပြီး ထိုမိန်းကလေး မှာလည်း ထွေးငယ်ဖြစ်နေ၏။ ချက်ချင်းပင် အလောင်းအားမရွှေ့ဘဲ သက်ဆိုင်ရာရဲစခန်းသို့ အကြောင်းကြားတိုင်ကြားရန် ကျေးရွာလူကြီးသည် ရွာထဲမှ....**

“ဘကြီး...ဘကြီး ရွာတောင်ဘက် ချောင်းစပ်နားက ဒိုက်ပုံထဲမှာ လူသေအလောင်းတွေ့လို့ ဘကြီးဆီ အကြောင်းကြားတာ”

“ဟေ.....အမျိုးသားလား၊ အမျိုးသမီးလား”

“အမျိုးသမီးပုံစံပဲ၊ ကျွန်တော်တို့လည်းကြောက်လို့ နွားတွေသိမ်းရင်း ဘကြီးဆီလာပြောတာ”

ကျေးရွာလူကြီးသည် ရွာမိရွာဖ လူကြီးများခေါ်၍ အလောင်းတွေ့ရာ ချောင်းစပ်ဒိုက်ပုံသို့သွားကြည့်၏။ တွေ့ခဲ့ပါလေပြီ။



အလောင်းမှာ မိန်းကလေးအလောင်းဖြစ်ပြီး ထိုမိန်းကလေးမှာလည်း ထွေးငယ်ဖြစ်နေ၏။ ချက်ချင်းပင် အလောင်းအား မရွှေ့ဘဲ သက်ဆိုင်ရာရဲစခန်းသို့ အကြောင်းကြားတိုင်ကြားရန် ကျေးရွာလူကြီးသည် ရွာထဲမှ ဆိုင်ကယ်တစ်စီးဖြင့် ထွက်ခွာသွား၏။

ဒေါ်ငွေကြည်မှာ သမီးဖြစ်သူ၏ ရင်နင့်ဖွယ်ဖြစ်ရပ်ဆိုးကြောင့် တက်ခမန်း ချက်ခမန်း ငိုပွဲဆင်နေ၏။ ဦးထွန်းလှိုင်မှာလည်း မျက်ရည်တစမ်းစမ်းဖြင့် ဒေါ်ငွေကြည်ကို ဂရုစိုက်နေရ၏။ တစ်နာရီခန့်ကြာသော် ရဲစခန်းမှူး ဒုရဲမှူးမြင့်လွင်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များရောက်လာကြ၏။ အလောင်းအား ကုန်းပေါ်သို့ မတင်မီ စခန်းမှူးသည် သေဆုံးသူ အလောင်းကို ကြည့်လိုက်၏။ အလောင်း၏ ပုံသဏ္ဌာန် အခြေအနေအရ သေမှုသေခင်းမဟုတ်သည်မှာ သေချာလှ၏။ စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များက အလောင်းတည်နေရာအား မြေပုံရေးဆွဲခြင်း၊ ဓာတ်ပုံရိုက်ခြင်း မျက်မြင်သက်သေခေါ်ယူစစ် ဆေးခြင်းများ စသည်ဖြင့် ရဲလုပ်ငန်း ပြည့်စုံအောင်ဆောင်ရွက်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရွာ၏အကူအညီကိုယူ၍ အလောင်းအား မြို့နယ်ဆေးရုံသို့ ရဲဆေးစာဖြင့် တင်ပို့ရ၏။ မြို့နယ်ဆရာဝန်ကြီး၏ ဆေးစစ်ချက် အတည် ရရှိမှသာ အမှုတည်ဆောက်နိုင်မည်ဖြစ်၏။ ထိုသို့ စခန်းမှူးသည် အလောင်း အား ဆေးရုံသို့ သယ်ယူရန် စီစဉ်နေသည့်အခိုက် သေဆုံးသူ၏ လက်ထဲ၌ ဆုပ်ကိုင်ထားသောအရာအား အမှတ်မထင်တွေ့ရှိ၍ မှတ်မှတ်ရရ သိမ်းဆည်းခဲ့၏။

မည်သို့ဆိုစေ သေဆုံးသူမိန်းကလေး၏လည်ပင်းတွင် ညိုမည်းနေသော လက်ချောင်းရာများ အထင်းသားတွေ့ရှိရခြင်းကြောင့် လူသတ်သမား၏ ရက်စက်စွာသတ်ဖြတ်ခြင်းကို ခံခဲ့ရခြင်းဖြစ်ကြောင်း သိသာစေ၏။ ပို၍ဆိုးသည်ကား သေဆုံးသူသည် လူသတ်သမား၏ အဓမ္မပြုကျင့်ခြင်းခံရပြီးမှ သတ်ဖြတ်ခြင်းခံရသည်ကို မိန်းကလေး၏ရင်သားနှင့် လက်မောင်းမှ ဒဏ်ရာများနှင့် သူမ၏ ဝတ်ဆင်ထားသည့် [illegible]ချည်ကင်းမဲ့နေခြင်းက သက်သေခံနေပေ၏။

ယင်းကြောင့် ပင်စခန်းမှူး ဒုရဲမှူးမြင့် လွင်သည် လူမဆန်စွာ ကျင့်ကြံသတ်ဖြတ်သည့် လူသတ်တရားခံအား အမြန်ဆုံးပေါ်ပေါက်စေရန် ကြိုးပမ်းဆောင်ရွက်ရတော့၏။ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့်တကွ ခရိုင်ရဲတပ်ဖွဲ့မှူးကလည်း တရားခံပေါ်ပေါက်ရေးအတွက် အမြန်ဆုံးဆောင်ရွက်ရန် ညွှန်ကြားလာခဲ့ပြီဖြစ်ရာ ညတွင်းချင်းပင် ကျေးရွာလူကြီးများ၏ ကူညီပံ့ပိုးမှုဖြင့် ရွာရှိလူငယ်၊ လူရွယ်၊ လူလတ်များအား တစ်ဦးချင်းခေါ် ယူစစ်ဆေးခဲ့၏။ နောက်ဆုံးလူ အများ၏ပြောကြားချက်အရ သေဆုံးသူ မိန်းကလေးသည် ရွာထဲမှ မျိုးအောင်ဆိုသူနှင့် ရည်ငံနေကြသည်ဆို၏။ မည်သို့ဖြစ်စေ လတ်တလောအခြေအနေအရမူ မျိုးအောင် တစ်ယောက် ရွာ၌ မရှိခြင်းသည် သံသယဖြစ်ဖွယ် အခြေအနေတွင် ရှိနေရတော့၏။

> လူမဆန်စွာ
> ကျင့်ကြံသတ်ဖြတ်သည့်
> လူသတ်တရားခံအား
> အမြန်ဆုံးပေါ်ပေါက်စေရန်
> ကြိုးပမ်းဆောင်ရွက်ရတော့၏။
> တိုင်းဒေသကြီး
> ရဲတပ်ဖွဲ့မှူးနှင့်တကွ
> ခရိုင်ရဲတပ်ဖွဲ့မှူးကလည်း
> တရားခံပေါ်ပေါက်ရေးအတွက်
> အမြန်ဆုံးဆောင်ရွက်ရန်.....



နောက်တစ်နေ့ ရွာသို့ပြန်ရောက်သော မျိုးအောင်သည် ထွေးငယ်၏ ဖြစ်ရပ်ဆိုးကြောင့် အံ့သြတုန်လှုပ်ခြင်းကြီးစွာဖြင့် ငိုယိုခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့၌ပင် မျိုးအောင်အား ရဲစခန်းမှ သံသယတရားခံ အဖြစ် ခေါ်ယူစစ်ဆေးခဲ့ကြ၏။ စခန်းမှူး ရှေ့၌ပင် မျိုးအောင်က.....

"ထွေးငယ်ကို ကျွန်တော်သိပ် ချစ်ပါတယ်၊ သူမကလည်း ကျွန်တော့်ကို စိတ်ဝင်စားပုံရပါတယ်၊ ကျွန်တော့်အနေနဲ့က ထွေးငယ်ကို ငယ်ရွယ်သူတွေလို ချစ်ရေးဆိုဖို့ မဖြစ်နိုင်လို့ လူကြီးသူမတွေနဲ့ နားဖောက်တောင်းရမ်းမယ်ဆိုပြီး အစ်ကိုရှိတဲ့ရွာကို သွားခဲ့ပါတယ်၊ အိမ်ထောင်ထူမယ့်ကိစ္စကို အစ်ကိုနဲ့ တိုင်ပင်ပြီး ဒီနေ့မှ ပြန်လာခဲ့တာ၊ အခုတော့ဗျာ ထွေးငယ်လည်း ကြမ္မာဆိုးနဲ့ တွေ့ရသလို ကျွန်တော်ကိုယ်တိုင် လည်း မသင်္ကာတရားခံ ဖြစ်ရတယ်"

စခန်းမှူးအနေဖြင့် မျိုးအောင်အား ရဲစခန်းသို့ ခေါ်ယူစစ်ဆေးခြင်းမှာအကြောင်းမဲ့ သက်သက်မဟုတ်။ လူသတ်တရားခံ အစစ်အမှန်ပေါ်ပေါက်ဖမ်းဆီးနိုင်ရေးအတွက် လှည့်ကွက်တစ်ခုဟု ဆိုနိုင်သည်။ စခန်းမှူး ဒုရဲမှူးမြင့်လွင်သည် လူသတ်တရားခံပေါ်ပေါက်ရေးအတွက် အရေးကြီးသော သက်သေခံပစ္စည်းတစ်ခုကို လက်ဝယ်ပိုင်ပိုင်ရရှိထားပြီဖြစ်၏။ ထိုပစ္စည်းနှင့်ပတ်သက်၍ ထွေးငယ်၏ မိခင်ဒေါ်ငွေကြည်အား စစ်မေးရာ ဖြစ်နိုင်ခြေရှိသော တရားခံ၏ခြေရာကို ခြေရာခံမိခဲ့၏။ ထိုပစ္စည်းနှင့် ပတ်သက်၍ ဒေါ်ငွေကြည်က.....

"ဒီကြယ်သီးလေးက အဒေါ့်ခင်ပွန်းသည် ကိုထွန်းလှိုင်ရဲ့အင်္ကျီက ကြယ်သီးလေးပါ၊ အင်္ကျီက လယ်ထဲမှာအလုပ်လုပ်ရင်း ဝတ်တဲ့ အကြမ်းထည်ပါ၊ သူ့အင်္ကျီမှာ ကြယ်သီးမရှိတော့ ဟိုးအဒေါ်တို့ခေတ်က သုံးခဲ့တဲ့ မဟူရာကြယ်သီး တစ်စုံတွေ့တာနဲ့ တပ်ပေးထားတာ၊ အဲဒီနေ့က အဲဒီအင်္ကျီကို ကိုထွန်းလှိုင် ဝတ်ထားတာကွဲ့"

သို့ဆိုပါလျှင် ပစ်မှတ်အမှန်ဖြစ်သော ဦးထွန်းလှိုင်အား ခေါ်ယူစစ်ဆေးရမည်ဖြစ်၏။ ထိုညနေ၌ပင် ဦးထွန်းလှိုင်အား ရဲစခန်းသို့ ခေါ်ယူခဲ့၏။ သွေးအေး၍ အမှားအမှန် ခွဲခြားသိလေပြီဖြစ်သော ဦးထွန်းလှိုင်တစ်ယောက် လူကြီးတန်မဲ့ ငိုပွဲဆင်၍ ဝန်ခံထွက်ဆိုလေတော့သည်။ ဦးထွန်းလှိုင်၏ ထွက်ဆိုချက်မှာ.....

♛♛♛♛♛

ထိုနေ့တွင် ဆံတောက်ဖားဖား၊ သနပ်ခါးပါးကွက်ကျားလေးဖြင့် ချစ်စရာကောင်းသော ထွေးငယ်သည် ထုံးစံအတိုင်း ပထွေးဖြစ်သူ ဦးထွန်းလှိုင်ရှိရာလယ်တဲသို့ ထမင်းချိုင့်ပို့ရန် လာခဲ့၏။ ထွေးငယ်သည် သူမချစ်မိသော မျိုးအောင်အား တွေ့လိုတွေ့ငြား ရှာဖွေကြည့်သော်လည်း မတွေ့သဖြင့် လယ်တဲသို့ ရောက်အောင်လာခဲ့၏။ လယ်ထဲတွင် ဆက်တိုက်အလုပ်လုပ်နေရသော ဦးထွန်းလှိုင်သည် ကိုယ်လက်ကိုက်ခဲသဖြင့် အရက်တစ်လုံး ဝယ်ယူ၍ သောက်နေ၏။ တစ်ခွက်ပြီးတစ်ခွက် သောက်မိသော ဦးထွန်းလှိုင်သည် အဝေးမှလာနေသော ထွေးငယ်အား ဖြူစင်သောအကြည့်ဖြင့် မကြည့်နိုင်တော့။ ရာဂတို့လွှမ်းခြုံသောအကြည့်သည် ဝင်းလက်၍လာပေ၏။ အနားသို့ရောက်လာသော ထွေးငယ်၏ အရှိက်အဟိုက်တို့ဖြင့် ပြည့်စုံသော ခန္ဓာကိုယ်အပေါ် စိုက်ကြည့်လျက် လူစိတ်ပျောက်ခဲ့ရခြင်းဖြစ်၏။ ထွေးငယ်သည် တဲပေါ်သို့တက်၍ ထမင်းချိုင့်နှင့် ရေနွေးဓာတ်ဘူးအား ပြင်ဆင်ပေးနေသည့်အခိုက် လူစိတ်ပျောက်နေသော ဦးထွန်းလှိုင်သည် ရာဂလွှမ်းမိုးလျက် မထူးဇာတ်ခင်းတော့၏။ ထိုအချိန် ပတ်ဝန်းကျင်တွင် လူသူအရိပ်အခြည်မရှိ။ လယ်ကွက်များ



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ပဲစိုက်ပြီး၍ ငြိမ်သက်နေကြ၏။ လေတိုးသံပင် မကြားရလောက်အောင် တိတ်ဆိတ်လွန်းလှ၏။

ဦးထွန်းလှိုင်သည် ကာမဘီ



လူး၏ ပူးကပ်ခြင်းမှ လွတ်မြောက်သွားသည်နှင့် ထွေးယ်အားကြည့်၍ အံ့သြတုန်လှုပ်သွားရ၏။ အဝတ်အစား ကပိုကရိုဖြင့် ရှိုက်ကြီးတငင် ငိုကြွေးနေသော ထွေးငယ်က.....

''ကျွန်မကို ဖခင်အရင်း မဟုတ်လို့ လူမဆန်ခဲ့တာလား၊ ကျွန်မဘဝပျက်ခဲ့ရသလို တော့ ဘဝလည်း ပျက်ရမှာပဲ၊ အိမ်ရောက်တာနဲ့ အမေနဲ့တိုင်ပြောမယ်၊ ဟီး..... ဟီး.....အီး''

ဦးထွန်းလှိုင်သည် ထွေးငယ် စကားနားထောင်လျက် ကြောက်ရွံ့စိတ်များ ယယ်ထိပ်သို့ရောက်လာရ၏။ သူမ၏မိခင်ကို တကယ်တိုင်တန်းခဲ့ပါက မိမိသည် ယုတ်မာရိုင်းစိုင်းသော တိရစ္ဆာန်တစ်ကောင်ဖြစ်ရသည့်သာမက ဥပဒေအရအရေးယူခံရမည်ကို ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်လျက်ရှိခဲ့၏။

သို့ဖြင့် ဦးထွန်းလှိုင်သည် မိုက်မဲခြင်း၏ အဆုံးစွန်သို့ မိမိ၏စိတ်ကို လွှတ်ပေးလျက် ထွေးငယ်၏ လည်တိုင်နုနုလေးအား သူ၏ကြမ်းတမ်းသည့်လက်အစုံဖြင့် ရက်ရက်စက်စက်.....။

♛♛♛♛♛

''ကျွန်တော်မှားပါတယ်ဆရာ၊ ကျွန်တော့်မှာ စိတ်မိုက်စိတ်ရိုင်းတွေ ဘယ်ကပေါ်လာသလဲဆိုတာ မသိရအောင်ပါပဲ၊ ဘာမှအပြစ်မရှိတဲ့ ကလေးတစ်ယောက်ကို ယုတ်မာရိုင်းစိုင်းခဲ့တဲ့ ကျွန်တော်ဟာ လူ့လောကမှာမရှိသင့်တော့ပါဘူးဗျာ''

ဦးထွန်းလှိုင်သည် အမှုကြီးနှစ်မှုအား တစ်ပြိုင်နက် ကျူးလွန်ခြင်းကြောင့် သူနှင့်ထိုက် တန်သော ပြစ်ဒဏ်များကို ခံစားရတော့မည်ဖြစ်၏။

ထိုဖြစ်ရပ်ဆိုးသည် ကာလကြာခဲ့ပြီဖြစ်၏။ နေ့စဉ်ဆိုသလို ထွေးငယ်လဲလျောင်းရာ အုတ်ဂူလေးဆီသို့သွား၍ ငိုယိုနေသူတစ်ဦးရှိပါ၏။ ထိုသူကား သိပ်ချစ်တတ်၊ သိပ်ကြင်နာတတ်သည့် လူပျိုကြီးကိုမျိုးအောင်မှလွဲ၍ မည်သူမှမဖြစ် နိုင်ပါချေ။

**မောင်သာမန် (ဇီးကုန်း)**



www.burmeseclassic.com

www.burmeseclassic.com

ကိုမိုး (ရွှေပြည်သာ)

ကုန်ထမ်းသမားနှင့်

# မထိုက်တန်သော မိန်းကလေး





www.burmeseclassic.com

www.burmeseclassic.com





## ကုန်ထမ်းသမားနှင့် မထိုက်တန်သော မိန်းကလေး

ကိုမိုး (ရွှေပြည်သာ)

သူ့ကို ကရင်လေးဟု အများ ကခေါ်ကြသည်။ တညင်းကုန်း ကုန်စိမ်းဈေး၌ ပျော်စရာစကားများ ရှာကြံပြောတတ်သော ကုန်ထမ်း သမားလေးတစ်ဦးလည်းဖြစ်သည်။ လူချစ်လူခင်ပေါများ၍ အလုပ်လုပ်ကိုင်ရာတွင် ဖင်ပေါ့သူပင်ဖြစ်ရာ ဈေးသည်တိုင်းနီးနီး အဆက်အဆံ ပြုလုပ်ကြလေ့ရှိ၍ လုပ်ငန်းခပ်များများ လုပ်ကိုင်ခွင့်ရနေသူဖြစ်ပါသည်။ သူက ဇလွန်ရှိ မိဘများကို ငွေပြန်ပို့ပေးနေရသူဖြစ်ပြီး မိဘနှင့် ညီအစ်ကိုမောင်နှမများကို လုပ်အားနှင့် ပြုစုနေသူဖြစ်ပါ၏။

တစ်နေ့ တညင်းသီးများ ရာလိုက် ထောင်ချီ၍ ရောင်းချနေသော မငြိမ်းဆိုသူက သူ့ကိုလှမ်းခေါ်လိုက်သည်။

"ဟဲ့.....ကရင်လေး၊ နင်အားရင် ငါ့ဆိုင်ခဏကြည့်ပေးထားဦး"

အချိန်က ညနေ ၃ နာရီခွဲ အချိန်ဖြစ်သည်။ ကုန်ထမ်းသမားဖြစ်၍ ဈေးထဲအကြောင်းမဲ့ပြေးလွှားသွားနေတတ်သူပင်ဖြစ်ရာ သူ မငြိမ်းဆိုင်အနား ရောက်ချလာသည်။

"မငြိမ်း.....ဘာခိုင်းမလို့လဲ"

"ဟဲ့.....ငါသန့်စင်ခန်းသွားမလို့၊ ခဏဆိုင်ထိုင်ပေးထားဦး၊ ဗန်းက လေးဗန်းရှိတယ်နော်၊ မနေ့ကအတိုင်းပဲ ဈေးပြောရောင်းလိုက် ကြားလား"

ပြောဆိုရင်း မငြိမ်းဆိုသူ အိမ်သာများရှိရာဘက် ခပ်သွက်သွက်လျှောက်သွားတော့သည်။

လက်ထဲကမ်းပေးလာသော ရောင်းထားရငွေ တစ်ထပ်ကြီးကို ကရင်လေးက ဦးစွာရေတွက်စစ်ဆေးလိုက်ပါသည်။ သည်အချိန် ဈေးဝယ်သူများက ပါးစပြုလာသည့် အချိန်မျိုးဖြစ်သည်။ ၄ နာရီခွဲ၊ ၅ နာရီသည် ဆိုင်သမားများ ဆိုင်သိမ်းပြန်လေ့ရှိသော အချိန်များပင် ဖြစ်သည်။ ထိုအချိန်မျိုးတွင် ဆိုင်သမားတို့၏ သိမ်းဆည်းအထုပ်များကို ထမ်းရွှေ့ပေးရခြင်း၊ လိုက်ပို့ပေးရခြင်းများ ရှိတတ်ပေရာ ကရင်လေးတို့ကဲ့သို့ အလုပ်သမားများ အလုပ်တွင်ကျယ်စွာ လုပ်ခွင့်ရသော အချိန်လည်းဖြစ်ပေသည်။

ထိုစဉ်မှာပင် မိန်းကလေးတစ်ဦး ဆိုင်ရှေ့ရောက်ချလာသည်။ အရွယ်က ကရင်လေးတို့နှင့် မတိမ်းမယိမ်းပင်ဖြစ်သည်။ ဆံပင်ရှည်ရှည်၊ အသားညိုညို၊ မျက်နှာကဝိုင်းစက်နေသည်။ အင်္ကျီက အပျိုမိန်းကလေးတို့ ဝတ်ဆင်ကြလေ့ရှိသည့် ရယ်ဒီမိတ်၊ ဘောင်းဘီအနက်ရောင်က ကိုယ်လုံးနှင့် တစ်သားတည်း လိုက်ဖက်ထင့်တယ်စွာ ရှိနေပါသည်။ ကုန်ထမ်းသမားဖြစ်သော်လည်း နှလုံးသားကတော့ အများနည်းတူ ရင်ခုန်မိသွားပါသည်။

"ဒါ ဘယ်ဈေးလဲ"

ကရင်လေးက မိန်းကလေး၏မျက်နှာနှင့် ကိုယ်ထည်လှသော



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်နေခဲ့မိရာ ခဏကြာသည်အထိ စကားမပြန်ခဲ့မိပေ။

"အစ်ကို မေးနေတာမကြားဘူးလား၊ ဒီဗန်းက တညင်းသီးဘယ်လောက်လဲလို့"

"ဩော်.....အင်း၊ တညင်းသီးဝယ်မလို့လား၊ ရှေ့ဆုံးက (၁၅)ကျပ်၊ အလယ်က (၂၀)၊ ဒီဘက်က (၃၀)နဲ့ (၄၀)ပါ"

"ဒီဆိုင်မှာ ဝယ်နေကျပဲလေ၊ ဈေးလျှော့ပေးဦး"

"ညီမ ဘယ်အထဲကယူမှာလဲ"

"အပြုတ်အတွက်ဆိုတော့ အကြီးထဲကပဲယူမယ်"

"ဒါဆို ရာလိုက်ယူရင် (၃၅)နဲ့ပေးမယ်လေ"

ထိုစဉ် ဆိုင်ရှင်မငြိမ်း ပြန်ရောက်လာသည်။

"ဩော်...ညီမလေး၊ ရောက်နေတာကြာပြီလား၊ ဟဲ့....ကရင် နင်ဘယ်ဈေးနဲ့ပေးထားလဲ"

"အစ်မပြောထားတဲ့အတိုင်းပဲပေါ့"

"အစ်မကြီးဆိုင်အကူက စိတ်ချရတယ်နော်၊ မိန်းကလေးကျနေတာပဲ၊ ဈေးဆစ်လို့တောင်မရဘူး"

ပြောဆိုရင်းမှ မိန်းကလေးက တညင်းသီးအလုံးအကြီးများကို ရွေးကောက်ပြီး တောင်းနှစ်တောင်းထဲ ဖြည့်ထည့်လိုက်သည်။

ပြည့်လောက်ပြီဟု ထင်ရတော့မှ ဆိုင်ရှင်အနီးသို့ တောင်းငယ်လေးများ ရွှေ့ပေးလိုက်ပြီး....

"ရော့.....အစ်မရေ၊ ဘယ်လောက်လဲ စစ်ပေးပါဦး"

"ဟဲ့.....ကရင်ရေ နင်ပဲစစ်ပေးလိုက်တော့"

ကရင်က တောင်းအလွတ်တစ်ခုယူ၍ ရွေးချယ်ထားပြီးသားတညင်းသီးများကို ငါးလုံးစီကောက်ယူရေတွက်၍ စစ်ပေးလိုက်သည်။

"အားလုံး (၃၅၀)ရှိတယ်"

"အင်း.....(၃၅၀)ပဲယူမှာလေ၊ အပိုနည်းနည်းထည့်ပေးဦး"

"အစ်မငြိမ်း ဒီမှာအပိုတောင်းနေတယ်"

"ဟဲ့.....ကရင် ဆယ်လုံးလောက် ထည့်ပေးလိုက်ပါ"

ကရင်လေးက တညင်းသီးဗန်းထဲမှ ဆယ်လုံးတိတိကောက်ယူလိုက်ပြီး အပိုထည့်ပေးလိုက်သည်။ ဒါကိုမှ မိန်းမလှလေးက အနားတိုးကပ်လာပြီး.....

"မိန်းကလေးကျနေတာပဲ၊ ကပ်စေးနဲ့ကြီး"

"ဟဲ့.....ငါ့အပိုင်မဟုတ်လို့ပါနော်၊ ငါ့ဈေးဆိုင်ဆိုရင် ဒီတစ်ဗန်းလုံး အလကားပေးပစ်လိုက်မယ် သိရဲ့လား"

ကရင်လေးက ပြန်ပြောလိုက်သည်။

"တို့က တညင်းသီးဗန်းတင်မဟုတ်ပါဘူးကွယ်၊ နှလုံးသားကိုမင်းအပိုင်ယူချင်တယ်ဆိုရင်တောင်ပေးဖို့အဆင်သင့်ပါပဲ"

ထိုစကားရပ်ကတော့ ကရင့်





www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲက ပြောလိုက်မိသောစကား ဖြစ်သည်။

ဈေးဝယ်ပြီးသည်နှင့် အသင့် ယူလာသော ဈေးတောင်းထဲ တညင်းသီးများထည့်ယူ၍ မိန်းကလေး ပြန်ထွက်သွားသည်။ သည်သို့ပင် ဈေးထဲသို့ ဝယ်ရန်လာရောက်ကြခြင်း၊ ရောင်းချရန် လာရောက်ကြခြင်းတို့ဖြင့် ကိစ္စရပ်များ ပြီးစီးလျှင် အိမ်ပြန်ကြရသူများသာ ဖြစ်ကြလေသည်။ တညင်းသီးဆွဲခြင်းကိုင်၍ ပြန်ထွက်သွားသော မိန်းကလေးကိုမူ ကရင် ပြန်ခွင့်မပေးဘဲ ထိုင်ကြည့်နေချင်မိသည်။ သို့သော် တရွေ့ရွေ့နှင့် ထွက်ခွာသွားခဲ့ပါ၍ မြင်ကွင်းထဲမှ ပျောက်ခြင်းမလှ ပျောက်ကွယ်ခဲ့ရပါသည်။

ဈေးသိမ်း၍ ညနေ အိမ်ပြန်ရောက်သည်အထိ ဆံပင်ရှည်ရှည်၊ ဘောင်းဘီအနက်နှင့် မျက်နှာဝိုင်းမလေး၏ရုပ်သွင်က မျက်လုံးထဲက မပျောက်နိုင်အောင် ရှိနေသည်။ အိပ်ရာထဲအထိ သူမအကြောင်းကို တွေးတောစဉ်းစားမိခဲ့ကာ စိတ်ထဲ ငြိမ်းနေမှုကို ကြည်ဖြူစွာ ခွင့်ပြုထားလိုက်မိတော့သည်။

♛♛♛♛♛

လက်ကနာရီကို ကြည့်လိုက်ရာ ညနေ ၃ နာရီခွဲအချိန်ဖြစ်သည်။ အလုပ်များ သိမ်းကျုံးလုပ်နေခဲ့မိရင်းကမှ တညင်းသီးသည် မငြိမ်းဆိုင်ဘက်ဆီသို့ ကရင်လေး ကူးလာခဲ့မိဖြစ်သည်။

"အစ်မရေ.....မငြိမ်း"

"ဟဲ့.....ဘာလဲ ကရင်ရဲ့၊ ငါ ဒီမှာ အကြီးအသေး ခွဲနေတုန်းကို အလန့်တကြား"

"ဟိုလေ....မနေ့ကကောင်မလေးဗျာ၊ လာသွားသေးလားလို့"

"ဘယ်ကကောင်မလေးလဲ ဟဲ့"

"မနေ့က ကျွန်တော်ရောင်းပေးလိုက်ရတဲ့ ကောင်မလေးလေ ဗျာ၊ ၃၅၀ တောင်ဝယ်တယ်လေ"

"ဩော်.....ဟိုခပ်ချောချော ဘောင်းဘီဝတ်ထားတဲ့ ကောင်မလေးမဟုတ်လား"

"ဟုတ်တယ် အစ်မ"

"ဟဲ့.....ကရင်၊ သေနာကောင်၊ နင်သေသေချာချာမှတ်ထား၊ အဲဒီကောင်မလေးက တစ်ရက်ခြားပဲလာတယ်၊ နင်ဘာဖြစ်လို့ သိချင်နေရတာလဲ"

"အဲ.....ဟို.....ဟိုဒင်းလေ အစ်မငြိမ်း ဘာ.....ဘာမှ မဟုတ်ပါဘူး၊ သူ့ကိုဈေးရောင်းရတာ ပျော်စရာကောင်းလို့ပါ၊ အဟဲ...ဟို..... ရောင်းပေးချင်လို့"

ထိုနေ့က ဆံပင်ရှည်ရှည်နှင့်

ဈေးဝယ်ပြီးသည်နှင့် အသင့် ယူလာသော ဈေးတောင်းထဲ တညင်းသီးများထည့်ယူ၍ မိန်းကလေး ပြန်ထွက်သွားသည်။ သည်သို့ပင် ဈေးထဲသို့ ဝယ်ရန်လာရောက်ကြခြင်း၊ ရောင်းချရန် လာရောက်ကြခြင်းတို့ဖြင့် ကိစ္စရပ်များ ပြီးစီးလျှင်......

စိတ်ကူးထဲကချစ်သူလေး ဈေးထဲရောက်မလာခြင်းသည် ကရင်လေး၏ရင်ထဲ နတ်ဆိုင်းတီးသကဲ့သို့ဖြစ်ရပါသည်။

သည်လိုနှင့် နောက်ထပ်တစ်ရက်သို့ ရောက်ခဲ့ရသည်။

တညင်းကုန်း ကုန်စိမ်းဈေးထဲ၌ မငြိမ်းတညင်းသီးဆိုင်နှင့် မလှမ်းမကမ်းကို ကရင်လေး ကွက်ကြည့်ကွက်ကြည့် ကြည့်နေမိသည်။ တိုက်ဆိုင်ခဲ့လျှင် ဈေးဆိုင်ရှေ့မှ ဖြတ်လျှောက်ခဲ့သည်။

"ဟဲ့.....ကရင်၊ နင် ထင်း



www.burmeseclassic.com

www.burmeseclassic.com



စားပြီးပြီလား''

အချိန်က ၁ နာရီထိုးခါနီး လောက်ရှိနေသည်။ ဈေးဆိုင်များ၌ အလုပ်များနေကြသူတို့ ထိုအချိန်လောက်မှသာ ထမင်းစားကြလေ့ရှိရာ.....

''မစားရသေးဘူး အစ်မ''

''နင့်ထမင်းဘူးမှာ ဘာဟင်းပါလဲ''

''ဝက်သားဟင်းနဲ့ သရက်သီးထောင်း''

''ငါနဲ့လာစားလေဟာ၊ ထမင်းအတူတူစားကြမယ်''

''ဟုတ်ကဲ့ မငြိမ်း၊ ဒါဆို ကျွန်တော် ထမင်းဘူးပြန်ယူပြီး လာခဲ့မယ်''

အလိုလိုနေရင်းကမှ ဆိုင်နားကပ်ချင်နေသူကို မငြိမ်းက ခေါ်ယူလိုက်မိရာ ထမင်းဘူးကိုင်ရင်း ဆိုင်ဆီသို့ အပြေးအလွှား ပြန်ရောက်ခဲ့တော့သည်။

''ဟဲ့.....လာ၊ ဒီမှာစားမယ်''

ဆိုင်ရှင်မငြိမ်းက ဘဲဥချဉ်ရည်ဟင်း၊ ကန်စွန်းရွက်ကြော်နှင့် တညင်းသီးပြုတ် အစုံအလင်ပါရှိသည်။ အဆောင်မှာ ထမင်းအတူချက်စားလေ့ရှိသည့် အဒေါ်ကြီးထည့်ပေးလိုက်သော ဝက်သားနှစ်တုံးမှ တစ်တုံးကို မငြိမ်းထမင်းပန်းကန်ထဲ ကရင်က ထည့်ပေးလိုက်သည်။

**မည်သို့ဆိုစေ**
**မိန်းကလေးအကြောင်း**
**စကားပြောခွင့်ရခြင်းကပင်**
**ကရင့်အတွက် စိတ်လှုပ်ရှား**
**ရင်ခုန်ချင်စရာကိစ္စကို**
**အစဖော်ပေးသည်နှင့်တူနေသည်။**
**ထမင်းဝိုင်းလေးက**
**မြိုင်ဆိုင်လှပစွာ**
**ရင်ခုန်စိတ်လှုပ်ရှားရသော်လည်း**
**ထမင်းဟင်းများ၏**
**အရသာကို....**

''ဟဲ့..ကရင်၊ နင်က တညင်းသီးကြိုက်တယ်၊ ယူစား၊ ဟိုမှာ ငါးပိထောင်းလေးပါတယ်၊ တွေ့လား''

''ဟုတ်ကဲ့ မငြိမ်း''

''ဟဲ့..ကရင်၊ နင့်ကိုငါမေးပါဦးမယ်၊ ဟိုတညင်းသီးဝယ်တဲ့ ကောင်မလေးအကြောင်း နင် ဘာလို့မေးတာလဲ၊ နင်ကြိုက်နေလို့လား''

''ဟဲ.....ဟဲ အစ်မငြိမ်းရာ၊ မိန်းကလေးအပျိုကို လူပျိုကစိတ်ဝင်စားတာပဲ၊ ဒါအဆန်းလား''

''ဒီလောက်ချောတဲ့ကောင်မ လေးက နင့်ကိုကြိုက်ပါ့မလား ဟယ်''

''အစ်မငြိမ်းကလည်းဗျာ၊ အချစ်မှာ မျက်စိမပါဘူးတဲ့''

''အေးပါ...အေးပါ၊ နင်စိတ် ချမ်းသာရင် ပြီးတာပဲ၊ ခြေလှမ်း ကြီးကြီးလှမ်းတဲ့အကောင်၊ ငါစောင့်ကြည့်ဦးမယ်''

မည်သို့ဆိုစေ မိန်းကလေး အကြောင်း စကားပြောခွင့်ရခြင်းက ပင် ကရင့်အတွက် စိတ်လှုပ်ရှား ရင်ခုန်ချင်စရာကိစ္စကို အစဖော်ပေး သည်နှင့် တူနေသည်။ ထမင်းဝိုင်း လေးက မြိုင်ဆိုင်လှပစွာ ရင်ခုန် စိတ်လှုပ်ရှားရသော်လည်း ထမင်း ဟင်းများ၏ အရသာကို မသိရှိဘဲ ပြီးဆုံးသွားသည်နှင့် တူနေခဲ့သည်။

သည်လိုနှင့် နေ့လယ်ချိန်ကို ညနေခင်းအချိန်အခါက ဝါးမျိုပစ် လိုက်နိုင်ခဲ့ပါသည်။ ၃ နာရီကျော် ပြီဆိုကတည်းက ကရင့်ရင်ထဲ နတ် ဆိုင်းတီးသလို ခံစားရသည်။ ဆိုင် တစ်ဆိုင်မှ စေခိုင်းလိုက်သော အထုပ်တစ်ထုပ်ကို ထမ်းလျှောက် လာရင်းကမှ တညင်းသီးဝယ်ယူ မည့်မိန်းကလေး ဈေးတန်းထဲ စတင်ဝင်ရောက်လာပြီကို သူလှမ်း တွေ့လိုက်ရသည်၊ စိတ်ကူးထဲက ချစ်သူကို တွေ့လိုက်ရသည်နှင့် ကရင်လေး၏လှုပ်ရှားမှုမှာ အင်ဂျင်



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ဘဲ သွက်လက်မြန်ဆန်လွန်းနေသည်။ အထုပ်တစ်ထုပ် ကားဂိတ်သို့ပို့ပေးရန် ခပ်သွက်သွက်လျှောက်လာခဲ့မိကာမှ အထုပ်ပိုင်ရှင်က အတော်ဝေးဝေးမှာ ကျန်နေရစ်သည်။ ခဏကြာတော့မှ.....

"အဒေါ်ကြီးကလည်းဗျာ ဘာလုပ်နေလို့ ကြာနေရတာလဲ"

"ကရင်လေးရေ ငါပဲပြားဝယ်နေလို့ပါနော်၊ နင်က ဘာဖြစ်လို့ ဒီလောက်လောနေရတာလဲ"

"အရေးကြီးတဲ့ကိစ္စရှိလို့ပေါ့ဗျ။ ပေး.....အထုပ်ထမ်းခ"

အဒေါ်ကြီးပေးလာသော ငွေစက္ကူကို ခပ်သွက်သွက်လှမ်းယူလိုက်ပြီး ကရင်လေး ဈေးတန်းထဲ အပြေးဝင်ရောက်ခဲ့သည်။ ဈေးလမ်းကြားထဲ မြင်းရိုင်းတစ်ကောင်လိုပင် ပြေးလွှားသွားခဲ့မိရာ လမ်းဘေးချရောင်းနေသော သဘော်သီးအမှည့်တစ်လုံးကိုပါ တက်နင်းမိသွားတော့သည်။

"ဟဲ့...ကရင်၊ ငါ့သဘော်သီးတောင် နင်မမြင်ဘူးလား"

"ဟာ.....အဒေါ်ရေ အရေးကြီးနေလို့ နောက်နေ့မှ သဘော်သီးဖိုး အလျော်ပေးပါ့မယ်"

သူ မငြိမ်းဆိုင်ကို အရောက်ပြန်ပြေးခဲ့ရသဖြင့် အတော်မောသွားသည်။ ဆိုင်နားရောက်တော့မှ အသက်ကို ခပ်ပြင်းပြင်းရှူလိုက်ပြီး မိန်းကလေးအနား တိုးကပ်သွားသည်။

"ဟော့.....ညီမ၊ ရောက်နေတာ ကြာပြီလား"

"မကြာသေးပါဘူး အစ်ကို"

"မနေ့က ညီမလာမလားလို့ အစ်ကို မျှော်နေမိတယ်"

"ဘာဖြစ်လို့....."

"ညီမကိုတွေ့ချင်လို့ပဲပေါ့"

"အမယ်...အပိုတွေတွေပါ"

"တကယ်ပြောတာ ညီမရဲ့၊



မငြိမ်းပြောတော့မှ တစ်ရက်ခြားလာတယ်ဆိုလို့၊ အခုတောင် ညီမဈေးထဲဝင်သွားပြီဆိုတာသိလို့ ဈေးထဲဖြတ်ပြေးလာခဲ့တာ၊ သူများသဘော် သီးအမှည့်တစ်လုံးကို ခြေထောက် နဲ့နင်းခဲ့ရသေးတယ်"

"ဟုတ်လို့လား၊ ဒီလောက်တောင်ပဲ အသည်းအသန်"

"တကယ်ပါ ညီမရဲ့"

ဆံပင်ရှည်ရှည်နှင့် မိန်းမလှလေးက ပါးချိုင့်လေးပေါ်အောင် ပြုံးလိုက်သည်။ သည်နေ့တွင်တော့ ဝမ်းဆက်ပါတိတ်လေး ဝတ်ဆင်ထားပြီး မြန်မာဆန်ဆန် ပိုလှနေသည်။

"ဟဲ့...ကရင်၊ ဒီနေ့ သူ လေးရာတောင်ဝယ်သွားတယ်၊ နင် ဈေးထိပ်ကို လိုက်ပို့ပေးလိုက်"

ထိုစကားရပ်ကြောင့် သိပ်တော်တဲ့ မငြိမ်းပဲဟု စိတ်ထဲကချီးကျူးလိုက်မိသည်။

"ရပါတယ် အစ်မရဲ့၊ သမီးနိုင်ပါတယ်"

မိန်းကလေးက ငြင်းပယ်သော်လည်း ကရင်က ဆွဲခြင်းကိုအတင်းဆွဲကိုင်ထားလိုက်သည်။ ကောင်မလေးက တညင်းသီးဖိုးငွေ ရှင်းပြီးသည်နှင့် ခြင်းတောင်းဆွဲ၍ ကရင်က လိုက်ပို့ပေးဖြစ်သွားသည်။ နှစ်ဦးသား လမ်းအတူတူလျှောက်လာခဲ့ရင်း.....



www.burmeseclassic.com

www.burmeseclassic.com



"ညီမ ဘယ်ကိုပြန်ရမှာလဲ"

"ဘူတာကနေ ပြန်မယ်လေ၊ ရထားစီးရမှာ အစ်ကိုရဲ့"

ဘူတာရုံအထိ လမ်းလျှောက်လိုက်ပို့ခွင့်ရမည်ဖြစ်၍ ကရင် ပိုပျော်သွားရပြန်သည်။

ဘူတာပလက် ဖောင်းပေါ်အထိရောက်ရှိခဲ့ရာ.....

"အစ်ကို ဒီမှာ ခဏစောင့်ပေးနော်၊ ညီမ ရထားလက်မှတ်သွားဝယ်လိုက်ဦးမယ်"

"နေ.....နေ ညီမလေး၊ အစ်ကို ရထားလက်မှတ် ဝယ်ပေးလိုက်ပါ့မယ်၊ ဘယ်ဘက်ကို စီးပြန်ရမှာလဲ"

"လှော်ကားဘက်ပါ"

"ရတယ်၊ အစ်ကိုဝယ်ခဲ့မယ်၊ ညီမ ဒီကပဲစောင့်လိုက်"

ရထားလက်မှတ်ရုံဆီသို့ ကရင် ခပ်သွက်သွက်ပင် သွားရောက်ဝယ်ယူပေးလိုက်ပါသည်။ လက်မှတ်ဝယ်ပြီးသည်နှင့် ရထားလမ်းကိုဖြတ်၍ မိန်းကလေးရှိရာသို့ ပြန်ရောက်လာသည်။

"ရထားက ခဏစောင့်ရဦးမယ် ညီမ၊ တို့ပါခဏအဖော်လုပ်ပေးမယ်လေ၊ စကားပြောဖော်ရတာပေါ့၊ မဟုတ်ဘူးလား"

"သဘောပဲလေ၊ အစ်ကို အလုပ်မရှိတော့ဘူးလား"

"ရပါတယ်၊ ခဏနေလို့ဖြစ်ပါသေးတယ်၊ ညီမအိမ်က ဘယ်ရပ်ကွက်မှာလဲ"



"လှော်ကားဈေးနားက (ဒ) ရပ်ကွက်မှာနေတာ အစ်ကိုရဲ့"

"တညင်းသီးက ပြုတ်ပြီး ဈေးထဲမှာရောင်းကြတာလား"

"မဟုတ်ဘူး၊ မောင်လေးက ပြုတ်ပြီးသားတွေကို ထမင်းဆိုင်တွေကို အရောက်ပို့ပေးရတာပါ"

"နာမည်ဘယ်လိုခေါ်လဲဟင်"

"ညီမနာမည် အိအိစိုးလို့ခေါ်တယ်"

"နာမည်လေးက လှလိုက်တာနော်၊ လူကလည်းလှ၊ နာမည်ကလည်းလှတယ်ဆိုတော့ ရည်းစားတွေကတော့ အများကြီးရှိမှာပဲ"

"အစ်ကိုကလည်း နောက်နေပြန်ပါပြီ၊ အခုထိ ညီမမှာ ရည်းစားမရှိပါဘူးနော်"

"ဟုတ်လို့လား"

"ဟုတ်ပါတယ် အစ်ကိုရဲ့"

ရည်းစားမရှိသေးဘူးဟု သိလိုက်ရပါ၍ ကရင့်ရင်ထဲ ကျေနပ်သွားမိသည်။

"နောက်ရက်တွေကော ညီမလာဦးမှာလားဟင်"

"တစ်ရက်ခြားပဲလာမယ်လေ၊ လေးရာလောက်ဆို နှစ်ရက်ရောင်းရတယ် အစ်ကိုရဲ့"

"ဒါဆို ညီမလာတဲ့နေ့တိုင်း အစ်ကို မျှော်နေမယ်နော်၊ ဘူတာကို အပြန်လိုက်ပို့ပေးခွင့်ပြုပါလို့တောင်းဆိုချင်တယ်"

ခုတ်မောင်းလာနေသော



www.burmeseclassic.com

www.burmeseclassic.com



ရထား၏အသံက တိုးမပေါက်အောင် ပြောဆိုမိနေသော ကရင့်စကားသံများကို ဖုံးလွှမ်းသိမ်းဆည်းယူပစ်လိုက်သည်ဟု ထင်ရောရှိသည်။

"အစ်ကို ရထားလာနေပြီ၊ ညီမ တက်လိုက်တော့မယ်"

ရထားပေါ်သို့ အိအိစိုး တက်ရောက်သွားခဲ့ပြီပင်ဖြစ်ပါသည်။ ရထားစီးခရီးသည်တချို့လည်း ရထားပေါ် တက်ရောက်နေရာယူကြသည်။ ရထားက ထွက်ခွာရန် အသံပေးသည်။ ပြီးနောက် ဘူတာရှေ့ ရထားသံလမ်းပေါ် ရပ်တန့်ထားသော ရထားတွဲကြီး တရွေ့ရွေ့ ထွက်ခွာသွားတော့သည်။

ရထားထွက်ခွာသွားသည့်တိုင် ဈေးရုံထဲ ပြန်မဝင်သေးဘဲ ရထားကို အကြောင်းမဲ့ ငေးမျှော်နေမိသူက ကရင်လေးပင်ဖြစ်သည်။ သူ့ခန္ဓာကိုယ်ထည်ကြီး ဘူတာမှာထိုင်လျက်ရှိနေသော်လည်း စိတ်တို့က ရထားနှင့်အတူ ပါရှိသွားသည်ဟု ပင် သတ်မှတ်ရမည်ပင်။



♛♛♛♛♛

တစ်ရက်ခြားဟုဆိုသော်လည်း သည်တစ်ခေါက် နှစ်ရက်ခြားတွင်မှ တွေ့ခွင့်ရခဲ့သည်။ ကရင်လေး သစ်ကုလားအုတ်လို မျှော်နေမိစဉ်မှာပင် အိအိစိုးကို တွေ့မြင်ခွင့်ရ၍ ပျော်ခဲ့ရပါသည်။

"ဟော့..ညီမ အိအိစိုး၊ ဒီနေ့ စောသလိုပဲနော်"

"မစောပါဘူး အစ်ကိုရဲ့၊ ရထားချိန်ကစောလို့ဖြစ်ပါလိမ့်မယ်"

"အစ်ကိုက ဒီနေ့တောင်လာမှလာပါတော့မလားလို့ စိုးရိမ်နေတာ"

"အိမ်မှာ ပြဿနာတွေရှိတယ် အစ်ကိုရဲ့၊ အပြန် အစ်ကိုလိုက်ပို့ပေးရင်းနဲ့ ပြောပြမယ်၊ အခု တညင်းသီးရွေးလိုက်ဦးမယ်၊ အစ်ကိုလည်း ဝိုင်းရွေးပေးဦးလေ၊ ကြီးကြီးနဲ့ စည်းစည်းဖြစ်မယ့်အလုံးလေးတွေ ရွေးထည့်ပေးပါ"

သည်လိုနှင့် တညင်းသီးဖန်းထဲ လက်ချင်းဆုံတွေ့ခွင့်ရသလို ခေါင်းငုံ့ရွေးနေကြရ၍ ဦးခေါင်းချင်း ထိလုထိခင် ဖြစ်ရသည်များကလည်း ရင်ခုန်ချင်စရာ တိုက်ဆိုင်မှုများပင် ဖြစ်ပေလိမ့်မည်။ ဘေးဆိုင်မှ မသီတာဆိုသူက ထိုသို့ရွေးပေးနေစဉ်မှာပင် ကရင့်ကို လှမ်းခေါ်လိုက်သည်။

"ဟေ့.....ကရင်ရေ၊ ငါ့ဆိုင် ခဏလာပါဦးဟယ်"

ကရင်က ခပ်သွက်သွက်လမ်းလျှောက်ရင်း ထိုဆိုင်တွင်း ဝင်ရောက်သွားလိုက်သည်။

"ဘာပြောမလို့လဲ မသီတာရဲ့"

"ဟဲ့.....အဲဒီကောင်မလေးက ဘယ်ကလဲ၊ နင်နဲ့ဘယ်လိုသိကြတာလဲ"

"အဲဒါ ကျွန်တော့်ကောင်မလေးဗျ"

"အံမာ...နင်စဉ်းစဉ်းစားစားလည်းပြောပါ ကရင်ရယ်၊ နင်နဲ့တူလို့လား၊ တန်လို့လား"

"ဟာ.....မသီတာကလည်း တိုးတိုးပြောပါဗျ၊ ကြားသွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...သွား.....သွား။ ငါက စပ်စုချင်လို့ ခေါ်မေးကြည့်တာ၊ ကရင် နင်လူဖြစ်ပြီလို့ ပြောလို့ရတယ်"

အိအိစိုးက တညင်းသီးများ အားလုံး ရွေးချယ်ပြီးဖြစ်၍ ကရင် ပြန်အလာကို စောင့်နေလိုက်သည်။

"ကဲ.....ညီမ ရပြီလေ၊ ပြန်တော့မယ်မဟုတ်လား"

ထို့နောက်တွင်မှ ခြင်းတောင်းကို တစ်ယောက်တစ်ဖက်ဆွဲခဲ့ရင်း စုံတွဲသဏ္ဍာန် လျှောက်ခဲ့ကြသည်။ ဈေးထဲက ဆိုင်ရှင်တချို့ကပါ သူတို့နှစ်ယောက်ကို စုံတွဲအဖြစ် အသိ အမှတ်ပြုလိုက်ကြပါသည်။

သည်လိုနှင့်ပင် ကရင်နှင့် အိအိစိုးတို့ ထူးခြားသော မိတ်ဆွေများအဖြစ်သို့ ရောက်ရှိခဲ့ကြရ၏။ တညင်းသီးဝယ်ယူ၍ အိမ်ပြန်ချိန်များတွင် စကားအတူတူပြောဆိုခွင့် ပြုခဲ့ရင်း သူ့အကြောင်း၊ ကိုယ့်အကြောင်း ရင်ဖွင့်ခဲ့ကြကာ မိသားစုဝင်တို့၏ အကြောင်းအရာတချို့ကိုပါ သိခွင့်ရခဲ့သည်ဟု ဆိုနိုင်သည်။

တစ်ရက် အိအိစိုး၏မိခင် အမျိုးသမီးရောဂါတစ်ခုကြောင့် ဆေးရုံတက်ရသည်။ ဒါကိုမှ ကရင်လေးက လူနာလိုက်ကြည့်ခွင့်ရသော မိတ်ဆွေတစ်ဦးထဲ စာရင်းဝင်ဖြစ်ခွင့်ရခဲ့သည်။ ထိုနေ့က တညင်းကုန်းဈေးထဲက အလှဆုံး ပန်းသီးငါးလုံးကို လူနာယောက္ခမ လောင်းသို့ ကရင်က လက်ဆောင် ပေးခဲ့ပါ၏။ ဆေးဝယ်ယူရမည့် စရိတ်အချို့အဝက်ကိုလည်း ကရင်က စိုက်ထုတ်ရှင်းလင်းပေးခဲ့လိုက်သည်။ သို့နှင့်ပင် ရင်းနှီးမှုက ပိုတိုးလာခဲ့ရသည်။

**အိအိစိုး၏ မိခင်အမျိုးသမီး ရောဂါတစ်ခုကြောင့် ဆေးရုံတက်ရသည်။ ဒါကိုမှ ကရင်လေးက လူနာလိုက်ကြည့်ခွင့်ရသော မိတ်ဆွေတစ်ဦးထဲ စာရင်းဝင်ဖြစ်ခွင့်ရခဲ့သည်။ ထိုနေ့က တညင်းကုန်းဈေးထဲက.....**

ဆေးရုံမှလူနာကို အတူလိုက်ကြည့်အားပေးခဲ့ပြီး ကရင်အိမ်ပြန်မည်ပြုရာ အိအိစိုးက ကားဂိတ်ဆီသို့ ခဏလိုက်ပို့ပေးရာသည်။

"ညီမ တိုက်ဆိုင်မှုရှိနေတုန်း အခွင့်အရေးယူတယ်လို့တော့ မထင်စေချင်ဘူး။ အစ်ကို ပြောစရာ တစ်ခုရှိတယ်"

"ဘာပြောမလို့လဲ၊ ပြောလေ"

"ပွင့်ပွင့်လင်းလင်းပဲပြောမယ်နော်၊ အိအိစိုးကို အစ်ကို မြင်မြင်ချင်းကတည်းက ချစ်နေမိတယ်၊ တကယ်ပြောတာပါ၊ အစ်ကိုက ဆင်းရဲပါတယ်၊ အလုပ်ကလည်း ကုန်ထမ်းအလုပ်ပဲ လုပ်စရာရှိတယ်၊ ဒါပေမဲ့ အစ်ကို ညီမကို ဝမ်းဝ၊ ခါးလှအောင် လုပ်ကျွေးနိုင်ဖို့ ကြိုးစားမှာပါ"

"စောပါသေးတယ် အစ်ကိုရယ်၊ စဉ်းစားပါရစေဦး"

"မြန်မြန်လေး စဉ်းစားပေးပါ ညီမရယ်၊ ညီမဆီက ချစ်အဖြေကို အစ်ကိုမျှော်နေမယ်၊ ဒီနေ့က ကိုယ့်အတွက် အပျော်ရဆုံးနေ့တစ်နေ့ပါ၊ ဟော.....ဟိုမှာ ကားလာနေပြီ၊ အစ်ကို လိုက်သွားတော့မယ်နော်"

♛♛♛♛♛

နှစ်ရက်တစ်ကြိမ် တညင်းကုန်းဈေးတွင် ဆုံတွေ့ရဖန်များခဲ့သော်လည်း အိအိစိုးထံက ချစ်အဖြေကို ကရင် မရရှိသေးပေ။ ဈေးဝယ်အပြန် လိုက်ပို့ပေးခွင့်ရနေသည့်အဆင့်ထက် မကျော်လွန်နိုင်သေးဘဲ ချစ်အဖြေတောင်းခံလျှင်



www.burmeseclassic.com

www.burmeseclassic.com



စောင့်ပါဦးဟုသာ ဖြေဆိုခြင်းကို ကျေနပ်လက်ခံပေး၍ လမ်းခွဲခဲ့ကြရသည့်ပင်ဖြစ်ပါသည်။

တစ်ရက်တွင် အိအိစိုး ဘညင်းသီးဝယ်ပြန်လာခဲ့ရင်း စကားဆိုလာသည်။

''အစ်ကို ညီမ ဒီဈေးကို မလာရတော့ဘူး သိလား၊ မြို့ထဲမှာ အလုပ်သွားလုပ်ရတော့မယ်၊ အိမ်စရိတ် ပိုပိုသာသာရတဲ့အလုပ် လုပ်ကြည့်မလားလို့ပါ''

''ဟာ.....အဲဒီအလုပ်ကို မပြောင်းလို့ မရဘူးလား''

''မရဘူး အစ်ကို၊ ပြောထားဆိုထားပြီးနေပြီ''

''ကိုယ်က ညီမနဲ့ အမြဲပဲတွေ့ချင်နေတာ''

''ဘယ်တတ်နိုင်ပါ့မလဲ၊ ညီမက အပြီးခွဲသွားတာမှ မဟုတ်တာ၊ အစ်ကို လာတွေ့လို့ရအောင် ညီမဖုန်းဆက်မှာပေါ့၊ အစ်ကိုတို့ဈေးထဲကဖုန်းကို လှမ်းဆက်ရင် ခေါ်ပေးတယ်မဟုတ်လား''

''ခေါ်ပေးတယ်လေ၊ ကုန်စိမ်းအဖွဲ့က၊ ဒါမှမဟုတ် ဇလွန်က ကိုအရင်ဆိုရင် သူတို့သိပါတယ်၊ ညီမ ကယ်ဖုန်းဆက်မှာလား''

''ဆက်မှာပေါ့၊ အလုပ်က ပြောင်းမဖြစ်လို့သာ ပြောင်းရတာပါဒေါ်၊ ညီမလည်း အစ်ကို့ကိုသတိမှာ အသေအချာပဲ၊ နောက်ပြောစရာကျန်သေးတယ် အစ်ကို''

''ဘာလဲ ပြောလေ ညီမ''

''ဟိုဟာပါ ညီမ မြို့ထဲကို အလုပ်သွားလုပ်ဖို့ လမ်းစရိတ်လိုနေတယ်၊ အစ်ကို့မှာရှိရင် ညီမကို ၁၀၀၀၀ လောက် ပေးသုံးပါလားဟင်''

''အခုတော့ပါမလာဘူး ညီမရဲ့၊ အဆောင်မှာထားခဲ့တယ်၊ အရေးတကြီးလိုတယ်ဆိုရင် သွားယူပေးမယ်လေ''

''ဒါဆို ဒီလိုလုပ်ပါလား၊ ဒီကနေ အခုတစ်ခါတည်း ပြန်လိုက်တော့၊ ညီမ အစ်ကို့အဆောင်ကို လိုက်ခဲ့မယ်၊ ပြီးတော့ ညီမအိမ်ကိုလည်း အစ်ကိုလိုက်လည်ပေါ့၊ အမေနဲ့တွေ့ပေးမယ်လေ''

အိအိစိုး၏အပြောချိုချိုစကားကြောင့် ကရင့်အသည်း အရည်ပျော်ကျသွားခဲ့ရသည်။ တညင်းကုန်းဘူတာတွင် ခြင်းတောင်းကို ချထားလိုက်ရင်း ချွတ်သိမ်းထားသောအပေါ်အင်္ကျီနှင့် ထမင်းဘူးတို့ကို ခပ်သွက်သွက်ပင် သွားပြန်ယူလိုက်ပါသည်။ ဘူတာပြန်ရောက်သည်နှင့် နှစ်ဦးသား တညင်းကုန်းလမ်းဆုံသို့ ဘတ်စ်ကားတစ်မှတ်တိုင်စီးသည်။ ပြီးနောက် ရွှေပြည်သာမြို့ထဲသွားမည့် ဘတ်စ်ကားတစ်စီးတက်စီး၍ ဘုန်းကြီးကျောင်းမှတ်တိုင်တွင်ဆင်းခဲ့ကြသည်။ ကရင်က



သူအဆောင်ငှားနေသည့် အင်းပေါက်စုထဲ ခဏလမ်းလျှောက်ဝင်ခဲ့ပြီး ငွေကျပ် ၁၀၀၀၀ ယူ၍ ကားဂိတ်ပြန်လာသည်။

ထိုမှတစ်ဆင့် လှော်ကားသွားမည့် ၁၂၄ ဘတ်စ်ကားပေါ် တက်စီးခဲ့ကြကာ လှော်ကားဂိတ်ဆုံးတွင် ဆင်းလိုက်ကြတော့သည်။ ကားပေါ်မှအဆင်း အိအိစိုးက....



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ညီမတို့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ အချိန်ဆိုင်းကြရအောင်"

"ကောင်းတယ်လေ၊ ညီမ သဘောပဲပေါ့"

"လာ.....အစ်ကို၊ ဒီနားက ဆိုင်က လက်ဖက်ရည်ကောင်းတယ်"

ပြောရင်းကမှ အိအိစိုးက ဦးစွာ ဆိုင်ထဲဝင်ရောက်သွားသည်။ ကရင်လည်း နောက်မှလိုက်ပါဝင်ရောက်ခဲ့ကာ ချောင်ကျကျ စားပွဲတစ်ခုမှာ အတူထိုင်လိုက်ကြသည်။

"ညီမ အိအိစိုး"

"ဘာလဲ အစ်ကိုရဲ့"

"ဟိုလေ ကိုယ်အဖြေတောင်းထားတာ မေ့နေပြီလားလို့"

"ဩော်...ဘာများလဲလို့၊ ဟိုမှာ စားပွဲထိုးလာနေပြီ၊ လက်ဖက်ရည်မှာလိုက်ဦး"

စားပွဲထိုးကို လက်ဖက်ရည်မှာယူလိုက်ပြီး ကရင်က စကားဆက်ပြောလာသည်။

"လုပ်ပါ ညီမရဲ့၊ အဖြေပေးတော့လေ"

"ညီမ ရှက်ပါတယ် အစ်ကိုရာ"

"ဘာရှက်စရာရှိလို့လဲ၊ ဒီမှာ နှစ်ယောက်တည်းပဲရှိတယ်၊ ချစ်တယ်လို့ ပြောရုံပဲကို၊ ပြော၊ ဘယ်လိုအဖြေပေးမှာလဲ"



"အင်းပါ"

"ဘာအင်းပါလဲ၊ ညီမနှုတ်ဖျားကပြောတဲ့အသံကို ကြားချင်တာ"

"အစ်ကိုက ဖွတ်ပဲကွာ၊ ကဲ.. ချစ်ပါတယ် အစ်ကိုရယ်၊ ကျေနပ်ပြီလား"

"တကယ်လား၊ ဝမ်းသာလိုက်တာ ညီမရယ်"

ပြောရင်းကမှ ကရင်၏လက်နှစ်ဖက်က အိအိစိုးလက်အစုံကို ဆုပ်ကိုင်ထားလိုက်သည်။

"ဒီဆိုင်ထဲမှာမို့လို့နော်၊ မဟုတ်ရင်တော့ ဖက်နမ်းပစ်မိတော့မှာ"

"No...No ဒီ့ထက်တော့မကဲပါနဲ့တော့"

ထို့နောက်ပိုင်း လက်ဖက်ရည်တစ်ခွက်စီသောက်ခဲ့ကာ ဆိုင်ထဲက ထွက်ခဲ့လိုက်သည်။ အိအိစိုးက ရှေ့မှဦးဆောင်လျှောက်ခဲ့ရင်း.....

"အိမ်နဲ့နီးနီးရောက်လာရင် အစ်ကိုက ညီမနဲ့ခပ်ဝေးဝေးက လိုက်ခဲ့ပေးနော်၊ သူများတွေမြင်ရင် တစ်မျိုးထင်နေလိမ့်မယ်၊ ညီမတို့အိမ်က တခြားလူတွေနဲ့ သိပ်ရောရောနှောနှော မနေတတ်ဘူး"

"အေးပါ၊ ညီမသဘောတော် အတိုင်းပါပဲတဲ့၊ အစ်ကို နောက်ကပဲ လိုက်ခဲ့ပါ့မယ်"

သည်လိုနှင့် အိအိစိုးအိမ်လေးဆီ ကရင်ရောက်ခွင့်ရခဲ့ပါသည်။ အိမ်က ခေါင်မိုးမလုံ့တလုံ တဲသာသာ အဆောက်အအုံလေးဖြစ်၏။ ကြမ်းပြင်က သစ်သားတစ်ဝက်၊ ဝါးကြမ်းခင်းက တစ်ခြမ်းပါနေသည်။

"အမေရေ ဒါ ကိုကရင်လေ၊ ဆေးရုံမှာတုန်းက တစ်ခါလာဘူးတယ်၊ မှတ်မိလား"

"ဩော်...အေး...အေး သမီး၊



www.burmeseclassic.com

www.burmeseclassic.com

မှတ်မိပါတယ်''

''အဒေါ် နေကောင်းတယ် မဟုတ်လား''

''အေး..ကောင်းတယ် သား၊ အိမ်မှာက အဒေါ့်ယောကျ်ားဆုံးသွားတာ သိပ်မကြာသေးဘူး၊ ဒီသမီးနဲ့သားကိုပဲ အားကိုးနေရတာ၊ သားကရော ဘယ် မြို့ဇာတိလဲ''

''ကျွန်တော်က ဇလွန်မှာမွေးတာပါ၊ ဦးလေးနဲ့လိုက်လာတာ၊ တညင်းကုန်းမှာ ကုန်ထမ်းတဲ့ အလုပ်သမားလုပ်နေပါတယ်''

''အေးပါကွယ်၊ ဘာပဲလုပ်လုပ် ရိုးရိုးသားသားလုပ်ရင်အောင်မြင်ပါတယ်၊ အိမ်နေ တော့ဘယ်မှာ နေတာလဲ''

''ရွှေပြည်သာ အဝင်က ဖီးကုန်းကျောင်းတိုက်နားမှာအဆောင် ငှားနေတယ် အဒေါ်''

''အေး....အေး၊ အဒေါ့်သမီးကို မင်းက အကူအညီပေးတယ်လို့ ပြောဖူးတယ်၊ ကျေးဇူးတင်တယ်''

''ဟုတ်ကဲ့ ရပါတယ် အဒေါ်၊ အိမ်လည်းရောက်ဖူးပြီဆိုတော့ ကျွန်တော် ပြန်တော့မယ်''

''ပြန်တော့မလို့လား၊ သမီးရေ ဒီကလေးပြန်တော့မယ်တဲ့၊ ကားဂိတ်လိုက်ပို့ပေးလိုက်ပါဦးလား၊ ညီမလေးပါ ခေါ်သွားလိုက်လေ''

ကားဂိတ်အရောက် ပြန်လိုက်ပို့ခိုင်း၍ ကရင်က အဒေါ်ကြီးကို ကျေးဇူးတင်မိသွားသည်။ အိအိစိုးက သူ့ညီမလေးကိုခေါ်၍ လမ်း



ထိပ်အရောက် လမ်းလျှောက်ရင်း လိုက်ပို့ပေးသည်။

''ညီမအမေက သဘောကောင်းတယ်နော်''

''အမေကသာ သဘောကောင်းတာပါ၊ မောင်လေးက စိတ်တိုတတ်တယ်၊ ညီမ ရည်းစားထားတယ်လို့သိရင် သူက အစ်ကိုလို ဒေါသအိုးပေါက်ကွဲတော့တာပဲ''

စကားတပြောပြောနှင့် ကားဂိတ်ဆီသို့ ရောက်မှန်းမသိ ရောက်လာခဲ့ရသည်။

''ကဲ...ကားဂိတ်ရောက်ပြီ၊ အစ်ကိုပြန်တော့မယ်၊ ဈေးထဲကို ဖုန်းဆက်ပေးနော်၊ စိတ်ချမယ်၊ လူကိုယ်တိုင်မရောက် ပေမယ့် အသံလေးတော့ကြား ခွင့်ရချင်ပါတယ်''

''သွားပါ..... အပိုတွေ''

သို့နှင့်ပင် မြို့ထဲပြန်ထွက်မည့် ကားပေါ် ကရင်တက်ရောက်လိုက်ပါခဲ့မိတော့သည်။ အိအိစိုးက လက်ပြနှုတ်ဆက်၍ အိမ်ဘက်ဆီသို့ ပြန်လှည့်ထွက်သွားသည်။ကားပေါ်မှ လှမ်းကြည့်မိရင်း ကရင့်စိတ်ထဲ အလိုလိုပင် ဝမ်းနည်းစရာဟု ခံစားမိပါသည်။ မခွဲခွာချင်ပါဘဲ နှုတ်ဆက်ထွက်ခွာခဲ့ရပါ၍လည်း ချစ်သူနှင့် ခွဲခွာနေရသော သောကဝေဒနာက ပိုတိုးလာသည်ဟုထင်မိသည်။ ဘာကြောင့်ရယ်မသိ။ မျက်လုံးအိမ်ထဲမှ မျက်ရည်စလေးများက ပါတွဲခိုစီးကျလာခဲ့ရာ လက်



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပွတ်သပ်ရှင်းလင်းလိုက်ရပေသည်။

လူလည်းရောက်မလာ၊ ဖုန်းနှင့်လည်းမဆက်သွယ်ပါဘဲ ရက်(၂၀)ကျော် ကြာခဲ့ပါသည်။ တွေ့မြင်လိုစိတ်ကို တားမရဘဲ ကရင့်စိတ်ထဲ ပိုးထိုးသလို ရွစိရွစိဖြစ်လာသည်။ မထူးတော့ပြီမို့ ကုန်ထမ်းအလုပ်ကို တစ်ရက်နားပစ်လိုက်တော့သည်။ ညနေဘက် မိုးချုပ်ခါနီး ရောက်ခွင့်ရခဲ့သော အိအိစိုးတို့အိမ်ကို မနက် (၁၀)နာရီလောက်မှာပင် အရောက်သွားခဲ့မိလေသည်။

လှော်ကား ကားဂိတ်မှဆင်း၍ အတွင်းလမ်းထဲ ဝင်ရောက်လျှောက်ခဲ့ပြီး လမ်းဖြတ်တစ်ခု၏ မုန့်ဆိုင်တစ်ဆိုင်တွင် မုန့်ဝယ်ရင်းစားလိုက်သည်။ ညနေဘက် တစ်ရက်ရောက်ခဲ့ရဖူးသောလမ်းကို စမ်းတဝါးဝါးနှင့်ဆက်လျှောက်မိသည်။ ဆင်တူသယောင်ရှိနေသော လမ်းများက မြင်ကွင်းကို ဝေဝေဝါးဝါးဖြစ်စေ၍ ကရင်လမ်းမှားနေသည်။ ထိုရပ်ကွက်ထဲက ဓမ္မာရုံတစ်ရုံကို မှတ်ထားမိသော်လည်း ထိုဓမ္မာရုံကိုပင် မတွေ့ရဘဲဖြစ်နေပါ၏။ ဖွဲ့မလျှော့ဘဲ ဆက်ရှာနေခဲ့ရင်း ခုနကမုန့်ဝယ်စားသည့် ဆိုင်အနီးပြန်ရောက်လာသည်။

"ဒါ လှော်ကားဈေးလို့ခေါ်တာလားဗျာ"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ကျွန်တော် (ဒ)ရပ်ကွက်ကို သွားချင်လို့"

"(ဒ)ရပ်ကွက်က ဒီဘက်ကသွားရတာ၊ ဘယ်သူ့အိမ်ကိုသွားချင်လို့လဲ"

"စက်ဘီးပြင်တဲ့ ဦးကျော်စိုးအိမ်ပါဗျာ၊ ဦးကျော်စိုးကတော့မရှိတော့ဘူး၊ သူ့မိန်းမနဲ့ သားသမီးတွေပဲနေတယ်လေ"

"ဒါဆိုရင် ဟိုမှာတွေ့နေရတဲ့ ကွန်ကရစ်လမ်းတွေ့လား၊ အဲဒီရောက်ရင် ကွေ့လိုက်၊ နောက်ထပ် (၄)လမ်းကျော်ရင် ညာဘက်ကွေ့၊ တည့်တည့်လျှောက်သွား၊ (၁၄) အိမ်၊ (၁၅)အိမ်ဆိုရင် မေးလိုက်တော့၊ ရပြီ"

"ဟုတ်.....ဟုတ်ကဲ့၊ ကျေးဇူးပါပဲဗျာ"

မုန့်ဆိုင်မှ လမ်းညွှန်လိုက်သည့်အတိုင်း ကရင်ဆက်လျှောက်သွားလိုက်တော့သည်။ ကွန်ကရစ်လမ်းကို အရင်တွေ့သည်။ လေးလမ်းအထိလျှောက်ခဲ့ပြီး ညာဘက် ကွေ့လိုက်တော့မှ ဓမ္မာရုံအဆောက်အအုံကိုတွေ့ရသည်။



ယခင်မြင်ဖူးသော မြင်ကွင်းတချို့ မျက်လုံးထဲ ရောက်ခဲ့ပြီဖြစ်၍ တဲအိမ်ကို တည့်တည့်မတ်မတ် ဝင်ရောက်မေးလိုက်သည်။

"အဒေါ် ဒါ.....အိအိစိုးတို့ အိမ်နော်"

"အေး...ဟုတ်တယ်လေ၊ ဒီ အိမ်ပဲပေါ့"

"ဩော်..ကျွန်တော် ဟိုတစ် ခါကလာဘူးတဲ့သူပါ၊ တညင်းကုန်း ကလေ"

"အိအိစိုးက အိမ်မပြန်ဘူး



www.burmeseclassic.com

www.burmeseclassic.com

ကလေးရဲ့''

''ဘယ်တော့မှ ပြန်လာမှာလဲ ဟင်''

''သန်ဘက်ခါမှ အိမ်ပြန်မယ်၊ သူ့အလုပ်က သုံးည၊ လေးညကြာမှ တစ်ခေါက်ပြန်တယ်လေ''

''ဟုတ်ကဲ့၊ ဒါဆို တညင်းကုန်းက ကိုကရင်လာသွားတယ်လို့ ပြောပေးပါ အဒေါ်၊ ကျွန်တော်ပြန်တော့မယ်''

''အေး.....အေး''



တွေ့မြင်ချင်စိတ်က ထိန်းမရပါ၍ အိမ်အရောက်သွားခဲ့သော်လည်း ကရင် လက်လျှော့ပြန်ခဲ့ရသည်။ လွမ်းစိတ်ကို ထိန်းချုပ်၍ အိအိစိုး ဆက်သွယ်လာမှုကို စောင့်ရုံအပြင် သူဘာမျှမတတ်နိုင်ပါချေ။

သည်လိုနှင့် ကုန်ထမ်းအလုပ်ကို စိတ်မပါ့တပါနှင့် အလုပ်ဆက်ဆင်းနေခဲ့ဖြစ်ပါသည်။ လော်ကားသွားခဲ့ပြီး သုံးရက်အကြာ ဈေးရုံထဲရှိ တယ်လီဖုန်းရုံက အသံထွက်လာသည်။

''ဇလွန်က ကရင်လေး ဖုန်းလာနေပါတယ်၊ တယ်လီဖုန်းဆီ အမြန်လာခဲ့ပါ''

ဖုန်းရှိရာနေရာက မိုက်(ခ်)နှင့် ခေါ်ပေးလေ့ရှိရာ အသံအကျယ်ကြီးကြားခွင့်ရသည်နှင့် ကရင် ဖုန်းရုံဆီ အပြေးလာခဲ့တော့သည်။ သူက ကမန်းကတန်းပင် ဖုန်းခွက်ကို ကောက်ကိုင်နားထောင်လိုက်သည်။

''ဟယ်လို ကရင်ပါ၊ ပြောပါ''

''ညီမလေးပါ''

''ဘယ်ကညီမလေးလဲ''

''အိအိစိုးလေ အစ်ကိုရဲ့၊ ဘာလို့ အိမ်လာသွားတာလဲ''

''ဩော်.....ဒါလား၊ ဘာလဲ မလာရဘူးလား၊ သတိရလို့ပေါ့''

''အခု ညီမဖုန်းဆက်တော့ အစ်ကို မပျော်ဘူးလား''

''ပျော်တာပေါ့၊ အရမ်းပဲပျော်တယ်၊ ညီမ ခဏခဏဆက်နော်၊ အခု အရမ်းပဲတွေ့ချင်တယ်၊ တွေ့ခွင့်ပေးပါလား''

''အင်း.....ဒီလိုလုပ်၊ သိပ်တွေ့ချင်ရင် မနက်ဖြန် ညီမဆီလာခဲ့လိုက်''

''အစ်ကိုမှ မလာတတ်တာ''

''အစ်ကိုကလည်းကွာ..... တညင်းကုန်းကနေ မြို့ထဲသွားမယ့် ၁၉၉ ကားကိုစီး၊ ကီလိုမှတ်တိုင်မှာဆင်း၊ ညီမ စောင့်နေမယ်''

''ဘယ်အချိန်လာရမှာလဲ''

''နေ့လယ် ၁၂ နာရီနော်၊ ရောက်အောင်လာခဲ့၊ ၁၂ ခွဲအထိ စောင့်ပေးမယ်၊ လာမှာလား''

''အင်း.....လာခဲ့မယ် ညီမ၊ ဆက်ဆက်စောင့်ပေးနော်၊ ဒါပဲလား''

♛♛♛♛♛

ဇလွန်မှ ရန်ကုန်ရောက်ခဲ့ပြီး မြို့ထဲသို့ပင် ကရင်ကားမစီးခဲ့ဘူးပေ။ ရွာမှမိတ်ဆွေဦးလေးကြီး၏ အဆက်အသွယ်နှင့် တညင်းကုန်း ကုန်စိမ်းဈေးထဲ ကုန်ထမ်းအလုပ် လုပ်နေခဲ့သည်က တစ်နှစ်ခွဲမျှကြာမြင့်ခဲ့ပြီဖြစ်သည်။ ယခုတော့ မြို့ထဲမှာ ကောင်မလေးနှင့် တွေ့ခွင့်ရမည်ဟုဆိုလာ၍ အတွေးထဲမှာပင် အပျော်လွန်နေခဲ့မိသည်။ တစ်ခိုင်

www.burmeseclassic.com



လျှင် နောက်တစ်ချက် (၁၂)နာရီကို ချက်ချင်းရောက်အောင်ပင် ရွှေ့ပစ်ချင်စိတ် ဖြစ်ပေါ်ရပါ၏။

သည်လိုနှင့်ပင် အိအိစိုးနှင့် တွေ့ခွင့်ရမည့်နေ့ရက်က ကရင်၏ အလုပ်နားရက်ဖြစ်သွားပါသည်။ (၁၉၉)လိုင်းကားကို တည်ဉင်းကုန်း လမ်းဆုံမှတ်တိုင်မှ သူတက်စီးခဲ့သည်။ စပယ်ယာကို ကားခပေးလိုက်ပြီး.....

''အစ်ကို ကီလီမှတ်တိုင်



ရှုတ်တရက် တွေ့လိုက်မိစဉ်မှာပင် ကရင် ငေးကြောင်သွားရလောက်ပါသည်။ သည်တစ်ခါ ပြင်ဆင်ထားသည်က ကုန်စိမ်းဈေးထဲ တွေ့ရစဉ်က ထက် ငါးဆလောက် ပြောင်းလဲနေသည်။ ပြင်ဆင်ထားသည်က ပိုမိုခေတ်ဆန်၍ ပိုလှနေ သည်ဟုပင်....

ရောက်ရင် ပြောပါဗျာ၊ ကျွန်တော် မသွားဘူးလို့ပါ''

''အေးပါကွာ၊ ပြောမယ်၊ ငါတို့နှုတ်က အော်တဲ့အသံတွေလည်း အသေအချာမှတ်ထား''

''ဟုတ်.....ဟုတ်ကဲ့ပါ''

ကားကို ခရီးအတော်ကြာ ရောက်သည်အထိစီးခဲ့ရင်း စပယ်ယာ သူ့အနားရောက်လာခဲ့လျှင်...

''အစ်ကို ကီလီမှတ်တိုင် ရောက်ခါနီးပြီလား''

''မရောက်သေးဘူးကွ၊ အဝေးကြီးလိုသေးတယ်''

လမ်းမသိ၍ စပယ်ယာ၏ အဆူအငေါက်ကိုပါ သူခံနေရပြီး ဆက်လက်လိုက်ပါလာခဲ့သည်။

''ကဲ.....ကီလီရောက်တော့မယ်၊ ဆင်းမယ့်လူတွေ အပေါက်ဝ တိုးထားပါ''

ထိုအသံကြားလိုက်သည်နှင့် ကရင်က အပေါက်ဝအနား ပြေးကပ်နေလိုက်သည်။ ဘတ်စ်ကားက ကားမှတ်တိုင်ရောက်သည်နှင့် ရပ်တန့်ပေးလိုက်ရာ ကရင်က အရင်ဆုံးဆင်းချလိုက်သည်။ ထို့နောက် ကားဂိတ်မှာရပ်စောင့်နေပြီး ဟိုဟိုသည်သည် ငေးကြည့်နေမိစဉ်....

''ဟော့....အစ်ကိုကြီး၊ ဘာတွေငေးနေတာလဲ''

''ဟာ.....အိအိစိုး၊ ညီမကို ရှာနေတာပဲပေ့ါ၊ ဘယ်ကနေ ပေါ်လာရတာလဲ''



www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက် တွေ့လိုက်မိစဉ် ခုပင် ကရင် ငေးကြောင်သွားရလောက်ပါသည်။ သည့်တစ်ခါပြင်ဆင်ထားသည်က ကုန်စိမ်းဈေးထဲတွေ့ရစဉ်ကထက် ငါးဆလောက်ပြောင်းလဲနေသည်။ ပြင်ဆင်ထားသည်က ပိုမိုခေတ်ဆန်၍ ပိုလှနေသည်ဟုပင် ကရင် နားလည်မိပါ၏။

“အစ်ကိုနော် ကားဂိတ်မှာ လျှောက်ပတ်ပြီး ကြည့်နေတာ တခြားကောင်မလေးတွေကို ငေးနေတာမဟုတ်လား”



“ဟာ.....မငေးကြည့်ပါဘူး ညီမရာ၊ အစ်ကို့မှာ ဒီလောက်လှတဲ့ချစ်သူတစ်ယောက်ရှိနေတာ ဘာမှမလိုတော့ဘူး၊ သွားကြမယ်လေ၊ ဘယ်ကိုသွားမလဲ ပြော”

“လာ....လာ၊ အရင် ထမင်းဆိုင်တစ်ဆိုင်ဆိုင်ကို သွားကြတာပေါ့”

ထိုသို့ နှစ်ယောက်တွဲ ပလက်ဖောင်းပေါ် လမ်းလျှောက်နေစဉ် မိုးက တဖွဲဖွဲကျလာသည်။ အိအိစိုးက ထီးကိုဖွင့်ဆောင်းရင်း ကရင့်လက်မောင်းကိုပါ တွဲ၍လျှောက်သည်။ ထမင်းဆိုင်ဆီသို့ မရောက်ခင်မှာပင် အိအိစိုးက စကားတစ်ခွန်းဆိုလာသည်။

“အစ်ကို ညီမကို ဖိနပ်တစ်ရန်လောက် ဝယ်ပေးပါလား၊ ဖိနပ်က ပြတ်တော့မှာ”

“ညီမက ဘယ်လောက်တန်ဝယ်ချင်လို့လဲ”

“ဟိုရှေ့နားက ဆိုင်တစ်ဆိုင်မှာ တွေ့ထားတယ် အစ်ကို၊ ဈေးက ၆၀၀၀ တဲ့၊ အစ်ကို လက်ဆောင်ဝယ်ပေးလေ”

“အေးပါ၊ ညီမလိုချင်တယ်ဆိုရင် အစ်ကိုဝယ်ပေးရမှာပေါ့”

သည့်လိုနှင့် ထမင်းဆိုင်တစ်ဆိုင်တွင် နေ့လယ်စာ အတူစားသောက်လိုက်ကြသည်။ ပြီးနောက် အိအိစိုးဝယ်ယူချင်နေသော ဖိနပ်အဖြူလေးတစ်ရန်ကို ကရင်ကငွေစိုက်ထုတ်ဝယ်ယူပေးလိုက်ပါ၏။ ဆက်၍ သခင်မြပန်းခြံဘက်သွားကြမည်ဟု ဆိုလာရာ အတူစကားပြောဆိုခွင့်၊ နီးနီးကပ်ကပ်နေခွင့်ရခြင်းအတွက် ကရင်၏ အပျော်ရဆုံးနေ့ရက်တစ်ရက် ဖြစ်ခဲ့လေသည်။ ပန်းခြံထဲ နှစ်ယောက်တွဲထိုင်ခုံမှာ နီးနီးကပ်ကပ်လေးရှိနေရစဉ်.....

“ညီမ အစ်ကို နေ့တိုင်းတွေ့ခွင့်ရချင်တယ်ကွာ”

“နှစ်ယောက်စလုံး အလုပ်ရှိတဲ့သူတွေချည်းပဲလေ၊ အလုပ်မလုပ်ဘဲ ဘာနဲ့သွားစားမှာလဲ”

“ဒါဆို ကိုယ်တို့အတူတူနေကြမယ်လေ၊ လက်ထပ်ကြမလား”

“ငယ်ပါသေးတယ် အစ်ကိုရာ၊ ညီမက အမေနဲ့ညီမလေးကို ရှာကျွေးနေရတာ၊ အစ်ကိုလည်း မိဘအိမ်ကို ငွေပြန်ပို့ရသေးတာပဲမဟုတ်လား”

“ဒီလိုဆိုရင်လည်း သုံးရက်တစ်ခါ၊ ဒါမှမဟုတ် တစ်ပတ်တစ်ရက်လောက်တော့ တွေ့ခွင့်ပေးပါလား”

“ဒါကတော့ ပြောမရသေးဘူးကွာ၊ အလုပ်အဆင်ပြေသလို

www.burmeseclassic.com



ကြည့်လုပ်ကြမယ်၊ ညီမ အချိန် အားရင် ဖုန်းဆက်မှာပေါ့"

"ညီမက ဖုန်းဆက်မယ်လို့သာ ပြောနေတာ၊ အစ်ကိုစောင့်ရတာ မောလှပြီကွာ"

ဒီလိုနှင့် ပန်းခြံထဲ နှစ်နာရီလောက် အချိန်ဖြုန်းခဲ့ကြသည်။ နေကြာစေ့နှစ်ထုပ်လောက် ကုန်အောင် စားခဲ့ကြပြီး အိအိစိုးက သူ့အလုပ်ဆီ ပြန်ရမည်ဟု ဆိုလာသည်။ ကရင့်စိတ်အလိုအရဆိုပါလျှင် တစ်နေကုန် ပန်းခြံထဲနေချင်မိသည်။ သို့သော် ချစ်သူ၏အလိုကျမို့ အချိန်ကြာကြာ တွေ့ခွင့်မရခဲ့ဘဲ လမ်းခွဲခဲ့ကြပါသည်။

ဘာမှမထူးတော့ပြီမို့ ကရင်က လာလမ်းအတိုင်း (၁၉၉)ကားစီး၍ တညင်းကုန်းဘက် ပြန်ခဲ့ရလေသည်။

♛♛♛♛♛

အိအိစိုးထံမှ ဖုန်းခေါ်သံများကို မျှော်ခဲ့ရသောရက်က ရက် ၂၀ ကျော်ကြာခဲ့သည်။ ဆက်၍ ရက်မှ လသို့ပင် ကူးသွားခဲ့ရပြီး သုံးလကျော်ကာလသို့တိုင် ရောက်ရှိခဲ့ရာ ကရင့်စိတ်တို့က မတွေ့ရဘဲ မနေနိုင်အောင် ဆန္ဒပြင်းပြခဲ့ရပါသည်။ သည်တစ်ခါတော့ အားတင်း၍ သူ့အမေထံ သွားမေးမြန်းကြည့်ဦးမည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။

လှော်ကားဂိတ်ဆုံးကို အမှားအယွင်းမရှိ သူရောက်ခဲ့သည်။ ယခင်တစ်ခေါက်က ကွမ်းယာဆိုင်က လမ်းညွှန်ပြထားခဲ့၍ သည်တစ်ခါ အိမ်ဆီသို့ တန်းတန်းမတ်မတ်ပင် ရောက်ခဲ့ပါသည်။ တဲအိမ်ထဲ ခေါင်းငုံ့ဝင်ကြည့်လိုက်ရာ အဝတ်အစား သန့်သန့်ပြန့်ပြန့် ဝတ်ဆင်ထားသော အခြားလူငယ်တစ်ဦးကို တွေ့ရသည်။

အဒေါ်ကြီးက ထိုလူငယ်နှင့် အချီအချ စကားပြောဆိုနေလေရာ ကရင်က အိအိစိုးညီမလေးကို



လက်တို့ရင်း အပြင်ခေါ်ထုတ် လိုက်သည်။

"ဟေ့.....ညီမလေး ခဏ အစ်ကိုကြီးနဲ့ လိုက်ခဲ့ပေးပါလား"

ကလေးမက ယခင်တစ် ခေါက်က မြင်ဘူးပြီးသားဖြစ်နေ မို့ တဲထဲမှထွက်လိုက်လာသည်။

ကလေးမကို လက်ဆွဲရင်း အနီးစပ်ဆုံး အိမ်ဆိုင်လေးတစ်ဆိုင်ကို ကရင်ကြည့်လိုက်သည်။

"ညီမလေး အစ်ကိုကြီး မုန့် ဝယ်ကျွေးမယ်လေ၊ ဟို ကွမ်းယာ တွေဘာတွေရောင်းတဲ့ဆိုင် ဘယ် နားမှာရှိလဲ"

"ဟော..ဟိုဘက်မှာရှိတယ်"

"အေး...ခဏသွားရအောင် လာ"

ပြောရင်းက ထိုဆိုင်လေးဆီ လမ်းလျှောက်သွားလိုက်ကြသည်။

"သမီး အခု အိမ်ရောက်နေ တဲ့ အစ်ကိုကြီးက ဘယ်သူလဲဟင်"

"အဲဒါ မမနဲ့ပေးစားမလို့တဲ့ အမေကပြောတယ်"

"ဟေ.....ဟုတ်လား"

"ဟုတ်တယ်တဲ့၊ ဒီလကုန် ရင် မင်္ဂလာဆောင်မယ်လို့ပြောတာ သမီးကြားတယ်"

ထိုစကားရပ်ကြောင့် ကရင်လေးရင်ခုန်သံများပင် မြန်ချင်သွား မိသည်။ သို့သော် စိတ်ထိန်းချုပ်



www.burmeseclassic.com

www.burmeseclassic.com

ဘည်းလိုက်ပြီး ဈေးဆိုင်လေးဆီ အရောက်သွားခဲ့လိုက်သည်။

ကလေးမကို မုန့်တစ်ထုပ်ဝယ်ကျွေးလိုက်ပြီး အိမ်ဘက်သို့ ပြန်ခဲ့ပါ၏။ အိမ်ပေါ်မရောက်ခင်မှာပင် သူ့ စကားသံတချို့ကို ကြားခွင့်ရသည်။

"ဟော့.....ကလေး၊ မင်းက အဒေါ့်သမီး အိအိစိုးနဲ့ တိုင်ပင်ထားပြီးသားဆိုတော့ သမီးက ဘယ်တော့မင်္ဂလာဆောင်မယ်လို့ ပြောသလဲ"

"နောက်လကျရင် ကျွန်တော်တို့ရပ်ကွက်ဘက်မှာ ဆောင်မှာပါ အမေ၊ သူက ကျွန်တော့်ကို သုံးသိန်းရှာခိုင်းထားတယ်၊ သူ့မိဘအိမ် လိုတာကို ပြင်ဆင်ရမယ်တဲ့၊ အဲဒီငွေလည်း ဒီလမကုန်ခင် သူ့ဆီအပ်မှာပါခင်ဗျာ"

"အေးပါ၊ အဒေါ့်ဘက်ကတော့ ခုရှုပ်မှနောင်ရှင်း ပွင့်ပွင့်လင်းလင်းပဲပြောမယ်၊ တို့သမီးက တစ်ခုလပ်ပါ၊ သူ့ အရင်က ယောက်ျား ရှိဖူးတယ်၊ အဲဒီ သူ့ယောက်ျားက အချိုးမပြေလို့ ငါ့ယောက်ျားက ခွဲထားလိုက်တာပါ၊ အခုတော့ ငါ့ယောက်ျားလည်း သေသွားပါပြီ၊ တို့လည်း အိမ်ပြောင်းလာခဲ့လို့ ဒီရောက်တာ သုံးနှစ်ကျော်ထဲရောက်နေပြီလေ"

ဒီလိုနှင့်ပန်းခြံထဲ
နှစ်နာရီလောက်
အချိန်ဖြုန်းခဲ့ကြသည်။
နေကြာစေ့နှစ်ထုပ်လောက်
ကုန်အောင်စားခဲ့ကြပြီး
အိအိစိုးက
သူ့အလုပ်ဆီပြန်ရမည်ဟု
ဆိုလာသည်။
ကရင့်စိတ်အလိုအရဆိုပါလျှင်
တစ်နေကုန်.....

"ဟုတ်ကဲ့၊ ကျွန်တော် အဲဒါတွေသိပါတယ် အမေ၊ သူ့ကိုချစ်တော့ သည်းခံပေးရမှာပဲပေါ့"

"အေးပါ၊ မင်းစိတ်ချမ်းသာတယ်ဆိုရင် ကိစ္စမရှိပါဘူးလေ"

ထိုသို့ပြောဆို၍အပြီးတွင် ကရင်က တဲအိမ်ထဲ ဝင်ရောက်ခဲ့လိုက်တော့သည်။

"ဟော.....ခုနကဧည့်သည် ပြန်ရောက်လာပြီ အမေ၊ သူက ဘယ်ကလဲဟင်"

"အေး...သူ...သူကတော့ အိအိစိုးသူငယ်ချင်းပါ၊ မောင်ကရင်ရေ ဒီမှာ အဒေါ်တို့ကိစ္စရှိလို့၊ မင်း ညီမလာရင် ငါပြောလိုက်မယ်လေ"

"ရပါတယ် အဒေါ်၊ ကျွန်တော် ပြန်မှာပါ၊ ဒါပေမဲ့ ဒီကအစ်ကိုတော်နဲ့ စကားနည်းနည်းလောက် ပြောချင်လို့"

"ဩော်.....ဟုတ်ကဲ့ ရပါတယ်၊ အိအိစိုးသူငယ်ချင်းဆိုတော့ တွေ့ရတာ ဝမ်းသာပါတယ်"

"ဒီလိုပါ၊ အိအိစိုးလည်းမရှိဘူးဆိုတော့ ညီအစ်ကို ကျွန်တော်နဲ့ ခဏလောက်လိုက်ခဲ့ပေးနိုင်မလားလို့ပါ"

"ရ.....ရပါတယ်၊ ဘယ်...ဘယ်မှာစကားပြောချင်လို့လဲ"

"ဒီအနီးအနားက လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာပဲဖြစ်ဖြစ်ပေါ့နော်"

ကရင်လေးက ပွင့်လင်းစွာခေါ်လိုက်ရာ ထိုသူက အိအိစိုးမိခင်ကို နှုတ်ဆက်၍ အိမ်ထဲက ထွက်လာလိုက်သည်။ နှစ်ဦးသား တဲအိမ်လေးမှ လမ်းလျှောက်လာခဲ့ရင်း လမ်းမပေါ်ရောက်ရှိလာကြသည်။

"ကျွန်တော်မေးမယ်နော်၊ အစ်ကိုတော် အိအိစိုးနဲ့ ဘယ်တုန်းက သိခဲ့ကြတာလဲ"

"ဘယ်တုန်းကပဲ သိသိပေါ့ဗျာ၊ အခု မင်္ဂလာဆောင်တော့မယ့်ဟာပဲ၊ ဘာကိုရှင်းပြစေချင်တာလဲ"

"ဟိုဗျာ ကျွန်တော်လည်း အိ

www.burmeseclassic.com



အိစိုးရဲ့ချစ်သူပဲဗျ"

"ဟား...ဟား...ဟား...ဟား၊ ကိုယ့်လူက တကယ်ရယ်ရတာပဲဗျ၊ ကဲ....ခင်ဗျားချစ်သူဆိုရင် အခုသူနဲ့အနီးဆုံးရှိတဲ့ ဖုန်းနံပါတ်ကို ခင်ဗျားသိသလား"

"ဟင့်အင်း မသိဘူး"

"အေး.....ကျုပ်သိတယ်ဗျ၊ ဒီတော့ ခင်ဗျားစိတ်ရှင်းသွားအောင် တယ်လီဖုန်းဆက်လို့ရတဲ့နေရာ ဆီအရင်သွားကြမယ်ဗျာ၊ ကျွန်တော် ဖုန်းဂဏန်းနှိပ်ပြီး ခေါ်ပေးမယ်၊ ခင်ဗျား စကားပြောပေါ့၊ ဟုတ်လား"

ထိုသူက သွက်လက်ချက်ချာလှစွာ တယ်လီဖုန်းရှိရာ အိမ်တစ်အိမ်သို့ ဦးဆောင်ခေါ်သွားလိုက်သည်။ ကရင်က ယုန်သူငယ်လေးလို နောက်မှလိုက်ပါခဲ့ရင်း ဖုန်းရှိသောအိမ်သို့ ရောက်သောအခါ ထို လူက ဖုန်းဂဏန်းများကိုနှိပ်၍ ဖုန်း ခွက်ကမ်းပေးလာသည်။

"ကဲ.....ပြောလိုက်တော့ အိအိစိုး လာကိုင်လိမ့်မယ်"

ကရင်က ဖုန်းခွက်ကို နားအနီးသို့ ကပ်နားထောင်လိုက်ပြီး...

"ဟယ်လို....."

"ဟုတ်ကဲ့ ပြောပါ"

"ကျွန်တော် အိအိစိုးနဲ့ပြောချင်လို့"

"ကျွန်မ အိအိစိုးပါ"

"ဟော့.....ညီမ၊ ကိုယ်လေ၊ ကိုကရင်ပါ"

"ဘယ်က- ကိုကရင်လဲ"

"တညင်းကုန်းဈေးက ကရင်လေ၊ ဘာလဲ မမှတ်မိဘူးလား"

"ကျွန်မ ကိုကရင်ကို ဖုန်းနံပါတ်မှ ပေးမထားတာ၊ အခုဘယ်ကဖုန်းနံပါတ်ရလဲ ပြော"

"ဒါတွေမမေးပါနဲ့လား ညီမ၊ တို့ဆီ ဘာလို့ဖုန်းမဆက်တာလဲဆိုတာ ဖြေပေးပါ"

"အလုပ်မအားလို့၊ ရှင်းပြီလား၊ သိပ်တွေ့ချင်ရင် မနက်ဖြန်တွေ့ကြမယ်၊ ဖုန်းချလိုက်တော့၊ မနက်ဖြန် ၁၂ နာရီကို အရင်လာခဲ့တဲ့ ကီလီမှတ်တိုင်ကိုလာခဲ့ပါ၊ ဒါပဲ"

ဖုန်းကို ပြောဆိုရင်းမှပင်ပိတ်ချလိုက်သည်။ ကရင် ဆက်ပြောချင်သော်လည်း မည်သို့မှ ပြောခွင့်မရတော့ဘဲ တယ်လီဖုန်းကို ခုံပေါ်ပြန်တင်လိုက်ရပါတော့သည်။

ဖုန်းဂဏန်းနှိပ်ပေးသူက အနိုင် ရသောအပြုံးမျိုးဖြင့် သူ့ကို အသံတိတ် နှိပ်စက်ကလူပြုခြင်းကို မကျေနပ်သော်လည်း ကရင်သည်းခံခွင့်လွှတ်ရင်း အိမ်ပြန်ခဲ့ရသည်။

♛♛♛♛♛

ဒုတိယအကြိမ်မြောက် ချိန်းဆို ခြင်းခံရမှုကို သူကျေနပ်စွာ လက်ခံ ခဲ့ခြင်းတော့မဟုတ်ပါချေ။

ပထမအကြိမ်က နှလုံးသားခံစားမှုစစ်စစ်နှင့် ကျေနပ်ပျော်ရွှင်စွာ အင်အားပြည့်ပြည့်ဝဝ သွားရောက်ခဲ့ခြင်းဖြစ်ပါသည်။ ယခုဒုတိယအကြိမ်တွင်မူ လမ်းခွဲကြရမည့်စကားကို သူစတင်ပြောဆိုရမည်ဟု သိလျက်နှင့် အားတင်းအရောက်လာခဲ့ခြင်းဖြစ်သည်။

သည်လိုနှင့် ကီလီမှတ်တိုင်ဆီ ကရင်ရောက်ရှိခဲ့တော့သည်။

မှတ်တိုင်တွင် ကြိုတင်ရောက်နေသော အိအိစိုးမျက်နှာက စူပုပ်နေသည်။ မကြည်မသာမျက်နှာထားဖြစ်သည်ကို ကရင်သိသော်လည်း ရင်ဆိုင်ရမည့် ပြဿနာကို ရှင်းလင်းရန် အနားတိုးကပ်သွားလိုက်သည်။

"ညီမ"

"ဘာလဲ၊ ဘာလာလုပ်တာလဲ၊ သိပြီးသားဆိုရင် လာစရာတောင် အကြောင်းမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားရပ် ပြောဆိုလာ၍ ကရင့်စိတ်ထဲ အမုန်ပင် နာကြည်း မိရပါသည်။

"မင်းဘယ်လိုပြောလိုက်တာလဲ အိအိစိုး"

"ရှင်ကြားတဲ့အတိုင်းပဲ ကိုကရင်"

"မင်း တော်တော်ကြောက် စရာကောင်းတဲ့ မိန်းမပဲ၊ မချစ်ဘူး ဆိုရင်လည်းအရင် ကတည်းကတို့ ငြင်းခဲ့ပါလား"

"ဒါမျိုးတွေက ရှိုးနေပြီ အစ်ကိုကြီး၊ ဘာမှ ဆန်းဘူး"

"ဩော်..... အိအိစိုး၊ မင်း တော်တော်အရှက် နည်းတဲ့ မိန်းမပဲ နော်"

"ဟုတ်တယ်၊ ကျွန်မမှာ အခု ချမယ့်ယောကျာ်းရှိနေပြီ၊ သူက ကျွန်မကို သုံးသိန်းတောင်တင် တောင်းယူမှာ၊ ဒီတော့ ကိုကရင် နောက်ကို ညီမနဲ့ မဆက်သွယ်ပါနဲ့တော့၊ ဒါပါပဲ"

"မင်း တော်တော် မျက်နှာပြောင်တာပဲ၊ အချစ်ဆိုတာက အအေး လည်းအတူ၊ ပူလည်းအမျှ ဘဝတူ တဲ့သူတွေ ရိုးသားစွာချစ်တဲ့အချစ် ကမှ ခိုင်မြဲတယ်ဆိုတာ မင်းမသိဘူးပဲကိုး၊ ငါဒီလိုဖြစ်မယ်မှန်း အစောကြီးကတည်းက သိခဲ့ရင် ကောင်းမှာ၊ မင်းက မိန်းမပျက်ပဲ၊ မင်းလိုမိန်းမမျိုးက ကုန်ထမ်းသမား နဲ့တောင် မထိုက်တန်တဲ့ မိန်းကလေးပဲဆိုတာ တို့သိလိုက်ပါပြီ ကွာ"



ကရင်က စကားကို အရှည်ကြီးပြောဆိုနေသော်လည်း အိအိစိုးက သူနှင့်ဝေးရာဆီသို့ ကျောခိုင်း ထွက်ခွာသွားခဲ့ပြီဖြစ်ပါသည်။ ကီလိုမီတာတိုင်၏ ရေမြောင်းဘေး ပလက်ဖောင်းပေါ် ခြေပစ်လက်ပစ် ပင် ကရင်ထိုင်ချလိုက်မိသည်။

ချစ်ခဲ့မိရသူ၏ စိမ်းကားခြင်းကို သူခါးခါးသီးသီးခံလိုက်ရချိန်တွင် မျက်ရည်များက ပါးပြင်ပေါ်သို့ အတားအဆီးမဲ့ ကြွေကျလာခဲ့ပါသည်။ လက်တွေ့တွင် အချစ်ရဆုံးသူက အမုန်းရဆုံးသူအဖြစ် ရက်ရက်စက်စက်ပင် သရုပ်ဆောင်ပြခဲ့သည်။ မနမ်းသင့်သော ပန်းကို နမ်းရှိုက်မိခဲ့၍ သူ၏ရိုး သားသော အဖြူရောင်နှလုံးသား လေး တစ်ခု အဆိပ်သင့် ကျန်ရစ်ခဲ့ပြီ ပင်ဖြစ်ပါသည်။

ကုန်ထမ်းသမား ကိုတောင် လှည့်စားရက်တဲ့ မိန်း ကလေး။

ကမ္ဘာပေါ်မှာ ဒီလိုမိန်း ကလေးမျိုးက ဘယ်လိုယောကျာ်း မျိုးနဲ့ ထိုက်တန်သလဲဆိုတာကို တော့....။

**ကိုမိုး (ရွှေပြည်သာ)**



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com





# အပြာရောင် ဖိနပ်ပိုင်ရှင်

ဆုမွန်ဦး (ဟသ်ာတ)

ဒေါက်တာထွန်းသော်တာတစ်ယောက် ဤမြို့လေးသို့ ရောက်ရှိသည်မှာ မကြာသေး။ ယခင် ပုလဲနုနှင့် အိမ်ထောင်မကျခင်က ရန်ကုန်မြို့ရှိ ဆေးရုံကြီးတစ်ရုံတွင် တာဝန်ကျနေခဲ့သည်။ နဖူးစာရွာလည်ဟုသောစကားကဲ့သို့ ဒေါက်တာထွန်းသော်တာတစ်ယောက် သူငယ်ချင်းတစ်ယောက်ရှိသည့် ဤနယ်မြို့လေးသို့ ကိစ္စတစ်ခုဖြင့် လာခဲ့သည်မှ ပုလဲနုနှင့် မမျှော်လင့်ဘဲဆုံတွေ့ရင်း ချစ်သူဖြစ်ခဲ့ရသည်။

ထိုမှ တစ်အိုးတစ်အိမ်ထူထောင်ဖြစ်သည်အထိ ဖြစ်ခဲ့ရသည်။ ပုလဲနုနှင့် အိမ်ထောင်ကျပြီးတော့ ပုလဲနုကို ရန်ကုန်ကိုခေါ်၍မရ။ နောက်ဆုံး သျှောင်နောက်ဆံထုံးပါဆိုတဲ့ ဆံထုံးနောက်သို့သျှောင်ပါကာ ဤမြို့လေးတွင်ပင် နေထိုင်ရင်း 'သော်တာပုလဲ'ဟူသည့် ကိုယ် ပိုင်ဆေးခန်းလေးတစ်ခုကို ထူ ထောင်ထားသည်။

အိမ်ထောင်ကျတော့ ပုလဲနုက မိဘများနှင့်မနေ။ မြို့လယ်ရပ်ကွက်လေးတစ်ခု၏ အချက်အချာကျသည့် နေရာလေးတစ်ခုတွင် အိမ်လေးတစ်လုံး ငှားသည်။ ကိုယ်ပိုင်ဆေးခန်းလေးတစ်ခုဖွင့်ရန်ဖြစ်၏။



သည်နေ့ ဆေးခန်းလေးကို ပိတ်လိုက်သည်။ ဒေါက်တာ ထွန်းသော်တာ ဆေးခန်းကို တစ်နေ့လျှင် နှစ်ကြိမ်ခွဲ၍ဖွင့်၏။ မနက်ဘက်တွင် တစ်ကြိမ်၊ ညနေဘက်တွင် တစ်ကြိမ်ဖြစ်၏။

သည်နေ့သည် ဇနီးသည် ပုလဲနု၏ အသက် (၃၀)ပြည့်သောနေ့ဖြစ်လေသည်။ ထို့ကြောင့် နံနက်ပိုင်း ဆေးခန်းဖွင့်ချိန်လေးကို ပိတ်၍ မြို့ထဲသို့ထွက်လာခဲ့သည်။ မြို့ထဲရှိ ဘုရားသို့သွားကာ ပုတီးစိပ်၊ ရေသပ္ပာယ်ရင်း ဆုတောင်းသည်။ ဘုရားမှ ဆင်းလာသောအခါ ပုလဲနုမှာ မွေးနေ့အမှတ်တရ ဖိနပ်လေးတစ်ရန်လိုချင်ကြောင်း ပူဆာလာ၏။

"ထွန်း ပုလဲကို မွေးနေ့လက်ဆောင်လေးတစ်ခု ဝယ်မပေးချင်ဘူးလားဟင်"

"ပုလဲရယ် ကိုယ်ချစ်လို့ ယူ



www.burmeseclassic.com

www.burmeseclassic.com

ဘာတွေမိန်းမလဲ ဘယ်မဝယ်ပေး ချင်သဲနေပါစေလဲ ပြော.....ပုလဲ၊ ဘာလိုချင်လဲ ကိုယ်ဝယ်ပေးမယ်''

"တကယ်ပြောတာလား''

''အိုဗျာ.....နှစ်ကယ်ပြော တာ''

''ကဲ.....ဒါဆို ပုလဲ ဖိနပ် လေးတစ်ရန်လောက်ဝယ်ချင်တယ်''

''ဖိနပ်လေးတစ်ရန်လိုချင်တာ များ ပုလဲရယ်၊ ထူးထူးဆန်းဆန်း လုပ်လို့၊ လာ Male စတိုးဆိုင်လေး ဆီကို ဝင်ကြမယ်''

စကားဆုံးတော့ ဒေါက်တာ ထွန်းသော်တာနှင့် ပုလဲနုတို့ ဖနီး မောင်နှံ လက်ချင်းတွဲချိတ်၍ Male စတိုးဆိုင်လေးထဲသို့ ဝင်သွားကြ တော့သည်။



ဆိုင်ထဲသို့ ဝင်လိုက်သည်နှင့် ကောင်မလေး သုံးလေးယောက်က ဆီးကြိုကြသည်။

''ဘာအလိုရှိပါသလဲ အစ်ကို နဲ့မမ''

''ဖိနပ်လေးတွေကြည့်ချင်လို့''

''ဩော်.....ရပါတယ် မမ ရယ်၊ လာ.....လာ''

မိန်းကလေးတစ်ယောက်က မှန်ဗီရိုတစ်ခုဆီသို့ ဦးဆောင်ကာ ခေါ်ငင်သွားသည်။ မှန်ဗီရိုတစ်ခုထဲ တွင် ထည့်ထားသော ဖိနပ်များကို ပြ၏။ ထို့နောက် တခြားမှန်ဗီရိုများ ရှိရာသို့ လျှောက်ကြည့်ရင်း နောက် ဆုံး မှန်ဗီရိုတစ်ခုထဲတွင် ခေတ်မီ ပုံစံဖြင့် ပြုလုပ်ထားသော အပြာ ရောင် ဒေါက်ဖိနပ်လေးကို တွေ့ သွားသည်။ ပုလဲနု ဖိနပ် လေးကို ကြိုက်သွား သည်။ ထို့ကြောင့် လှမ်း၍ ယူလိုက် သည်။ ထိုစဉ်.....

''ဟင်.....''

လက်က ဖိနပ်ဆီ မရောက်ခင် တစ်စုံ တစ်ဦး၏ လက်တစ်စုံ က ဖိနပ်လေးကို ဆွဲယူလိုက်သည်။ ပုလဲနု ဖိနပ်ကိုယူ လိုက်သော မိန်း ကလေးကို မော့ကြည့်လိုက်၏။ အပြာရောင်ဝမ်းဆက်လေးနှင့် ဖြူ ဖြူ ပိန်ပိန်ပါးပါး မိန်းကလေးတစ် ဦးကို တွေ့ရ၏။ မိန်းကလေးက အားနာသွားဟန်ဖြင့်.....

''ဩော်.....အစ်မလည်း ဒီ ဖိနပ်လေးကို ကြိုက်လို့လား၊ ဒါဖြင့် ယူလေ''

ထိုမိန်းကလေးမှ ဖိနပ်လေးကို အပေး

''အို.....အို မဟုတ်ပါဘူး၊ ညီမက အရင်ယူလိုက်တာပဲ၊ ညီမ ပဲ ယူလိုက်ပါ''

ထွန်းသော်တာက ကြားဝင် တားလိုက်သည်။ ပုလဲနုကလည်း..

''ဟုတ်ပါတယ်ကွယ်၊ ငါ့ညီမ က အရင်ယူတာပဲ၊ ငါ့ညီမသာ ယူ လိုက်ပါ၊ အစ်မတို့ တခြားဖိနပ်တွေ လျှောက်ကြည့်လိုက်ပါဦးမယ်''

မိန်းကလေးသည် အပြာ ရောင်ဖိနပ်လေးကို ကောင်တာတွင် ငွေရှင်း၍ ဝယ်ယူကာ စတိုးဆိုင်ထဲ မှ ထွက်သွားသည်။ ပုလဲနုတို့ လည်း နောက်ဆုံး အဖြူရောင် ဒေါက်ဖိနပ်လေးတစ်ရန်ကို ဝယ်ယူ ၍ ထွက်လာခဲ့ကြတော့သည်။

♛♛♛♛♛

ညတစ်ညက သောဇမ်မွှစွာ အိပ်မောကျလျက်ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုလဲနုသည်ပင်လျှင် အိပ်ပျော်လျက်ရှိ၏။ ထိုအခိုက် အိပ်မက်တစ်ခု မြင်မက်လေတော့၏။

တံခါးခေါက်သံကြောင့် ပုလဲနု ထ၍ကြည့်လိုက်သည်။ မိန်းကလေးတစ်ယောက်ဖြစ်၏။ တံခါးဖွင့်ပေးလိုက်တော့ ထိုမိန်းကလေးက ဝင်လာသည်။

"အစ်မ ညီမကို ခဏဝင်ခွင့်ပြုနော်"

"ဘာလဲ ဆေးခန်းပြမလို့လား"

"မဟုတ်ပါဘူးရှင်"

စကားဆုံးတော့ မိန်းကလေးက စက္ကူဘူးတစ်ခုကို ချလိုက်သည်။ ထို့နောက် စက္ကူဘူးထဲမှ ဖိနပ်လေးကိုထုတ်၍.....

"အစ်မကို ညီမ ဒီဖိနပ်လေး လာပေးတာပါ၊ မနေ့က စတိုးဆိုင်မှာ အစ်မနဲ့ညီမဆုံပြီး ဝယ်ဖို့လုပ်ခဲ့တဲ့ အပြာရောင်ဖိနပ်လေးလေ၊ အိမ်ရောက်တော့ ညီမစီးကြည့်တာ နည်းနည်းကြီးနေတယ်၊ ဒါကြောင့် ညီမ အစ်မကို လာပေးတာပါ"

"အို.....မဟုတ်တာကွယ်၊ အစ်မလည်း အဲဒီနေ့ကပဲ အပြာရောင်ဖိနပ်လေးတစ်ရန် ဝယ်လိုက်ပြီ၊ မယူတော့ပါဘူး၊ ညီမဖိနပ် ညီမသာ ပြန်ယူသွားပါ၊ ကျေးဇူးတင်ပါတယ်"

"အို.....မဟုတ်ပါဘူး၊ ညီမနဲ့မတော်လို့ ညီမအတွက် ပြန်ယူသွားလည်း အပိုပါပဲ၊ အစ်မ ယူထားလိုက်ပါ၊ နော်.....နော်"

စကားဆုံးတော့ အတင်းပေးလာနေသော အပြာရောင်ဖိနပ်လေးကို ပုလဲနု အားနာစွာဖြင့်လှမ်းယူခိုက်.....

"ဟင်.....ငါဘာတွေဖြစ်နေတာလဲ၊ အိပ်မက် မက်နေတာပါလား"

ထို့ကြောင့် အနားတွင် အိပ်ပျော်နေသော ဒေါက်တာ ထွန်းသော်တာအားနှိုး၍ ပြောပြလိုက်သည်။

"ထွန်း.....ထ....ထပါဦး"

"ပုလဲ.....ပုလဲ ဘာဖြစ်လို့လဲဟင်၊ အိပ်မက်ဆိုးတွေ မက်လို့လား"

"အင်း...အိပ်မက်တော့ဟုတ်ပါတယ်၊ အိပ်မက်ဆိုးတော့မဟုတ်ဘူး၊ အိပ်မက်ထဲမှာလေ ပုလဲကို ဟိုတစ်နေ့က ဖိနပ်ဆိုင်မှာဆုံခဲ့တဲ့ ကောင်မလေးက သူဝယ်ထားတဲ့ အပြာရောင်ဖိနပ်လေးက အိမ်ကျ စီးကြည့်တော့မှ မတော်လို့ဆိုပြီး လာပေးတယ်လို့ အိပ်မက်မက်တယ်"

"ဩော်.....ပုလဲရယ် ဒါများကွာ မင်းမနေ့က လိုချင်ပြီး မရလိုက်တဲ့ အပြာရောင်ဖိနပ်လေးကို စိတ်စွဲပြီးမက်တာပေါ့၊ မဟုတ်ဘူးလား"



"အင်း.....ဟုတ်တယ်နော်၊ အိပ်မက်ဆိုတာ စိတ်စွဲလမ်းမှုတွေကို မက်တာလို့ ကြားဘူးတယ်"

"ကဲ...ကဲ ရော့၊ ဒီအိပ်ဆေးလေး တစ်လုံးလောက်သောက်ပြီး အိပ်လိုက်၊ အိပ်မက် မက်တယ်ဆိုတာ အိပ်မပျော်လို့မက်တာ၊ အိပ်ပျော်ရင် အိပ်မက်ဆိုတာ မမက်ဘူး"

စကားဆုံးတော့ ပုလဲနု ထွန်းသော်တာပေးလာသော ဆေးလေးတစ်လုံးကိုသောက်လိုက်ရင်း အိပ်ရာပြန်ဝင်လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com





ယနေ့သည် ပုလဲနု၏ သူငယ်ချင်းမတစ်ဦးဖြစ်သူ ချစ်ခွန်းခြွေတို့အိမ်တွင် ဆွမ်းကျွေးအလှူပွဲတစ်ခုရှိ၏။ ထို့ကြောင့် ပုလဲနုတို့ဇနီးမောင်နှံကို ဖိတ်ကြားထား၏။ နံနက် ဆေးခန်းပိတ်ချိန်တွင် ဒေါက်တာထွန်းသော်တာတို့ ဇနီးမောင်နှံထွက်လာခဲ့သည်။ ထွန်းသော်တာတို့ရောက်တော့ ဧည့်သည်အချို့ပင်ပြန်လာကြသည်ကို တွေ့ရ၏။

ထွန်းသော်တာနှင့် ပုလဲနုတို့ ချစ်ခွန်းခြွေတို့အိမ်ဆီသို့ ဝင်လိုက်သည်။ ထိုအချိန်တွင် ချစ်ခွန်းခြွေတို့အိမ်ပေါ်မှ ဧည့်သည်အချို့ဆင်းလာသည်ကို တွေ့ရ၏။

အိမ်၏အတက်အဆင်းတွင် ဆုံကြသည်။ ထိုဆင်းလာသောလူများကို ကြည့်လိုက်၏။

"ဟင်....."

ထွန်းသော်တာ အံ့ဩသွားသည်။ အကြောင်းမှာ အခြားတော့မဟုတ်။ ထိုဆင်းလာသောသူများထဲတွင် အပြာရောင်ဖိနပ်လေးဝယ်သွားခဲ့သော မိန်းကလေးကိုတွေ့လိုက်သောကြောင့်ဖြစ်၏။ ထွန်းသော်တာက မိန်းကလေးကိုကြည့်လိုက်သည်။ မိန်းကလေးကလည်း ထွန်းသော်တာတို့ဇနီးမောင်နှံကို ပြန်ကြည့်၏။ ထိုအခိုက်.....

"ဩော်.....ပုလဲနုတို့လာတယ်၊ လာ.....လာ သူငယ်ချင်းလာ"

ချစ်ခွန်းခြွေ မြင်၍သွားသည်။ ထို့ကြောင့် လှမ်းခေါ်လိုက်၏။ ထိုအခိုက် ထွန်းသော်တာမှာ အပြာရောင်ဖိနပ်ပိုင်ရှင်မလေးကို ငေးနေ၍.....

"ကိုထွန်း.....ရှင် ဘာတွေကြည့်နေတာလဲ၊ ရှင်နော်.....ဟင်း.....မပြောလိုက်ချင်ဘူး"

ပုလဲနု အငေါ်တူးလိုက်မှ ထွန်းသော်တာ အကြည့်ငေးသည့်မျက်ဝန်းတစ်စုံကို ရုပ်လိုက်ရင်း အိမ်ပေါ်သို့ လှမ်းတက်ခဲ့သည်။

♛♛♛♛♛

ဒေါက်တာထွန်းသော်တာ၏ ဆေးခန်းလေးသည် အခြားနေ့များနှင့်မတူ။ ယနေ့တွင် လူနာများနှင့် ပြည့်နှက်နေလေသည်။ ဆေးခန်းဖွင့်သည်မှ တစ်ခါမှမနားရသေး။ ဆေးခန်းဆိုသည်က ခက်တော့လည်းအခက်သား။ တစ်ခါတစ်ရံတွင် လူနာများက မမျှော်လင့်ဘဲ ကျတတ်၏။

ဤရာသီသည် ရာသီအကူးအပြောင်းကာလတစ်ခုမို့ ရာသီအဖျားဝေဒနာများက ဖြစ်ပွားတတ်လေသည်။ လူနာတစ်ယောက်ကို ကြည့်၍အပြီး ဒေါက်တာထွန်းသော်တာ နဖူးမှချွေးများကို တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



သုတ်လိုက်ရင်း.....

"ဟူး.....၉ နာရီတောင်ထိုးတော့မှာပါလား"

ထို့ကြောင့် ဆေးခန်းသိမ်းရန် အပြင်ဘက်တွင် လူနာမည်မျှရှိသေးသည်ကို သိလို၍ မေးလိုက်သည်။

"ဖိုးတာရေ ဘယ်နှယောက် ကျန်သေးလဲကွ"

"တစ်ယောက်ပဲရှိတော့တယ် ဆရာ"

"ဒါဆို ဝင်ခိုင်းလိုက်တော့ကွာ"

"ဟုတ်ကဲ့"

စကားဆုံးတော့ မိန်းကလေးတစ်ဦး ဒေါက်တာထွန်းသော်တာရှိနေသောအခန်းထဲသို့ ဝင်လာသည်။ ထို့နောက် ဒေါက်တာထွန်းသော်တာရှေ့တွင်ထိုင်လိုက်သည်။

ထွန်းသော်တာ သူ့ရှေ့ရှိ လူနာမှတ်တမ်းစာအုပ်လေးကိုကောက်ယူ၍ကြည့်လိုက်သည်။

"နာမည်က စုလျားတဲ့လား"

"ဟုတ်ပါတယ် ဆရာ"

"ဘာဖြစ်တာလဲ၊ ပြောပါဦးဗျ"

"ညည အိပ်မပျော်ဘူး ဆရာ၊ ပြီးတော့ တစ်ခါတစ်ခါ ဘယ်ဘက်ရင်အုံက စူးခနဲ စူးခနဲ အောင့်ပါတယ် ဆရာ"

"ဒါနဲ့ ဘာအလုပ်လုပ်ပါသလဲ ခင်ဗျာ"

"အလုပ်ကတော့ KTV တစ်ခုမှာ သီချင်းဆိုပါတယ်ဆရာ"

"အင်း...ခင်ဗျားရဲ့လက္ခဏာက နှလုံးသွေးကြောကျဉ်းတဲ့ လက္ခဏာပဲ၊ တတ်နိုင်ရင် စိတ်ဖိစီးမှုများတဲ့ အလုပ်တွေ သိပ်မလုပ်ပါနဲ့၊ ဖြစ်နိုင်ရင် အနားယူဖို့ အကြံပေးချင်ပါတယ်"

"ဟုတ်ကဲ့ ကောင်းပါပြီ ဆရာ"

ကောင်မလေး မော့ကြည့်တော့ တစ်နေ့က ဖိနပ်ဆိုင်မှာ ဆုံခဲ့သည့် ကောင်မလေးဖြစ်ကြောင်း ဒေါက်တာထွန်းသော်တာ မှတ်မိသွားတော့သည်။

♛♛♛♛♛

ဒေါက်တာထွန်းသော်တာဒီနေ့ ဆေးခန်းပိတ်ချိန် နောက်ကျလေသည်။ လူနာများကျနေ၍ဖြစ်၏။ အရင်နေ့များကဆိုလျှင် ည ၉ နာရီတွင် ပိတ်သော်လည်း ဒီနေ့ ဆေးခန်းပိတ်တော့ ထွန်းသော်တာ နာရီကြည့်လိုက်သည်။ ည ၁၀ နာရီရှိပြီဖြစ်၏။

ထမင်းစားသောက်ပြီးတော့ အိပ်ရာပေါ်တွင် အကြောဖြေရင်း မျက်လုံးအစုံက သူ့အလိုလို ပိတ်၍သွားသည်။ ထို့ကြောင့် အခန်းမီးများအားလုံးမှိတ်၍ အိပ်ရာဝင်ခဲ့သည်။ အိပ်ပျော်သွား၏။ ထိုအခိုက် ဆေးခန်းရှေ့မှ မိန်းကလေးတစ်ယောက်၏ ညည်းသံသဲ့သဲ့နှင့်အတူ နိုးလာသည့်အသံကို ကြားလိုက်ရတော့သည်။

"ဆရာ....ဆရာ.....ဆရာဦးထွန်းသော်တာ၊ ဆရာ....."

နှစ်ခြိုက်စွာ အိပ်ပျော်နေသော [illegible] နိုးလာသောအသံကြောင့် [illegible] သည်။ ထွန်းသော်တာ [illegible]

ထမင်းစားသောက်ပြီးတော့ အိပ်ရာပေါ်တွင် အကြောဖြေရင်း မျက်လုံးအစုံက သူ့အလိုလို ပိတ် ၍ သွားသည်။ ထို့ကြောင့် အခန်းမီးများအားလုံး မှိတ်၍အိပ်ရာဝင်ခဲ့သည်။ အိပ်ပျော်သွား၏။ ထိုအခိုက် ဆေးခန်းရှေ့မှ ....

www.burmeseclassic.com

[illegible]

“ချောက်...”

မီးများ ထိန်လင်း၍သွား၏။ ဆေးခန်းလေးထဲသို့ ဆင်းလာ၏။ ထို့နောက် တံခါးကိုဖွင့်၍ကြည့်၏။ နှိုးလာသောအသံမှာ ပျောက်၍သွားသည်။

“အလို.....ဘယ်သူမှမရှိပါလား၊ ငါများ ဇဝေဇဝါနဲ့ မှားနေတာလား၊ အို...မဟုတ်ပါဘူးလေ၊ မိန်းကလေးတစ်ယောက်ရဲ့အသံ ငါ ပီပီသသ ကြားလိုက်ရတာ အမှန်ပဲ”

ဆေးခန်းရှေ့ရှိတံခါးကို ဖွင့်၍ ကြည့်လိုက်သည်။ အမည်းရောင် ညတစ်ခုထဲတွင် မာကျူရီ နီယွန်မီးတိုင်ဖွေးဖွေးကြီးများက မြေတွင် စိုက်ထားသော တုတ်ချောင်းကြီးများသဖွယ် ထီးထီးရှိနေကြတော့၏။

ထိုအခိုက် အောက်သို့ငုံ၍ အမှတ်မထင်ကြည့်လိုက်၏။

“ဟင်...ဖိနပ်တစ်ဖက်ပါလား၊ ဒါ.....ဒါ ဟိုတလောက ငါတို့နဲ့ စတိုးဆိုင်မှာဆုံရင်း ဟိုမိန်းကလေး ဝယ်သွားတဲ့ အပြာရောင်ဖိနပ်လေးတစ်ဖက်ပဲ၊ ဘာကြောင့်များ ငါ့ဆေးခန်းရှေ့ကို ရောက်နေရတာလဲ မသိဘူး”

ထိုအခိုက် လေအေးတစ်ချက် ဝှေ့တိုက်လိုက်၏။ ရင်ထဲတွင် အေး၍သွား၏။ လမ်းမကြီးသည် လူသွားလူလာ တိတ်ဆိတ်လျက်ရှိနေပြီး သူတော်စင်တစ်ဦးပမာ ဣန္ဒြေအပြည့်ဖြင့် ငြိမ်သက်တိတ်ဆိတ်လျက်ရှိတော့၏။ ဆေးခန်းတံခါးကို ပြန်ပိတ်လိုက်သည်။ အိပ်ရာပေါ်သို့ ကျောချလိုက်သည့် တစ်ခဏအတွင်းမှာပင် မိန်းကလေးတစ်ယောက်၏ ခေါ်သံတစ်ခုက ဆက်တိုက်ထွက်ပေါ်လာသည်။

“ဆရာ...ဆရာ.....ဆရာဦးထွန်းသော်တာ၊ထပါဦးရှင်၊ ဆရာ”

ထွန်းသော်တာ ဆေးခန်းမီးများကို အမြန်ဆုံးဖွင့်လိုက်ပြီး ထလာသည်။ တံခါးဖွင့်လိုက်တော့ မိန်းကလေးတစ်ယောက် တွေ့ရ၏။ ထိုမိန်းကလေးမှာ အခြားသူတော့ မဟုတ်။ အပြာရောင်ဖိနပ်ပိုင်ရှင် စုလျားဆိုသော မိန်းကလေး ဖြစ်နေ၏။ လက်ထဲတွင်လည်း ဖိနပ်လေး တစ်ဖက်ကို ကိုင်ထား၏။

“မင်း.....မင်း ဘာကိစ္စရှိလို့လဲ၊ ညကြီးမင်းကြီး အချိန်မတော်ကြီးကျမှ၊ ဆေးခန်းက ပိတ်သွားပြီကွ”

“ကျွန်...ကျွန်မ KTV ကနေ သီချင်းဆိုပြီးပြန်လာတုန်း နောက်က ယောကျ်ားသုံးယောက်ကလိုက်လာလို့ အတင်းပြေးလာရင်း ဒီနားမှာ ဖိနပ်တစ်ဖက် ပြုတ်သွားတယ်လေ၊ ပြီးတော့ ရင်ဘတ်ထဲက လည်း မခံမရပ်နိုင်အောင် ထိုးပြီး အောင့်လာလို့ ဆရာ့ဆေးခန်းကို ဝင်ပြီး အကူအညီတောင်းရတာပါ၊ ကျွန်မကို ကူညီပါ ဆရာရယ်၊





www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဘယ်ဘက်ရင်အုံဘက်က အရမ်းအောင့်နေပါတယ်''

''ခက်တာပဲကွာ၊ မင်းတို့မိန်းကလေးတွေကလည်း သွားကြလာကြတာတွေ ဘာတစ်ခုမှ ဆင်ခြင်မှုမရှိဘူး၊ ဒုက္ခရောက်လာမှ ကယ်ပါ ယူပါနဲ့''

''ကျေးဇူးတင်ပါတယ် ဆရာ၊ ကျွန်မကို ကူညီပါ''

''ကဲ...ကဲ ဝင်...ဝင်၊ ခုတင်ပေါ်တက်လိုက်''

ရင်ဘတ်ကိုဖိ၍ ဝင်လာသော လျားဟူသောမိန်းကလေးကို တွဲ၍ထိန်းကာ ခုတင်ပေါ်သို့ တင်ပေးလိုက်၏။ နူးညံ့အိညက်သော သားအရေ၊ မွှေးကြိုင်သော စ်ဖက်တာ ရေမွှေးနံ့သင်းသင်း ကြောင့် ထွန်းသော်တာရင်ထဲ ၌ ရှိန်းမြမှု ရင်ခုန်ခြင်းတစ်ချက် ဒိန်းခနဲ လှုပ်ရှားသွားသည်။

ခုတင်ပေါ်ရောက်သွားသည့် းကလေးလက်ထဲတွင်လည်း ပြာရောင်ဖိနပ်လေးတစ်ဖက်က သျှက်သားရှိနေလေ၏။

''ခင်ဗျားဖိနပ်ကြီးကလည်း ချွတ်လိုက်စမ်းပါ''

ုလျား လက်ထဲတွင်ကိုင်သော ဖိနပ်တစ်ဖက်ကို ချလိုက်သည်။ ဖိနပ်တစ်ဖက် ပြုတ်ကျသွား၏။ ဒေါက်တာ




ထွန်းသော်တာက သွေးခုန်နှုန်းများ စမ်းသည်။

''တအားအောင့်နေသလား''

''အောင့်နေတယ် ဆရာ''

''ဒါဆို ငြိမ်ငြိမ်နေ၊ ကျုပ် ဆေးတစ်လုံးထိုးပေးလိုက်မယ်''

စကားဆုံးတော့ ဒေါက်တာ ထွန်းသော်တာက ဆေးတစ်လုံးထိုးပေးလိုက်သည်။ မိန်းကလေးက ခုတင်ပေါ်မှ ထ၍ထိုင်၏။ သောက်ဆေးများပေး၏။

''ရော့.....ဒီဆေးပြားလေးကို ငုံထားလိုက်''

တစ်ခဏမျှကြာတော့.....

''ဘယ့်နှယ်လဲ၊ ခင်ဗျား နေကောင်းရဲ့လား၊ နေသာထိုင်သာကော ရှိရဲ့လား''

''ဟုတ်ကဲ့၊ ရင်ခုန်တာတော့ နည်းနည်းကောင်းသွားပါပြီ၊ အမောလည်း နည်းနည်းပြေသွားပါပြီ ဆရာ၊ ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ ဪ.... ဒါနဲ့ တစ်မျိုးတော့ မထင်လိုက်ပါနဲ့၊ ကျွန်မ ရဲ့ပြုတ်သွားတဲ့ ဒီဖိနပ်လေးကို လောလောဆယ် စီးလို့ရအောင် လုပ်ပေးပါလား၊ အကူအညီတောင်း တာပါ ဆရာ''

''အိုဗျာ.....ခင်ဗျားကလည်း ကျုပ်က ဆရာဝန်ဗျ၊ ဖိနပ်ချုပ်တဲ့ သူမဟုတ်ဘူး၊ ရော့.....ဒါဆို ခင်ဗျား လောလောဆယ် စီးသွားလို့ရအောင် ကျုပ် ဆေးခန်းထဲမှာ အကြမ်းစီးတဲ့ ဒီဖိနပ်ကိုစီးသွား၊ ပြန်လည်းမပေးနဲ့၊ ကြားလား''

''ဟုတ်ကဲ့ ကောင်းပါပြီ ဒါဆို ကျွန်မကို သွားခွင့်ပြုပါဦးနော်

www.burmeseclassic.com



"ကောင်းပြီ"

နှုတ်ဆက်ရင်းထွက်ခွာသွားသည့် စုလျားဆိုသော အပြာရောင်ဖိနပ်ပိုင်ရှင် မိန်းကလေးကို ကြည့်နေခဲ့သည်။ မိန်းကလေးမှာ မှောင်မည်းသော ညအမှောင်ထုထဲသို့ တရွေ့ရွေ့ တိုးဝင်ပျောက်ကွယ်သွားတော့သည်။



***

ညက အိပ်ရေးပျက်သွားသည့် မို့ ဒေါက်တာထွန်းသော်တာ ဒီနေ့ အိပ်ရာထနောက်ကျခဲ့သည်။

> ဆူဆူညံညံအသံများကြောင့် ထွန်းသော်တာနှင့် ဇနီးသည်ပုလဲနုတို့ ဆေးခန်းရှေ့လမ်းမဘက်သို့ လှမ်းကြည့်လိုက်၏။ လူများဝိုင်းအုံ နေကြသည်ကို.....

သူနိုး တော့ ဇနီးသည် ပုလဲနုပင် မီးဖိုထဲ၌ ချက်ပြုတ်ကြော်လှော်နေပြီဖြစ်သည်။

"ထွန်း နိုးပြီလား၊ နိုးရင် မျက်နှာသစ်တော့၊ ဒီမှာ ပုလဲ ထမင်းကြော်နဲ့ ကော်ဖီ ဖျော်ထားပြီးပြီ"

မျက်နှာသစ်လိုက်သည်။ ထို့နောက် မျက်နှာသုတ်ပဝါကိုယူ၍ သုတ်လိုက်ရင်းမှ နောက်ဖေးမီးဖိုချောင်လေးထဲသို့ ဆင်းလာသည်။

ဇနီးသည်နှင့်အတူ ထမင်းကြော်စားရင်း ကော်ဖီသောက်နေခိုက် အိမ်ရှေ့လမ်းမဘက်မှ ဆူဆူညံညံအသံများ ကြားရတော့၏။

"ဟာ.....သနားပါတယ်ကွာ"

"ချောချောလေးကွ၊ ဒါ ညက ဖြစ်တာဖြစ်မယ်"

"ငါ ဒီမိန်းကလေးကို တွေ့ ဘူးသလိုပဲကွ"

"ဟင်.....လက်ထဲမှာလည်း အပြာရောင်ဖိနပ်လေးတစ်ဖက်ကို ကိုင်ထားပါလား"

ဆူဆူညံညံအသံများကြောင့် ထွန်းသော်တာနှင့် ဇနီးသည် ပုလဲ နုတို့ ဆေးခန်းရှေ့ လမ်းမဘက်သို့ လှမ်းကြည့်လိုက်၏။ လူများဝိုင်းအုံ နေကြသည်ကို တွေ့ရလေသည်။ ထို့ကြောင့် ဇနီးသည်ကို ပြောလိုက်သည်။

"ပုလဲရေ တို့အိမ်ရှေ့လမ်း မှာ ကားတိုက်သွားပြန်ပြီထင်တယ် လူတွေဝိုင်းကြည့်နေကြတယ်ကွ ကားတွေကလည်းကွာ စည်းကမ်း ကို လုံးဝမရှိကြတော့ဘူး၊ လူ တွေ စည်းကမ်းမဲ့ကြလို့ အပြ



www.burmeseclassic.com

www.burmeseclassic.com



တဲ့လူတွေ မသေသင့်ဘဲ သေနေကြရတယ်''

စကားဆုံးတော့ လူများဝိုင်းအုံနေသောနေရာသို့ ဒေါက်တာထွန်းသော်တာနှင့် ဇနီးသည် ပုလဲနုတို့ ထွက်လာ၏။

''လာ...သွားကြည့်ရအောင်''

ဝိုင်းအုံနေသော လူများကြားသို့ တိုးဝင်၍ကြည့်လိုက်သည်။

''ဟင်.....''

လဲနေလေသူမှာ မိန်းကလေးတစ်ယောက်ဖြစ်၏။ ထိုမိန်းကလေးမှာ ဒေါက်တာထွန်းသော်တာထံ ညက ရင်ဘတ်အောင့်၍ လာရောက် အကူအညီတောင်းသဖြင့် ဆေးတစ်လုံးထိုးပေး လိုက်ရသော စုလျားဆိုသော မိန်းကလေးဖြစ်လေသည်။ လူအုပ်ကြားမှ လူတစ်ယောက်က သူ့အထင်ကို ပြောသည်။

နှုတ်ဆက်ရင်း
ထွက်ခွာသွားသည့်
စုလျားဆိုသော
အပြာရောင်ဖိနပ်ပိုင်ရှင်
မိန်းကလေးကို
ကြည့်နေခဲ့သည်။
မိန်းကလေးမှာ
မှောင်မည်းသော
ညအမှောင်ထုထဲသို့
တရွေ့ရွေ့.....



''သနားပါတယ်ဗျာ၊ ကားတိုက်ခံရတာတော့ မဟုတ်ဘူးဗျ၊ ဘယ်ဘက်ရင်အုံကို တစ်ခုခုနဲ့ အထိုးခံရတာဖြစ်မှာ၊ ဟိုမှာ သွေးတွေထွက်နေတယ်၊ ဟင်.....လက်ထဲမှာလည်း ဖိနပ်လေးတစ်ဖက်ကို ကိုင်ထားပါလား''

ပုလဲနု ကြည့်နေရင်းက.....

''ထွန်း ဒီ...ဒီမိန်းကလေးက ပုလဲတို့နဲ့ ဖိနပ်ဆိုင်မှာဆုံခဲ့တဲ့ မိန်းကလေးမဟုတ်လား''

''ဟုတ်တယ် ပုလဲ၊ သူ့လက်ထဲမှာ ကိုင်ထားတဲ့ ဖိနပ်တစ်ဖက်က ကိုယ်တို့နဲ့အတူဝယ်သွားတဲ့ အပြာရောင်ဖိနပ်လေးလေ''

''ဟုတ်ပါရဲ့နော်၊ ဘာကြောင့်များ ရက်ရက်စက်စက် သတ်သွားတာလဲမသိဘူးနော်၊ သနားပါတယ်''

''ဟုတ်တယ် ပုလဲရယ်၊ အဲဒီမိန်းကလေး ညက အချိန်မတော်ကြီး ကိုယ့်ကိုလာနှိုးပြီး ရင်ဘတ်တွေအောင့်တယ်ဆိုလို့ ကိုယ်တောင် ဆေးတစ်လုံးထိုးပေးလိုက်ရသေးတယ်''

''ဟင်....ဟုတ်လား၊ ရှင်ဘာတွေ ပြောနေတာလဲရှင်''

''အေး.....ဝါလည်း



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကိစ္စ စဉ်းစားဖို့ခက်နေတယ်ကွ၊ ငါ့ဆီလာတုန်းက သူ့နောက်ကို လူသုံးယောက်လိုက်လို့ ပြေးလာရင်း ရင်ဘတ်က အောင့်လာလို့၊ ပြီးတော့ ဖိနပ်တစ်ဖက်ကလည်း ပြုတ်သွားသတဲ့၊ ဒါကြောင့် ငါတောင်ဆေးခန်းထဲမှာ စီးတဲ့ ငါ့ဖိနပ်ကြမ်းလေးကို စီးသွားခိုင်းလိုက်သေးတယ်''

''ဟင်.....ဟို.....ဟိုမှာ အဲဒီ မိန်းကလေး စီးထားတာက ထွန်းရဲ့ဖိနပ်လေးမဟုတ်လား''

''ဟာ.....ဟုတ်တယ်ကွာ''

ထိုအခိုက် ရဲကား တစ်စီး ရောက်လာသည်။

''ဘေးဖယ်ကြပါ၊ ဒါ ရာဇဝတ်မှုတစ်ခုဗျ၊ လူသတ်မှုဖြစ် သွားတာပဲ၊ အရေးကြီးတဲ့ သဲလွန်စတွေရှာနိုင်ဖို့ လူတွေ နောက်ကို လွတ်လွတ်ဆုတ်ပေး ကြပါဗျာ''

ရဲတပ်ဖွဲ့ဝင်များက အရေးကြီးသော သဲလွန်စများ ရှာဖွေကြ၏။ ဓာတ်ပုံများလည်း ရိုက်ကြ၏။ ခဏ ကြာတော့ စုလျားဟူသော အသတ်ခံရ၍ သေသွားသော မိန်းကလေး အလောင်းကို သယ်ဆောင်ယူငင် သွားကြတော့သည်။

♛♛♛♛♛

ဒေါက်တာထွန်းသော်တာ ဆေးခန်းလေးတွင် လူနာများဖြင့် စည်ကား၍နေလေသည်။ တစ်ယောက်ပြီးတစ်ယောက် အလှည့်ကျဝင်ရင်း ပြသလျက်ရှိကြ၏။



ဆေးခန်းရှေ့ရှိ တုံကင်ကိုင်သူမှ အလှည့်ကျခေါ်၏။

''နောက်တစ်ယောက်ဝင်ပါ''

ဒေါက်တာထွန်းသော်တာရှိနေသော ဆေးခန်းအတွင်း လူနာကြည့်ခုတင်လေးရှိရာ အခန်းထဲသို့ ဝင်လိုက်သည်။ လူနာမှတ်ပုံတင်စာအုပ်လေးကိုယူ၍ နာမည်ကိုရေရွတ်လိုက်သည်။

''နာမည်က စုလျားနော်''

''ဟုတ်ပါတယ် ဆရာ၊ စုလျားပါ''

စုလျားဆိုသော စကားလေးကြောင့် ထွန်းသော်တာ အံ့ဩသွားသည်။ မျက်နှာကို ငုံ့ထားသည်မှလည်း မော့ကြည့်လိုက်သည်။ ထိုနာမည်သည် နံနက်က ဓားထိုးခံရ၍ သေဆုံးသွားသော အပြာရောင်ဖိနပ်ပိုင်ရှင်မိန်း ကလေး၏ နာမည်ဖြစ်လေသည်။ မိန်းကလေးမှာ ဒေါက်တာထွန်းသော်တာကို ကြည့်၍နေ၏။ မိန်းကလေး ကိုကြည့်ရင်း ဒေါက်တာ ထွန်းသော်တာ ကြက် သေ သေနေမိသည်။ လက်ထဲမှ ကိုင်ထားသော ဆေးပုလင်းလေး တစ်လုံးမှာ လွတ်ကျသွားသည်။

ထိုဆေးပုလင်းလေးကိုင်၍ အကောက် မိန်းကလေး၏ခြေထောက်တွင် စီးထားသော ဖိနပ်လေးကို ကြည့်လိုက်၏။

ဖိနပ်မှာ အပြာရောင်လေးဖြစ် နေတော့သည်။

ဆုမွန်ဦး (ဟသ်ာတ)



www.burmeseclassic.com

www.burmeseclassic.com



# ထမင်းကျွေးတဲ့လက်ကို ကိုက်ပြီး ငိုနေလို့ ဘီလူးစီးတယ်ထင်ပြီး

# အဘိုးက မြေးမလေးကို ရေနစ်သတ်ခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်တွင် ခရီးထွက်ခွာသွားကြသည့် မိဘနှစ်ပါးက အသက်(၂)နှစ် အရွယ်ရှိ သမီးငယ်ကို အဘိုးဖြစ်သူထံ အပ်နှံထားခဲ့ရာ ထမင်းခွံ့ကျွေးသည့် အဘိုးဖြစ်သူ၏လက်ကို ကိုက်ပြီး ငိုနေသောမြေးဖြစ်သူကို အဘိုးဖြစ်သူက ဘီလူးဝင်စီးသည်ဟု အယူသည်းမှုဖြင့် ရေနစ်သတ်ခဲ့မှုကို သေမှုသေခင်း စစ်ဆေးနေသည့် စခန်းမှူးက စစ်ဆေး ဖော်ထုတ်လိုက်နိုင်ကြောင်း သိရသည်။

စုံစမ်းသိရှိရသည်မှာ ၂၅-၉-၂၀၁၄ရက်နေ့ နံနက်(၅) နာရီအချိန်ခန့်က ဒဂုံ(ဆိပ်ကမ်း)မြို့မ ရဲစခန်းမှူး ရဲအုပ် သက်နိုင်ထံသို့ ပြည်သူတစ်ဦးက ဖုန်းဖြင့် ဆက်သွယ်ပြီး ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ (၆၈)ရပ်ကွက်၊ ရဲကျော်သူရလမ်းဘေးရှိ မြောင်း တစ်ခုတွင် စွန့်ပစ်ထားသည့်ကလေးအလောင်းတွေ့ရှိကြောင်း သတင်းပေးပို့ခဲ့သည် ဆို၏။

ရဲအုပ်သက်နိုင်နှင့် နယ်ထိန်းအဖွဲ့က စုံစမ်းရာ သေဆုံးသူ ကလေးငယ်မှာ မခိုင်ချိုဝင်း(၂နှစ်)ဖြစ်၍ လွန်ခဲ့သည့် ရက်သတ္တတစ်ပတ်ခန့်က မိဘနှစ်ပါး ခရီးထွက်ခွာစဉ် အဘိုးဖြစ်သူ ဦးမောင်ညွန့်(၅၂နှစ်)ထံ စောင့်ရှောက်ပေးရန် အပ်နှံထားခဲ့ကြောင်း သိရသည်။ အလောင်းအား ရဲဆေးစာဖြင့် မြောက်ဥက္ကလာပ ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ ပီအာရ် ၂၀/၂၀၁၄ဖြင့် လက်ခံခဲ့သည်။

အမှုမှန်ပေါ်ပေါက်ရေး အတွက် ရဲအုပ်သက်နိုင်က စုံစမ်းစစ်ဆေးစဉ် အိမ်နီးချင်း သက်သေများ၏ ပြောပြချက်အရ ၂၅-၉-၂၀၁၄ရက်နေ့ သန်းခေါင်ကျော် နံနက်(၁)နာရီ ခန့်၌ ကလေးငယ်၏အော်ဟစ် ငိုယိုနေသံကြားရပြီး အသံတိတ်သွား၍ သွားရောက်မေးခဲ့ကြသည်ဆို၏။

မေးမြန်းချက်အရ အဘိုး ဖြစ်သူ ဦးမောင်ညွန့်က သေဆုံး သူကလေးငယ်အား ထမင်းခွံ့ကျွေးရာတွင် ၎င်း၏လက်အား ကိုက်ခဲ့သဖြင့် ဘီလူးဝင်စီးသည်ဟု ယူဆကာ နေအိမ်အောက်ရှိရေထဲ၌ ရေနစ်သတ်ခဲ့ကြောင်း ပြောပြခဲ့သည် ဆို၏။

၎င်းနောက် နေအိမ်အောက်ရှိ ရေအိုင်ထဲမှ ကလေးအလောင်းကို ဆယ်ယူပြသပြီး နောက် အလောင်းအား ရဲကျော်သူရလမ်းဘေးတွင် ပစ်ထားခဲ့ကြောင်း ပြောပြခဲ့ကြသည်။

ရဲအုပ်သက်နိုင်က ဆက်လက်စစ်ဆေးရာ ဦးမောင်ညွန့်က ဝန်ခံထွက်ဆိုခဲ့၍ တရားလိုပြုလုပ် တိုင်တန်းသဖြင့် ဒဂုံ(ဆိပ်ကမ်း) မြို့မရဲစခန်းက (ပ)၄၈၈/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၂ဖြင့် ၂၈-၉-၂၀၁၄ရက်နေ့တွင် အမှုဖွင့် လှစ်ဖမ်းဆီး အရေးယူထားကြောင်း သိရသည်။

ကျော်



www.burmeseclassic.com

www.burmeseclassic.com

# သားနဲ့ ချွေးမလောင်းရှိရာသို့ အရက်မူးနေတဲ့ ဖခင်ရောက်ရှိလာပြီး

## သားကို နှင်ထုတ်ကာ ချွေးမလောင်းကို နှစ်ကြိမ်တိုင် အဓမ္မပြုကျင့်ရန် ကြိုးစားခိုက် ရွာသားများက ဝိုင်းဖမ်းခဲ့ကြမှု

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ စပါကိုင်း ကျေးရွာအုပ်စုအတွင်းရှိ နေအိမ် တစ်အိမ်တွင် အမျိုးသမီးတစ်ဦး ၎င်း၏ချစ်သူ ရည်းစားဖြစ်သူနှင့် မင်္ဂလာဆောင်ရန် ကိစ္စပြောဆိုနေစဉ် ရည်းစား ဖြစ်သူ၏ဖခင်ဖြစ်သူမှာ အရက်မူးလျက်ရောက်ရှိလာကာ အဆိုပါအမျိုးသမီးအား အိမ်အပြင်ဘက်သို့အတင်း ဆွဲခေါ်သွားပြီး သားမယားအဖြစ် ပြုကျင့်ရန် အားထုတ်မှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

စုံစမ်းသိရှိရသည်မှာ ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၂၄ရက်နေ့ ည၁၁နာရီအချိန်က မ----(၂၇နှစ်)၊ ---ရွာ၊ စပါးကိုင်းကျေးရွာအုပ်စု၊ တိုက်ကြီးမြို့နယ်နေသူသည် လွန်ခဲ့သော သုံးလခန့်က ချစ်ကြိုက်ခဲ့သူ မောင်----၏ အဒေါ်တော်စပ်သူ နေထိုင်ရာ ---ရွာရှိ နေအိမ်သို့ ရောက်ရှိနေပြီး မောင်----နှင့်အတူ မင်္ဂလာဆောင်ရန်ကိစ္စ စကားပြောဆိုနေကြသည်ဆို၏။

ထိုသို့ ပြောဆိုနေစဉ် မောင်၏ဖခင်ဖြစ်သူ သန်းလွင် (ခ) ကုလား(၄၆နှစ်) (လက် သမား)၊ စပါးကိုင်းကျေးရွာအုပ်စုနေသူမှာ အရက်မူးလျက် ရောက်ရှိလာပြီး မောင်----အား ခြေထောက်နှင့်ကန်ခဲ့သည် ဆို၏။ ထို့နောက် မ----အား အိမ်အပြင်ဘက်သို့ အတင်းဆွဲခေါ်သွားကာ အိမ်ရှေ့လမ်းပေါ်အမှောင်ထဲ အရောက်တွင် "နင့်ကို ငါချစ်တယ်"ဟု ပြောဆိုပြီး သားမယားအဖြစ် ပြုကျင့်ရန်အားထုတ်သဖြင့် မ---က အတင်းရုန်းကန်၍ ထွက်ပြေးခဲ့သည်ဆို၏။

မ----က ထွက်ပြေးသော် လည်းနောက်မှ အပြေးလိုက် လာပြီး တံတားဘက်သို့ ထပ်မံ ဆွဲခေါ်၍ သားမယားအဖြစ် ပြုကျင့်ရန်အားထုတ်စဉ် ရွာသားများ ရောက်လာသဖြင့် သန်းလွင်(ခ)ကုလားမှာ ထွက်ပြေးသွားခဲ့သည်ဆို၏။

မ----က တရားလိုပြု လုပ်တိုင်တန်းသဖြင့် တိုက်ကြီး မြို့မရဲစခန်း(ပ) ၃၉၂/၂၀၁၄၊ ပြစ်မှုပုဒ်မ၃၇၆/၅၁၁ဖြင့် အမှု ဖွင့်ပြီး အမှုစစ် ဒုရဲအုပ်သန်းနိုင်စိုးက ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**လင်းဦး(လှည်းကူး)**

# ကွဲကွာနေတဲ့ ဇနီးနဲ့ ရန်ဖြစ်တဲ့ အသက် (၇၀)ခင်ပွန်းက ရဲတင်းနဲ့ ခုတ်မှု မြောက်ဥက္ကလာပမှာဖြစ်ပွား

၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၂၅ရက်နေ့ နံနက်၆နာရီ၅၀မိနစ်အချိန်က မြောက်ဥက္ကလာပ မြို့မရဲစခန်းမှ တာဝန်မှ ဒုရဲအုပ်လှမောင်ထံသို့ အမျိုးသမီးကြီးတစ်ဦး ရဲတင်းနှင့်အခုတ်ခံရ၍ ဆေးရုံသို့ရောက်ရှိနေကြောင်းမြောက်ဥက္ကလာပဆေးရုံကြီး မှုခင်းဆေးစာဌာနမှ သတင်းပို့ခဲ့သည်ဆို၏။

သတင်းပေးပို့ချက်အရ ဒုရဲအုပ်လှမောင်နှင့်အဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ဒဏ်ရာရရှိသူ ဒေါ်တင်တင်မူ(၆၂နှစ်)(အငြိမ်းစား စာရေးကြီး)၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေသူဖြစ်ကြောင်းသိရပြီး ၎င်းနှင့်ကွဲကွာ နေသော ခင်ပွန်းဖြစ်သူ ဦးတင်ရွှေ (၇၀နှစ်) (အငြိမ်းစားဝန်ထမ်း)၊ တစ်ရပ်ကွက်တည်းနေသူနှင့် စကားများခဲ့ကြ ဒေါ်တင်တင်မူအား ဦးတင်ရွှေက ရဲတင်းနှင့်ခုတ်၊ ရဲတင်းနှင့်ရိုက်သဖြင့် ခန္ဓာကိုယ်ဦးခေါင်းပိုင်းတွင် ပြတ်ရှဖူးရောင်၊ ပွန်းပဲ့ဒဏ် ရာများ ရရှိခဲ့သည် ဆို၏။

ဒုရဲအုပ်လှမောင်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် မြောက်ဥက္ကလာပမြို့မရဲစခန်း(ပ)၆၂၇/ ၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၂၆ဖြင့် အမှုဖွင့်ပြီး တရားလိုအမှုစစ်က ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**လင်းဦး(လှည်းကူး)**



www.burmeseclassic.com

www.burmeseclassic.com



# လမ်းလျှောက်လာသူ အမျိုးသမီး (၂)ဦးထံမှ ဆလင်းဘက်အိတ် လုယူခဲ့သည့်ဆိုင်ကယ်စီးသမား

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်အတွင်း သူငယ်ချင်းဖြစ်သူနှင့်အတူ လမ်းလျှောက်ပြန်လာခဲ့သူ အမျိုးသမီး(၂)ဦးထဲမှ လက်ကိုင်အိတ်တစ်လုံးအား ဆိုင် ကယ်စီးသူငယ်(၂)ဦးအနက် နောက်မှထိုင်၍ စီးနင်းလာသူ က လုယူခဲ့ရာ တန်ဖိုးငွေသိန်း ကျော်ဖိုးခန့်လုယက်ခံရကြောင်း သတင်းရရှိခဲ့သည်။

ဖြစ်စဉ်မှာ(၂-၁၀-၂၀၁၄)ရက်နေ့ ည(၇)နာရီ (၃၀)မိနစ်အချိန်၌ မသူဇာအား (၂၅နှစ်)၊ အနောက် ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်နေသူသည် သူငယ် ချင်းဖြစ်သူ မသင်းလဲ့ဖြိုးမောင်နှင့်အတူ ဇိနမာန်အောင် ဘုရားရှေ့ မုန့်တီဆိုင်တွင် မုန့်တီစားပြီး ပြန်လာခဲ့ကြသည် ဆို၏။

ထိုသို့ ပြန်လာစဉ် ထူပါရုံ (၄) လမ်းရှေ့အရောက် နောက်ဘက်မှ အမျိုးအစားမသိ၊ အမှတ်မသိ၊ ဆိုင်ကယ်စီးလာသူ နှစ်ဦးအနက် ဆိုင်ကယ်နောက်တွင် ထိုင်စီးလာသူမှ မသူဇာအေးလက်တွင် ကိုင်ဆောင်ထားသော စလင်းဘက်အိတ်အား ဆွဲယူပြီးမောင်းနှင် ထွက်ပြေးသွားခဲ့သည်ဆို၏။

စလင်းဘက်အိတ် အတွင်း၌ မြန်မာငွေစက္ကူ ၁၀၀၀၀ကျပ်တန် (၅၀)ရွက်၊ ဆင်းကတ်ပါ Huawei အမျိုးအစား ဖုန်းတစ်လုံး၊ မသူဇာအေး၏နိုင်ငံသား စိစစ်ရေးကတ်တစ်ခု၊ အလုပ်သမားလေဘာကတ်(၁)ခု၊ ပတ်စ်ပို့ ဓာတ်ပုံများ၊ သွေးစစ်ထားသော စာရွက်များပါရှိသွား၍ စုံစမ်းမှု ပြုခဲ့သော်လည်း စုံစမ်း၍ မရရှိခဲ့ပေ။

မသူဇာအေးမှ တရားလို ပြုလုပ်တိုင်တန်းမှုအား သာကေတမြို့မရဲစခန်း(ပ) ၄၆၈/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၇၉ ဖြင့်အမှုဖွင့်ပြီး အမှုစစ် ဒုရဲအုပ်သန်းထိုက်မှ ပြစ်မှုကျူးလွန် သူအား ဖမ်းဆီးရမိရေးဆောင် ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## အသက်(၁၄)နှစ်အရွယ်မိန်းကလေးအား သားမယားအဖြစ် ပြုကျင့်ရန် အားထုတ်ခဲ့တဲ့တစ်ရပ်ကွက်တည်းနေသူရဲ့လုပ်ရပ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ် ကွက်တွင် အသက်(၁၄)နှစ် အရွယ် ကျောင်းသူလေးတစ်ဦးအား အမျိုးသားတစ်ဦးမှ အသိအိမ်သို့ ခေါ်ဆောင်သွား ပြီး သားမယားအဖြစ် ပြုကျင့် ရန်ကြံစည်ခဲ့သဖြင့် မိန်းကလေး၏မိခင်က အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

စုံစမ်းသိရှိရသည်မှာ ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၅ရက်နေ့ ည၇နာရီအချိန်က မ----(၃၇နှစ်)၊(၁၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နေသူသည် နေအိမ်တွင်ရှိနေစဉ် သမီးဖြစ် သူ မ---(၁၄နှစ်) (ကျောင်း သူ)နှင့်သားဖြစ်သူ မောင်---(လိပ်စာတူ)တို့အား ညစာရင်း တိုင်ရန်အတွက် ရပ်ကွက်အုပ် ချုပ်ရေးမှူးရုံးသို့ စေလွှတ်လိုက် သည့်ဆို၏။

နာရီဝက်ခန့်အကြာတွင် မောင်----တစ်ဦးတည်း ပြန် ရောက်လာ၍ မေးမြန်းရာ မ-- အား မျိုးသန့်ဇင်(စုံစမ်းဆဲ)မှ ခေါ်ဆောင်သွားခဲ့သည်ဆို၏။ ထိုသို့သိရသဖြင့် လိုက်လံရှာ ဖွေရာ မ----အား ထိုနေ့ည ၈နာရီအချိန်တွင် ပြန်လည်တွေ့ရှိရ၍ မေးမြန်းရာ မျိုး သန့်ဇင်က လှိုင်သာယာမြို့ နယ်၊ (၁၉)ရပ်ကွက်ရှိ နေအိမ် တစ်အိမ်သို့ ခေါ်ဆောင်သွားပြီး သားမယားအဖြစ် ပြုကျင့်ရန် အားထုတ်စဉ် မ---ဆိုသူ ရောက်ရှိလာသဖြင့် ထွက်ပြေး ခဲ့ရကြောင်း ပြောပြသိရှိရသည် ဆို၏။

မ----က တရားလိုပြု လုပ်တိုင်တန်းသဖြင့် လှိုင်သာ ယာမြို့မရဲစခန်း(ပ)၁၄၃၇/ ၂၀၁၄၊ ပြစ်မှုပုဒ်မ၃၇၆/ ၅၁၁ဖြင့် အမှုဖွင့်ပြီး အမှုစစ် ဒုရဲအုပ်မြတ်စိုးက ဖမ်းဆီး စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

လင်းဦး(လှည်းတူး)



www.burmeseclassic.com






www.burmeseclassic.com




**သောကကမ္ဘာရဲ့ အေးမြရာ** **ရှင်လွန်းမယ်**

ကျွန်မဟာ စနေသမီးတစ်ယောက်တော့မဟုတ်ပါ။ ဒါပေမဲ့ အမေသည် ကျွန်မကို ဝမ်းထဲတွင် လွယ်ထားစဉ်က ကျွန်မအဖေသည် သစ်လုံးပိ၍ ပွဲချင်းပြီးဆုံးသောအခါ လူတွေက ကျွန်မကို ခိုက်တတ်သော ကလေးတစ်ယောက်အနေနဲ့ ပြစ်တင်ကြိမ်းမောင်းကြသည်။

ပတ်ဝန်းကျင်ရဲ့ ပြစ်တင်စကားကိုတော့ထားပါ။ ဒါပေမဲ့ အမေက သူ့ရဲ့ရင်သွေးဖြစ်တဲ့ ကျွန်မကို ဘာကြောင့် ဖျက်ချဖို့ ကြိုးစားခဲ့ရတာလဲ။ မွေးလာတော့ လည်း ဘာကြောင့်မချစ်ရတာလဲ။ ကိုးလလွယ်၊ ဆယ်လဖွားတဲ့သမီး ကို ဝမ်းထဲကကျွတ်တာနဲ့ မျက်နှာ တစ်ချက်မကြည့်၊ အဘိုးအဘွား လက်ထဲ ထိုးပေးပစ်ခဲ့တာတော့ ရက်စက်လွန်းရာ မကျဘူးလား အမေရယ်လို့ ကျွန်မ မေးပါရစေ။

ကျွန်မကို မွေးစားခဲ့တဲ့ အဘိုးနဲ့အဘွားက အမေဘက်က အဘိုး အဘွား။ အဖေဘက်က အမျိုးတွေကတော့ ကျွန်မကို မကောင်းဆိုးဝါးမရယ်လို့ အပုပ်ချတာခံခဲ့ရတဲ့ ကျွန်မဘဝလောက် ဆိုးခဲ့တဲ့ကံ ရှိပါ့ဦးမလား။

အဘွားနှင့်အဘိုးကတော့ သူတို့ကို အဖေ၊ အမေခေါ်စေပြီး ကျွန်မကို ၅၂၈ မေတ္တာအပြည့်အဝ ပေးခဲ့တာ။ ဘာလိုချင်ချင် နှစ်ခါမပူဆာရ။ မျက်နှာအညှိုးမခံဘဲ ချစ်တာတော့ ဝမ်းသာစရာပါ။ ဒါပေမဲ့ ကျွန်မ အမေ့ရဲ့မေတ္တာကိုလိုချင်တာ ကျွန်မအမှားလား။ သမီးတစ်ဦး အနေနဲ့ ကျွန်မ အမေ့မေတ္တာတွေကို တောင့်တခွင့်မရှိတော့ဘူးလား။

အခုတော့ အမေက အိမ်ထောင်သစ်ထူထောင်လို့ သားတစ်ယောက်၊ သမီးတစ်ယောက်ရနေပြီ။ ကျွန်မထက်တော့ အဲဒီကလေးတွေက ခုနစ်နှစ်ခန့်ငယ်ကြသည်။ အမေသည် သူ့အိမ်ထောင်ဦးစီး အတွက် အိမ်ရှင်မကောင်း၊ သူ့ကလေးတွေအတွက် မိခင်ကောင်း တစ်ယောက်၊ ကျွန်မအတွက်မူ...

အမေကတော့ သူ့ကလေးတွေနဲ့ ပျော်နေမှာ၊ ကျေစယ်နေမှာ လို့တွေးပြီး အခန်းထဲမှာ တစ်ယောက်တည်း ကျိတ်ငိုနေရတဲ့ Broken Family မိန်းကလေးတစ်ယောက်ရဲ့ ခံစားချက်၊ ဘယ်သူတွေ စာနာ နားလည်နိုင်မှာလဲ။ မိခင်အရင်းခေါက်ခေါက်ရှိနေပါလျက်နဲ့ အမေလို့ခေါ်ခွင့်မရတဲ့ ကျွန်မလောက် ကံဆိုးတဲ့ မိန်းကလေး ဒီကမ္ဘာပေါ်မှာ ရှိဦးမှာလား။

www.burmeseclassic.com

တစ်ခါတစ်ရံ အမေက အဘွားတို့အိမ် လာတတ်တဲ့အခါ ကျွန်မကိုမြင်ရင် မျက်နှာကိုတင်း၊ သမီးရယ်မခေါ်၊ အမေရယ်လို့ မပြော။

"ဟဲ့.....နင် ငါနဲ့ဝေးဝေးမှာ သွားနေစမ်း၊ နင့်ကိုမြင်ရ တွေ့ရတာ မျက်ခုံးခပ်လှုပ်လှုပ်၊ ဂြိုဟ်ကောင်မလေး၊ အန္တရာယ်များ လွန်းလို့"

အမေ့ပါးစပ်က ထွက်လာတဲ့ စကားလုံးတိုင်းက ကျွန်မအတွက် ကရုဏာသက်ဖွယ်မရှိ။ ပြောလိုက် ဆိုလိုက်သည့် စကားလုံးတိုင်းက သွေးသားတော်စပ်ပါတယ်ဟု ကျိန်ပြောလျှင် ယုံစရာမရှိ။ အဖေသေတာ ဘာကြောင့် ကျွန်မကိုအပြစ်တင်ရတာလဲ။ လောကကြီးက မတရားဘူး။ လူ့လောကထဲကို စတင်ဝင်ရောက်လာတဲ့ ကလေးတစ်ယောက်ကို ကြိုဆိုပုံက သင်းလှချည်လား။

အဘွားက ကျွန်မခေါင်းလေးကို သပ်သပ်ပြီး.....

"ငါ့သမီးလေး မေတ္တာငတ်ရှာတာ"လို့များပြောရင် ကျွန်မအတွက် ငိုချင်လျက် လက်တို့ပေါ့။

ကျွန်မက အိမ်ထဲမှာသာ မေတ္တာရေး ကံမကောင်းသူမဟုတ်။ အိမ်ပြင်ပ ပတ်ဝန်းကျင်နဲ့ ထိတွေ့တဲ့အခါမှာလည်း ကျွန်မဟာဂြိုဟ်ဆိုး။ ကျောင်းမှာ သူငယ်ချင်းရယ်လို့ လက်တစ်ဖက်ချိုးရေရင်တောင် အရေအတွက်မပြည့်။ လူတွေက ကျွန်မကို ကံဆိုးသူမ၊ မကောင်းဆိုး ဝါးမတစ်ယောက်အနေနဲ့ မပေါင်းချင်ကြ။ ရှိတဲ့သူငယ်ချင်းတွေကိုလည်း အစစအရာရာ ကျွန်မဘက်ကပဲ ချော့ပေါင်းခဲ့ရတဲ့အဖြစ်။



သူတို့က အနိုင်ကျင့်လို့လား မေးစရာ။ အဲဒီလိုတော့မဟုတ်။ ကျွန်မရဲ့အပြောအဆို၊ ကျွန်မရဲ့ အပြုအမူ တစ်ခုခုများ မှားယွင်းသွားရင် သူတို့က မခေါ်မပြောမှာကြောက်၍ ကျွန်မဘက်က အစစအရာရာ အလျှော့ပေးဆက်ဆံခဲ့ခြင်းဖြစ်သည်။

တစ်ခါတလေ သူငယ်ချင်းတွေက သူတို့ဘာသာ အတန်းလစ်ဖို့ တိုင်ပင်ကြသည်။

"ယဉ်နွယ် ငါတို့ ဒီနေ့ညနေ အတန်းလစ်ရအောင်၊ ဒီနေ့ အားရယ်၊ ဝေရယ် ဒသရယ်တဲ့၊ ဇာတ်ကားကောင်းတယ်၊ သွားကြည့်ရအောင်၊ ဒီနေ့ အတန်း(၂)ချိန်ပဲရှိတော့တာ".

ကျွန်မတို့ စတိတ်ကျောင်းမှာ သောကြာနေ့ညနေ PT ချိန်က (၂) ချိန်ဆက်နေသည်။ ညနေအတန်းချိန်က (၃)ချိန်။ သောကြာနေ့ တစ်ချိန်တိုးသည်။

အစွန်ဆုံးမှာထိုင်နေတဲ့ အေးအေးမူက အလယ်မှာထိုင်နေသည့် ယဉ်နွယ်အေးကို အဖော်စပ်သံကြားရသည်။

"မေဖွန်ခ လိုက်မလား"



www.burmeseclassic.com

www.burmeseclassic.com



အေးအေးမူက ကျွန်မကိုပါ လှမ်းမေးသည်။ အမှန်အတိုင်းပြောရလျှင်မူ ကျွန်မ မလိုက်ချင်ပါ။ အတန်းလည်းမဖျက်ချင်ပါ။ သူတို့ မျက်နှာတွေကို လှမ်းကြည့်ရင်း ကျွန်မ မလိုက်ရင် သူတို့စိတ်ဆိုးမလား တွေးမိသည်။ သူတို့စိတ်ဆိုးလျှင် ကျွန်မ မနေတတ်ပါ။ အဖော်မဲ့သည့်နေ့ရက်တွေကို ကျွန်မတစ်ယောက်တည်း မဖြတ်ကျော်ချင်။ ထို့ကြောင့် ညနေအတန်းဝင်မည့် ဆရာမ ဒေါ်မြင့်မြင့်ခင်၏အပေါက်ဆိုးမှုကို မျက်ကွယ်ပြုကာ.....

"နင်တို့အတန်းဖျက်ရင် ငါလည်းဖျက်မှာပေါ့"

အများအမြင်မှာတော့ ကျွန်မက ပျော့ညံ့သူတစ်ယောက်၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်နည်း၍ တွေဝေသူတစ်ယောက် ဖြစ်ကောင်းဖြစ်မည်။

ရုပ်ရှင်ရုံရောက်တော့ ကျွန်မစိတ်တွေ အဲဒီမှာရှိနေတယ်လို့ထင်သလား။ အတန်းလစ်တာ အဘွား သိရင်ဆိုတဲ့အသိနှင့် ရုပ်ရှင်ကားဘာတွေပြသွားမှန်းမသိ။

အသေချာဆုံးအရာတစ်ခုကတော့ နောက်နေ့ တန်းစီကွင်းမှာ နာမည်ခေါ်ထုတ်ပြီး အရိုက်ခံရ၏။ ကျောင်းသားအားလုံး၏အကြည့်တွေ၊ ဆရာ၊ ဆရာမတွေရဲ့ ပြစ်တင်မှုစကားလုံးတွေရဲ့ကြားမှာ အရှက်ရခဲ့ရသည်။ အဆိုးဆုံးကတော့ အမေ့ရဲ့ကလေးတွေကလည်း ကျွန်မတို့ကျောင်းမှာတက်လေတော့ သူတို့ဆီကတစ်ဆင့် အမေလည်း ကြားပုံရသည်။ ကျွန်မ ကျောင်းက ပြန်မရောက်သေးဘူးအထင်နဲ့.....

"အလကား ဘယ်သူ့ကိုမှ ကောင်းကျိုးမပေးတဲ့မိန်းကလေး၊ အမေလည်း သူ့ကို နေရာတကာ အလိုလိုက်စရာမလိုဘူး၊ လူဆိုတာ ကိုယ့်ဘဝကိုယ့်အကြောင်းပဲ၊ ကိုယ့်ဘဝကို ကိုယ်ဖန်တီးတာပဲ၊ ဒီလမ်းက ကောင်းပါတယ်လို့တင်ပေးရင် လျှောက်ရင်လျှောက်၊ မလျှောက်ရင်တော့ ကိုယ့်ထိုက်နဲ့ကိုယ့်ကံ ဖန်တီးတာပဲ"

"မိသွယ်ခင်..ညည်းက အမေရင်းတစ်ယောက်ပါ၊ အမေဆိုတာ ကိုယ့်သမီးကို ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် မချစ်ရင်နေ၊ ပစ်ပယ်လို့မရဘူးဆိုတာ ညည်းမှတ်ထားစမ်းပါအေ"

"ချစ်တာတွေ၊ ပစ်ပယ်တာတွေ ပြောမနေနဲ့ အမေ၊ အဲဒါတွေထက် အရေးကြီးတာ ကျွန်မမှာ အများကြီး၊ တစ်နေ့တစ်နေ့ ကျွန်မ မိသားစုနဲ့ ကျွန်မတောင် မအားလပ်တာ"

အဲဒီလိုပါပဲ။ အမေက သူ့ဘက်ရောက်လာတဲ့ မြားဦးကိုတော့ မိမိရရ ရှောင်လွှဲတတ်သည်။ စကား နည်းတဲ့ အဘွား

**အသေချာဆုံးအရာတစ်ခုကတော့**
**နောက်နေ့တန်းစီကွင်းမှာ**
**နာမည်ခေါ်ထုတ်ပြီး**
**အရိုက်ခံရ၏။**
**ကျောင်းသားအားလုံး၏**
**အကြည့်တွေ၊**
**ဆရာ၊ ဆရာမတွေရဲ့**
**ပြစ်တင်မှု**
**စကားလုံးတွေရဲ့ကြားမှာ.....**

အမေ့ရဲ့စကားတွေ ကြောင့် ကျွန်မအပေါ် ကရုဏာဒေါသတွေနဲ့ ဆုံ့ပူလိုက်တာ။ အမေ့စကားကိုလည်း မခံချင်ဖြစ်ပုံရရဲ့။

"ကြားရဲ့လား.....မေဇွန်ခ ညည်းအမေ ပြောသွားတာလေ ဘယ့်နှယ်တော် မအေတစ်ယောက် လုပ်နေပြီး ဒီသမီးကျတော့ သူမွေးခဲ့တာမဟုတ်တဲ့အတိုင်း သူ...



www.burmeseclassic.com

www.burmeseclassic.com

.....သွယ်ခင်၊ ညည်းလုပ်ပုံတွေ လမ်းလွဲနေပြီနော်၊ ဒီမှာ မေဖွန်ခါ၊ အမေပြောမယ်၊ နောက်တစ်ခါ ကျောင်းလစ်တယ်၊ လက်မှတ်ခေါ် ထိုးခံရတယ်လို့ အမေကြားရင် ညည်းမလွယ်ဘူးနော်''

အဘွားရဲ့စကားကို ကျွန်မ ခေါင်းညိတ်လိုက်ပြီး အလျားအနံ မရှိပေမယ့် အသွားအပြန်ရှိသည့် မေတ္တာရဲ့သဘောကို ကျွန်မတွေး တောမိသည်။ မေတ္တာဆိုသည်မှာ အမြဲတမ်း အသွားချည်းသက်သက်၊ အပြန်ချည်းသက်သက်မရှိနိုင်။ ကျွန်မ၏ မေတ္တာများတို့သည် ဖမ်းယူသူကင်းမဲ့သောအခါ လားရာမှာ ကွေ့ကောက်နေတော့သည်။

♛♛♛♛♛

ကျွန်မတို့သင်တန်းမှာ ခပ်ချောချော ကောင်မလေးတစ်ဦးရှိသည်။ အဲဒီကောင်မလေးနာမည်က ယွန်းသဒ္ဒါတဲ့။ နာမည်လေးက လှသလို လူကလည်း သေးသေးသွယ်သွယ် ချစ်စရာလေး။

သူ ကျွန်မတို့သင်တန်းကို ရောက်လာတာ တစ်ပတ်မပြည့်သေးဘူး။ ကျွန်မရယ်၊ ယဉ်နွယ်အေးရယ်ကအတွဲမပျက်တက္ကသိုလ်သို့ ရောက်ခဲ့ပေမယ့် အေးအေးမူကတော့ ဆယ်တန်းလည်းကျ၊ ယောကျ်ားနောက်လည်းလိုက်။ ဒီတော့ ကျွန်မနဲ့ ယဉ်နွယ်အေးက ဘယ်သွားသွား၊ ဘာလုပ်လုပ် အတူတူ။

ညနေဘက် ကွန်ပျူတာသင်တန်းတက်တော့လည်း အတူတူ။ ကျွန်မတို့က Basic Course ပြီးတော့ DTP (စာစီစာရိုက်)ဆက်တက်ခြင်းဖြစ်သည်။ ယွန်းသဒ္ဒါကတော့ Basic တန်းဖြစ်သည်။



ကျွန်မတို့တက်နေတဲ့ ကွန်ပျူတာသင်တန်းက နာမည်ကြီးသင်တန်းဖြစ်သောကြောင့် မည်သည့်အချိန်တက်တက် ပြည့်နေတတ်သည်။ ယွန်းသဒ္ဒါက ၄ နာရီတန်းခွဲ၊ ကျွန်မတို့ စာစီစာရိုက်က ၆ နာရီတန်းခွဲမို့ သူတို့ကအဆင်း၊ ကျွန်မတို့ကအတက်။

ကိုချမ်းငြိမ်းက ယွန်းသဒ္ဒါကို အမြဲတမ်းလာကြိုတတ်သည်။ ကျွန်မတို့က သင်တန်းမတက်ခင် လက်ဖက်ရည်ဆိုင်ထိုင်တတ်တော့ ခပ်ဖြောင့်ဖြောင့်အစ်ကိုကြီးတစ်ယောက်ဆိုပြီး သတိထားမိရင်းကနေ ယွန်းသဒ္ဒါရဲ့ခေါ်သံကြောင့် သူ့နာမည်က ကိုချမ်းငြိမ်းမှန်း သိခဲ့ရခြင်းဖြစ်သည်။

အမှန်တော့ ဇာတ်လမ်းကို ဒီအတိုင်းရပ်ထားမယ်ဆိုရင်လည်း ကိစ္စမရှိ။ သို့သော် ကံကြမ္မာအလှည့်အပြောင်းကို မည်သူမြင်နိုင်သနည်း။

ကျွန်မသည် မေတ္တာငတ်နေသော မိန်းကလေး။ တစ်ဦးကတစ်ဦးအပေါ် ကြင်နာတာမြင်ရင် ကျွန်မ အရမ်းအားကျမိသည်။ ငါ့မှာတော့ မေတ္တာမဲ့အထီးကျန်၊ သူတို့များကျတော့လည်း ပျော်လို့ရွှင်လို့ဆိုပြီး မနာလို မစ္ဆရိယစိတ် ပွားမိသည်။

ကိုချမ်းငြိမ်းက ယွန်းသဒ္ဒါ အတန်းမဆင်းခင် အမြဲကြိုရောက်

www.burmeseclassic.com



နေတတ်သူ၊ ယွန်းသဒ္ဒါလက်ထဲမှာ ကိုင်ထားသော စာအုပ်တွေကို ကူ ကိုင်ပေးတတ်သူဖြစ်သည်။

ဒီလို နေ့ရက်လတွေ ကြာလာတဲ့အခါ ယွန်းသဒ္ဒါနေရာမှာ ကျွန်မသာဖြစ်ရင် ဘယ်လောက်ကောင်းမလဲလို့ စဉ်းစားခြင်းဟာ မသင့်တော်မှန်း ကျွန်မ သိပါသည်။ ဒါပေမဲ့ အချစ်မှာ မျက်စိမရှိ၊ အချစ်နဲ့စစ်မှာ မတရားတာမရှိဘူးဆိုတာတွေ ရှိနေမှတော့ ကျွန်မ ဘာကြောင့်တွေဝေနေရမည်နည်း။

ခက်တာက ကျွန်မ ကိုချမ်းငြိမ်းကို မည်ကဲ့သို့ ချဉ်းကပ်ရမည်နည်း။ အခန်းကွယ် ထောင့်ချိုးတစ်ခုကနေ တိုက်မိချင်ယောင်ဆောင်ပြီး စာအုပ်တွေကို လွတ်ချပစ်လိုက်မလား။ မဖြစ်သေး။ ကျွန်မတို့သင်တန်းရှေ့၌ အခန်းကွယ်ထောင့်ချိုး ဘာမှမရှိ။ သို့ဆိုလျှင် သူ့ရှေ့အဖြတ် လက်ကိုင်ပဝါ၊ ဒါမှမဟုတ် စာအုပ်တစ်အုပ် ပစ်ချခဲ့ရင်ကော၊ ...၍တောင်မဖြစ်သေး။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိဘူးဟု ဆိုချင် ... ကျွန်မက ယောက်ျားလေးတွေ ...ကနေ ဖြတ်မလျှောက်ရဲ။

နောက်ဆုံးတော့ ကျွန်မလို ...သော အခွင့်အရေးတစ်ခုသည် ...မ ဖန်တီးခြင်းမဟုတ်ဘဲ အလို ... ကျွန်မထံသို့ ရောက်လာခဲ့၏။

ကျွန်မတို့သင်တန်းရှေ့ လက်



ဖက်ရည်ဆိုင်လေးထဲဝင်၊ ထိုင်နေကျခုံလေးတွင် ဝင်ထိုင်လိုက်စဉ် စားပွဲခုံထက်၌ ကီးချိန်းလုလုလေးနှင့် ဆိုင်ကယ်သော့ကို တွေ့လိုက်ရသဖြင့် ကောက်ယူကြည့်မိလိုက်သည်။ စားပွဲထိုးကောင်လေးလာလျှင် ပေးလိုက်မည်ဟု စဉ်းစားလိုက်စဉ် ဆိုင်ထဲသို့ လူတစ်ဦး ရေးကြီးသုတ်ပျာနှင့် ဝင်လာသည်။ ထိုလူကတော့ ကျွန်မ အထင်ကြီး၊ လေးစားနေသော ကိုချမ်းငြိမ်း။

ဒါက ကျွန်မတို့ရဲ့ ဇာတ်လမ်းအစ။ နောက်တော့ သူ ယွန်းသဒ္ဒါနှင့် ပတ်သက်သေးလား၊ မပတ်သက်တော့ဘူးလား ဘာမှသေချာမသိရပေမယ့် ကျွန်မရှိရာ တက္ကသိုလ်ဆီသို့ ချောင်းပေါက်မတတ် ရောက်လာတာကတော့ အသေချာဆုံးပင်။

သူက ဆယ်တန်းမအောင်ပေမယ့် ဝပ်ရှော့ခ်ထောင်၊ ဆိုင်ကယ်ဖြုတ်တပ် (မူဆယ်ကဆိုင်ကယ်များ လားရှိုးသို့ရောက်သောအခါ တစ်ခုချင်းဖြုတ်၍ တစ်စီးလုံးကို ပါကင်ပိတ်သည့်လုပ်ငန်း)လုပ်သဖြင့် ငွေရှင်သည်။

အဘွားက သူနှင့်ပတ်သက်သည့်ကိစ္စ သိသောအခါ ကျွန်မကို ချော့တစ်လှည့်၊ ခြောက်တစ်လှည့် ပြောပါတော့သည်။

"သမီး အသက်ငယ်သေးတယ်၊ ဒီကိစ္စတွေစဉ်းစားတာ အဘွား နည်းနည်းလေးမှမကြိုက်ဘူး၊ သူများတွေ အပျော်ပဲထား ထား၊ အပျင်းပြေပဲထားထား ... သမီးက အဲဒီလိုလုပ်လို့မရဘာ ကိုယ့်ကိုယ်ကိုယ်သိကွယ်၊ ...

www.burmeseclassic.com

ဆုံးဖြတ်ချက်မှားရင် ပြုပြင်ပေးမယ့် သူထက် ကဲ့ရဲ့ပြစ်တင်မယ့်သူတွေ ပဲရှိတယ်ဆိုတာ နားလည်ထား''

''အဘွားပြောတာကို သမီး သဘောပေါက်ပါတယ်၊ ဒါပေမဲ့ သမီးအပေါ် ဘယ်သူတွေကမေတ္တာ ပေးလို့လဲ၊ ဘယ်သူက ကရုဏာ ထားလို့လဲ၊ ပြီးတော့ သူက အဘွား တို့ထင်သလိုမဟုတ်ဘူး၊ ဘယ်သူ့ ဆီကမှမရတဲ့ ဂရုစိုက်မှုတွေနဲ့ သူ က သမီးကို ဂရုစိုက်တာပါ''

ယဉ်နွယ်အေးကလည်း သူ နှင့်ပတ်သက်ပြီး.....

''အဲဒီလူက ဘယ်လိုကာရိုက် တာရှိသလဲ သေချာမသိဘူး၊ ပြီး တော့ ယွန်းသဒ္ဒါနဲ့ ပြတ်သေးပုံမရ ဘူး၊ နင် အဲဒီလူနဲ့ အရမ်းမတွဲစမ်း နဲ့၊ သူ့ပုံစံက လူလည်ရုပ်၊ နင်ကျန် ရစ်ဖြစ်နေဦးမယ်''

''မပြတ်သေးလည်း ကိစ္စမရှိ ပါဘူး ယဉ်နွယ်ရာ၊ ငါနဲ့ရရင် သူ ခြေငြိမ်သွားဖို့က အဓိကပဲ''

''ဘုရားရေ.....''

ယဉ်နွယ်အေး ဘုရားတပုံက ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင် အကြောင်းပြောသော ကျွန်မကို ထိတ်လန့်သွားသည့် ဟန်မျိုး။ နောက်တော့ ယဉ်နွယ်အေးက အမုန်းမခံချင်တာလား၊ ဆက်မပြော ချင်တော့တာလားမသိ၊ သူနှင့်ပတ် သက်၍ ဘာဆိုဘာမှ မပြောတော့ ချေ။



ပထမနှစ် စာမေးပွဲပြီးတဲ့နေ့ ကိုချမ်းငြိမ်းနှင့်ကျွန်မ အလည်လွန် ပြီး ခိုးပြေးခဲ့ကြသည်။ လူတွေရဲ့ ဝေဖန်အတင်းစကားတွေကို နား နှင့်မဆံ့အောင် ကြားရပေမယ့် ကျွန်မ ဂရုမစိုက်ခဲ့။ ကဲ့ရဲ့ခုနစ်ရက်၊ ချီးမွမ်းခုနစ်ရက်ဟုဆိုသောစကား လည်း ရှိတယ်မဟုတ်လား။

♛♛♛♛♛

သူက လူလိမ်တစ်ယောက် မဟုတ်သလို မင်းသားခေါင်း ဆောင်းထားတဲ့ ဘီလူးလည်း မဟုတ်။ ကျွန်မကသာ အချစ်ဆိပ် တွေမွှန်ပြီး ဘီလူးကို မင်းသားဟု ထင်မိသူ။ အခုတော့ ဒုက္ခတောမှာ ကူသူမဲ့၊ ကယ်သူမဲ့ ကျွန်မ တစ် ယောက်တည်း။ ဤအကြောင်း တရားများကို ကျွန်မ မည်သူအား ဖွင့်ပြောရမည်နည်း။

ကျွန်မနှင့်သူ ခိုးပြေးပြီး တစ် ပတ်ခန့်ကြာသည့်အထိ သူ ကျွန်မ နှင့်အတူ ရှိနေခဲ့သည်။ နောက်တစ် ပတ်ကြာသောအခါ ကျွန်မကို သူ ငွေတစ်သိန်းပေးခဲ့ပြီး ခရီးထွက်စရာ ရှိလို့ဟုဆိုကာ ထွက်သွားခဲ့သည်။

အိမ်ထောင်ရေးနယ်ပယ်ထဲ သည်မှာ မည်မျှကျယ်ပြန့်သည် ကျွန်မဦးနှောက်နှင့် တွေးရှာ



www.burmeseclassic.com

www.burmeseclassic.com

ခဲလွန်းလှသည်။ သူ့အတွက်တော့ ကျွန်မအိမ်သည် အိမ်မမည်။ တည်းခိုခန်းသဖွယ်၊ သာလာယံဇရပ် သဖွယ်ဖြစ်လေသည်။

အဘွားကတော့ ကျွန်မ မည်ကဲ့သို့သော အမှားကိုပဲပြုပြု ကျွန်မဘက်၌ အစဉ်ရပ်တည်ပေးခဲ့သည်။ အိမ်ထောင်ကျတော့လည်း ကျွန်မဘက်ကပဲ အမုန်းခံပြီး နေခဲ့ပေးသဖြင့် သူက အဘွားကိုတော့လန့်သည်။ ပမာမခန့်မလုပ်။ ကွယ်ရာမှသာ မင်းအဘွားက ဘယ်လိုဆိုပြီး ကျွန်မကို မဲဆူတတ်သည်။ တစ်ခုကျေးဇူးတင်စရာရှိတာက ပါးစပ်ကသာ အမျိုးမျိုးပြောတတ်ပေမယ့် လက်နှင့်တစ်ချက်မရိုက်ခဲ့ဖူးချေ။

သို့သော် သူသည် တစ်ခါတစ်ခံ လနှင့်ချီ၍ ပျောက်သွားသဖြင့် ကျွန်မ သူ့ကို ရန်တွေ့ဖို့ကြိုးစားခဲ့ဖူးသည်။ ကျွန်မရဲ့ ရန်တွေ့စကားကို စိတ်ကုန်ပြီး သူ ကျွန်မအနားကနေ ထွက်ပြေးသွားမှာစိုးကြောက်သည့်စိတ်တွေကြောင့် ကျွန်မရဲ့ဒေါသ၊ ကျွန်မရဲ့ ရန်တွေ့ချင်စိတ်ကို အခါခါ မေ့ဖျောက်ပစ်ခဲ့ရ၏။

တစ်ခါတစ်ရံကျတော့လည်း ဒီတိုင်း မထောက်ပံ့ဘဲ ပစ်ထားတာထက် အရာရာ ထောက်ပံ့ပေးတာမိနေတာက တော်သေးရဲ့ဟု ညှဲတွေးမိသော်လည်း ကျွန်မ လိုချင်တာက ငွေမဟုတ်။ ငယ်စဉ်ကတည်းက မေတ္တာငတ်ခဲ့တဲ့ ကျွန်မ၊ မေတ္တာကို ဘယ်လောက်ထိ လိုချင်တောင့်တစိတ်ကြီးသလဲဆိုတာ သူအသိဆုံး။ သူ့ကို ယုံကြည်အားကိုးသောကြောင့် ကိုယ့်ဘဝရဲ့ ဖြစ်ကြောင်းကုန်စင် အကုန်ပြောပြခဲ့သမျှသည် သူအထင်သေးနင်းချေဖို့ ဖြစ်လာသည်လား။

အဲဒီလိုတော့မဟုတ်နိုင်။ သူသည် ကျွန်မဘေးကနေ တစ်ပတ်၊ တစ်လ မကြာခဏပျောက်နေပေမယ့် အိမ်မှာရှိနေသည့်ရက်များတွင် ကြင်ကြင်နာနာ၊ သိမ်သိမ်မွေ့မွေ့ ဆက်ဆံတတ်လေတော့ ပတ်ဝန်းကျင်ရဲ့ စကားသံများက ကျွန်မရဲ့ ဦးနှောက်ကို လှုပ်နှဲ့နိုင်ခြင်းမရှိချေ။

''ကိုချမ်းငြိမ်းကတော့ အိမ်ထောင်သည်နဲ့ကိုမတူဘူး''

''မေဖွန့်ယောကျ်ားကို ထိန်းဦးနော်''

''အစစအရာရာ နစ်နာစရာရှိရင် အစ်မတို့မိန်းကလေးတွေရဲ့ ဘဝကပဲ နစ်နာရတာမဟုတ်လား၊ ကိုယ့်ယောကျ်ားကို နိုင်အောင်ထိန်းပေါ့ကွယ်''

ထိုကဲ့သို့ ပြောလာသူများကို ကက်ကက်လန်အောင် ရန်တွေ့တတ်သူက ကျွန်မဖြစ်သည်။

လူတွေက နှာခေါင်းမပါရင်

**သူသည်**
**တစ်ခါတစ်ရံလနှင့်ချီ၍**
**ပျောက်သွားသဖြင့်**
**ကျွန်မ သူ့ကို**
**ရန်တွေ့ဖို့ကြိုးစားခဲ့ဖူးသည်။**
**ကျွန်မရဲ့ရန်တွေ့စကားကို**
**စိတ်ကုန်ပြီး**
**သူကျွန်မအနားကနေ**
**ထွက်ပြေးသွားမှာစိုးကြောက်**
**သည့်စိတ်တွေကြောင့် ......**

www.burmeseclassic.com



မစင်စားမည့်မိန်းမဟု ပြောချင်လည်း ပြော မတတ်နိုင်။ လူဆို သည်မှာ ကိုယ့် အကြောင်းတရားနှင့် ကိုယ် အမြဲမှန်သည်။ သူဟာ ဘယ်လို ယောကျ်ားပဲဖြစ်ဖြစ် ဘယ်မိန်းမက ကိုယ့် ယောကျ်ား မကောင်း ကြောင်း ပြောကြ သနည်း။

သူ့အပေါ်အစစ အရာရာ ယုံကြည် မှုတွေ ပေး ထားတဲ့ မိန်းမ၊ အဲဒီမိန်းမကို သူ့ယောကျ်ားက ဒုက္ခ တောထဲ တွန်းချပစ် ခဲ့တယ်ဆိုတာ ယုံနိုင် စရာရှိမည်လား။

♛♛♛♛♛

ကျွန်မ အဝတ်လျှော်နေစဉ် သူ ကျွန်မအနားသို့ ပျာယီးပျာယာ ရောက်လာခဲ့သည်။ သူ့ကိုမြင်တော့ ရုတ်တရက် ကျွန်မ အံ့သြနေရ သည်။ အံ့သြခြင်းအဆုံးမသတ်ခင် မှာ သူက ကျွန်မကို.....

''မေဖွန် အိမ်ထဲ ခဏ လောက်၊ ကိုယ်ပြောစရာ ရှိလို့''

အလွန်တရာမှ အရေးကြီး သည့်ပုံစံမို့ ကျွန်မ လျှော်လက်စ အဝတ်ကိုချ၊ လက်ကိုကမန်း ကတန်းဆေးပြီး အိမ်ထဲသို့ဝင်လာ ခဲ့သည်။

သူက ဘူးတစ်ဘူးနှင့်အလုပ် ရှုပ်နေသည်။ ဟိုကြည့်ဒီကြည့် ခိုး ကြောင်ခိုးဝှက်နိုင်သဖြင့် ကျွန်မ မျက်မှောင်ကြုတ်မိသည်။ ပို၍ဆိုး သွားသည်က ကျွန်မကိုမြင် သောအခါ သူ့အမူအရာ အလွန်တရာ ပျက်သွား သည်။

''ကိုချမ်း ဘာအရေး ကြီးလို့လဲ၊ အဲဒါဘာလဲ''

''ဒီထဲက ဘာလဲဆို တာက အရေးမကြီးပါဘူး၊ ဘာလို့လဲဆိုတော့ မလိုအပ် ဘူး၊ အဓိကက အခု ဒီပစ္စည်းထုပ်ကို မေဖွန်က ကိုယ် ပြောတဲ့အိမ်ကို သွား ပေးဖို့ပဲ''

''ကျွန်မ သွားပေးရမှာ ဟုတ် လား''

''ဟုတ်တယ်၊ အခု အချိန်ဆို စောင့်နေလောက် ရောပေါ့၊ အခုပဲ သွားလိုက် တော့''

တောက်တောက်ကို အလောတကြောနိုင်သည့် အတွက် ကြောင့် ဘာမှထပ်မကွန့်တော့ဘဲ သူ့လက် ထဲက ဆိုင်ကယ်သော့ ကိုလှမ်းယူပြီး သူပေးသော ပါဆယ်ထုပ်ကို လှမ်းယူလိုက် သည်။ ပါဆယ်ထုပ်ကဘူး မဟုတ် ဘဲခပ်နင့် နင့်လေးသော အထုပ် တစ်ထုပ်ဖြစ်သည်။ ပါဆယ်ထုပ်ကို ဆိုင်ကယ် ရှေ့ခြင်းထဲထည့် လိုက်ကာ သူပြော သောလိပ်စာကို မှတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတော်ကြာအောင် ပျောက်နေခဲ့သည့်သူ့ကို ဘယ်တွေသွားနေသလဲ၊ ဘာတွေလုပ်နေသလဲ မေးချင်၊ သိချင်ပေမယ့် မမေးဝံ့။ အိမ်ထောင်သည်နှင့်မတူဘူးဟု လူတွေရဲ့ဆိုလိုရင်းကိုလည်း မခန့်မှန်းတတ်။ ကိုယ့်ယောကျ်ားကို ထိန်းပါဦး ဆိုသည့်စကားက ဘာကိုရည် ရွယ်ဘာလဲ။

"ဘုတ်....."

တွေးချင်ရာ တွေးပြီး ဆိုင်ကယ်ကိုမောင်းလာသဖြင့် ချိုင့်ခွက်ထဲသို့ မောင်းလိုက်မိရာ ဆိုင်ကယ် ခုန်ပြီး ဆိုင်ကယ် ရှေ့ခြင်းထဲတွင် ထည့်ထားသော ပါဆယ်ထုပ်မှာ ခုန်၍ပြုတ်ကျသွားလေသည်။

ဆိုင်ကယ်ဒေါက်ထောက်ပြီး အထုပ်ကိုယူလိုက်စဉ် အထုပ်က ကွဲနေလေပြီ။ ထိုအထုပ်ကို မ,လိုက်သောအခါ ဖြူဖြူအမှုန့်များအဆက်မပြတ်ကျနေသည်။

ဘာမှုန့်လဲဟု သေချာစွာကြည့်လိုက်သောအခါ သကြားမဟုတ်၊ အချိုမှုန့်မဟုတ်၊ ဖြူဆွတ် ဆွတ် မှုန့်မှုန့်ညက်ညက် အမှုန့်များဖြစ်သည်။

ကိုချမ်းသိလျှင် တစ်ခါလေးနိုင်းမိသည်၊ အဆင်ပြေသံမကြားရဟုပြောမည်စိုးသောကြောင့် မည်ကဲ့သို့လုပ်ရမလဲ စဉ်းစားနေဆဲ ဟိုး



ရှေ့ဘက်ခပ်လှမ်းလှမ်း၌ ရဲများကိုတွေ့လိုက်ရသည်။ ရဲများသည် ကားများ၊ ဆိုင်ကယ်များကို သေချာစစ်နေသည်။

ကျွန်မဘေးနားသို့ရောက်လာသော ဆိုင်ကယ်ပေါ်မှ အမျိုးသမီးတစ်ဦးကို မေးကြည့်လိုက်သောအခါ

"ဘိန်းဖြူမှုန့် သယ်လာတယ်သတင်းရလို့ စစ်ဆေးနေတာတဲ့၊ ရဲ တွေက ဆိုင်ကယ်ကိုရပ်ခိုင်းတော့ လန့်သွားတာ"

အမျိုးသမီး၏စကားကို ဆုံးအောင်ကြားနိုင်စွမ်းမရှိတော့။ ဆိုင်ကယ်ရှေ့ခြင်းထဲ၌ ကွဲအက်နေသော အထုပ်ကို စိုက်ကြည့်ရင်း ကျွန်မ တစ်စုံတစ်ရာကို သဘောပေါက် သလိုရှိလာသည်။ ကြားဖူးသည့်စကားတစ်ခွန်းက သူ့မယားလိုချင် သူ့လင်လုံနဲ့ထိုး။ ယခုတော့ ကိုယ့်လင်က သူ့ဘက်သို့ ပါနေမှတော့။

မေတ္တာကင်းမဲ့၊ ခိုလှုံရာကင်းမဲ့ခဲ့တဲ့ မိန်းမတစ်ယောက်ရဲ့ တစ်သက်တာနေထိုင်ဖို့အကောင်းဆုံးနေရာသည် မည်သည့်နေရာဖြစ်နိုင်သနည်း။ ထိုနေရာသည် ငြိုငြင်မှုလည်းမရှိ၊ ညည်းညူမှုလည်းမရှိ၊ ခိုက်ရန်ဖြစ်ပွားမှုလည်းမရှိ၊ ငြိမ်းအေးခြင်းအစဉ်တည်ရှိနေသောနေ ရာဖြစ်ရပေမည်။ ထိုသို့ ငြိမ်းအေးမှုနှင့်ပြည့်နေသည့် ခိုလှုံစရာအကောင်းဆုံးနေရာသည်.....။ ။

ရှင်လွန်းမယ်

www.burmeseclassic.com

မောင်မြင့်မား (ပိုလီကလေး)

# ကြုံဖူးတဲ့ အဖြစ်တွေရယ်






www.burmeseclassic.com

www.burmeseclassic.com






## ကြုံဖူးတဲ့အဖြစ်တွေရယ်

မောင်မြင့်မား (ဗိုလ်ကလေး)

မှတ်မှတ်ရရ ကျွန်တော် ရန်ကုန်ထဲသို့သွားသော အင်္ဂါနေ့တစ်ရက်။ အိမ်ပြန်ရောက်ချိန် ည ၈ နာရီလောက်တွင် ဖုန်းဝင်လာသည်။

"ဖြိုးမောင်မောင်တို့အဖေဖုန်းပါလားရှင်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"သမီးက ခင်မျိုးအေးညီမပါ"

"ဟုတ်ကဲ့ ကြားဖူးပါတယ်"

"ဖြိုးမောင်မောင် ဟိုကနေဖုက်ဆံပို့လိုက်လို့ လာယူပေးပါလားရှင်"

"အေး.....အေး ကောင်းပြီ၊ ဘယ်ကိုလာယူရမလဲ"

"ဗိုလ်တထောင်ဘုရားလမ်းပါ၊ မဟာဗန္ဓုလလမ်းနဲ့ အနော်ရထာလမ်းကြားပါ"

ကျွန်တော့်ဖုန်းတွင်ပေါ်လာသော ဖုန်းနံပါတ်က ကြိုးဖုန်းဖြစ်သည်။ ဖုန်းသံက သိပ်မကြည်။ တစ်ဖက်ကပြောသော စကားသံကို တော်တော်ကြိုးစား၍ နားထောင်နေရသည်။ မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြားမှ ဗိုလ်တထောင်ဘုရားလမ်းကို သုံးခါလောက် အော်မေးနေရသည်။

"တိုက်နံပါတ်ကကော"

"၁၈၂၉၄"

"ဘယ်လို....."

"၁၈၂၉၄ ပါ၊ ကြားလား"

"ကြားတယ်၊ တိုက်နံပါတ်ကလည်း ငါးလုံးတောင်လား"

"———"

ဘာတွေပြောမှန်းမသိ။ သူ့ဖုန်းနံပါတ်အတိုင်း ရန်ကုန်ရောက်မှပဲ ထပ်ဆက်ပြီး လိပ်စာကိုမေးတော့မည်ဟု စိတ်ကူးမိသောကြောင့်....

"မနက်ဖြန် နေ့လယ်လောက် လာခဲ့မယ်၊ ဗိုလ်တထောင်ဘုရားလမ်းကိုရောက်ရင် ဖုန်းထပ်ဆက်လိုက်မယ်"

ကျွန်တော့်ဖုန်းသံကိုတော့ တစ်ဖက်မှ ပီပီသသ ကြားဟန်တူသည်။ ပြန်မမေး။ တစ်ဖက်မှပြောသော ခင်မျိုးအေးညီမဆိုတာ ကျွန်တော်၏သားနှင့် သူငယ်ချင်းတွေမှန်း သူတို့ချင်း ဖုန်းပြောနေတာကြား၍ ကျွန်တော်သိနေခြင်းဖြစ်သည်။ လူကိုတော့ မမြင်ဖူးသေး။

♛♛♛♛♛

နောက်တစ်နေ့ ၁၂ နာရီလောက် ကျွန်တော် အိမ်ကထွက်လာခဲ့သည်။ ၁၂ နာရီ ၄၅ မိနစ်လောက်တွင် မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြား ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com

တထောင်ဘုရားလမ်းပေါ်ရောက်တော့ မနေ့က ကျွန်တော့်ကိုဖုန်းဆက်သော ဖုန်းနံပါတ်အတိုင်း ဆက်လိုက်သည်။

"ကျွန်တော် ဖြိုးမောင်မောင်အဖေပါ၊ မနေ့က ဖုန်းဆက်ထားလို့ သူပို့လိုက်တဲ့ငွေ လာယူတာပါ"

"အခု ဘယ်နားရောက်နေလဲ"

"ဗိုလ်တထောင်ဘုရားလမ်းပေါ်မှာပါ၊ မဟာဗန္ဓုလလမ်းနဲ့နီးတယ်"

"ဒါဆိုရင် မြောက်ဘက်ကို ဆက်လျှောက်ခဲ့ပါ၊ ကြယ်မင်းအလူမီနီယမ်ဆိုတဲ့ ဆိုင်းဘုတ်တွေ့လိမ့်မယ်၊ အဲဒီဘေးက လှေကားထိပ်မှာ သ-ရ-ဖ-အ-ရ ဆိုတဲ့စာရေးထားတာ တွေ့လိမ့်မယ်၊ သုံးလွှာကိုတက်ခဲ့ပါ၊ ဒါမှမဟုတ် လှေကားထိပ်မှာ ဓာတ်လှေကားရှိတယ်၊ ၃ ကို နှိပ်လိုက်ရင် ရောက်တယ်"

ဖုန်းသံကလည်း မသဲကွဲ။ တစ်ဖက်ကပြောသည်ကို ပြန်ပြန်မေးရင်း စိတ်နဲ့လိုက်မှတ်နေရခြင်းဖြစ်သည်။ ကြယ်မင်းအလူမီနီယမ်ရော၊ သ-ရ-ဖ-အ-ရတွေရော။ ကြယ်မင်းအလူမီနီယမ်ဆိုတာ လမ်းရဲ့အရှေ့ဘက်လား၊ အနောက်ဘက်လား။ ဟိုငေးဒီငေးနှင့် ကျွန်တော် လျှောက်လာခဲ့သည်။



တစ်နေရာတွင် ကြယ်စင်အဲယားကွန်းဆားဗစ်ဆိုတာ တွေ့လိုက်သည်။ ကျွန်တော် ဇဝေဇဝါဖြစ်သွားသည်။ ကြယ်မင်းလား၊ ကြယ်စင်လား။ ကျွန်တော်ကြားလိုက်တာ အလူမီနီယမ်လား၊ အဲယားကွန်းဆားဗစ်လား။ ထိုဆိုင်ဘေးကို ကြည့်လိုက်တော့ လှေကားတစ်ခု။ လှေကားထိပ်တွင် သရဖီအိမ်ရာဆိုတာ တွေ့လိုက်သည်။ ဖုန်းထဲကပြောသော သ-ရ-ဖ-အ-ရသည် သရဖီအိမ်ရာဖြစ်နိုင်သည်။

ထို့ကြောင့် ကျွန်တော့်ဆုံးဖြတ်ချက်အတိုင်း လှေကားကို တက်လိုက်သည်။ လေးငါးထစ်တက်ပြီးသောအခါ ရှေ့တွင် ဓာတ်လှေကားတစ်ခုနှင့် ယာဘက်တွင် လှေကားတစ်ခု။ ကျွန်တော်က ဓာတ်လှေကားရှေ့တွင် ရပ်လိုက်သည်။ ဓာတ်လှေကားက ရှစ်လွှာကိုရောက်နေသည်။ ခလုတ်တစ်ခုကိုနှိပ်၍ အောက်သို့ခေါ်လိုက်သည်။ စက္ကန့်သုံးဆယ်လောက်တွင် ကျွန်တော့်ရှေ့က ဓာတ်လှေကားတံခါးပွင့်လာသည်။ ကျွန်တော်ဝင်လိုက်သည်။

♛♛♛♛♛

အခန်းထဲတွင် မီးမရှိ၊ နည်းနည်းမှောင်နေသည်။ ယာဘက်

www.burmeseclassic.com

www.burmeseclassic.com

တွင် အမည်းဝိုင်းကလေးများပေါ်၌ အဖြူဂဏန်းဖြင့် ရေးထားသော ဓာတ်လှေကားခလုတ်များကို ကျွန်တော် ထင်ထင်ရှားရှား မြင်နေရသည်။ နံပါတ် (၃)ကို နှိပ်လိုက်သည်။

စက္ကန့်ပိုင်းလောက်ပဲ စောင့်လိုက်ရသည်။ ကျွန်တော့်ရှေ့က တံခါးပွင့်သွားသောကြောင့် ထွက်လိုက်သည်။ ဓာတ်လှေကားရှေ့တွင် ဆာရီခြုံထားသော အိန္ဒိယလူမျိုး အမျိုးသမီးတစ်ယောက် ရပ်နေ၍ အခန်းရှေ့တွင် ဆယ့်သုံးဆယ့်လေး နှစ်အရွယ် ကလေးမလေးတစ်ဦး ရပ်နေသည်။ ကျွန်တော်ထွက်လိုက်သည်နှင့် ဆာရီခြုံထားသော အမျိုးသမီးက ဓာတ်လှေကားအတွင်းဝင် လိုက်သည်။ ကျွန်တော်က ကလေး

ထိုစဉ် ဓာတ်လှေကား ပွင့်လာသည်။ အထဲမှစောစောက ဝင်သွားသော ဆာရီခြုံထားသည့်အမျိုးသမီး ထွက်လာသည်။ သူက ကျွန်တော်နှင့် ကလေးမလေးကိုကြည့်ကာ တအံ့တသြနှင့်....



မလေးအား.....

“ခင်မျိုးအေးတို့အခန်းက ဘယ်မှာလဲ”

ကလေးမလေးက ကြောင်တောင်တောင်ဖြင့်.....

“ကျွန်မတို့အခန်းမှာ ခင်မျိုးအေးဆိုတာ မရှိပါဘူး”

ကျွန်တော်က မျက်နှာချင်းဆိုင်အခန်းအား မေးငေါ့ပြလျက်.....

“ဒီအခန်းမှာရော”

“အဲဒီအခန်းကလူတွေ ခရီးသွားနေကြလို့ တံခါးပိတ်ထားတာ သုံးရက်လောက်ရှိပြီ”

မှန်သည်။ သော့နှစ်လုံးခတ်ထားတာ တွေ့ရသည်။ ကျွန်တော် စဉ်းစားရကျပ်သွားသည်။ အခန်းက ဝဲယာတစ်ခန်းစီသာရှိသည်။

“ဒါက အထပ်ဘယ်လောက်လဲ”

“ငါးလွှာ”

“ဟေ.....ငါက သုံးလွှာကိုလာတာ၊ ဘယ်လိုကြောင့် ငါးလွှာကိုရောက်လာပါလိမ့်”

ထိုစဉ် ဓာတ်လှေကားပွင့်လာသည်။ အထဲမှ စောစောက ဝင်သွားသော ဆာရီခြုံထားသည့်အမျိုးသမီး ထွက်လာသည်။ သူက ကျွန်တော်နှင့် ကလေးမလေးကိုကြည့်ကာ တအံ့တသြနှင့် မြန်မာစကား ပီပီသသဖြင့်.....

“ဟောတော့်...ကိုယ့်အခန်းကိုယ်ပြန်ရောက်နေတယ်၊ အမြန်သွားချင်ကာမှ.....”

ဟုဆိုကာ ဓာတ်လှေကားအတွင်း ပြန်ဝင်သွားသည်။ သုံးလွှာကိုသွားချင်သော ကျွန်တော်က

www.burmeseclassic.com



လွှာကိုရောက်နေသောကြောင့် သူနှင့်အတူ ဓာတ်လှေကားအတွင်း ပြန်ဝင်လိုက်သည်။ ဓာ်တ်လှေကားရှိသော အခန်းများတွင် ကျွန်တော်မနေဖူးသော်လည်း အကြောင်းကိစ္စအမျိုးမျိုးဖြင့် ဓာတ်လှေကားစီးဖူးသောကြောင့် ကျွန်တော်သွားလိုရာကို အခက်အခဲမကြုံဖူးပါ။ သည်တစ်ခါတော့ ဆာရီခြုံအမျိုးသမီးကို ကျွန်တော်က ဆရာတင်လိုက်သည်။

“အစ်မကြီး အခန်းထဲက မှောင်ပြီး ကျွန်တော်လည်း မျက်စိသိပ်မကောင်းလို့ သုံးလွှာကိုပို့ပေးပါ”

ထိုအမျိုးသမီးက ခေါင်းညိတ်ကာ နံပါတ်(၃)ကို နှိပ်လိုက်သည်။ ခဏနေတော့ တံခါးပွင့်သွားသည်။ သုံးလွှာရောက်ပြီထင်၍ ကျွန်တော်က ထွက်လိုက်သည်။ ကျွန်တော်ဘေးဝဲယာကို ကြည့်နေစဉ်မှာပင် ဆာရီခြုံအမျိုးသမီးက ဒေါ်နှင့်မော နှင့်ထွက်လာကာ.....

“ဒီသောက်ဓာတ်လှေကားက သောက်ချိုးကိုမပြောဘူး၊ အခု မြေညီထပ်ကို ရောက်နေပြီ၊ ရှင်လည်း ကုန်းကြောင်းပဲတက်တော့”

ဟုပြောကာ ခြေဆောင့်၍ ဆင်းသွားတော့သည်။ ဟုတ်တာပေါ့။ မြေညီထပ်ကိုရောက်နေ၍ လမ်းပေါ်က သွားလာနေသောကားများကို မြင်နေရသည်။

ကျွန်တော်လည်း ဒူးမကောင်း၍ သုံးလွှာကို ပြန်မတက်နိုင်သောကြောင့် ကြယ်စင်အဲယားကွန်းဆားဗစ်ရှေ့တွင် စောင့်နေမည်ဖြစ်ကြောင်း၊ ထိုနေရာသို့ ငွေယူလာပါရန် ဖုန်းပြန်ဆက်လိုက်ရသည်။

သြော်...ကြုံဖူးတဲ့အဖြစ်တွေရယ်။ ။

**မောင်မြင့်မား (ဗိုလ်ကလေး)**



www.burmeseclassic.com

www.burmeseclassic.com





# ကမ္ဘာ့ခြေတံအရှည်ဆုံး မော်ဒယ်လ်

အမေရိကန်ပြည်ထောင်စု၊ နယူးယော့ခ်မြို့တွင် အသက် ၂၆ နှစ်အရွယ် ဘော်လီဘောကစားသမားဟောင်း ဘရွတ်ဘန်သည် ခြေတံအရှည်ဆုံးအဖြစ် သတ်မှတ်ခံထားရပြီး ယခုအခါ မော်ဒယ်လ်လုပ်ကိုင်လျက်ရှိသည်။

ဘရွတ်ဘန်သည် အရပ် (၆) ပေ (၁၁)လက်မရှိပြီး ခြေထောက်ကို တင်ပါးမှစတိုင်းတာလျှင် (၄၇) လက်မအရှည်ရှိသည်။ ရွှေရောင်ဆံပင်ပိုင်ရှင် ဘရွတ်ဘန်သည် မော်ဒယ်လ်လုပ်ရန် ဆုံးဖြတ်ပြီးချိန်တွင် အခက်အခဲမျိုးစုံနှင့် ကြုံတွေ့ခဲ့ရသည်။ ခရီးရက်ရှည်သွားသည့်အခါ သူမခြေထောက်နှင့် သက်သောင့်သက်သာဖြစ်စေမည့် ထိုင်ခုံမရှိခြင်း၊ ကိုယ်နှင့်ကိုက်ညီသည့် အဝတ်အစားကို စိတ်ရှည်လက်ရှည် ရှာဖွေရခြင်း၊ သူမအား ချဉ်းကပ်လာသည့် အမျိုးသားများနှင့် အဆင်မပြေမှုများ ခံစားခဲ့ရသည်။ ယခုအခါ မော်ဒယ်လ်အေဂျင်စီတစ်ခုနှင့်တွဲ၍ အလုပ်လုပ်လျက်ရှိပြီး သူမ၏ ရှည်လျားသောခြေထောက်ကြောင့် စိတ်ဝင်စားမှုခံခဲ့ရကြောင်း သိရသည်။

လက်ရှိ ကမ္ဘာ့ခြေတံအရှည်ဆုံးအဖြစ် အသတ်မှတ်ခံထားရသူမှာ ရုရှားနိုင်ငံမှ အမျိုးသမီး ပန်စရာတိုဗာဖြစ်ပြီး ခြေထောက်အရှည် (၅)ဒသမ (၉)လက်မအထိ ရှိကြောင်းသိရသည်။

**ဆောင်းဟောမန်**

Ref: World Interesting News

7-10-2014

www.burmeseclassic.com





# မွေးကတည်းက လက်မောင်းတစ်ဖက်ကြီးနေသည့် ကမ္ဘာ့လက်မောင်းလုံးချန်ပီယံ

ဂျာမန်နိုင်ငံဖွား အသက် (၂၇) နှစ်အရွယ် Matthais Schlittle သည် မွေးဖွားကတည်းက ရှားပါးသည့် အရိုးများအစီအစဉ်မကျမှုဝေဒနာကို ခံစားခဲ့ရပြီး သူ၏ညာဘက်လက်မောင်းသည် ဘယ်ဘက်လက်မောင်းထက် နှစ်ဆကြီးနေခဲ့သည်။ လက်ဖျံလုံးပတ်သည် ၄၆ စင်တီမီတာရှိသည်။

သူ၏ရှားပါးရောဂါကြောင့်ပင် ယခုအခါ ကြေးစားလက်မောင်းလုံ့ကစားသမားအဖြစ် ကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့သည်။ ဂျာမနီအမျိုးသားချန်ပီယံဆု ရှစ်ကြိမ်နှင့် အပြည်ပြည်ဆိုင်ရာ လက်မောင်းလုံ့ချန်ပီယံဆု ၁၂ ကြိမ်ရရှိထားသူဖြစ်သည်။

၂၀၀၄ ခုနှစ်တွင် သူ၏ဇာတိမြို့ဖြစ်သည့် Haldensleber ရှိ ဘားတစ်ခုထဲ ဝင်သွားချိန်မှစ၍ ကြေးစားလက်မောင်းလုံ့ကစားသမားဘဝ ခဲ့ကြောင်း သိရသည်။

**ဆောင်းဟေမန်**

Ref: World Interesting News

1-10-2014



www.burmeseclassic.com

www.burmeseclassic.com



# ကြီးမားသည့်အသားပိုများကို ဖယ်ရှားနိုင်ခဲ့သည့်အမျိုးသမီး

အသက် (၃၅)နှစ်အရွယ် Yuan အမည်ရှိ အမျိုးသမီးတစ်ဦးသည် တစ်ကိုယ်လုံးတွင် ဖြစ်ပေါ်နေသည့် အသားပိုများကို ၁၀ နာရီကြာ ခွဲစိတ်ကုသမှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့သည်။

ထိုအသားပိုများသည် သူမ၏ ကျောတစ်ပြင်လုံးကို ဖုံးအုပ်ထားပြီး ခြေမျက်စိအထိပါ တွဲလောင်းကျနေခြင်းဖြစ်သည်။ ဆရာဝန်များက အလေးချိန် ၅၅ ပေါင်ရှိ အသားစိုင်ကြီးကို အောင်မြင်စွာခွဲထုတ်နိုင်ခဲ့သည်။ သူမသည် မိသားစု၏ ခက်ခဲသော စီးပွားရေးကြောင့် ဆရာဝန်ထံသို့ တစ်ခါမှ မပြသခဲ့ဖူးပေ။ လွန်ခဲ့သော ၁၀ နှစ်ခန့်မှစ၍ သူမ နောက်ကျောနှင့် တင်ပါးပေါ်မှ အသားပို၊ အသားစိုင်များသည် လျင်မြန်စွာ ကြီးထွားလာကာ ကျောရိုးကို ဖိထားသကဲ့သို့ ဖြစ်လာပြီး နောက်ဆုံးတွင် ခါးမှာ ကုန်းကိုင်းသည်အထိ ဖြစ်သွားခဲ့သည်။

သူမသည် ပညာမတတ်၊ ကျောင်းသို့ပင် မရောက်ဖူးဘဲ လမ်းဘေးတွင် ရှူးဖိနပ်ဆေးမှုတ်သည့် အလုပ်နှင့် အသက်မွေးဝမ်းကျောင်းနေသူတစ်ဦးဖြစ်ကြောင်း သိရသည်။

**ဆောင်းဟေမန်**

Ref:International News

1-10-2014



www.burmeseclassic.com

www.burmeseclassic.com



# သေဆုံးခဲ့သည့်ကလေးငယ်တစ်ဦး၏ ကိုယ်တွင်းအင်္ဂါများဖြင့် လူငါးဦး၏အသက်ကိုကယ်တင်နိုင်ခဲ့မှု

တရုတ်နိုင်ငံအရှေ့ပိုင်း၊ ကျန်းရှီပြည်နယ်ရှိ ပြည်သူ့ဆေးရုံကြီး၌ ဦးနှောက်အကျိတ်ရောဂါဖြင့် ကွယ်လွန်ခဲ့သည့် သုံးနှစ်အရွယ် မိန်းကလေးတစ်ဦး လှူဒါန်းခဲ့သည့် ကိုယ်တွင်းအင်္ဂါများဖြင့် လူငါးဦးကို အစားထိုးကုသမှုများ ပြုလုပ်ခဲ့သည်။

လျူကျင်ယောင်ဆိုသော မိန်းကလေး၏ ကိုယ်တွင်းအင်္ဂါလှူဒါန်းမှုဖြင့် လူနာငါးဦးသည် နှလုံး၊ အသည်း၊ ကျောက်ကပ်၊ မျက်ကြည်လွှာတို့ကို အစားထိုးခွဲစိတ်ကုသမှု ခံယူနိုင်ခဲ့သည်။ အလှူရှင် မိန်းကလေးသည် လမ်းလျှောက်သည့်အခါ တုန်ယင်သော ဝေဒနာကို ခံစားခဲ့ရပြီး ထိုဝေဒနာမှာ ဦးနှောက်အကျိတ်ရောဂါဖြစ်ကြောင်း ဆရာဝန်များက စစ်ဆေးတွေ့ရှိခဲ့သည်။ မိဘနှစ်ပါးက ဆေးရုံသို့ပို့ဆောင်ဆေးကုသသော်လည်း နောက်ကျသွားကြောင်း ဆရာဝန်များက ပြောကြားခဲ့သည်။

မိန်းကလေး ကွယ်လွန်ချိန်တွင် ကိုယ်အင်္ဂါများကို အခြားဝေဒနာရှင်များအား အစားထိုးကုသရန်အတွက် ဆေးရုံမှ တာဝန်ရှိသူများက ကွယ်လွန်ပြီးမကြာမီ ထုတ်ယူနိုင်ခဲ့သည်။

**ဆောင်းဟေမာ**

Ref: China News

5-10-2014



www.burmeseclassic.com

www.burmeseclassic.com



# အင်္ဂလန်တွင် တွေ့ရှိခဲ့သည့် ကျေးဥကြီးတစ်လုံး

အင်္ဂလန်နိုင်ငံ၊ Essex ပြည်နယ်၊ Halstead မြို့ရှိ Holy Trinity အမည်ရှိ ကျောင်းတစ်ခုတွင် ကြီးမားသည့် ဥကြီးတစ်လုံးကို ထူးခြားစွာတွေ့ရှိခဲ့ရသည်။

ဥသည် မြင်နေကျအကောင်များ၏ဥနှင့် အခွံတူပြီး ကျောင်းဝိုင်းအစ်နေရာတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ လေ့လာသူများ၏ စမ်းသပ်ချက်အရ ထိုဥသည် သတ္တဝါတစ်ကောင်ကောင်၏ဥဖြစ်ကြောင်း လက်ခံထားကြသည်။ အရွယ်အစားမှာ ၃ ပေပတ်လည်အချင်းရှိပြီး အလေးချိန် မသိရှိရသေးပေ။

ထိုဥကို ကျောင်းသူကျောင်းသား ၂၅၀ ကျော်က တွေ့ရှိခဲ့ပြီး ဆရာများကို သတင်းပေးခဲ့ခြင်းဖြစ်သည်။ ယခုအခါ စစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဟေမန်**

Ref: World Amazing News

7-10-2014



www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာ့ အရပ်အရှည်ဆုံး ယူကရိန်းအမျိုးသားကြီး ကွယ်လွန်



၂၀၀၇ ခုနှစ်က ကမ္ဘာ့အရပ်အရှည်ဆုံး အမျိုးသားအဖြစ် မှတ်တမ်းဝင်ခဲ့သည့် အနောက်မြောက်ပိုင်း၊ ယူကရိန်းတောင်ယာလယ်စိုက် အမျိုးသား လီယိုနစ်စတာဒန့်ကဲသည် ယခုအခါ ကွယ်လွန်သွားကြောင်း သိရသည်။

ထိုသူသည် အရပ် ၈ ပေ ၅ လက်မ (၂ ဒသမ ၆ လက်မ)ရှိပြီး ကွယ်လွန်ချိန်တွင် အသက် ၄၄ နှစ်ရှိပြီး ဦးနှောက်သွေးယိုစီးမှုရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။ ထိုသူသည် လူပျိုဖော်ဝင်စအသက် ၁၄ နှစ်အရွယ်ရောက်ချိန်တွင် ဦးနှောက်အကျိတ်ရောဂါစတင်ဖြစ်ပွားမှုကြောင့် ခန္ဓာကိုယ်ဟော်မုန်းများ သာမန်အတိုင်းမဟုတ်တော့ဘဲ ဆက်လက်ကြီးထွားလာရာ ယခုကဲ့သို့ အရပ်ရှည် ကြီးထွားလာရခြင်းဖြစ်သည်။

ယခုအခါ သူ၏နေရာကို လက်ရှိ တရုတ်အမျိုးသား ဘာအိရှီဆူဟာန်၊ အရပ် ၂ ဒသမ ၃၆ မီတာက လက်ဆင့်ကမ်းမည်ဖြစ်ပြီး သူ၏နောက်တွင် အရပ် ၁ ဒသမ ၆၅ မီတာရှိသည့် ဗြိတိန်အမျိုးသားတို့က အသီးသီးရှိကြသည်

**ဆောင်းဟေမန်**

Ref: World Interesting News

4-10-2014



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# (၇) ရက်သားသမီး တစ်လတာဟောကြားမှာ

## တနင်္ဂနွေ

ယခုကာလသည် ကျန်းမာရေးညံ့နေတတ်၏။ အကြောရောဂါဝေဒနာ ဂရုပြုပါ။ နှလုံးရောဂါဝေဒနာ ဂရုစိုက်ပါ။ ဒေါသသည် သင့်အတွက် အဆိုးရွားဆုံးရန်သူဖြစ်၏။ အနီးရှိသူထက် အဝေးမှ ဟန်ဆောင်သူများကို မျှော်လင့်နေတတ်သည်။ အပေါ်ယံသကာလောင်းသူမျိုးကို ဥပေက္ခာပြုလိုက်ပါ။ ဝင်ငွေကျပ်တည်းနေတတ်ပြီး ကြွေးပူများ ရောက်လာတတ်သည်။ အကြွေးများ တောင်းမရဖြစ်နေ၏။ လုပ်ငန်းတွင် စိတ်ဖိစီးမှု လျော့စေချင်သည်။

**ကံကောင်းအရောင်။** ။ အဖြူရောင်၊ ခရမ်းနုရောင်။

**ကံညံ့အရောင်။** ။ အနီရောင်၊ အဝါရောင်။

**အချစ်ရေး။** ။ လုံးဝစိတ်မကူးသင့်ပါ။

**အိမ်ထောင်ရေး။** ။ သစ္စာကြီးမားသည့် လက်တွဲဖော်ဖြစ်သည်။

**ထီထိုးရန်။** ။ (အ)၁-၆၊ (ကက)၆-၅

**ယတြာ။** ။ နံနက်တိုင်း ငှက်ကလေးများအား အစာကျွေးပါ။

BURMESE CLASSIC

## တနင်္လာ

ယခုကာလတွင် အသွားအလာဆင်ခြင်ပါ။ ထိခိုက်ဒဏ်ရာရမှု သတိပြုပါ။ ဧည့်သည်များကြောင့် အချိန်ကုန်သွားတတ်၏။ လုပ်ငန်းကို ဂရုစိုက်ပါ။ တစ်ပါးသူကိစ္စ ကြားမဝင်ပါနှင့်။ ဆွေမျိုးများကြောင့် သောကရောက်ရတတ်သည်။ ဝင်ငွေမဆိုးပါ။ အစားအသောက် အချိန်မှန်ဖို့လိုသည်။ ဘာသာရေး များများလုပ်ပေးပါ။

**ကံကောင်းအရောင်။** ။ အဝါရောင်။

**ကံညံ့အရောင်။** ။ အစိမ်းရောင်။

**အချစ်ရေး။** ။ အဆင်မပြေသေးပါ။

**အိမ်ထောင်ရေး။** ။ နှစ်ဦးအတူ ဘုရားစုံဖူးရတတ်သည်။

**ထီထိုးရန်။** ။ (န)၂-၄၊ (ပ)၇-၉

**ယတြာ။** ။ အိမ်ဘုရားတွင် နှင်းဆီအဝါ ၁၅ ပွင့်ကပ်လှူပါ။

## အင်္ဂါ

ယခုကာလသည် မျက်စိဒုက္ခပေးတတ်၏။ အပူ၊ အစပ် လျှော့စားပါ။ လုပ်ငန်းဖိစီးမှု စိတ်ဖိစီးမှုများနေ၏။ အိမ်ထောင်ဖက်ကြောင့် သောကဖြစ်ရတတ်သည်။ ဝင်ငွေပုံမှန်ရှိနေမည်။ အခြားလုပ်ငန်းမှ ဝင်ငွေရသော်လည်း ဝင်ငွေထွက်ငွေ မမျှဖြစ်နေ၏။ အကြွေးပိုင်းနေတတ်သည်။ စိတ်မပူပါနှင့်။ အဆင်ပြေသွားမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



**ကံကောင်းအရောင်။** ။ စိမ်းပြာရောင်။
**ကံညံ့အရောင်။** ။ အနက်ရောင်။
**အချစ်ရေး။** ။ မေတ္တာကမ်းလှမ်းလာလိမ့်မည်။
**အိမ်ထောင်ရေး။** ။ မေတ္တာရှင်အချစ်သမား၏ ဥပေက္ခာကိုရတတ်သည်။
**ထီထိုးရန်။** ။ (စ)၁-၈၊ (ဆ)၃-၆
**ယတြာ။** ။ ငါးစာ၊ ငှက်စာ ကျွေးလိုက်ပါ။

**ဗုဒ္ဓဟူး**

ယခုကာလသည် ကျန်းမာရေးမကောင်းသေးပေ။ တစ်ပါးသူကိစ္စ ဝင်မပါပါနှင့်။ ရန်သူများ ဝန်းရံနေတတ်၏။ သားသမီးကြောင့် ဂုဏ်တက်၊ မာနကြီးမှုကို ပြင်လိုက်ပါ။ အရက်တကွဲဖြစ်တတ်သည်။ တစ်ပါးသူအား နစ်နာစေမည့်စကားမျိုး မပြောမိရန် ဂရုစိုက်ပါ။ ကြွေးတောင်းမရသည့်အပြင် ကြွေးဆုံးတတ်၍ အလိမ္မာနည်းဖြင့် ဖြေရှင်းပါ။

**ကံကောင်းအရောင်။** ။ မီးခိုးရောင်၊ အညိုရောင်။
**ကံညံ့အရောင်။** ။ အနီ၊ အပြာ ရောယှက်ရောင်။
**အချစ်ရေး။** ။ အပျို၊ လူပျိုသာ စိတ်ကူးလိုက်ပါ။
**အိမ်ထောင်ရေး။** ။ မကြာခဏ ရန်ဖြစ်နေရတတ်သည်။
**ထီထိုးရန်။** ။ (လ)၄-၉၊ (ပ)၇-၃
**ယတြာ။** ။ ငါး ၁၀ ကောင်လွှတ်လိုက်ပါ။

**ကြာသပတေး**

ယခုကာလသည် အကြောရောဂါ၊အာရုံကြောဝေဒနာ ဂရုစိုက်ပါ။ ဝင်ငွေကြောင့် လက်ထဲငွေစုဆောင်းနိုင်မည်။ သို့သော် မချေးငှားပါနှင့်။ ကြွေးဆုံးတတ်သည်။ တစ်ပါးသူကိစ္စဝင်ပါရင်း တရားတပေါင်ဖြစ်မည်။ အမှုအခင်းဖြစ်တတ်သည်။ အပြောအဆို သတိထားပါ။ ပြဿနာတစ်ခုအား ရန်ဖြင့်ဖြေရှင်းသည်ထက် မေတ္တာဖြင့်ဖြေရှင်းလိုက်ပါ။ အကြံအစည်အောင်မြင်မည်။

**ကံကောင်းအရောင်။** ။ ပန်းရောင်၊ ပန်းဆီရောင်။
**ကံညံ့အရောင်။** ။ လိမ္မော်ရောင်၊ အနီရောင်။
**အချစ်ရေး။** ။ ကံမကောင်းသေးပါ။
**အိမ်ထောင်ရေး။** ။ သဒ္ဓါထူး၍ အလှူအတန်းပြုလုပ်ရမည်။
**ထီထိုးရန်။** ။ (ဖ)၇-၅၊ (ဃ)၂-၀
**ယတြာ။** ။ ကလေးများအား သကြားလုံးဝေငှလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**သောကြာ**

ယခုကာလသည် ခေါင်းမူး၊ ခေါင်းကိုက်၊ ဇက်ကြောတက်ဝေဒနာမျိုး ခံစားရတတ်သည်။ အနီးကပ်လူများနှင့် စကားများရတတ်သည်။ မနာလိုသူများနေသည်။ သားသမီးကြောင့် စိတ်သောကရောက်ရတတ်၏။ ဝင်ငွေပုံမှန်ရှိနေမည်။ လုပ်ငန်းသစ်စတင်ရတတ်သည်။ မေတ္တာပို့၊ ပုတီးစိပ်၊ သက်သတ်လွတ်စားပါ။ ရန်သူကင်းသွားလိမ့်မည်။

**ကံကောင်းအရောင်။** ။ အစိမ်းနု၊ အစိမ်းရင့်ရောင်။

**ကံညံ့အရောင်။** ။ ပန်းသွေးရောင်၊ မဟူရာရောင်။

**အချစ်ရေး။** ။ အဆင်ပြေသွားလိမ့်မည်။ ဖွဲ့မလျှော့ပါနှင့်။

**အိမ်ထောင်ရေး။** ။ စကားပြောအဆင်မပြေဖြစ်တတ်သည်။

**ထီထိုးရန်။** ။ (ခ)၃–၁၊ (င)၀–၈

**ယတြာ။** ။ အိမ်ဘုရားတွင် သစ်သီးဆွမ်းကပ်လိုက်ပါ။ ကျန်းမာရေးအတွက် ဆေးဝါးထောက်ပံ့လိုက်ပါ။

**စနေ**

ယခုကာလသည် ဘာသာတရားနှင့်နေမှ အလုံးစုံ အောင်မြင်လိမ့်မည်။ ရသောဘဝတွင် ပျော်ရွှင်အောင်နေပါ။ အပူသောကမရှာပါနှင့်။ ငွေကြေးကိစ္စဝင်ပါရမည်။ အနန္တငါးပါးမမေ့ပါနှင့်။ ခင်ပွန်းကြီး ၁၀ ပါး မမေ့သင့်ပါ။ ဆွေမျိုးနှင့် သားသမီးကြောင့် စိတ်ဆင်းရဲရတတ်၏။ ဝင်ငွေကြေးတစ်ခုဟု မှတ်ယူလိုက်ပါ။ ကြွေးရှင်အား ကြားဝင်ဖြေရှင်းပေးရလိမ့်မည်။

**ကံကောင်းအရောင်။** ။ အဝါနုရောင်၊ ပန်းနုရောင်။

**ကံညံ့အရောင်။** ။ အနီရောင်၊ အနက်ရောင်။

**အချစ်ရေး။** ။ ပညာရေးသာ ဂရုစိုက်ပါ။

**အိမ်ထောင်ရေး။** ။ သဘောထားချင်းမတိုက်ဆိုင်သူနှင့် လမ်းခွဲလိုက်ပါ။

**ထီထိုးရန်။** ။ (တ)၄–၂၊ (န)၇–၈

**ယတြာ။** ။ မွေးနံထောင့်တွင် ထီးနီ ခုနစ်လက် လှူလိုက်ပါ။

**ဝေဒသုတေသီတစ်ဦး**

www.burmeseclassic.com